

www.foreverspace.com.mm

www.foreverspace.com.mm

မောင်မျိုးစီစဉ်သည်

two cats PUBLICATION
ကြောင်နှစ်ကောင်
စာအုပ်တိုက်
အမှတ်၁၃၂(မြေညီ) ၃၅လမ်း ရန်ကုန်။
ဖုန်း ၀၁-၂၅၃၇၂၃၊ ၀၁-၂၈၂၂၄၈

www.foreverspace.com.mm

● နီကိုရဲ

# ရွက်

www.foreverspace.com.mm

## ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ........... | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | .......... | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | .......... | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ

စည်းကမ်းရှိမှတိုးတက်မည်

စည်းကမ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောက်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

★ တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)

★ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်း၊ ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.foreverspace.com.mm

စာမူခွင့်ပြုချက်အမှတ်

၁၅၆၂/၂၀၀၃ (၁၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၁၂၂၀၅၀၂

ထုတ်ဝေသူ

ဦးမောင်မျိုး

ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း

ပထမအကြိမ် ၂၀၀၅ ခုနှစ် မတ်လ

အုပ်ရေ ၅၀၀၊ တန်ဖိုး (၃၀) ကျပ်

www.foreverspace.com.mm



[၁]

တိတ်ဆိတ်နေသော အဆောင်ထဲသို့ ပျော်ရွှင်စွာဝင်လာသော တင်မောင်မင်းသိမ်းသည် အဆောင်တွင်ရှိသည့် ခုတင်လေးလုံးအနက် ထောင့်ဘက် ပြတင်းပေါက်နှစ်ပေါက်နှင့် ဆုံရာဖြစ်သော ခုတင်ပေါ်တွင် တင်ထားသည့် ဖာကြီးတစ်လုံးကို တွေ့လိုက်ရသောအခါ ဒေါသအမျက် ချောင်းချောင်း ထွက်သွားလေသည်။

မနှစ်ကတည်းက တင်အောင်မင်းသိမ်းက ဒီအဆောင်မှာ နေခဲ့သည်။ အပြင်ဆောင်ဆိုသော်လည်း သူတို့အဆောင်ပိုင်ရှင် အဘွားကြီးက အေးဆေးသည်။ ဒီအဆောင်မှာလည်း မနေ။ တခြားရပ်ကွက်တွင် အိမ်တစ်လုံးနှင့် နေ၏။ ပေလေးဆယခြောက်ဆယ် ခြံထဲတွင် သစ်သားအိမ်ကလေးတစ်လုံးရှိပြီး တစ်အိမ်လုံးမှာ လူလေးယောက်သာ ထားသည့်အတွက် သူတို့ နေရထိုင်ရ ချောင်ချိသည်။ ကျန်သည့်အဆောင်တွေဆိုလျှင် နေရာကလေးပိုသမျှ အခန်းကန့်ကာ ငှားတတ်သဖြင့် နေရထိုင်ရတာ ကြပ်ညှပ်နေလေ့ရှိသည်။

အခုတော့ အိမ်ရှင်အဘွားကြီးက လောဘမကြီး။ တစ်အိမ်လုံး လေးယောက်ပဲ ထားသည်။ တစ်ယောက်ကို တစ်ထောင်စီတော့ ဈေးပိုပေး ရ၏။ တစ်သောင်းပေးရကျိုးလည်း နပ်သည်။ သူတို့မှာ ဧည့်ခန်းနှင့်၊

www.foreverspace.com.mm



မီးဖိုချောင်နှင့်။ အိမ်သာဆိုလည်း လူ တန်းမစီရ။ ကိုယ့်အိမ်မှာကိုယ် နေရတာထက်ပင် အေးအေးဆေးဆေးရှိသည် မဟုတ်လား။

မနှစ်က ဒီအဆောင်ကို သူ အရောက်နောက်ကျသဖြင့် အလယ် ခုတင်မှာ ရသည်။ ဒီနှစ်ကို တမင် ကျောင်းမဖွင့်ခင် တစ်ပတ်ကြိုရောက် ပြီး ပြတင်းပေါက်နှစ်ပေါက်ရှိသည့် ဘေးခုတင်ကို လာဦးမှ ဘယ်သကောင့် သားက ကြိုရောက်နေသနည်း။

ဖာတစ်လုံးနှင့် ကျောင်းလာတက်သူဆိုတော့ တောသား တစ်ယောက်ပဲ ဖြစ်ဖို့များသည်။ ဘာပဲဖြစ်ဖြစ် ကိစ္စမရှိ။ သူက မနှစ် ကတည်းက နေခဲ့သူ။ သူကြိုက်ရာနေရာကို ရွေးခွင့်ရှိရမည်။ ခုတင်ပေါ်က ဖာကြီးကို ဘေးခုတင်သို့ ပို့ကာ သူ့ပစ္စည်းတွေကို နေသားတကျထားပြီး ခြင်ထောင်ကို ထောင်ကာ မောမောနှင့် လှဲမည်ကြံတုန်း ...

"ဟာ...ကျွန်တော့်ပစ္စည်းတွေ ဘာဖြစ်လို့ ရွှေ့ထားရတာတုန်း။ အဲဒါ ကျွန်တော် ဦးထားတဲ့ နေရာခင်ဗျ"

အနည်းငယ်အံ့ဩသော၊ မကျေနပ်ပုံရသော မျက်နှာထားဖြင့် သူ့ကိုကြည့်နေသော၊ သူ့ထက် အသက်အနည်းငယ် ငယ်မည်ထင်ရသည့် ကျောင်းသားနှစ်ယောက်ကို တွေ့ရသည်။ တစ်ယောက်က အခုမှ ပစ္စည်း တွေ သယ်လာသူ ဖြစ်၏။ ဖာပိုင်ရှင်က သူထင်သလို တောသားလိုတော့ ဝတ်၍ မထား။ ဂျင်းဘောင်းဘီနှင့်၊ ဘာနှင့်ဖြစ်၏။ သို့သော် မြို့သားပုံစံ တမင်ပေါက်အောင် ဝတ်ထားသော တောသားမှန်းတော့ သိသာလေ သည်။ တင်အောင်မင်းသိမ်း တစ်ချက်ပြုံးလိုက်သည်။

"ဩော်...ဒါ ညီတို့ပစ္စည်းတွေလား။ အေးကွာ...ကိုယ်က မနှစ်ကတည်းက ဒီအဆောင်မှာ နေလာတာကွ။ ဒီနှစ်လည်း ဒီမှာပဲပေါ့ ကွာ။ အိမ်ရှင်အဘွားကြီးနဲ့က သားအမိတွေလိုတောင် ဖြစ်နေတာ။ မနှစ်ကလည်း ဒီနေရာမှာဆိုတော့ ဒီနှစ်လည်း ဒီနေရာမှာပဲဆိုပါတော့။ ညီတို့ ဟိုဘက် ပြောင်းလိုက်ပေါ့ကွာ...။ ဟုတ်လား"

www.foreverspace.com.mm



တင်အောင်မင်းသိမ်းက သူတို့မျက်နှာကို မကြည့်ဘဲ အသံနေအသံထား အထက်စီးနှင့်ပြောကာ ခြေထောက်ကို တမင်ချိတ်ပစ်လိုက်သည်။ သို့သော်...သူ့စကားဆုံးပြီး တစ်မိနစ်လောက်ကြာတော့မှ တဟားဟား...အော်ရယ်သံကို ကြားရ၏။

"(ဟား...ဟား)[၁၀]...ဩော်...ဩော်...ခင်ဗျားက ဘွားလေးမာနဲ့ သားအမိလိုတောင် ဖြစ်နေတာ။ ဟုတ်လား...။ ဒီမှာ ကျွန်တော်က ဒီအဆောင်ပိုင်ရှင် ဘွားလေးမာရဲ့ မြေးဗျ...သိရဲ့လား။ ဘွားလေးမာက ကျွန်တော့်အမေကြီးရဲ့ညီမ။ ဒီအဆောင်နဲ့ပတ်သက်လို့ ကျွန်တော့်ကို အားလုံးအပ်ထားတာ။ ခင်ဗျားတို့အဆောင်လခလည်း ကျွန်တော့်ကိုပဲ ပေးရလိမ့်မယ်။ ဒီတော့ ကိုယ့်ဆရာ။ ကျွန်တော် နေချင်တဲ့နေရာလေးတော့ နေခွင့်ရပါစေဗျာ။ ဟုတ်ပြီလား"

စကားဆုံးတော့ တင်အောင်မင်းသိမ်း နည်းနည်းလန့်ကာသွားသည်။ ဒီကောင်က ဒီအဆောင်ပိုင်ရှင် အဘွားကြီးရဲ့ မြေး ဆိုပါကလား။ သူ နည်းနည်းတော့ ကျွတ်ကာသွား၏။ အမှန်တော့ ဒီအဆောင်မှာ ဘယ်နေရာ နေရနေရ တခြားအဆောင်တွေထက်စာလျှင် များစွာအဆင်ပြေတာ အမှန်ပင်ဖြစ်သည်။ အဆောင်ပိုင်ရှင်မြေးနှင့်ပြဿနာဖြစ်ခြင်းသည် ကိုယ့်ဘက်က မကောင်းတာတော့ အမှန်ပင်ဖြစ်၏။ သူ ဒီအဆောင်က ပြောင်းမသွားချင်ပါ။

"ဒီလိုဆိုရင်တော့ ကိုယ်က အလျှော့ပေးရတော့မှာပေ့ါ။ ကိုယ်ကလည်း ဘာရယ်မဟုတ်ပါဘူး။ မနေ့စ်က နေခဲ့တဲ့ နေရာလေးဆိုတော့ သံယောဇဉ်အရပါ။ ကိုယ်က တင်အောင်မင်းသိမ်းပါ။ Physis မေဂျာက"

"ကျွန်တော်က မိုးကျော်ပါ။ ဘိုကလေးကလာတာ။ စိတ်ပညာက...။ ဒီကောင် ဝင်းနိုင်တဲ့...မြန်မာစာက။ ဝါသနာက စာရေးတယ်။ ကာတွန်းလေးဘာလေးလည်း ဝါသနာအရ ဆွဲတယ်"

သုံးယောက်သား လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။ ဝင်းနိုင်ဆို

www.foreverspace.com.mm



သည့်ကောင်က သူ့ကို ပါးစပ်ဟောင်းလောင်းနှင့် ငေးကာ ကြည့်နေသည်။ လူပုံက ထောင်ထောင်မောင်းမောင်း၊ ပါးစုံအစ်အစ်၊ မျက်လုံးတွေက လောကကြီးကို သူ ဘာမှမသိပါဟု ပြောနေသည့်ပုံစံ၊ ဒီအသက်အရွယ်နှင့် ခေါင်းကဆံပင်တွေက ဖြူနေပြီ။ ကာတွန်းတွေဘာတွေ ဝါသနာပါပြီး စာလည်း မတောက်တခေါက်ရေးတယ်ဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့ဟု သူ တွေးမိသည်။

"ငါတို့က ဘယ်မှာနေရမှာလဲ…ကိုကျော်"

ဝင်းနိုင်ဆိုသောလူက မေးသည်။

"ငါကတော့ ပထမဦးထားတဲ့နေရာပဲလေ။ မင်းက ငါ့ဘေးနားမှာနေ။ ကိုယ့်ဆရာကတော့ ကျန်တဲ့ နှစ်နေရာ ကြိုက်တဲ့နေရာမှာ နေပေါ့"

ကိုယ့်ဆရာဆိုသော အသုံးအနှုန်းကြောင့် တင်အောင်မင်းသိမ်းလည်း အနည်းငယ်ကျေနပ်သွားကာ ဟိုးဘက်ထောင့်စွန်းနေရာသို့ ရွေးကာ ပစ္စည်းတွေချကြ၊ ပြောင်းကြသည်။

"ဒီမှာ လေးယောက်ဆို…။ နောက်တစ်ယောက်ကဘယ်သူလဲ"

မကြည့်ဘဲပြောရင်း တင်အောင်မင်းသိမ်း ခုတင်ပေါ်ပစ်ကာလှဲသည်။ နောက်ရောက်လာမယ့်ကောင်နှင့် သူတို့ကို တစ်ခုတင် ခြားထားလိုက်သည်။ သူ ဒီအဆောင်မှာ ဆရာကြီးလုပ်မည်ဆိုသည့် အစီအစဉ်ပျက်သွားသဖြင့် ရင်ထဲမှာတော့ သိပ်မခံချင်။ လက်ကနာရီကို ကြည့်တော့ ဆယ့်တစ်နာရီခွဲလုနေပြီ။ ခဏကြာရင် ထမင်းထွက်စားမှဟု စဉ်းစားရင်း… ထမင်းစားလျှင် ထမင်းဆိုင်ကို သိပုံမရသော ဒီနှစ်ကောင်ကို ချန်ထားပစ်ခဲ့ဖို့ကိုလည်း စိတ်ထဲမှာ ထည့်ထားရသည်။ ပညာဆိုတာ အလကားပြလို့မရ။ သိမှ ပြလို့ရတာ မဟုတ်လား။

တင်မောင်မင်းသိမ်း မျက်စေ့ကို မှိတ်ကာ အသာမှိန်းနေစဉ်…

"အရှင်ဘုရား ကြွပါဘုရာ့…ကြွပါ။ ဒီမှာ ခဏ သီတင်းသုံးပါဘုရာ့။ သီတင်း သုံးပါဘုရား…။ ဟေ့လူ…အိပ်နေရသလား၊ ထလေ…

www.foreverspace.com.mm

ထ။ အရှင်ဘုရား ဒီမှာ သီတင်းသုံးပါ ဘုရား။ ဆွမ်းကိစ္စ တပည့်တော် စီစဉ်ပါ့မယ်”

ဝုန်းဝုန်းဒိုင်းဒိုင်း အသံကြောင့် အားလုံး အလန့်တကြားဖြစ်ကာ သွားသည်။ ဘိုကလေးက မိုးကျော်ဆို သူ့ခုတင်မှာ ဘုန်းကြီးတစ်ပါးက ဝင်ကာထိုင်သည်။ အထုပ်တွေ၊ အပိုးတွေနှင့် လူတစ်ယောက်က ဦးအကြိမ်ကြိမ်ချရင်း မိုးကျော်ကို မောင်းချကာ ဘုန်းကြီးကို နေရာပေးသည်။ မိုးကျော်လည်း ဘာမှမတတ်နိုင်ဘဲ ခုတင်အောက်သို့ ဆင်းကာ လက်အုပ်ချီနေရသဖြင့် သူလည်း ယောင်တောင်တောင်ဖြင့် ဆင်းရသည်။

“ဟော့လူတွေ…ထမင်းဆိုင် ဒီနား ဘယ်မှာရှိတုန်း”

“ထမင်းဆိုင်…။ မသိဘူးဗျ”

“မင်းက ဘယ်သူလဲ”

“အေး…ဒီတကာက ဒီအဆောင်မှာ တည်းမယ့်ဒကာပဲ။ ကဲ…ကဲ…သူမေးတာ ဖြေလိုက်ကြ။ အချိန်မရှိတော့ဘူးကွဲ့”

“ထမင်းဆိုင်မေးနေတာဗျာ။ ဆရာတော်က ဆွမ်းကိစ္စမပြီးသေးဘူး။ အခု ဆယ့်နှစ်နာရီက ထိုးတော့မှာ။ ဘယ်နားမှာ ဆိုင်ရှိလဲ။ သိရင် ပြောစမ်းပါဗျာ။ မီပါတော့မလား မသိဘူး။ ဒုက္ခပါပဲ”

“လူ့ဘဝဆိုတာ ရမှတော့ ဒုက္ခနဲ့ မကင်းကြပါဘူး။ ဒုက္ခအကြီးအသေးပဲ ကွာတာပါ။ ဆွမ်းမရလည်း ကိစ္စမရှိဘူး ရှေ့ကဲ။ ဦးပဥ္စင်း သည်းခံနိုင်ပါတယ်”

“ဟာ…ဦးပဥ္စင်းကလည်း မဟုတ်တာ။ ဟော့လူတွေ…ဒီနား ထမင်းဆိုင် ဘယ်မှာရှိလဲဗျ။ ပြောစမ်းပါ…။ အချိန်မရှိတော့ဘူး”

“ဒီအဆောင်က ထွက်ထွက်ချင်း တစ်လမ်းကျော်မှာ ရှိတယ်”

“ဟုတ်လား…။ အရှင်ဘုရား သည်းခံတော်မူပါဘုရာ့။ တပည့်တော် အခုပဲ အချိန်မီ လာပါ့မယ်”

နောက်ရောက်လာသူက ဝုန်းခနဲ ထထွက်သွားသည်။

www.foreverspace.com.mm



တင်အောင်မင်းသိမ်း၏ ပညာခန်းကလေးသည် အချိန်နှင့်အရှိန်အကြားတွင် ဘာမှ မပြောနိုင်ဘဲ ပေးလိုက်ရလေသည်။

"ကိုင်း…မင်းတို့အားလုံး ဒီအဆောင်မှာနေပြီး ပညာသင်မယ့် သူတွေချည်းပဲလား"

"ဟုတ်ပါတယ်"

"ဟော့ကောင်…ဟုတ်ပါတယ် မပြောရဘူးကွ။ တင်ပါ့ဘုရား"

"အိမ်း…အိမ်း…ဘာသာရေးနဲ့တော့ အတော်ဝေးတဲ့ သူတွေပဲ။ ကဲ…ရှိစေတော့။ မင်းတို့အားလုံး ဗုဒ္ဓလာသာဝင်တွေချည်းပဲလား"

"မှန်လှပါဘုရား"

တင်အောင်မင်းသိမ်းက အလိုက်သင့်လျှောက်ရင်း မိုးကျော်ဆိုသည့်ကောင်ကို ဟောက်ရသဖြင့် ဝမ်းသာကာ နေသည်။ ဟိုကောင်လည်း လက်အုပ်ကလေးချီကာ ဘာမှန်းမသိ ဖြစ်နေပုံရ၏။

"ကိုင်း…ဒါဆို ကန်တော့ကြကွဲ့…ကန်တော့ကြ"

ဦးပဥ္စင်းစကားဆုံးတော့ အားလုံး ကန်တော့ကြရသည်။

"အေး…ဦးပဥ္စင်းက ရန်ကုန်ကို ကျောင်းထိုင်ဆရာတော် သင်တန်းတက်ဖို့အတွက် ရွှေဘိုတစ်ဖက်ကမ်း ဆားလင်းကြီးရွာက လာတာပါ။ ဦးပဥ္စင်းနဲ့အတူပါ ဒကာကတော့ ဒီမယ်…လောကဓာတ်စာမေးပွဲဖြေဖို့ လာတာ။ ဒီအဆောင်ပိုင်ရှင်က ဦးပဥ္စင်းရဲ့ ဆရာရင်း၊ ဒကာရင်းပဲ။ ကိုင်း…မင်းတို့ကို ကြံုတုန်းဟောရဦးမယ်။ မင်းတို့ ဗုဒ္ဓဘာသာဝင်ဆိုတာ ဘာလဲ။ သိရဲ့လား"

သူတို့အားလုံး လက်အုပ်ချီထားရင်း ဘာပြန်ပြောရမှန်း မသိကြ။

"အင်း…ဗုဒ္ဓဘာသာဝင်တွေချည်းပဲလို့ ပြောသော်လည်း ဗုဒ္ဓဘာသာဝင်ဆိုတာ ဘာလဲဆိုတာတော့ မသိကြဘူး မဟုတ်လား။ ခက်တော့တာပဲ။ ကဲ…ရှိစေတော့…။ ဦးပဥ္စင်းက ဗုဒ္ဓဘာသာဝင်ဆိုတာ ဘာလဲဆိုတာကို ပြောမယ်ကွဲ့။ ကဲ…အားလုံး အာရုံစိုက်ကြ"

www.foreverspace.com.mm



မည်သူမျှ ဘာစကားမျှ မပြောနိုင်တော့ဘဲ လက်အုပ်ချီကာ အာရုံစိုက်ကြရတော့၏။

"အေး…လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်း ပါရမီတော်ကို ဖြည့်ကျင့်တော်မူပြီး သဗ္ဗညုတဉာဏ်ကို ရတော်မူသော ဘုရားရှင်ကို ဗုဒ္ဓလို့ ခေါ်သည်။ ထိုဗုဒ္ဓရှင်တော်မြတ် ကျင့်သုံးသော တရားတော်ကို ဗုဒ္ဓ 'ဘာသာ' ဟု ခေါ်သည်။ ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ တရားတော်အတိုင်း လိုက်နာ၊ နေထိုင်၊ ကျင့်ကြံသူကိုမှ 'ဗုဒ္ဓဘာသာဝင်' ဟူ၍ ခေါ်ထိုက်လေသည်။ ဟုတ်ရဲ့လား…ဒကာတို့"

"မှန်လှပါဘုရား"

"အိမ်…ဗုဒ္ဓဘာသာဝင်ဖြစ်လိုသူတွေဟာ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် သိခဲ့တဲ့တရား။ ထိုတရားကို ဟောကြားသော သံဃာ။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ယုံကြည်ပြီး သရဏဂုံသုံးပါးကို နေ့စဉ် ဆောက်တည်ယုံကြည်မှ ဗုဒ္ဓဘာသာဝင် အစစ်ဖြစ်မယ် ဒကာတို့…"

"မှန်လှပါဘုရား"

"ကိုင်း…မင်းတို့မှာလည်း တက္ကသိုလ်ပညာကို ဆည်းပူးမယ့်လူတွေဆိုတော့ ပညာဉာဏ် မသေးလှပါဘူး။ ဒီတော့ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ကို ယုံကြည်သက်ဝင်သော ဗုဒ္ဓဘာသာစစ်ဆိုရင် ဘုရားရှင်နဲ့ တရား၊ သံဃာတို့ကို ယုံကြည်သော သရဏဂုံကို ဆောက်တည်ကြပေတော့။ ကဲ…လိုက်ဆိုကြ"

"အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ…"

"….."

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"

"ဓမ္မံ သရဏံ ဂစ္ဆာမိ"

www.foreverspace.com.mm



● **နီကိုရဲ**

“သံဃံ သရဏံ ဂစ္ဆာမိ”
“ဒုတိယမ္ပိ.....”
“..........”
“..........”

❁

www.foreverspace.com.mm



ထိုနေ့က မိုးစိုး၏ရည်ရွယ်ချက်က ကျောင်းပိတ်ရက်များအတွင်း ဝေးနေရသော သူငယ်ချင်းများနှင့် အားရပါးရ စကားပြောရန်သာ ဖြစ်သည်။ မိလေး၊ ခေမာနှင့် သာသာတို့ သုံးယောက်စလုံးကလည်း အဆောင်ကို မဝင်ခင် မိုးစိုး၏အိမ်ကို အရင်လာကြသည်။ မိုးစိုး၏အိမ်က ကျောင်းနှင့် နီးခြင်း၊ သူငယ်ချင်းတွေကလည်း မိုးစိုးတို့ရပ်ကွက်ထဲမှာပင် အဆောင်နေကြခြင်းဖြစ်သည့်အတွက် ကျောင်းမဖွင့်ခင် တစ်ရက်အလိုမှာ သူငယ်ချင်းတွေနှင့် ဆုံခွင့်ရသည်။ ကျောင်းပိတ်ထားသည့် ရက်များမှာ ထွေထွေထူးထူး ဘာမှ ပြောစရာမရှိလှသော်လည်း ဟိုအကြောင်းလုပြော၊ ဒီအကြောင်း လုပြောနှင့် စကားဝိုင်းက တော်တော်နှင့် မပြီးကြ။

ဗိုက်ဆာလို့ပြန်မည်ဟု မိုးစိုးကပြောတော့ ခေမာက စိတ်ကောက်သည်။ သာသာက ခြေကို ဆောင့်၏။ ဒါနဲ့ပဲ သူတို့နှင့် အဆောင်မှာ ထမင်းအတူစားဖို့ သဘောတူပြီး လမ်းထိပ်က အန်တီကြီး အီတွန့်ပွန်၏ ထမင်းဆိုင်မှာ ထမင်းသွားဝယ်ကာ အဆောင်မှာ စုထမင်းစားကြမည်ဟု စိတ်ကူးကြသည်။

ဆိုင်ကိုရောက်တော့ အန်တီ အီတွန့်ပွန်က ချွေးတလုံးလုံးနှင့် ရှိ၏။ သူ့ယောက်ျား ဦးရဲဝင်းကိုလည်း ဟိန်းလိုက် ဟောက်လိုက်နှင့် ရှိသည်။ အန်တီအီတွန့်ပွန်က အလုပ်နှင့်လက် မပြတ်သလောက် သူ့ ယောက်ျားကတော့ အမြဲနေးကွေးလေးလံသူ ဖြစ်သည်။ အရက်ကလေး ကလည်း သောက်လိုက်သေး၏။ စကားရောဖောရောကလည်း အလွန် လုပ်သည်။ စကားတစ်လုံးရလျှင် အမျှင်မပြတ်တော့။ တစ်ခါတစ်ရံလည်း

www.foreverspace.com.mm



သူ့စကားနှင့်သူ လုံးလည်လိုက်နေတတ်၏။

“ရှင်က တောင်ပံတွေ မြည်းပစ်တော့ ကျုပ်က ဘာကို သွားရောင်းရမှာတော့လဲ။ ရှင် နောက်ကိုဆုတ်။ ကျွန်မဟင်းအိုးတွေနား မကပ်နဲ့”

“တောင်ပံကလေး နှစ်ဖက်မြည်းမိတာကိုကွာ…။ ဒီမယ် မိန်းမ။ ကြက်မှာ အကောင်းဆုံးက တောင်ပံတဲ့။ ထိုတောင်ပံနှင့် ဘီအီးမြည်းသော် ဇရက်မင်းတို့၏ စည်းစိမ်ကို…”

“အောင်မာ…ဘာ ဇရပ်မင်းလဲ။ ရှင်က စာကလေးမင်းတောင်ဖြစ်မယ့်လူ မဟုတ်ဘဲနဲ့။ ဟိုနေ့ကလည်း ကြွက်နီနဲ့အသည်းအမြစ်တစ်တုံး မြည်းပြီးပြီ။ ရွှေဘုန်းဆိုတဲ့ လူကိုလည်း ငါးဖယ်နှစ်တုံး ခိုးပေးတယ်။ မျိုးဆွေသန်းဆိုတဲ့ ကျူရှင်ဆရာကိုလည်း ထမင်းကျွေးတာ အခုထိ ငွေမတောင်းနိုင်ဘူး။ မနေ့က ခက်မာဆိုတဲ့ ကောင်မလေးကိုလည်း မရှိရင် နောက်မှပေးဆိုပြီး ရှင်က အကြွေးရောင်းတယ်ဆို…”

“မချိုနဲ့ခက်မာက အိမ်က ငွေပို့တာနဲ့ ပေးမယ်ဆိုလို့ပါကွာ… မိန်းမကလဲ။ မျိုးဆွေသန်းက သူ့ရည်းစား မငွေးလာရင် ပေးမှာတဲ့။ ရွှေဘုန်းကတော့ နေဦးပေါ့ကွာ။ ငါ ခိုးပေးတာကို သူက ပြန်ပြောရတယ်လို့”

“ဒီမှာ…ရှင် ကျွန်မ ဟင်းအိုးတွေနား မကပ်နဲ့။ သွား…။ နောက်တစ်ခါ ရှင့်လူတွေလာရင် ကျွန်မပါးစပ်နဲ့ တွေ့ပြီသာမှတ်လို့ ပြောလိုက်”

ထိုအချိန်တွင် မိုးစိုးတို့ ထမင်းဆိုင်ထဲ ရောက်သွားခြင်းဖြစ်၏။ အန်တီအီတွန့်ပွန်က သူ့ယောက်ျားကို ဒန်အိုးဖုံးနှင့်တီးရန် ရွယ်နေရင်းမှ မိုးစိုးနှင့်ခေမာတို့တွေ့တော့ ဒန်အိုးဖုံးကို ကောက်ဖုံးရင်း…

“ဟယ်…ခေမာ၊ မိုးစိုး…။ အမယ်လေး…မျှော်လိုက်ရတာ။ ဘယ်နေ့က အဆောင်ကို ရောက်တာလဲ”

www.foreverspace.com.mm



"အန်တီအီရေ…ဒီနေ့ပဲ။ သီးစုံကုလားဟင်း ရှိသေးလား"

"ကုန်ပြီ…"

"ကဲ…ကိုရွှေရဲဝင်း။ ရှင်…တိတ်တိတ်နေဆို မနေဘူးလား။ သွား…သွား…ဝေးရာကို သွား။ ဒီလို ခေမာရေ…။ သီးစုံကုလားဟင်း အကြောင်းတော့ မပြောချင်တော့ပါဘူး"

အန်တီအီတွန့်ပွန့်က ပြောချင်လျှင် မပြောတော့ပါဘူးဟု စကားခံ လေ့ရှိသဖြင့် မိုးစိုးတို့ ဘာမှမပြောဘဲ ငြိမ်နေလိုက်ကြသည်။

"ဇင်္ဂမာလမ်းထိပ်က အိမ်ဆောက်နေကြတဲ့ အိမ်မှာလေ။ အဲဒီ အိမ်ကပေါ့…။ သီးစုံကုလားဟင်းကို ကြိုက်လှချည်ရဲ့ဆိုပြီး တစ်အိုးလုံး ဝယ်သွားတာ။ ဒါနဲ့ ပြောရဦးမယ်။ အိမ်တွေ ရေလိုက်ထည့်နေတဲ့ သန်းသန်းဝင်းဆိုတဲ့ ကောင်မလေးလေ…။ ယောကျ်ားနောက်ပါသွားပြီ ခေမာရဲ့။ ဆိုင်မျက်စောင်းထိုးက ဦးကိုကိုကြီးကိုလည်း ဘောလုံးပွဲရှုံးလို့ဆို ပြီး သူ့မိန်းမက နှင်ချလိုက်ပါရောလား။ အံမယ် …‥(ကက)ဆရာကြီး ကိုဌေးဝေအဖြစ်က သာတောင်ရယ်စရာကောင်းသေး။ တစ်နေ့ သူက …‥(ကက)မောင်းကောင်းလို့ လေကလေးချွန်ပြီး ပြန်လာတုန်း သူ့မိန်းမ မသိန်းအေးက…"

"အန်တီအီ…ဘာဟင်းတွေရှိလဲ။ သမီးတို့ ဗိုက်ဆာလှပြီ"

"ဩော်…အေးအေး…။ အဲဒီ သီးစုံကုလားဟင်းကိုပဲ ပြောတာ။ မရှိတော့ဘူး…။ ဘဲဥဟင်း ရှိတယ်။ ကြက်သားကတော့ တစ်ပွဲစာပဲရှိတော့ တယ်။ ပြောင်းဖူးကြော်နဲ့ ပဲပင်ပေါက် ပဲပြားကိုတော့ နှစ်မျိုးတစ်ပွဲပဲ ယူတော့"

"ဟင်…ဘဲဥဟင်းပဲ ရှိတော့တာလား"

"ဩော်…ခက်ရချည်ရဲ့ မိုးစိုးကလည်း…။ ဒီမှာ ငါးသလဲထိုး အိုးကပ်ကလေးလည်း ကျန်ပါသေးတယ်။ သူများဆိုရင်တော့ ဒါကို နှစ်ပွဲပေါ့နော်။ မိုးစိုးကတော့ တစ်ရာသီလုံး စားမယ့်ဖောက်သည်တွေမို့

www.foreverspace.com.mm



တစ်ပွဲပဲယူ''

အန်တီအီက ထုံးစံအတိုင်း အီလေသည်။ ဒါ့ကြောင့်လည်း အီတွန့်ပွန်ဟု သူ့ကို ခေါ်ကြတာ ဖြစ်ဖို့များသည်။ သာသာက နှာခေါင်းရှုံ့ကာ…

''ဘဲဥတော့ မစားချင်ဘူးဟာ…''

''သာရေ…။ ဘဲဥဆိုလို့ သူလိုငါလိုဘဲဥ မဟုတ်ဘူးနော်။ ကြက်သားဟင်းထဲထည့်ပြီး ပြုတ်ထားတဲ့ ဘဲဥဟင်း။ ဘဲဥကို တစ်ကိုယ်လုံး မွှန်းထားလို့ ကြက်သားရေထိပြီး အိနေတာ။ စားကြည့်ဦး…သိရဲ့သားနဲ့''

ဒီနေရာမှာတော့ မိုးစိုး ဝင်ရတော့သည်။ ဗိုက်ကလည်း ဆာလှပြီ။ သူ့ဟင်းကျန်တွေကို သူ အမွှန်းတင်နေတာသာ ထိုင်စောင့်နေလျှင် ဒီနေ့ ထမင်းစားရတော့မည် မထင်။

''ကဲ…အန်တီအီ။ သမီးတို့လေးယောက်အတွက် အန်တီအီ့ ဆီမှာ ကျန်တဲ့ဟင်းတွေ အကုန်သာ ထည့်လိုက်ပါတော့''

မိုးစိုးစကားဆုံးတော့ အန်တီအီ ဝမ်းသာသွားပုံရသည်။ ကြွပ်ကြွပ် အိတ်ကို လှမ်းယူကာ အိုးအဖုံးတွေကို လှန်တုန်း ဆိုင်ထဲသို့ လူ တစ်ယောက် ပြေးဝင်လာကာလာ၏။

''ထမင်း…ထမင်းပေးပါ''

ဝင်လာသူက အော်ရင်းပြေးရင်း သာသာ့ပခုံးလေးကို ဝင်ကာတိုက်သည်။ စကားနည်းသူ၊ အေးသူ သာသာနံဘေးတွင် ရပ်နေသော မိုးစိုးကို သာသာ ထပ်တိုက်သဖြင့် မိုးစိုးက ခေမာ့ကို တိုက်သည်။ ခေမာက ဟင်းထည့်ရန် ပြင်နေသော အန်တီအီတွန့်ပွန်ကို ထပ်တိုက်ကာ ဟင်းအိုးကြီး လွတ်ကျသွားလေသည်။

''အမလေး…''

''ဟဲ့…ဟဲ့''

''ဂွမ်…''

“ရှင် ဘယ်လိုလုပ်လိုက်တာလဲ”

“…ဟာ…”

ထိုစကားလေးခွန်းစလုံးမှာ တစ်ခွန်းနှင့် တစ်ခွန်းကြားတွင် စက္ကန့်ဝက်လောက်သာ ခြားပြီး ပြောမိ၊ အော်မိခြင်းသာ ဖြစ်ပါသည်။ သို့သော် ကံကောင်းသည်က ဘဲဥနှစ်လုံးနှင့် ငါးဖယ်နှစ်ပြားသာပါသော အန်တီအီတွန့်ပွန်၏ ဒန်အိုးကြီး လွန်ကျသွားခြင်းဖြစ်၏။ အန်တီအီတွန့်ပွန်မှာ လွတ်ကျကာကစက စိတ်ဆိုးသော်လည်း လွတ်ကျသွားပြီးပြီးချင်းပင် ဒီဟင်းအတွက်တော့ အလျော်ရပြီဟု စိတ်ထဲ တန်းသိကာ ဝမ်းသာသွားခြင်းပင် ဖြစ်၏။ သို့သော် ဟန်ကိုယ်ဖို့ မဟုတ်လား…။

“ဟဲ့…နင် ဘယ်လိုလုပ်လိုက်တာလဲ။ ဒီမှာ ဟင်းအိုး လွတ်ကျသွားပြီ။ သွားပြီ…ကုန်ပြီ။ ကြည့်စမ်း…ငါ့ဟင်းတွေ ကုန်ပါပြီ”

“ဟာ…ကန်တော့ပါခင်ဗျာ…ကန်တော့ပါ။ ကျွန်တော့်ကို ထမင်းနဲ့ဟင်း…ဟင်း…ပေးပါခင်ဗျာ။ အရေးကြီးလို့ပါ”

“ဟော့ကောင်…မင်း ဘာကောင်လဲ။ ထမင်း လာဝယ်တာလား၊ မင်း ဓားပြ လာတိုက်တာလား”

အန်တီအီတွန့်ပွန်၏ ယောက်ျားက အကွက်ကောင်းကလေးရသည်နှင့် ငုံးရင်ဘတ်လောက်ရှိသော သူ့ရင်ဘတ်ကို ကော့ကာ ပြဿနာတက်နေသော နေရာအတွင်းသို့ ဝင်ကာလာလေသည်။ အန်တီအီတွန့်ပွန်က ဟင်းအတွက် အလျော်ရတော့မည်ဆိုကာ စိတ်အေးသွားသော်လည်း အိုးထဲတွင် ဘဲဥတစ်လုံးနှင့် ငါးဖယ်တစ်ပြားကျန်သေးတာကိုလည်း ငုံ့ကြည့်ကာ တွေ့လိုက်သေးသည်။

“မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော် အရေးကြီးလို့ပါ။ အစ်ကိုကြီးဆို့ရှေ့က မြောင်းဘောင်က သစ်သားခင်းထားတာ မညီတာနဲ့ ဝင်တိုက်မိလို့ပါ။ တောင်းပန်ပါတယ်။ ကျွန်တော့်ကို ထမင်းနှစ်ပွဲ မြန်မြန်ရောင်းပါဗျာ”

“ဟော့ကောင်…ရှေ့က မြောင်းကို တစ်နေ့ကပဲ တစ်နေ့ခင်းလုံး

www.foreverspace.com.mm



မအိပ်ဘဲ ပြင်ထားတာကွ။ အပိုတွေ မပြောနဲ့''

''ကဲ…ရှင် တီတီတိတ်နေစမ်းပါ။ သွား…မိတ်ပျက်အောင် အော်မနေနဲ့။ ကဲ…ဒီမှာ မောင်လေး…။ မောင်လေးကြောင့် အစ်မ ဟင်းအိုး မှောက်သွားပြီ။ ဒါပေမယ့် မောင်လေးကံကောင်းတာက အဲဒီအိုးက ကြက်သားဟင်းအိုးတော့ မဟုတ်ဘူး''

''တော်သေးတာပေါ့ဗျာ။ ကျွန်တော် လျော်ပါ့မယ်။ ကျွန်တော့်ကို ထမင်းနဲ့ ဟင်းနှစ်ပွဲသာ မြန်မြန်ရောင်းပါ။ ဆယ့်နှစ်နာရီ ထိုးတော့မယ်ဗျ''

''ကဲ…ဒါဆို ဟုတ်ပြီ။ မောင်လေးက ဘာဟင်းနဲ့ယူမှာလဲ''

''ရှိတဲ့ဟင်းနဲ့သာ ထည့်ပါဗျာ။ ဘာဟင်းဖြစ်ဖြစ် ရပါတယ်''

အန်တီအီတွန့်ပွန်က ဝမ်းသာအားရ ဟင်းအိုးထဲက ဟင်းတွေကို ထည့်ရန် စီစဉ်ချိန်မှာ မိုးစိုး ဝင်ရတော့သည်။

''အန်တီအီတွန့်ပွန်။ ဟင်းက ဒါပဲကျန်တော့တာဆိုရင်တော့ သမီးတို့က အရင်ရောက်တာနော်။ အဲဒီဟင်းကို သမီးတို့အတွက်ပဲ ထည့်လိုက်ပါ''

မိုးစိုး၏ စူးရဲသောအကြည့်၊ တင်းမာသော လေသံတို့ကြောင့် အန်တီအီ ဘာလုပ်ရမှန်းမသိ ဖြစ်သွားပုံရသည်။

''ဟာ…ကျွန်တော်က ဒီဟင်းနဲ့ထမင်း မရလို့ မဖြစ်ဘူးခင်ဗျ။ မရရင် အားလုံး ဒုက္ခများကုန်လိမ့်မယ်''

''ဒီမှာ ရှင့်တစ်ယောက်တည်းမှာ အစာအိမ်ပါတာ မဟုတ်ဘူး။ ပြီးတော့ ဈေးဝယ်တယ်ဆိုတာ အရင်ရောက်တဲ့လူကို ဦးစားပေးရတယ်ဆို တာလောက်တော့ ရှင် သိမှာပါ''

အမှန်တော့ သူငယ်ချင်းတွေအားလုံးကို အိမ်ခေါ်သွားပြီး ပြည့်စုံ လောက်ငအောင် မိုးစိုး ကျွေးလို့ရပါသည်။ ဒါပေမယ့် အခုဖြစ်သည့်ကိစ္စက ဗရုတ်ဗရက်နိုင်သည့်အပြင် သူတို့ကို အတင်းဝင်လုသလို ဖြစ်နေသဖြင့် အရှုံးမပေးချင်သည့်အတွက် တမင်ရအောင် ဝယ်မည်ဟု ဆုံးဖြတ်လိုက်ခြင်း

www.foreverspace.com.mm



ပင် ဖြစ်သည်။

"ဒါဆိုရင်လည်းဗျာ...နှစ်ပွဲမရလည်း ထမင်းတစ်ပွဲတော့ ရောင်းပါ။ ဘာဟင်းနဲ့ ဖြစ်ဖြစ်ပါဗျာ။ ဆယ့်နှစ်နာရီ ထိုးတော့မယ်ဗျ။ အရေးကြီးလို့ပါ"

"မိုးစိုးရယ် တစ်ပွဲဆိုရင်တော့ အားလုံးအဆင်ပြေအောင် အန်တီအီ စီစဉ်ပေးပါ့မယ်နော်"

မိုးစိုးတို့သုံးယောက်စလုံးကို လက်အုပ်ချီ ဦးညွှတ်ကာ လေသံပျော့ပျော့ကလေးနှင့် တောင်းပန်နေခြင်း၊ အန်တီအီတွန့်ပွန်က သူ့ဟင်းခတ်ဇွန်းကို တချိန်ချိန် တဆဆနှင့် ခွင့်တောင်းနေခြင်းတို့ကြောင့် မိုးစိုး ကျေနပ်သွားကာ ခေါင်းညိတ်ပြလိုက်ရ၏။

မိုးစိုး ခွင့်ပြုချက် ရပြီး၍ အန်တီအီ ထမင်းနှင့်ဟင်းကို ထည့်နေကတည်းက ထိုလူ့မျက်နှာက မိုးစိုးတို့ဘက်ကို မလှည့်တော့။ ထမင်းထုပ်ကိုသာ အရေးတကြီး ကြည့်ကာနေသည်။ ထမင်းထုပ်ရပြီးသည်နှင့် လက်ထဲမှာ ကိုင်ထားသော ငါးရာတန်ကို ပစ်ချကာ ထမင်းထုပ်ဆွဲကာ ပြေးထွက်သွား၏။

"ဟဲ့...ဟဲ့...။ မှောက်ကျတဲ့ ဟင်းဖိုးယူပြီးရင်တောင် တစ်ရာ့ငါးဆယ် ပိုသေးတယ်လေ...။ ဟဲ့..."

"ခေါ်မနေပါနဲ့တော့ အန်တီအီတွန့်ပွန်ရေ။ ဒီလူက ဆိုမာလီကလာတာ ဖြစ်ရမယ်"

"မဟုတ်ပါဘူး ခေမာရာ...။ အီရတ်က ဖြစ်မှာပါ"

ခေမာနှင့်သာသာက ပြောကာ ရယ်ကြသည်။

"နင်တို့နှစ်ယောက်စလုံး မဟုတ်သေးဘူးဟ။ ဒီကောင့်ကြည့်ရတာ စိတ်မနှံ့ဘူးနဲ့ တူတယ်"

မိုးစိုး ဘာမှဝင်မပြောတော့။ သူ့စိတ်ထဲက မှတ်ချက်ကို အန်တီအီတွန့်ပွန်၏ ယောက်ျားက ပြောသွားသည့်အတွက် ဖြစ်သည်။

www.foreverspace.com.mm



"ကိုင်း…ဒီကနေ့တော့ ဒကာတို့ဟာ သရဏဂုံသုံးပါးကိုလည်း တည်ပြီးပြီ၊ ငါးပါးသီလကိုလည်း ဆောက်တည်ပြီးပြီဆိုတော့ ဗုဒ္ဓဘာသာဝင်လည်းဖြစ်၊ မိမိဘာသာကို ထိန်းသိမ်းစောင့်ရှောက်မယ့်ဒကာတွေလည်း ဖြစ်သွားပြီ၊ နိပါတ်လာ ပုံဝတ္ထုတွေကိုတော့ အချိန်နဲ့နေရာကြောင့် ဦးပဥ္စင်း မဟောတော့ဘူး။ ဒါပေမယ့် တင်းတင်းကြပ်ကြပ် ဦးပဥ္စင်း သတိပေးဆုံးမချင်တာ တစ်ခုတော့ရှိတယ် ဒကာတို့"

"မှန်လှပါဘုရား"

ဘာမှ မတတ်နိုင်တော့သည့်အဆုံး တင်အောင်မင်းသိမ်းက ကုသိုလ်ယူဖို့သာ ဆုံးဖြတ်လိုက်သည်။ ဦးပဥ္စင်းက အဟောအပြောတော့ ကောင်းသည်။ အသံသြဇာရှိ၏။ မျက်ခုံးမွေးက ဦးပြည့်စိမ်းစိမ်းနှင့် ဟတ်ကာ ထင်းနေသည်။ နှာတံပေါ်ပေါ်၊ အသားက ညိုစိမ်းစိမ်း၊ နှုတ်ခမ်းက ပိပိ၊ တကယ့် ဦးပဥ္စရုပ်မျိုးရှိသည်။ အသက်ကိုတော့ သူ မခန့်မှန်းတတ်။

"ဒီတော့ အချိန်မရသည့်အတွက် ဦးပဥ္စင်းက ဒကာတို့ကို တစ်ခုပဲ ဆုံးမခဲ့ချင်တယ်။ အဲဒါက လောဘကို ရှောင်ကြကွဲ့။ ဘာကို ရှောင်ရမှာတုန်း"

"လောဘကိုပါ ဘုရား"

ဒီတစ်ခါတော့ ဘိုကလေးသား မိုးကျော်ဆိုသည့်သူက ကွမ်းငုံသံကြီးဖြင့် ဖြေသည်။

"လောဘသဘော လိုချင်ဟော…လို့ ဆိုကြတာ။ လောဘဆိုတာ 'ချင်'တာပဲ။ ကာမဂုဏ်ဆိုင်ရာ 'လိုချင်မှု'ကို လောဘလို့ခေါ်တယ်။ အဲဒီလောဘကိုပဲ 'ပေမ၊ တဏှာ၊ ရာဂ၊ သမုဒယ' စသည်ဖြင့် အမျိုးမျိုး အမည်တပ်ပြီး ခေါ်ကြတယ်"

"မှန်လှပါဘုရား"

www.foreverspace.com.mm



ဒီတစ်ခါတော့ တင်အောင်မင်းသိမ်းနှင့် မိုးကျော် ပြိုင်တူဖြေကြရ၏။

"ပေမဆိုတာကို 'ချစ်ခြင်း'လို့ အဓိပ္ပာယ်ရတယ်…ဒကာတို့။ သားသမီး၊ မောင်နဲ့နှမ၊ ညီနဲ့အစ်ကို၊ ခင်ပွန်းနဲ့ဇနီး အစရှိတဲ့ အိမ်သူအိမ်သားခြင်း ချစ်ခြင်းကို ခေါ်တယ်။ 'သံယောဇဉ်'ဆိုပြီးလည်း ခေါ်ကြသေးတယ်။ အိမ်…တဏှာဆိုတာတော့ ကာမဂုဏ်ငါးပါးမှာ ပျော်မွေ့တပ်မက်ခြင်းကို ခေါ်တယ်။ 'တဏှာ'ဆိုတဲ့ အဓိပ္ပာယ်ကို 'တပ်မက်ခြင်း၊ တော်ခြင်း'လို့ ခေါ်တယ်။ မှတ်ထားကြ…။ ဟုတ်ပြီလား"

"တင်ပါ့ပါဘုရား"

"အဲဒီ ကာမဂုဏ် အာရုံငါးပါးရဲ့ အတွေ့အာရုံ 'မေထုန်မှု'ကို အလွန်တပ်မက်လိုလာရင် 'ရာဂ'လို့ ခေါ်တယ်။ ရာဂဆိုတာ 'ကပ်ငြိခြင်း၊ စွဲလန်းခြင်း'တဲ့။ အဝတ်ကို ဖန်ရည်၊ ဆိုးရည် ဆိုးတဲ့အခါ စွဲကပ်သကဲ့သို့ တစ်ယောက်ယောက်အပေါ်၌ စွဲလန်းတဲ့လောဘကို ခေါ်တာ။ ဒီလို လောကသုံးပါးနဲ့သုံးတော့ မှတ်မိပြီလား"

"မှတ်မိပါတယ် ဘုရား"

"အေး…တွေ့ချိန်ဆုံချိန်လည်း တိုသည့်အတွက် ဦးပဥ္စင်းက ဒကာတို့အပေါ် တစ်ခုသာ ကတိတောင်းလိုတယ်၊ အဲဒါကတော့ တဏှာ၊ ရာဂ၊ သမုဒယခေါ်တဲ့ ဒုက္ခဖြစ်ကြောင်းတရားတွေကို သတိနဲ့၊ ပညာနဲ့၊ သည်းခံခြင်းနဲ့ မကျူးလွန်ပါဘူးဆိုတဲ့ ကတိပဲ"

ဦးပဥ္စင်းစကားဆုံးတော့ သုံးယောက်စလုံး တိုင်ပင်မထားပါဘဲနှင့် စကားသံ တိတ်ကာသွားသည်။ ပြီးတော့ ဦးပဥ္စင်းကို မော့ကာကြည့်မိကြသည်။ ဦးပဥ္စင်းက တစ်ချက်ပြုံးသည်။

"အင်း…ဦးပဥ္စင်းစကား သိပ်နားလည်ကြဟန် မတူဘူး။ ကဲ…လောကသုံး လူ့အသုံးစကားနဲ့ပြောရရင်တော့ ဒကာတို့မှာရှိတဲ့ ပညာ၊ သတိ၊ သည်းခံခြင်း စတာတွေနဲ့ ဆန့်ကျင်ဘက် မာတုကာမလို့ခေါ်တဲ့

မိန်းမတွေကို ရှောင်ကျဉ်ပါ့မယ်ဆိုတဲ့ ကတိကို တောင်းနေတာပဲကွဲ့”

“အာ…အဲဒါတော့ မဖြစ်ဘူးထင်တယ် ဘုရာ့”

“ဒါတော့ မလွယ်ဘူးဘုရာ့”

“မ တင်ပါ့ပါဘုရား”

သူတို့သုံးယောက်စလုံး စကားဆုံးတော့ ဦးပဥ္စင်းက စိတ်ဆိုးသွားဟန်တူသည်။

“ဟဲ့…အမိုက်ဆုံးတွေရဲ့။ ဒီ…တဏှာ၊ ရာဂ၊ သမုဒယဆိုတာ သံသရာကို အခါခါလည်စေပြီး သစ္စာလေးပါးကို အနားမှ မသိနိုင်အောင် လုပ်နေတဲ့ ကိစ္စတွေဟဲ့။ ဒီကိစ္စတွေကိုမှ မရှောင်ချင်ဘူးဆိုရင်…”

“အရှင်ဘုရား…အရှင်ဘုရား…ဆွမ်းဘုဉ်းပေးတော်မူပါ ဘုရား။ ဆွမ်းချိန်လွန်ပါတော့မယ် ဘုရား”

သူတို့သုံးဦး ကြောင်နေတုန်း…ခုနက ဆင်းသွားသည့် ကျောင်းသားက အရေးတကြီးရောက်လာကာ ဦးပဥ္စင်းခြေရင်းသို့ ခေါင်းချကာ ပြောလေသည်။

“နေစမ်း…ရွှေကဲရဲ့။ ဒီမှာ ဒီအမိုက်ဆုံးတွေက…”

“သည်းခံတော်မူပါဘုရား။ ဆွမ်းချိန်လွန်ပါလိမ့်မယ်ဘုရာ့၊ သည်းခံပါ”

သို့နှင့်ပင် သူတို့သုံးဦး အသက်ရှူချောင်ကာ ထရပ်ရင်း ပန်းကန်ခွက်ယောက် ထုတ်သူကထုတ်၊ သောက်တော်ရေ ကပ်သူကကပ်နှင့် အလုပ်ရှုပ်သွားကြသည်။ ဒီတော့လည်း ဦးပဥ္စင်းက ဆွမ်းအကပ်ခံကာ ဣန္ဒြေရရ ဆွမ်းဘုဉ်းပေးသည်။

ဆွမ်းဘုဉ်းပေးပြီးတော့ ဦးပဥ္စင်းက ကိုယ်ရုံကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြန်ရုံရင်း…

“ကိုင်း…ရွှေကဲ။ ဦးပဥ္စင်းလည်း ဆရာတော်ဘုရားဆီ ကြွဖို့ရှိသေးတယ်။ ဒီတော့…ဦးပဥ္စင်းကို ပေးထားတဲ့ ကတိကိုတော့ ထိန်းစေ့



www.foreverspace.com.mm

www.foreverspace.com.mm



ချင်တယ်''

''တင်ပါ့ဘုရား။ စိတ်ချပါဘုရား''

''အင်း…ဟိုဒကာတွေကလည်း အခု ဦးပဥ္စင်းတောင်းတဲ့ ကတိကို တစ်ခါတည်း မပေးနိုင်ကြသော်လည်း နောင် တွေ့တဲ့အခါ ပေးနိုင်ဖို့အတွက် စဉ်းစားထားကြပါ…။ ဟုတ်ပြီလား။ ကိုင်း…ဦးပဥ္စင်း ကြွမယ်''

သူတို့သုံးဦးစလုံး ကိုယ်ရသည့်နေရာတွေမှာ မောမောနှင့် ပက်လက်လှန်ကာ လှဲနေလိုက်ကြသည်။ ရွှေကဲဆိုသည့် ဘုန်းကြီးကျောင်းသားကတော့ ပန်းကန်တွေ၊ ဇွန်းတွေဆေးကာ ထန်းလျက်ပေါက်ပေါက်ဆုပ်လေးငါးလုံးကို ရေနှင့်သောက်ကာနေသည်ကို တွေ့ရ၏။ ပြီးတော့ သူ သိပ်လိုချင်ခဲ့သော လေဝင်လေထွက်ကောင်းသည့် ပြတင်းပေါက်နံဘေးက ခုတင်ပေါ်မှာ လှဲကာချသည်။

''မင်း ထမင်းမစားခဲ့ရသေးဘူးလား''

''ဟုတ်တယ်…။ ထမင်းက တစ်ပွဲပဲရခဲ့လို့''

''ဟာ…လမ်းထိပ်ကဆိုင်မှာ မရှိတော့ဘူးလား''

''မရှိတော့ဘူး။ အဲဒီတစ်ပွဲတောင် လုဝယ်လာခဲ့ရတာ''

''သွားပါပြီကွာ။ ဒီနေ့တော့ ထမင်းငတ်ပါပြီ။ တောက်… လူတွေက တစ်မျိုး၊ ဘုန်းကြီးက တစ်မျိုးနဲ့ကွာ''

တင်အောင်မင်းသိမ်းစကားဆုံးတော့ ရွှေကဲက ဝုန်းခနဲ အိပ်နေရာမှ ထကာရပ်သည်။

''ခင်ဗျား…ဘာစကားပြောတာလဲ။ ကျုပ်ဆရာတော်က ခင်ဗျားကို ဘာဒုက္ခပေးလို့လဲ။ ခင်ဗျား…စကားကို ကြည့်ပြောနော်။ ကျုပ်ဆရာတော်ကို မစော်ကားနဲ့''

ရုတ်တရက် တင်းမာသွားသော အခြေအနေကြောင့် မိုးကျော်တို့ပါ လဲနေရာက ထကြရသည်။

www.foreverspace.com.mm



"မဟုတ်ပါဘူး…ယောက်ဖရာ။ မင်းဆရာတော်က သီလပေးနေတော့ တို့လည်း ထရခက်တာပေါ့။ တို့လည်း မင်းနဲ့မရှေးမနှောင်းဘဲ ရောက်တာဆိုတော့ ထမင်းဆာနေကြတာ။ အဲဒါကို သူက ပြောတာပါ ယောက်ဖရာ"

"ဘာယောက်ဖလဲ…ဘာယောက်ဖလဲ။ ခင်ဗျား ထပ်စော်ကားပြန်ပြီလား"

"ဟာ…မဟုတ်ပါဘူး သူငယ်ချင်းရာ။ ယောက်ဖဆိုတာ သူက ရင်းရင်းနှီးနှီး ရှိတယ်ဆိုတဲ့သဘောနဲ့ သုံးတာပါ။ အပီအပြင် ယောက်ဖကို ပြောတာမဟုတ်ပါဘူး။ ခွင့်လွှတ်ပါ ယောက်…အဲ…သူငယ်ချင်းရာ"

ဝင်းနိုင်ဆိုသူက ဝင်ပြောတော့မှ ရွှေကဲ ငြိမ်ကာသွား၏။ ယောက်ဖခေါ်ယုံနဲ့ ဒီလောက် ဒေါသကြီးနေလျှင်တော့ ရန်ကုန်အထာ မနပ်သူတစ်ယောက်ဆိုတာ အားလုံးက သဘောပေါက်လိုက်ကြသည်။

"ဒါဆိုရင် ပြီးရော။ ကျုပ်မှာ နှမရော အစ်မရော မရှိဘူး။ ဒါပေမယ့် ယောက်ဖတော့ မခေါ်နဲ့။ မကြိုက်ဘူး"

"ကဲပါ…သူငယ်ချင်းရာ။ တို့က တစ်ဆောင်တည်းနေ မိတ်ဆွေတွေပဲ။ မင်းလည်း ထမင်း မစားရသေးဘူး၊ ငါတို့လည်း မစားရသေးဘူးဆိုရင် 'ရွှေကြယ်' ကို သွားရအောင်။ အဲဒီမှာ လက်ဖက်ထမင်းနဲ့ လက်ဖက်ရည်သောက်ရင်း အချင်းချင်းလည်း မိတ်ဆက်ရတာပေါ့။ မကောင်းဘူးလား"

❀ ❀ ❀

www.foreverspace.com.mm

## [၂]

ကောင်းကင်သည် ပိန်းရွက်နုကလေးလို အစိမ်းပြေပြေကလေး ရှိနေသည်။ သူရှိရာ ကမ္ဘာတစ်ခြမ်းလုံး တိတ်ဆိတ်နေသော်လည်း ကြောက်စရာကောင်းသော သန်းခေါင်ယံ၏ တိတ်ဆိတ်ခြင်းမျိုးမဟုတ်။ အေးချမ်းသာယာသော အာရုံတက်၏ နူးညံ့သော တိတ်ဆိတ်ခြင်းမျိုးသာ ဖြစ်လေသည်။ ရွှေကဲရင်ထဲတွင် လှိုက်ခနဲနေအောင် ကြည်နူးသွားသော်လည်း ဆားလင်းကြီး ဘုန်းကြီးကျောင်းတုန်းကလို သူ့ရှေ့မှာ ကြေးသွန်းကိုယ်တော် ဘုရားရှင် မရှိပါ။ မုံရွာမှ မန္တလေးတက်စဉ်က မဟာမြတ်မုနိဘုရားမှ ဝယ်လာသော ၂.၅" × ၃.၅" ဆိုဒ်ရှိ ပလပ်စတစ် အုပ်ထားသည့် မဟာမြတ်မုနိဘုရားပုံတော်တစ်ခုသာ ရှိပါသည်။

နေရာဒေသသစ်၏ အထိအတွေ့ကြောင့် ရွှေကဲ စောစောနိုး လာသည်။ တိတ်ဆိတ်ငြိမ်းချမ်းသော အရုဏ်နုနုက သူ့စိတ်ကို ညွတ်နူး စေသည်။ မဟာမြတ်မုနိပုံတော်က သူ့ကို ငြိမ်းချမ်းစေသည်။ သူ့လက် နှစ်ဖက်က အလိုလို ရင်အစပ်သို့ သဒ္ဒါအဟုန် ပီတိအပုံနှင့် ရောက်ကာ သွား၏။

“ဩကာသ…ဩကာသ…ဩကာသ။

ကာယကံ…ဝစီကံ…မနောကံ…သဗ္ဗဒေါသ ခပ်သိမ်းကုန်

www.foreverspace.com.mm



သော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ၊ ပထမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ...''

''ဟာ...ဟေ့ကောင်။ ဘယ်လိုဖြစ်တာတုန်း။ ဘာဖြစ်ရတာတုန်းကွာ...ဒုက္ခပါပဲ။ ဘာဖြစ်လို့ ဒီလောက် အော်နေတာလဲကွ''

''ဘာဖြစ်လို့လဲဗျာ။ ကျွန်တော် ဘုရားရှိခိုးနေတာလေ''

''ဟား...ရှိခိုးရင်လည်း ခိုးပေါ့ကွာ။ ဘာဖြစ်လို့ ဒီလောက်အော်နေရာတာလဲ။ သေရောပေါ့ကွာ''

တစ်ဖက်ခုတင်ဆီက မိုးကျော်နှင့် ဝင်းနိုင်တို့လည်း နိုးကာလာကြသည်။ ရွှေကဲ...စိတ်ညစ်ကာ သွားသည်။ နံနက်စောစောကြည်နူးခဲ့ရတဲ့ စိတ်ကလေး ဘယ်ရောက်သွားမှန်း မသိတော့။

''ဘုရားရှိခိုးသံကြားလို့ သေမယ်ဆိုရင်လည်း ခင်ဗျားသေလိုက်ပါတော့ဗျာ။ တကယ်လို့ အကုသိုလ်ကြီးကြီး လုပ်မထားဘူးဆိုရင်တော့ ငရဲက လွတ်မှာပါ''

''ဟေ့ကောင် မင်း ငါ့ကို မရွဲ့နဲ့''

''ကျုပ်က ရွဲ့တာမဟုတ်ဘူး။ ကျုပ်က ကုသိုလ်အမှုကို ပြုနေတာ။ အဲဒီကုသိုလ်ကို နှောင့်ယှက်ရင် ဘာလဲ။ အကုသိုလ်ဗျ...။ သိရဲ့လား''

''ဟာ...ပြဿနာတော့ မတက်ကြပါနဲ့ဗျာ။ ရွှေကဲလည်း မှန်ပါတယ်။ ဘုရားရှိခိုးတာပဲ...။ ဒါပေမဲ့ ကျွန်တော်တို့အားလုံးက အဆောင်ကို ဒီနေ့မှ ရောက်တာဆိုတော့ ခရီးပန်းပေမယ့် ရတ်တရက် အိပ်မပျော်ဘူးဗျာ။ အရုဏ်တက်မှာ အိပ်ပျော်မယ်ကြံတုန်း ရွှေကဲအသံက ကျယ်တော့ လန့်နိုးပြီး သူက ပြောတာနေမှာပါ။ အဆောင်ဆိုတော့ အသံကလည်း လုံနေတာကိုး...''

ဝင်းနိုင်၏စကားကြောင့် ရွှေကဲ တစ်ချက်တော့ တွေကာသွား

www.foreverspace.com.mm

သည်။ ဟုတ်သည်။ အရင်က ဇရပ်တစ်ဆောင်လုံးမှာ သူတစ်ယောက်တည်း နေခဲ့ရသည်။ သူ ကြည်ညိုသမျှကို အသံအစွမ်းကုန်ဖြင့် ပူဇော်၍ရသည်။ ကျန်သည့်ကိုယ်တော်တွေ အိပ်ယာက လန့်နိုးစေဦး၊ ဘုရားဝတ်ပြုသံမို့ ပြဿနာမရှိလှ။ အခုက ကိုယ်တော်တစ်ပါးမှ မပါ။ လူတွေ။ 'ရွှေကဲ ရောမကို ရောက်နေရင် ရောမလို ကျင့်ဟ' ဆိုသော ဆရာ့တော်ဆုံးမစကားကို နားထဲ ပြန်ကြားရသည်။ အဆောင်ကို ရောက်လျှင် အဆောင်လို ကျင့်ရမှာပေါ့။

"အဲဒါဆိုလည်း ကန်တော့ဗျာ။ ကျွန်တော်က အရုဏ်တက်မှာ နိုးလာပြီး ပီတိဖြစ်တဲ့စိတ်နဲ့ ဘုရားကို အာရုံပြုမိတာပါ"

"ဟာ...ကိုရွှေကဲကိုလည်း ဘုရားဝတ်မပြုရဘူး မပြောပါဘူး။ ပြုပါ...။ ဒါပေမယ့် တိုးတိုးတော့ လုပ်ပါဗျာ။ အဲဒါလေးပါ"

ဒီလိုနှင့် ပြဿနာက ပြေလည်ကာသွား၏။ ရွှေကဲ မူလအသံထက်နိမ့်ကာ ဘုရားဝတ်ပြုရသည်။ အရုဏ်ဦးမှာ ရသည့်ပီတိကလေးတော့ နည်းနည်းလျော့သွားသည်ဟု ရွှေကဲ ထင်ပါသည်။

❁

www.foreverspace.com.mm

ချည်သားဘလောက် အင်္ကျီလက်ပြတ်ခါးတင်ကလေးနှင့် ရိုးရိုး သရက်ထည်လုံချည်ကို ဝတ်ကာ လာသော မိုးစိုးကို သူငယ်ချင်းတွေက ပြုံးပြီး ကြည့်နေကတည်းက သူတို့ပြောမည့်စကားကို မိုးစိုး ကြို၍ သိနေပါသည်။

"ထွင်တာလား…"

မိုးစိုး ဘာစကားမှ မပြောဘဲ သူတို့နှင့်အတူ ဝင်ကာ ထိုင်သည်။ ခေမာရော သာသာပါ နာမည်ကြီး Company တစ်ခု၏ တံဆိပ်ပါ အင်္ကျီကိုယ်စီ ဝတ်ထားကြသည်။ အိတ်ကိုယ်စီလည်း လွယ်ထားကြ၏။ မိုးစိုးကတော့ ရိုးရိုးအင်္ကျီ၊ သရက်ထည်လုံချည်နှင့် အင်းလေးစာတမ်းပါ အဖြူရောင် လွယ်အိတ်ကလေးကို လွယ်ကာထားသည်။

"တို့ ဒီလို အစွမ်းကုန်ကြဲမယ်ဆိုတာ သိထားလို့ မိုးစိုး တို့ကို တမင်ရွဲ့တာ မဟုတ်လား"

"မဟုတ်ပါဘူး…ခေမာရာ။ ကိုယ်က ဖက်ရှင်တွေ ဒီဇိုင်းတွေကို စိတ်ဝင်စားတယ်ဆိုတာ မင်းတို့လည်း သိရဲ့သားနဲ့။ ဖက်ရှင်နဲ့ဒီဇိုင်းဆိုတာက အကောင်းစားတွေချည်းပဲ ဝတ်တာကို ပြောတာမဟုတ်ဘူးကွ။ သူ့နေရာနဲ့ သူ အဆင်ပြေအောင် ဆင်ယင်တာကို ပြောတာ။ အဲဒီအသိဉာဏ်ရှိရင် ရိုးရိုးကလေးတွေနဲ့လည်း လှအောင် ဆင်လို့ရပါတယ်ကွာ"

"အင်း…ကျောင်းစတက်တဲ့နေ့ ဆရာတွေက Lacture မပေးလို့ ပျော်နေတာ။ ခုမှ Lacture ဆရာအစစ်နဲ့ လာတွေ့နေပါ့လား။ ဟုတ်ပရှင် ဟုတ်ပ။ ကျွန်မတို့က ရှင့်လောက် မလှပါဘူး။ သိလား"

www.foreverspace.com.mm



“မဟုတ်ဘူးကွ၊ ကိုယ့်ဆိုလိုချက်ကို မင်းတို့ သဘောမပေါက်ဘူး။ Fashion အမြင် ဒီဇိုင်းအမြင်နဲ့ကြည့်မယ်ဆိုရင် ရုပ်ဆိုးတဲ့သူဆိုတာ မရှိဘူး။ ဝတ်လို့ မလှတဲ့အင်္ကျီဆိုတာလည်း မရှိဘူး။ သူ့နေရာနဲ့သူ အံမဝင်တာဘဲ ရှိတယ်။ ဥပမာကွာ…”

“ကဲ…ဒီဥပမာက တော်တော်လေးရှည်မယ့် ဥပမာဖြစ်ရမယ်။ ဒီတော့ Canteen လေး ဘာလေး ထိုင်ရင်း အစားစားရင်း ဆက်ဆွေးနွေးတာ ပိုကောင်းမယ်”

သာသာ့စကားကြောင့် အားလုံး ထိုင်နေရာမှ ထလိုက်ကြသည်။ မိုးစိုးက ငယ်ငယ်ကလေးတည်းက ဒီဇိုင်းတွေ၊ အရောင်တွေကို စိတ်ဝင်စားသူ ဖြစ်သည်။ ကလေးဘဝတုန်းက သူ့မှာရှိသည့် အရုပ်ကလေးတွေ အားလုံးကို သူကိုယ်တိုင် အင်္ကျီချုပ်ပေးတတ်သည်။ မေမေ့ပိတ်စအပိုတွေ ဖေဖေ့ရုံးက စက္ကူရောင်စုံတွေ တစ်ခုမှ မကျန်စေရ။

တစ်ပတ်ကြာလျှင် အရုပ်တစ်ရုပ်စီကို နောက်ထပ် အင်္ကျီသစ် တစ်ထည်စီ။ ကြီးလာတော့ စက်ချုပ်သင်တန်း တက်သည်။ Fashion နှင့်ပတ်သက်သော စာတွေကို ဖတ်သည်။ နိုင်ငံခြားမှာရှိသည့် ဖေဖေ့ဆီက Fashion နှင့် Design စာအုပ်တွေကို လှမ်းမှာကာ ဖတ်သည်။

ထို့ကြောင့် မိုးစိုးသည် အလှကြီးမဟုတ်သော်လည်း အများအမြင်တွင် အမြဲတမ်း အလှဆုံးဖြစ်နေလေ့ရှိသည်။

ကျောင်းစတက်ရသည့်နေ့ ကျောင်းသားတစ်ယောက်၏ တက်ကြွခြင်းမျိုးနှင့် ရွှေကဲ စာသင်ခန်းမသို့ ဝင်သည်။ သင်သမျှစာတွေကို ရေးလိုက်မည်၊ မှတ်လိုက်မည်ဆိုသော စိတ်နှင့် သူ့ရင်က ခုန်လျက်ရှိ၏။ သို့သော် ဆရာတွေက မဝင်။ ကျောင်းသားတွေကလည်း ဝင်လိုက်၊ ထွက်လိုက်၊ ရယ်မောလိုက်၊ နောက်ပြောင် အော်ဟစ်လိုက်နှင့်။ စာအုပ်နှင့် ဘော့လ်ပင်ကို ထုတ်ကာ ဘလက်ဘုတ်ကို စိတ်အားထက်သန်စွာ ငေးရင်း ငြိမ်ငြိမ်ထိုင်နေသူဆို၍ ရွှေကဲတစ်ယောက်သာ ရှိသည်။ ဆရာ

www.foreverspace.com.mm



တစ်ယောက် ဝင်လာသော်လည်း စာမသင်။ မိတ်ဆက်ရုံမျှသာ။

ဒါနဲ့ ရွှေကဲ အပြင်သို့ထွက်ကာ အုံ့ညြစရာကောင်းသော ကျောင်းကြီးကို လှျောက်ငေးနေမိသည်။ သူ စာမြန်မြန်နှင့်များများတတ်ချင်ပါသည်။ ဒါမှ သူ့ရွာကို သူ ပြန်ကာ တွဲဘက်ကျောင်းဆရာဖြစ်မည်။ ဆရာတော်က ကျောင်းထိုင်ဆရာတော် ဖြစ်မည်။ ဒါ…ဆရာတော်၏ အဖြစ်ချင်ဆုံးဆန္ဒနှင့် သူ အလုပ်ချင်ဆုံး အလုပ်ဖြစ်သည်။

တွေးရင်းငေးရင်း ရွှေကဲ ကင်တင်းနား ရောက်သွားသည်။ များလိုက်တဲ့ဆိုင်တွေ။ ရွာဘုရားပွဲထက်ပင် များသေးသည်ဟု သူ ထင်သည်။ ပြိုးပြိုးပြက်ပြက် ဝတ်ထားသည့် ရွယ်တူကောင်မလေးတွေ၊ ကောင်လေးတွေကလည်း တရုန်းရုန်း။

"လာ…အစ်ကိုလာ…ဘာစားမလဲ။ ဝင်ထိုင်အစ်ကို။ ထမင်းကြော်၊ ထမင်းပေါင်း၊ မြီးရှည်၊ အသုတ်စုံ၊ ဆီချက်၊ အအေးအပူ အကုန်ရှိတယ်။ လာ…ဝင်ထိုင်ပါအစ်ကို"

ကောင်မလေးတစ်ယောက်ခေါ်သဖြင့် ရွှေကဲ ယောင်တောင်တောင်နှင့် ဆိုင်ထဲ ရောက်သွားသည်။ တွေ့သည့်ခုံမှာ ဝင်ထိုင်သည်။ ဆယ်ပေသာရှိသော ဆိုင်ကလေးတစ်ဆိုင်နှင့် တစ်ဆိုင်ကြားကို တစ်လက်မသစ်သားပြားကလေးတွေနှင့် မျက်နှာကွယ်ရုံ ရိုက်ကာထား၏။ ရန်ကုန်မှာ ဒီလို လူကို အတင်းခေါ်ပြီး ဆိုင်ထဲရောက်၊ စားသောက်ပြီးမှ ဈေးအဆမတန် တောင်းတတ်သည်ဟု ဘကြီးဝင်းအောင် မြို့ကပြန်လာတုန်းက ပြောဖူးသည်။ မစားခင် ဈေးအရင်မေးဖို့ သူ သတိထားရမည်ဟု တွေးနေတုန်း…

"အစ်ကို မှာပြီးပြီလား။ ဘာမှာမလဲ အစ်ကို"

"ထမင်းကြော်…။ ဘာအသားမှ မထည့်နဲ့။ တစ်ပွဲဘယ်လောက်လဲ"

"ခင်ဗျာ…"

www.foreverspace.com.mm



ရွှေကဲက နောက်တစ်ခေါက် ထပ်ကာ ပြောပြသည်။ စားပွဲထိုးလေး စိတ်ညစ်သွားပုံရသည်။ ကျောင်းထဲမှာ ဈေးမေးစားသော ကျောင်းသားတစ်ယောက်မှ သူ မတွေ့ဘူးသေး။ ပြီးတော့ ထမင်းကြော်ကို ဘာအသားမှ မထည့်နဲ့တဲ့။

"သက်သက်လွတ်လား အစ်ကို"

"မလွတ်ဘူး။ အသားမထည့်နဲ့ပြောတာဗျာ။ တစ်ပွဲဘယ်လောက်လဲ"

စားပွဲထိုးလေး စိတ်ညစ်ကာ ခေါင်းကုတ်ရင်း ဘာမှမပြောဘဲ ထွက်ကာသွား၏။ ရွှေကဲလည်း ကြောင်တောင်တောင်နှင့် ကျန်ခဲ့သည်။ ဈေးမပြောဘဲ လာချပေးလို့ကတော့ လုံးဝ မစားဘူးဟု သူ ဆုံးဖြတ်လိုက်သည်။

ရွှေကဲ ထိုသို့ဖြစ်နေသည်ကို တင်အောင်မင်းသိမ်းတို့အဖွဲ့က တွေ့သလို၊ မိုးစိုးတို့အဖွဲ့ကလည်း လှမ်းတွေ့ကာ မှတ်မိသွားပြီဖြစ်သည်။ ရွှေကဲကတော့ မည်သူ့ကိုမှ မတွေ့။ သူ့ထံကို ထမင်းကြော်ရောက်လာလျှင် ဈေးမေးရမည်ဟုသာ တွေးရင်း လှမ်းကြည့်လိုက်တော့၊ သူ့နံဘေး သစ်သားပြားကလေးတွေ ကာထားသော တစ်ဘက်ဆိုင်မှာ ထိုင်နေသည့် ကောင်မလေးတစ်ယောက်နှင့် မျက်ဝန်းချင်း သွားဆုံသည်။ ကောင်မလေးက လှသဖြင့် ခဏလှမ်းငေးနေတုန်း သူ့ကို တစ်ချက်ထပ်ကြည့်သဖြင့် ရွှေကဲ ကမန်းကတန်း မျက်နှာလွှဲပစ်လိုက်သည်။ မာယာများသော မာတုဂါမတွေကို သက်ထက်ဆုံး ရှောင်ကျဉ်ပါမည်ဟု ဆရာတော်ထံ ကတိခံထားသည် မဟုတ်လား။

"နင်…ငါ့ကို ဘာဖြစ်လို့ လိုက်ကြည့်နေတာလဲ"

"ခင်ဗျာ…"

တစ်ဘက်မှ ကောင်မလေးအသံကြောင့် ရွှေကဲ လန့်ကာ ရင်ထဲ ထိပ်သွားသည်။

www.foreverspace.com.mm



"အောင်မာ…။ ရှူးချင်ယောင် အခုမှ ဆောင်မနေနဲ့။ နင်ကြည့်တာ ငါမသိဘူး မှတ်လို့လား"

ထပ်ပေါ်လာသည့် စကားသံခပ်တင်းတင်းကြောင့် ရွှေကဲ လိပ်ပြာလွင့်သလို ခံစားလိုက်ရ၏။ ဒုက္ခပါပဲ။

"မကြည့်ပါဘူးခင်ဗျာ…မကြည့်ပါဘူး။ ကျွန်တော် အမှတ်တမဲ့ပါ"

"ဟား…ဟား…ဟား…။ ကဲ…ရှိစေတော့…ရှိစေတော့။ နင်ဘာလုပ်လုပ် ငါ့ကို ညာလို့မရဘူး။ ငါ အမြဲတမ်း သိနေတယ်ဆိုတာ မြဲမြဲမှတ်ထား"

"ဟာ…ကျွန်တော့်ကို သိတယ်ဟုတ်လား။ ဘာလဲ…ခင်ဗျား ဆရာတော်နဲ့ အမျိုးတော်လို့လား"

"စကားမရှည်နဲ့။ ညနေ နင် အားလား"

ရွှေကဲ တုန်လှုပ်သွားသည်။ သူ တစ်ခါမှ မမြင်ဘူးသည့် မိန်းကလေးက ညနေ သူ့ကို အားသလားတဲ့။ သူ့အကြောင်းကိုလည်း အကုန်သိနေသည်ဟု ထိုမိန်းကလေးက ပြောနေသည်။ သူ ကောင်မလေးကို လှမ်းကာကြည့်သည်။ ကောင်မလေးကလည်း သူ့ကို တစ်ချက်ကြည့်၏။ သူ ဘာလုပ်ရမည်နည်း။ ရွှေကဲ လေသံကို လျှော့ပြီး သစ်သားပြားကလေးတွေနား ကပ်ကာ မေးရသည်။

"ခင်ဗျားက ဆရာတော့်ဆီ သွားမှာလား"

တစ်ဘက်မှ ဘာစကားသံမှ တုံ့ပြန်သံမကြားရ။ ရွှေကဲက အကာကို နားဖြင့်ကပ်ကာ နားထောင်သည်။ ရွှေကဲ၏ အဖြစ်ကို ကြည့်ကာ မိုးစိုးတို့အဖွဲ့ရော တင်အောင်မင်းသိမ်းတို့အဖွဲ့ပါ အူတက်မတတ် ရယ်မောနေကြသည်ကို ရွှေကဲ မသိ။

အမှန်တော့ တစ်ဘက်ဆိုင်မှာ ထိုင်နေသည့် ကောင်မလေးက Cellular ပိစိကွေးကလေးနှင့် သူ့ဘာသာ စကားပြောနေခြင်းဖြစ်သည်။

www.foreverspace.com.mm



"နင်ပြောတာ ငါ မရှင်းဘူး။ ဘာလဲ"

"ဆရာတော့်ဆီကို သွားမှာလားလို့ ပြောတာ"

ရွှေကဲ အနားကပ်ကာ ခပ်ကျယ်ကျယ်ပြောသည်။

"အောင်မာ…။ နင်က ငါ့ကို ဘာစကားပြောတာလဲ။ လဲသေ လိုက်ပါလား။ အဲဒီကောင်ဆီသွားဖို့ ငါက နင့်ကို ချိန်းရမှာလား။ သွားချင်ရင် ငါ့ဘာသာ သွားမှာပေါ့ဟဲ့"

"ဟာ…။ ခင်ဗျား စော်ကားလှချည်လား။ ကျုပ် ဆရာတော်ကို ခင်ဗျားက အကောင်တွေ ဘာတွေနဲ့။ ခင်ဗျား ဗုဒ္ဓဘာသာဝင် မဟုတ်ဘူး လား။ ရိုင်းလှချည်လား"

အခြေအနေက တော်တော်ရှုပ်ထွေးကာ တော်တော်ဆိုးသွား သည်။ ဒေါသတကြီးဖြစ်နေသော ရွှေကဲကို တင်မောင်မင်းသိမ်းတို့က ဆွဲခေါ်ကာသွားသည်။ ဘာမှန်းမသိဘဲ အူအူကြောင်ကြောင်နှင့် ရန်တွေ့ခံလိုက်ရသော သရဖီဆိုသည့် ကောင်မလေးကိုတော့ မိုးစိုးအုပ်စု က အရယ်တစ်ဝက်၊ အားနာခြင်းတစ်ဝက်နှင့် ရှင်းကာ ပြကြရသည်။ ဒီတော့မှ သရဖီက မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့်…

"ဟင်…ဟုတ်လား။ သရဖီက ဟိုဘက်မှာ ရန်ဖြစ်နေရတာဆို တော့ ကိုယ့်ဖာကိုယ် မသိလိုက်ဘူး။ သရဖီပြောတဲ့ စကားတွေက သူနဲ့ဆိုင်လို့လား"

"ဘယ်ဆိုင်နိုင်ပါ့မလဲ။ သူ ရှေ့ဆုံးတစ်ခွန်းမိသွားတော့ ကျန် တာတွေကို အဆင်ပြေအောင် လိုက်ပြောရင်းနဲ့ နောက်ဆုံးကျမှ ပြဿနာ တက်တာ"

သာသာက ရှင်းပြတော့မှ သရဖီလည်း ရှင်းသွားကာ ရယ်ရယ် မောမောဖြစ်ကာသွားသည်။ ဒီတော့မှ မိုးစိုးက ဟင်းဆိုင်အကြောင်းနှင့် ထမင်းကြော် မှာသည့်အကြောင်းများကို ပြောပြတော့ ပို၍ ပျော်စရာ ရယ်စရာ ကောင်းသွားကြသည်။

www.foreverspace.com.mm



ဟိုတစ်ဘက်မှာတော့ ပြဿနာက မပြေလည်။

"သူက ကျွန်တော့်ဆရာတော်ကို စော်ကားတာဗျ။ ကျွန်တော်က ကျေနပ်ရမှာလား။ ခင်ဗျားတို့က ဘာမှ မကြားပါဘူးဗျာ။ ကျုပ်ကို စော်ကားချင်စော်ကား ဆရာတော့်ကိုတော့ မစော်ကားနဲ့"

"မင်းကိုလည်း မပြောဘူး၊ ဆရာတော်ကိုလည်း ပြောတာ မဟုတ်ပါဘူးကွာ။ ကောင်မလေးက သူ့ဘာသာ Phone ပြောနေတာပါ။ အဲဒါကို မင်းက..."

"ဟား...ဟား...ဟား...ဟား...။ ခင်ဗျားတို့ ကျုပ်ကို တောသားဆိုပြီး ညာချမလို့လား။ ကျုပ် Phone ဆက်ဖူးတယ်ဗျ။ မြင်လည်း မြင်ဖူးတယ်။ ဒီကောင်မလေးမှာ ဘာ Phone မှ မရှိဘူး။ ကျုပ်ဆရာတော်ကို သက်သက်စော်ကားတာ"

ရွှေကဲက မိုးကျော်လက်မှ လွတ်အောင်ရုန်းကာ ဒေါသတကြီး အော်သည်။ သူ့ပုံစံက လိုအပ်လျှင် မိုးကျော်တို့ကိုပါ ရန်လုပ်တော့မည့် ပုံစံဖြစ်ကာ နေ၏။ ထိုအခြေအနေကျမှ တစ်လျှောက်လုံး ဘာမှ မပြောခဲ့ သော ဝင်းနိုင်က ဝင်သည်။

"ကဲ...ရွှေကဲ။ ဒီကောင်မလေး အဲဒီနေရာမှာ ရှိလိမ့်မယ်ဦးမယ်လို့ ငါထင်တယ်။ အဲဒီကို ပြန်သွားပြီး သူ့ Phone ဆိုတာကို ငါတို့က ပြရင်ကော..."

"စိန်လိုက်လေ...။ အဲဒီ Phone ဆိုတာ ကျွန်တော် ယုံအောင် သာပြ"

မိုးစိုးတို့နှင့်သရဖီ ခင်မင်ရင်းနှီးစွာ မိတ်ဆက်အပြီး ပြန်ရောက် လာသောအုပ်စုကို ကြည့်ရင်း မိုးစိုး သဘောပေါက်ကာ သွားသည်။ သူတို့ ဝင်ထိုင်ပြီးသည်အထိ စိုးမိုး အသာတကြည် လက်ခံလိုက်ပါသည်။

တင်အောင်မင်းသိမ်းကလည်း ရှက်ရှက်နှင့် ခေါင်းကို ငုံ့ကာ စကားစရသည်။

www.foreverspace.com.mm



"ဒီလိုဗျာ…။ ဒီကောင်က အဲဒါကို Phone မဟုတ်ဘူးလို့ဘဲ ပြောနေတယ်။ တောင်းပန်ပါတယ်ဗျာ။ ကျွန်တော်တို့အားလုံးက ဝိုင်းပြော ပေးမယ့်…"

မိုးစိုး တစ်ချက်ပြုံးလိုက်သည်။ Phone ကလေးကို ကိုင်ကာ ဒေါသဖြစ်ရုံမှတစ်ပါး ဘာပြောရမှန်း မသိတော့သော သရဖီဘက်သို့ လက်ကာ ပြလိုက်ရင်း…

"ကောင်းပြီလေ…ရပါတယ်။ ကဲ…ရှင်တို့ထဲက Phone နံပါတ် တစ်ခုပြော…။ မိုးစိုး အခု ခေါ်ပေးလိုက်မယ်။ သရဖီ တို့ကို Phone ခဏ…"

မိုးစိုးက သရဖီ့ထံမှ Phone ကို ယူပြီးသည့်အထိ တင်အောင် မင်းသိမ်းတို့ ဘာပြောရမှန်းမသိ။ သူတို့မှာ ခေါ်စရာ ပြောစရာ Phone နံပါတ်မရှိ။

"ကိုင်း…။ ခင်ဗျားရဲ့ အဲဒီဟာက Phone ဆိုရင် ကျုပ်ဆရာ တော်ဆီသာ ခေါ်ဗျာ…"

"နံပါတ်ဘယ်လောက်လဲ"

"၅၇၂၁၀၆ အေးချမ်းစာသင်တိုက်။ ဆရာတော် ဦးဝိမလကို ရွှေကဲက ခေါ်တယ်လို့သာ လျှောက်ပေး"

မိုးစိုးက တစ်ချက်ပြုံးကာ Phone နံပါတ်များကို သွက်လက်စွာ နှိပ်သည်။ အားလုံးက တိတ်ဆိတ်နေကြ၏။ ရွှေကဲတစ်ယောက်သာ 'ကဲ…ဆက်နိုင်ကြသေးရဲ့လား' ဟူသော မျက်နှာနှင့် ပြုံးပြုံးကြီးရှိသည်။ သရဖီကလည်း စိတ်ရှုပ်ခြင်း၊ ရှက်ခြင်းတို့ကြောင့် ခေါင်းကို ငုံ့ကာ ထားသည်။ သို့သော်…ထိုအချိန်မှာပင်…

"ဟုတ်ကဲ့…၅၇၂၁၀၆ ကပါလားရှင်။ ဟုတ်ကဲ့…။ ကျွန်မ ဆရာတော် ဦးဝိမလကို စကားမှာချင်လို့ လျှောက်ထားပေးပါရှင်"

"ခင်ဗျား မညာနဲ့နော်"

www.foreverspace.com.mm



"ရွှေကဲ…။ နေစမ်းကွာ"

မိုးကျော်က အတင်းတားသည်။

"ကျွန်မ မညာပါဘူး။ ဆရာတော်မိန့်ရင် ရှင့်ကို ပေးမှာပါ။ ဟောဒီလို နားမှာကပ်ထားနော် သိလား။ ဩော်…ဟုတ်ကဲ့ပါရှင်။ ဆရာတော် ဦးဝိမလလားရှင်…။ ဟုတ်ကဲ့…။ ဒီမှာ စကားပြောချင်လို့ပါ။ ကဲ…ပြော…"

မိုးစိုး လှမ်းပေးသည့် Phone ကို မကိုင်တတ်သဖြင့် ဟိုဒီလွဲနေသေးသည်။ အားလုံးက ဝိုင်းအော်ကာ နားနှင့်းပါးစပ်နားတေ့ကာ ပေးရ၏။ ရွှေကဲရင်တွေ တဒိန်းဒိန်းခုန်ကာနေစဉ်မှာ ဆရာတော့်အသံက ဟိန်းနေအောင် သူ့နားထဲမှာ ပေါ်ကာလာ၏။

"ဟေ့…ဘယ်သူတုန်းကွ။ ဘယ်မာတုဂါမလဲ။ ဟေ့…မေးနေတာ မကြားဘူးလား"

ဆရာတော့်အသံမှ အသံအစစ်ဖြစ်ကြောင်း ရွှေကဲ လုံးဝ သံသယ မရှိတော့သဖြင့် ကြောက်ရွံ့စိတ်က လည်မျိုသို့ တိုးဆောင့်ကာ တက်လာသည်။

"အ…အရှင် ရှင်…ဘုရား။ တပည့်တော်…တော်ပါ ဘု…ဘုရား"

"ဟဲ့…ဘယ်အကောင်တုန်း။ ဘယ်သူတုန်း"

"ရွှေ…ရွှေ…ရွှေပါဘုရား"

ကြောက်လွန်းသဖြင့် ရွှေကဲ ထရပ်သည်။ ထိုင်သည်။ ပြီးတော့ ပြန်ရပ်ပြန်သည်။ ကြောက်လွန်းသဖြင့် သူ့နာမည်ကိုပင် အစအဆုံး မပြောနိုင်တော့။ နံဘေးက ရယ်သံတွေကိုလည်း မထိမ်းနိုင်တော့။

"ဟဲ့…ရွှေကဲ…ဟင်။ နင် ငါ့ကျေးဇူးကို ဆပ်တာလား။ နင့်ကတိကို နင်ဖျက်သလား။ ဒီနေ့မှ ကျောင်းတက်တာ တစ်ရက်ရှိသေး မာတုဂါမက ငါ့ဆီ Phone ဆက်ရသလား။ နင့်အိပ်ယာလိပ်ပြင်။ အခု

www.foreverspace.com.mm



ဆားလင်းကြီးကို ပြန်ချေတော့"

ဆရာတော့်ကျိန်းသံကြောင့် ရွှေကဲ အလိုလို လက်အုပ်ချီမိသွားသည်။ ဆေးလိပ်ဘူးခွံလောက်ရှိသော ပစ္စည်းကလေးထဲက အသံသည် ဆရာတော့်အသံဖြစ်ကြောင်း သူ ကျိန်းသေသိပါသည်။

"မဟုတ်ပါဘုရား…မဟုတ်ပါဘုရား။ တပည့်တော် မာတုဂါမတွေနဲ့ မပတ်သက်ပါဘုရား။ ဆရာတော့်ကို သတိရလို့ပါဘုရား"

"တော်…ရွှေကဲ။ စိန်ကဲ၊ ကျောက်ကဲထက် ရွှေကဲအကြောခတ်ရတာ ငါမှားပြီဟေ့။ နင် ဆားလင်းကြီးကို အခုပြန်…။ နင် သတိရလို့ ငါ့ကို ဆက်စရာလား။ အရေးရှိမှ အရေးကြီးမှ ဆက်လို့ ပြောထားတယ် မဟုတ်လား။ နင် သိပ်သတိရရင် တမလွန်က နင့်အဖေနဲ့ အမေ့ဆီ ဆက်ပါလား…ခွေးသားရဲ့။ ငါ့သိက္ခာ ဘယ်နားသွားထားရမလဲ"

"မှန်လှပါဘုရား။ သေသွားတဲ့ အဖေနဲ့အမေ Phone နံပါတ် တပည့်တော်မှ မသိတာဘုရား။ သည်းခံပါဘုရား…။ သည်းခံပါ"

ရွှေကဲ မြေကြီးနှင့် နဖူးတိုက်ကာ Phone ကိုကိုင်ရင်း ဦးခိုက်နေသည်။ ခုနက ရယ်နေသူတွေ မရယ်နိုင်တော့။ အထူးသဖြင့် သူ့ Phone တစ်ခုခုနှင့် ဆောင့်မိမှာကို တွေးကာ သရဖီက ပိုမရယ်နိုင်တော့။ ထိုစဉ်မှာပင် ရွှေကဲလက်ထဲမှ Phone ကို မိုးစိုးက အတင်းလုကာ ယူလိုက်သည်။ အားလုံး မှင်သက်ကာ ကြောင်ကြည့်နေ၏။ ရွှေကဲကတော့ အရှုံးကြီး ရှုံးသွားသော သူ့ဘဝ ပျက်ပြီဟုပင် တွေးလိုက်မိလေသည်။

"တင်ပါ့ အရှင်ဘုရား"

"……….."

"တင်ပါ့ဘုရား…။ မဟုတ်ပါဘူးဘုရ့။ သည်းခံတော်မူပါဘုရား။ တပည့်တော်မတို့က ဆက်သွယ်ရေးဌာနက တာဝန်နဲ့ လာနေရတဲ့ Phone ပါဘုရား။ တင်ပါ့ဘုရား"

"……….."

www.foreverspace.com.mm



"တင်ပါ့ဘုရား၊ တပည့်တော်မတို့က သူပေးတဲ့ Phone နံပါတ်ကို လိုင်းတင်ပြီး တစ်ဘက်က ကိုင်မကိုင်၊ လူရှိမရှိ ခေါ်ပေးရပါတယ်ဘုရား။ အရှင်ဘုရားမယုံရင် လမ်းဆုံတိုင်း၊ လူစည်ကားရာတိုင်းမှာ ကြည့်ပါဘုရား။ တပည့်တော်မတို့ ထီးကလေးတွေနဲ့ ရှိပါတယ်ဘုရား"

"........."

"ဒါကတော့ တပည့်တော်မ တာဝန်ပါဘုရား"

"........"

"တပည့်တော်မ မုသားမဆိုဝံ့ပါဘုရား။ ခုနကလူ စကားပြောချင်လို့သာ တပည့်တော်မက တာဝန်အရ ခေါ်ပေးတာ အမှန်ပါဘုရား"

"......."

"တင်ပါ့ဘုရား"

မိုးစိုးက Phone ကို ပိတ်ကာ သရဖီ့ကို ပြန်ပေးသည်။

အားလုံး တစ်မိနစ်နီးပါး ငြိမ်ကာ နေကြ၏။ ပထမဦးဆုံး သတိဝင်လာသူက ရွှေကဲသာဖြစ်သည်။

"ဆရာတော်က ဘာပြောလဲဟင်။ ဆရာတော်က..."

"တော်ပြီ...။ ရှင့်ကိုတော့ ကျွန်မ လုံးဝ လက်လန်သွားပြီ။ မလွယ်ပါလား။ ရှင်ဟာ တော်တော်ပြဿနာရှာတဲ့ လူပဲ။ Please သရဖီရေ...။ ရော့...Phone ။ တို့က တောင်းပန်ရတော့မှာပဲ"

"ရပါတယ်...။ မိုးမိုးစိုး ကယ်ပေလို့ပေါ့။ သရဖီဆို ဒုက္ခပဲ"

"ဒီမှာ...။ ကျုပ်ဆရာတော်က မာတုဂါမတွေကို စကားပြောတာ မဟုတ်ဘူးဗျ။ ခင်ဗျားကို ဘာတွေပြောသွားလဲ။ ဘာတဲ့လဲ...။ ကျုပ် ...ကျုပ်ကို ပြဿနာတက်အောင် မလုပ်နဲ့နော်"

မိုးစိုး ဝုန်းခနဲ ထရပ်လိုက်သည်။

မိုးကျော်နှင့် တင်အောင်မင်းသိမ်းကလည်း ထရပ်ပါသည်။

"ကျွန်တော်တို့ နားလည်ပါတယ်ဗျာ။ ကျေးဇူးလည်း တင်ပါ

www.foreverspace.com.mm



တယ်''

''ဟုတ်ပါတယ်ဗျာ…။ ဟုတ်ပါတယ်''

''ဟုတ်ပြီလေ…။ ဒါဆို ရှင်တို့လူကို ရှင်းပြလိုက်တော့။ ကဲ… ခေမာ၊ သာသာ…သွားရအောင်…သရဖီ…''

မိုးစိုး ချာခနဲ လှည့်ထွက်ခဲ့သည်။ နောက်မှာ ဟိုလူ့အော်သံကို ကြားရသေး၏။ ကျောင်းစတက်သည့်နေ့ သူ့အလှ၊ သူ့ရင်ခုန်သံက အလကားဖြစ်သွားပါလား။ ထိုစဉ် သရဖီက သူ့လက်ကို ဖျပ်ခနဲကိုင်သည်။

''စိတ်မကောင်းလိုက်တာ…မိုးမိုးစိုးရယ်။ အဲဒီကောင်ဟာလေ… တကယ်ပဲ သိလား။ ငကြောင်ပါ မိုးမိုးစိုးရယ်…။ နော်''

''နောက်တစ်ခွန်းထပ်တိုးလိုက်မယ် သရဖီ။ ငရူး…ငကြောင်လို့၊ ဒါပေမယ့် တန်ပါတယ်…။ ကိုယ်နဲ့ သရဖီနဲ့ ခင်ခွင့်ရတာလေ''

❀❀❀

www.foreverspace.com.mm



[၃]

"ဟင်...။ ဒါဆိုရင် အဲဒီနေ့က သူ့ဆရာတော်ကိုပဲ ဆွမ်းကပ်ပြီး သူက မစားတော့ဘူးပေါ့...။ ဟုတ်လား"

"ထန်းလျက်ပေါက်ပေါက်ဆုပ်တွေစားပြီး ရေသောက်ရတာပေါ့။ မနေ့ကကိစ္စက သူရိုင်းတယ်ဆိုတာထက် ရန်ကုန်အထာကို သိပ်မသိတာ။ သူ့ဆရာတော်ကို အရမ်းကြောက်တာတွေလည်း ပါပါတယ်ဗျာ"

"သူ့ဆရာတော်က ငယ်ငယ်ကတည်းကတည်းက မိမဲ့ဖမဲ့ သူ့ကို မွေးထားတာဆိုတော့ မိုးမိုးစိုးရယ် ဒီကောင်က..."

"ရပြီ....။ ကျွန်မ သူ့အကြောင်း တော်တော်နားလည်သွားပါပြီ။ ကျွန်မ နားမလည်သေးတာက တစ်ခုပဲ မေးတော့မယ်။ ပြောပြမလား"

မိုးစိုးဖြတ်မေးသည့်အတွက် တင်အောင်မင်းသိမ်းတို့အုပ်စု အချင်းချင်း ကြည့်လိုက်ကြသည်။ ဘိုကလေးမိုးကျော်က ပါးစပ်အပြည့်ဝါးနေသော ကွမ်းတွေကို ထွေးမပစ်တော့ဘဲ ဝင်ကာ ပြောရသည်။

"မိုးစိုး မေးစရာရှိရင် မေးပါဗျာ။ ကျွန်တော်တို့က မိုးစိုးနားလည်အောင် လာရှင်းပြတာပါ"

"ဒီကိစ္စတွေကို အဲဒီလူမပါဘဲ ဘာဖြစ်လို့ အတင်းလာရှင်းနေရတာလဲ"

"ခင်ဗျာ..."

ဘိုကလေးမိုးကျော် ပါးစပ်ကိုပိတ်ကာ ကွမ်းတံတွေးတွေကို ထပ်မျိုချမိသွား၏။ သာသာက ပြုံးရင်း...

"မိုးစိုးက မြန်မာလို မေးတာနော်။ ထပ်ပြောပြရမလား"

တင်အောင်မင်းသိမ်းက ဆံပင်တွေကို သပ်ကာတင်ရင်း ဝင်ကာ ပြောသည်။

"ဒီ...ဒီကောင်က မာတုဂါမတွေနဲ့ စကားမပြောချင်ဘူးဆိုတာနဲ့ ကျွန်တော်တို့က လာဝင်ရှင်းပြတာပါ။ မိုးစိုးရဲ့ စိတ်ထဲမှာ စိတ်မကောင်း ဖြစ်ပြီး အထင်လွဲနေမှာ ကျွန်တော်တို့က..."

"အဲဒါဆိုရင် ရပါပြီ။ မိုးစိုး နားလည်ပြီပဲ ထားလိုက်ပါတော့။ ရှင်တို့ ပြန်လို့ရပါပြီ"

ဝင်းနိုင်ဆိုသူက ပါးစပ်တပြင်ပြင်နှင့် တစ်ခုခုကို ပြောမည်ကြံ နေသေး၏။ သရဖီက ပြုံးကာ...

"ရှင်တို့လူကို ကျွန်မ ပြဿနာ ဘာမှ ထပ်မလုပ်တော့ပါဘူးလို့ ပြောလိုက်ပါ။ နားလည်ပေးလိုက်ပါတယ်လို့။ ကဲ...ဒါဆို ကျေနပ်ပြီလား"

တင်အောင်မင်းသိမ်းတို့ ထရပ်သည်။ အမှန်တော့ သူတို့က ရွှေကဲကို မေးရုံမေး၊ ရှင်းပြရုံရှင်းပြကာ မိုးစိုးတို့အုပ်စုနှင့် တရားဝင် ပတ်သက်ချင်သဖြင့် အတင်းလာရှင်းပြနေခြင်းသာ ဖြစ်သည်။ ရွှေကဲကိစ္စ ကို ခုတုံးလုပ်ကာ မိုးစိုးကို ပတ်သက်ချင်နေခြင်းသာ ဖြစ်သည်။ အခုတော့ သူတို့ထွင်လုံးကလေး မအောင်မြင်သဖြင့် အောင်မြင်စွာဆုတ်ခွာဖို့ အကောင်းဆုံးစကားကို ရွေးရသည်။

"ကျွန်တော်တို့က ကျေနပ်ပြီးသားပါဗျာ။ တစ်ကျောင်းတည်းသား ချင်းတွေပဲ။ သူငယ်ချင်းလို့ပဲ သဘောထားပါ။ သွားမယ်နော်"

တင်အောင်မင်းသိမ်းတို့ ထွက်သွားသည်နှင့် မိုးစိုးတို့ အားရပါးရ ရယ်ကြသည်။ သရဖီ၏ အစ်ကိုဖြစ်သူ ကျော်စိုးကတော့ မိုးစိုးတို့နှင့်အတူ



www.foreverspace.com.mm

www.foreverspace.com.mm



လိုက်မရယ်ဘဲ၊ ခပ်ထေ့ထေ့အပြုံးကိုသာ ပြုံးသည်။ သူ့ (501)ဘောင်းဘီ အနားစမှာ ပေနေတဲ့ ဖုန်မှုန့်တွေကို ခါသည်။ ဒေါက်ထူထူနှင့် သူ့ရှူး ဖိနပ် သပ်ရပ်မှ သပ်ရပ်ရဲ့လားဟု ကြည့်သည်။ ခေါင်းလိမ်းဆီ ရွှဲနေအောင် လိမ်းထားသော သူ့ဆံပင်တွေကို စိတ်မချသလို လက်ဖြင့်ပင့်ကာ တင် သည်။

အမှတ်တမဲ့ဆုံပြီး ညီအစ်မတွေလို ခင်သွားပြီး သရဖီက သူ့အစ်ကိုနှင့် မိတ်ဆက်မပေးခင်ကတည်းက တာဝန်ကျေအောင် သူ့ အစ်ကိုဖြစ်သူသည် ဆေးကျောင်းသား၊ Posmodern ကဗျာဆရာ၊ စကားအထူးအဆန်းတွေ ပြောတတ်သူဟု ကြိုတင်ပြောပေးထားပါသည်။

"ဒီကောင်တွေကို ကြည့်ရတာ ပင်လယ်ကမ်းစပ်က ခရုခွံတွေ လိုပဲ"

မိုးစိုးအပါအဝင် အားလုံးကို ကျော်စိုးက ဝိုင်းငေးကြ၏။ ကျော်စိုး ရင်ထဲမှာ တော်တော်ပီတိဖြစ်သွားသည်။ သူ စကားပြောပြီးလျှင် လူတွေက သူ့ကို ဒီလို ငေးကြည့်တတ်သောအကြည့်ကို သူ အရမ်းသဘောကျသည်။ သူက Postmodern ကဗျာဆရာ မဟုတ်လား။

"ဒီလို မိုးစိုးရဲ့…။ ရှင်းပြရင်တော့ အဓိပ္ပာယ်က ပေါ့သွားတာပေါ့ နော်။ Postmodern ဆိုတာ အများကြီး ရှင်းမပြရဘူးတဲ့။ ဒါပေမယ့် ကိုယ်ကတော့ ရှင်းပြပါ့မယ်။ ပင်လယ်ကမ်းစပ်မှာ ခရုခွံဆိုတာက ပုံ သဏ္ဌာန်ပဲ တူကြတာ၊ အရောင်အသွေးက မတူဘူး။ ဒီလိုပဲ ဒီကောင်တွေ အားလုံးလည်း မိုးစိုးအပေါ်မှာ အရောင်အသွေး မတူကြဘူး"

ထိုစကားများကို ကျော်စိုးက သူ့ဆံပင်ကို သုံးခါသပ်၊ သူ့ရှူးဖိနပ် ကို အောက်ခံကြမ်းပြင်နှင့် လေးခါဆောင့်၊ သူ့လက်နှစ်ဖက်ကို အကြိမ် နှစ်ဆယ်လောက် ရှုပ် ယှက်ခတ်နေအောင် ပြုမူရင်း ရှင်းကာပြသည်။ ရှင်းပြနေရင်းကလည်း သူ့အသံက ကလေးတစ်ယောက်အသံလိုလို၊ မိန်းကလေးတစ်ယောက်အသံလိုလို ကရုဏာသက်စရာ ဖြစ်သွားသေး၏။

www.foreverspace.com.mm



မိုးမိုးစိုးက ပြုံးသည်။

"ဟုတ်တယ်…။ ခရုခွံတွေဟာ တစ်ခုနဲ့တစ်ခု ပုံသဏ္ဍာန်က လွဲလို့ အရောင်အသွေး မတူကြဘူး။ ဒါကို ကျွန်မ သိပါတယ်။ ကဲ… ကိုကျော်စိုးကရော ဘာခရုခွံလဲ…"

မိုးစိုးစကားဆုံးတော့ အားလုံး တိတ်ကာသွားသည်။ ကျော်စိုးကို သရဖီက မိတ်ဆက်ပေးသည့်နေ့ကတည်းက ကျော်စိုးသည် မိုးမိုးစိုးကို စိတ်ဝင်စားနေကြောင်း အားလုံးက သိထားသည့်အတွက်ဖြစ်သည်။

"ကိုယ်က သစ္စာနီရဲ့ အရေးအသားတွေလို ရှင်းလင်းပြီး ဇန်းဆင့် ဇန်ဂိုးရဲ့ စုတ်ချက်တွေလို ရဲရင့်၊ မောင်ချောနွယ်ရဲ့ကဗျာတွေလို ရိုးသားတဲ့ ခရုခွံလေးတစ်ခွံပါ မိုးစိုး"

သရဖီက စိတ်ညစ်ညစ်နှင့် မျက်နှာကို တစ်ဘက်သို့ လွှဲသည်။ သာသာနှင့် ခေမာက ရှေ့ကို ကြည့်သော်လည်း ရှေ့ကို မမြင်ရဘဲ ကျော်စိုးပြောသည့် စကားလုံးတွေကို ရီဝေစွာ အဓိပ္ပာယ်ဖော်နေကြပြီး မိုးစိုးက ထကာရပ်နေသည်။

"ကောင်းပါပြီရှင်…။ ကိုကျော်စိုးရဲ့ ခရုခွံအရောင်ကို ကျွန်မ စဉ်းစားပြီး နောက်နေ့မှာ ပြောပါ့မယ်။ အခုတော့ ပြန်ကြရအောင်နော်"

ငှဝါရောင် ဘလောက်လက်ပြတ်ကလေးနှင့် ပိတောက်နွမ်းရောင် ပါတိတ်အဆင်ကလေးကို ဝတ်ထားသော မိုးစိုး အရမ်းလှနေသည်ဆို တာကို ကျော်စိုး လုံးဝ သိရှိရိပ်မိသွားပါသည်။

"ကိုကိုက ဘာတွေပြောမှန်းလဲ မသိဘူး။ ဒါနဲ့ ကြိုက်တယ်ဆို"

အားလုံး ထသွားတော့မှ သရဖီက သူ့အစ်ကိုကို မကျေမနပ်နှင့် မေးခြင်းဖြစ်ပါသည်။ ကျော်စိုးက သူ့ညီမကို အထင်တသေးကြည့်ကာ ခပ်ထေ့ထေ့ပြုံးရင်း…

"ညီမလေးကလည်း…။ အသည်းနှလုံးကို ပန်းပွင့်နဲ့ပေါက်တဲ့ ခေတ်က ကုန်သွားပြီ။ ဒီခေတ်က အင်တာနေရှင်နယ် တနိုလိုဂျီခေတ်။

www.foreverspace.com.mm



နံနက်ခင်းအိပ်မက်တွေကို ပန်းပွင့်တွေနဲ့ မျက်နှာသစ်ရတဲ့ခေတ်။ မိန်းကလေးတစ်ယောက်ရဲ့ ရင်ခုန်သံဆိုတာ ဟမ်ဘာဂါထဲမှ ညှပ်နေတဲ့ အသားစ တစ်စမှ ဟုတ်တာ''

သရဖီက ခေါင်းကို အကြိမ်နှစ်ဆယ်ကျော်ကျော်လောက် ခါသည်။ သူ့အစ်ကိုနှင့် မိုးမိုးစိုးကို မိတ်ဆက်ပေးမိတာ မှားပြီဟု သူ တွေးသည်။ သရဖီ ဒီလိုတွေဝေနေတာကိုပဲ ကျော်စိုးက ဝမ်းသာကျေ နပ်ကာ နေသည်။

''ကိုကို မိုးမိုးစိုးကို လိုချင်တယ်ဆိုရင် ဒီစကားမျိုးတွေ မပြောပါ နဲ့ ကိုကိုရာ…''

''ဒီမှာ ညီမလေး…။ ကြက်ဥတစ်လုံးကို ပြုတ်ဖို့ အချိန် သုံးမိနစ် ကြာမယ်ဆိုရင်တောင်မှ အဲဒီနာရီဟာ စီတစ်ဇင်နာရီဖြစ်ဖို့ မလိုဘူးကွ။ ဒီတော့ ညီမလေးသိထားဖို့က ကိုယ်ကလည်း ဒီ ဖလော် ရာနတ်သမီးကလေးကို ချစ်တဲ့အချစ်က ကြက်ဥပြုတ်သလိုပဲ။ ကိုယ့်မှာ စီတီဇင်နာရီ မလိုပါဘူး။ ဟန်ဆောင်မှု မလိုပါဘူး။ ကဲ…အခုပဲကြည့် ကိုယ်က ဘယ်လိုအရောင်အသွေးရှိတဲ့ ခရုခွံလဲတဲ့။ ဒါ…သူ့နှလုံးသားကို ဘယ်သူနဲ့မှ မတူအောင် ပစ်လိုက်တဲ့ ကိုယ့်ရဲ့မြားချက်ပဲ။ အဲဒါကို ညီမလေး ငြင်းမလား။ ဒီမှာ…ကိုကိုက သူ့ကို ချစ်ခြင်းတစ်ပြေးစာ အကြောပေးပြီး နောက်ကလိုက်ပြီး ပစ်ချင်တဲ့ မုဆိုးပါ။ ကြက်ဥကို ပြုတ်ဖို့ စီတီဇင်နာရီတွေ မလိုသလို ကိုယ့်နှလုံးသားကို ဟောဒီ ဖလော်ရာ နတ်သမီးလေးရဲ့ အသည်းထောင့်စွယ်တစ်နေရာရာက…''

''ကြက်ဥပြုတ်ရပြီ အစ်ကို''

''ခင်ဗျာ…''

''ကြက်ဥပြုတ်ရပြီလို့။ အစ်ကိုပဲ သုံးမိနစ်နဲ့ ပြုတ်ပေးဆို…''

ကြက်ဥဟပ်ဘွိုင်လ်လာချပေးသော စားပွဲထိုးကလေးကို ကျော်စိုး က နားမလည်သလို၊ ကျော်စိုးကိုလည်း ထိုစားပွဲထိုးကလေးက နားမလည်

www.foreverspace.com.mm



ပါ။ သူ့နံဘေးမှာ သူ့ညီမ သရဖီကျော်လည်း မရှိတော့။ လက်တွေ ဝှေ့ရမ်း၊ ခေါင်းတွေမော့ကာ ဆံပင်ကိုသပ်၊ ရှူးဖိနပ်ကြီးကို အချက်မှန်မှန် ဆောင့်ကာဆောင့်ကာ ပြောနေရသဖြင့် သူ့ညီမ ဘယ်ကို ဘယ်အချိန်က ထွက်သွားမှန်း ကျော်စိုး မသိလိုက်။

"ကြက်ဥပြုတ်…။ ဟုတ်လား"

"ဟုတ်တယ်လေ…။ အစ်ကိုပဲ ကြက်ဥပြုတ် သုံးမိနစ်ထက် မကျော်စေနဲ့ဆို…"

"လောကကြီးက စံလွဲသွေမှုတွေနဲ့ ဖွဲ့စည်းထားတာပဲ။ ကဲပါ… ထားပါတော့လေ။ ဘာနာဒင်းကတော့ သူ့ကြက်ဥကို ခွဲလိုက်တာ အထဲက နဂါးတစ်ကောင် ထွက်လာသတဲ့။ အဲဒါ ဂျာမန်လက်ရွေးစင်ဝတ္ထုတစ်ပုဒ် ထဲကပဲ ညီလေး"

"ဟုတ်ကဲ့…။ ဒီဝိုင်းကိုလည်း အစ်ကိုပဲ ရှင်းမှာလားဟင်။ လူလည်း တစ်ယောက်မှ မရှိတော့ဘူး အစ်ကို…"

"အေးပါကွာ…။ မင်းစကားက ဝီလီယံတဲရဲ့ မြားချက်တွေ အတိုင်းပါပဲ။ ဒါပေမယ့် မှတ်ထားကွ။ ကိုယ့်နှလုံးသားမှာက အလယ်ဗဟို ဆိုတာ မရှိဘူး"

"သုံးထောင့်တစ်ရာ ကျတယ်အစ်ကို"

"ဟား…။ သုံးဆယ့်တစ်ဘုံမှာ ငါတို့လူ့ပြည်တစ်ဘုံပဲ ပန်းတွေ ဟာ ငုံရာက ဖူး၊ ဖူးရာက ပွင့်ကြတယ်ဆိုတာ မင်း ယုံစမ်းပါ ညီလေးရာ"

"ယုံပါတယ် အစ်ကို။ သုံးထောင့်တစ်ရာပါ"

ကျော်စိုး ထရပ်ကာ သူ့အိတ်ထဲမှ ပိုက်ဆံကို ထုတ်ပေးလိုက် သည်။ ကျော်စိုးကို လက်ဖက်ရည်ဆိုင်ထဲက လူတွေက ဝိုင်းငေးကြည့် နေကြသည်။ ကျော်စိုး နည်းနည်းရှက်သွားသည်။ သို့သော် သူ့ ဆံပင်ကို သပ်ကာ ပြုံးလိုက်ပါသည်။ သူပြောတဲ့စကားတွေကို ဒီဆိုင်ထဲက လူတွေ နားမလည်နိုင်ပါ။ စာရေးဆရာ ကဗျာဆရာ ငြိမ်းအေးအိမ်၊ ဇော်ဇော်

www.foreverspace.com.mm



အောင် ဒါမှမဟုတ် တာရာမင်းဝေ။ တစ်ယောက်ယောက်နဲ့ တွေ့မှကို ဖြစ်လိမ့်မည်။

"အစ်ကို ကြက်ဥပြုတ်လေ…။ ကြက်ဥပြုတ် ကျန်ခဲ့ပြီ။ ပါဆယ်ယူမှာလား အစ်ကို…"

အလန့်တကြား လှမ်းအောင်သော စားပွဲထိုးလေးအသံက နောက်ဘက်မှာ စတော်ဘယ်ရီရောင် တိမ်စတစ်စလို လွင့်ကာ ကျန်ရစ်ခဲ့၏။ ကျော်စိုးက စာရေးဆရာသစ္စာနီထံ သွားရန် ဆုံးဖြတ်လိုက်ပါသည်။ သို့သော် သူ့မှာ ဦးခေါင်း မပါတော့ချေ။ နှလုံးသားသာ ပါ၏။

သို့သော် နှလုံးသားကို Postmodern စာရေးဆရာသစ္စာနီက ပေါ့ဆိမ့်တစ်ခွက်ဖြင့် တို့စားလိမ့်မည်ဆိုတာကို ယုံကြည်ရန် လိုအပ်သော လိုအပ်မှုမှာ အမှန်တကယ် မလိုအပ်တော့ချေ။

ဟဲဟဲ…ဟဲဟဲ…ဟဲဟဲ…။

❀

www.foreverspace.com.mm



ဖြစ်နိုင်လျှင် ရွှေကဲ အဆောင်ကိုပင် မပြန်ချင်ပါ။

သို့သော် ဆရာတော်က အဆောင်ပိုင်ရှင်အဒေါ်ကြီးနှင့် မိတ်ဆွေမို့ အဆောင်ပြောင်းမရသဖြင့်သာ ပြန်ရခြင်းဖြစ်သည်။ ရန်ကုန်မှာ မာတုဂါမတွေ အလွန်ဆိုးသည်ဟု ဆရာတော်က ရွာက မထွက်ခင်မှာဘဲ ပြောထားခဲ့သည်။ အခုတော့ မာတုဂါမတွေကလည်း ဆိုးသည်။ မာတုဂါမ မဟုတ်သော သူနှင့်တစ်ဆောင်တည်းနေ ဟိုကောင်တွေကလည်း ဆိုးသည်။

မနက်က ကျောင်းမသွားမီ ဟိုမာတုဂါမ ခပ်လှလှကို သွားတောင်းပန်ရမည်ဟု အားလုံးက ဝိုင်းပြောကြသည်။ ဒီ…မာတုဂါမဆိုတာတွေကို သူက ဘာကြောင့် သွားတောင်းပန်ရမည်နည်း။ မင်း မတောင်းပန်ရင် ငါတို့ကတော့ တောင်းပန်ရမှာပဲ ဆိုသဖြင့် သူ သက်သာရာရခဲ့သည်။ သို့သော် ဆရာတော် မကြာခဏ မိန့်သလိုပင် မာတုဂါမဟူသည် နွယ်ပင်နှင့် တူတတ်၏။ မကြာခဏ ရစ်ပတ်တတ်၏…တဲ့။ ဒီမျှနှင့်ပဲ တော်ပါဟု တွေးရင်း မာတုဂါမတွေကို မုန်းတီးစိတ်က ရင်ထဲမှာ လှိုက်ကာ လှိုက်ကာ တက်၍လာသည်။

ထိုအချိန်မှာပဲ…

"ဟဲ့ကောင်ရဲ့။ နင့်လုပ်စာက ဘာတစ်ပြားသားရှိလို့ ငါ့ကို လမ်းလယ်ခေါင်မှာ လာပြဿနာ ရှာရတာလဲ"

"မင်းက ငါ့မိန်းမ၊ ငါ့ချစ်ဇနီး မဟုတ်ဘူးလား။ အဲဒါဆိုရင် ဘာဖြစ်လို့ လမ်းလယ်ခေါင်မှာ အော်နေရတာလဲကွာ"

www.foreverspace.com.mm



"အောင်မာ…သေချင်းဆိုးရဲ့။ လမ်းလယ်မှာ နင်က အော်တာလား၊ ငါက အော်နေတာလား။ ကဲ…ပြောစမ်း"

"မိန်းမ တော်တော့ကွာ။ ငါ မင်းကို ချစ်လို့ ယူထားတာနော်။ ဟောဒီငါ့လည်ပင်းက ဆွဲကြိုးနဲ့ ဟောဒီငါ့လက်ထဲက ဟမ်းချိန်း မင်းကြောင့် ကုန်ခဲ့တာ။ ငါ ဘာများပြောခဲ့ဖူးလို့လဲ။ အခုဟာက ပိုက်ဆံငါးရာပဲ တောင်းတာကိုကွာ…"

"ဟဲ့…။ အရင်ရွှေထီးစောင်းခဲ့ရတာတွေ မပြောနဲ့။ အခုပဲပြုတ်ရောင်းနေရတာဟာ ဘယ်သူလဲ…ဟင်။ အဲဒီပိုက်ဆံကို ရှင်က ဘီအီးလေး မော့ပြီး ကာရာအိုကေသွားဆိုဦးမှာ မဟုတ်လား…။ သေချင်းဆိုးရဲ့"

"မိန်းမရာ…။ ရွှေထူးညီ မျိုးကြီးက ငယ်ကျွမ်းဆွေသီချင်းကို သူဆိုတာ ပိုကောင်းတယ်ပြောနေလို့၊ ငါ မခံချင်လွန်းလို့ပါကွာ။ ငါ တောင်းပန်ပါတယ် မိန်းမရာ…။ ငါးရာမရရင် သုံးရာပဲ ပေးကွာ။ တောင်းပန်ပါတယ်ကွာ"

"သုံးရာလည်း မပေးနိုင်ဘူးဟဲ့…။ သေချင်းဆိုးရဲ့။ သူ့ကိုနိုင်ဖို့ထက် ခလေးနှစ်ယောက်နဲ့ ထမင်းစားဖို့က ပိုအရေးကြီးတယ်"

ရွှေကဲ ရပ်ကြည့်ရင်း…အသားတွေ တဆတ်ဆတ်တုန်ကာလာ၏။ ဘယ့်နှယ့် လမ်းလယ်ခေါင်မှာ မိန်းမတစ်ယောက်က ယောက်ျားဖြစ်သူကို နင့်မဲငဆတွေ ပြောနေသည်။ ရွှေကဲ ဘာမှ မစဉ်းစားတော့ဘဲ ထိုနှစ်ယောက်ထံ ဝင်သွားသည်။

"ဒီမှာ အစ်မကြီး။ ဘာဖြစ်လို့ ယောက်ျားတစ်ယောက်ကို လမ်းလယ်ခေါင်မှာ အော်ကြီးဟစ်ကျယ် ပြောနေရတာလဲ။ ဒါ…ခင်ဗျား ယောက်ျား မဟုတ်ဘူးလား"

"ဩော်…နင်က ဘယ်သူလဲ။ ဟင်း…ဟင်း…။ အဖော် အပေါင်းနဲ့ပေါ့လေ…။ ဟုတ်လား။ နင်က သူ့ကိုကပ်ပြီး ကာရာအိုကေ ဆိုမယ့် ကောင်လား"

www.foreverspace.com.mm



''ဘာ…ကာရာအိုကေလဲ။ မအိုကေဘူး…။ ခင်ဗျားက ယောကျ်ားတစ်ယောက်ကို လမ်းလယ်ခေါင်မှာ ဒီလိုပြောနေတာ လုံးဝ မအိုကေဘူး။ ခင်ဗျား အခု တောင်းပန်ပါ''

ကျော်ကျော့်မိန်းမ အေးအေးမော်လည်း ရုတ်တရက်တော့ ကြောင်ကာသွား၏။ ကျော်ကျော်လည်း နားဝေတိမ်တောင်ဖြစ်ကာနေ သည်။ ထိုလူ့ကို သူ တစ်ခါမှ မမြင်ဘူးခဲ့။

''ကျော်ကျော်…။ နင် ငါ့ကို လမ်းလယ်ခေါင်မှာ အနိုင်ကျင့်တယ် ပေါ့လေ…။ ဟုတ်လား''

''ဟာ…မဟုတ်ဘူး မိန်းမ''

''ခင်ဗျား…ဘာမှ ပြောမနေနဲ့။ ယောကျ်ားဆိုတာ အိမ်ဦးနတ် ဗျ။ မရှိသေချင်နေ မစော်ကားရဘူး''

''အမယ်လေး…။ ငွေလေးရှိရင် မယားနဲ့ ကလေးတွေ မပေးဘဲ အရက်သောက်၊ ဖဲရိုက်ပြီး ကာရာအိုကေ သွားသွားဆိုနေတဲ့ ဒီကောင့်ကို ရိုသေနေရဦးမှာလား။ ပဲပြုတ်ရောင်းရင်း အရင်းပြုတ်ရင်တောင် ကိုယ့် ဘာသာ ငွေချေးရတာလေ…။ သေချင်းဆိုးကြီးရဲ့။ အခုတော့ အဖော် အပေါင်းနဲ့ ကျွန်မကို ပြဿနာရှာတယ်ပေါ့''

''မိန်းမရာ…မဟုတ်ဘူးကွာ။ ဒီမယ်…ငါရှင်းပြမယ်''

ထိုအချိန်တွင် မိုးစိုးက လမ်းကလေးကို ကွေ့အဝင်ဖြစ်သည်။ ကြားရသည့်အသံတွေက မကောင်း။ ရှောင်သွားဟန်ပြင်ပြီးမှ ရွှေကဲကို လှမ်းတွေ့သဖြင့် ခဏရပ်ကာ ကြည့်သည်။

''ဘာမှ ရှင်းမနေနဲ့ ဟေ့လူ။ ဒီမယ်…ယောကျ်ားရှိလို့သာ ခင်ဗျားတို့ မိန်းမတွေ တင့်တယ်နေတယ် မှတ်ပါ။ တံခွန်မရှိတဲ့ ရထား၊ လင်မရှိတဲ့ မိန်းမ လောကမှာ မတင့်တယ်ဘူးတဲ့။ သူ့ဘာသာသူ မူမူးရူးရူး ကာရာအိုကေပဲဆိုဆို သူရှိတဲ့အတွက် ခင်ဗျားမှာ မတင့်တယ်ဘူးလား။ ဒီယောကျ်ား ရှိနေတဲ့အတွက် ခင်ဗျားမှာ မလုံခြုံဘူးလား။ အဲဒီဂုဏ်တွေကို

www.foreverspace.com.mm



မစော်ကားစမ်းပါနဲ့ဗျာ''

အေးအေးမော် ဘာပြန်ပြောရမှန်းမသိ။ ချထားသော ပဲပြုတ်တောင်းကို ကောက်ရွက်ကာ လှည့်ထွက်ခါနီးတွင်…

''ခဏ နေပါဦးအစ်မ။ ဒါက ဘယ်လိုဖြစ်ကြတာလဲ''

မိုးမိုးစိုးကို တွေ့လိုက်ရသဖြင့် ရွှေကဲ ရင်အစုံသည် အုန်းခနဲ ခုန်ကာသွားသည်။ အေးအေးမော်က သူ့ပဲပြုတ်တောင်းကို ပြန်ချကာ ဝမ်းသာအားရလေသံဖြင့် ဖြစ်သမျှကို ရှင်းကာပြ၏။ သူ့ ရှင်းသောစကားထဲတွင် သူ့ယောက်ျားက ကာရာအိုကေဆိုရန် အဖော်နှင့် အပေါင်းနှင့် သူ့ကို ငွေတောင်းကြောင်းလည်း ပါသည်။

''ဒီမှာ ကိုကျော်ကျော်။ ရှင်က ကျွန်မတို့ လမ်းထဲကပါ။ သူ ရှင့်ကို ပဲပြုတ်ရောင်းကျွေးနေတာ အားလုံးသိတာပဲ။ ဒါတော့ ရှင် မလွန်လွန်းဘူးလား''

ကျော်ကျော်ကလည်း သူ့ကိစ္စကို သူ ရှင်းပြသည်။ အဓိက ပြဿနာက ဒီဘက်ကလူနှင့် သူ မသိကြောင်း။ သူ့ဘာသာသူ ဝင်ပြောကြောင်းသာပြော၏။

နှစ်ဦးစကားဆုံးတော့ မိုးမိုးစိုးက ရွှေကဲဘက်ကို လှမ်းကာကြည့်သည်။

''ကဲ…။ ဒါဆို ရှင်က ဘာဖြစ်လို့ ဝင်ပါရတာတုန်း''

ရွှေကဲ ဘာမှ မပြောနိုင်။ လက်သီးနှစ်လုံးကိုသာ ကျစ်သည်ထက်ကျစ်အောင် ဆုပ်ထားမိ၏။ သူ့ပါးစပ်ထဲမှာ မုန့်ဖက်ထုပ်တစ်ထုပ်လုံးဝင်နေသလို ဖြစ်ကာနေသည်။ အမှန်တော့ စကားလုံးတွေနှင့် ပြည့်နေခြင်းသာ ဖြစ်၏။

''မိန်းမတစ်ယောက်ကို လမ်းလယ်ခေါင်မှာ ဒီလိုအော်ဟစ်ပြောနေတာတော့ မကောင်းဘူးထင်တယ်''

ထိုစကားကို ကြားရတော့ ရွှေကဲပါးစပ်ထဲက မုန့်ဖက်ထုပ်ကြီး

www.foreverspace.com.mm



ပြုတ်ကာ ကျသွား၏။

"မိန်းမတစ်ယောက်က ယောက်ျားတစ်ယောက်ကို လမ်းလယ်ခေါင်မှာ ပြောနေတာကျတော့ ကောင်းသလား။ ဒီမှာ...မိန်းမဆိုတာ ရှိမကောင်း၊ မရှိမကောင်းဆိုကတည်းက သိရောပေါ့။ ဇဒ္ဒမာနတို့၊ မာရဏ္ဍီတို့၊ သုန္ဒရီတို့ ဘုရားကို ဘယ်လောက်ဒုက္ခပေးပြီး နှောင့်ယှက်ခဲ့တယ်ဆိုတာ ခင်ဗျားသိရဲ့လား"

ရွှေကဲစကားဆုံးတော့ မိုးမိုးစိုးက မျက်နှာလက္ခဏာတစ်ချက်မှ မပျက်ဘဲ ကြည်စင်ဝင်းပစွာ ပြုံးသည်။ ပြီးတော့ တည်ငြိမ်လေးနက်စွာဖြင့်...

"ကဲ...ဒါဆိုရင် မြတ်စွာဘုရား ဘုရားအဖြစ်ကို ဆုပန်တဲ့ဘဝကစပြီး လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်းလုံး ပါရမီဖြည့်ခဲ့တဲ့သူက ကျွန်မတို့လို မိန်းမဖြစ်တဲ့ ယသော်ဓရာ မဟုတ်ဘူးလား"

"ဘာပဲဖြစ်ဖြစ်ဗျ။ ယသော်ဓရာလည်း ဘုရားကို ဖျက်တဲ့ကိစ္စမှာ ဖျက်တာပဲ။ ကဲ...နောက်ဆုံးဘဝမှာ ဘုရားဖြစ်ဖို့ သူ ကြည်ကြည်ဖြူဖြူနဲ့ ခွင့်ပေးသလား"

"ဒါကတော့ ပါရမီဘယ်လောက်ရင့်ရင့် မိန်းမဆိုတာ မိန်းမလိုဘဲတွေးမှာပေါ့ရှင်"

"အဲဒါဆို ခင်ဗျားတော်တော့"

ထိုအချိန်တွင် တင်အောင်မင်းသိမ်းတို့ ရောက်လာကာ ဘာရယ်ညာရယ်မှန်းမသိ ဝင်ကာ ဆွဲကြ၏။ မိုးမိုးစိုးကိုလည်း တောင်းပန်ကြသည်။ ရွှေကဲကိုတော့ ဟောက်ကြ၊ ဆူကြနှင့် အားလုံး ရှန်းရင်းဆန်ခတ်ဖြစ်ကုန်ကြသည်။

မိုးမိုးစိုးကတော့ ဘာမှမပြောဘဲ ပြုံးရင်းသာ ဟိုလူတွေလက်ထဲမှာ ရုန်းကန်အော်ဟစ်နေသော ရွှေကဲကို ကြည့်နေလိုက်သည်။

"ကျေနပ်ပါ မိုးမိုးစိုးရယ်။ ဒီကောင့်အကြောင်းကို ကျွန်တော်

www.foreverspace.com.mm



တို့လည်း ပြောပြပြီးပြီပဲ''

''ကျွန်မ ကျေနပ်ပါတယ်။ ရှင်တို့လူကိုသာ ပြောလိုက်ပါ။ မိန်းကလေးဆိုတာ မုန်းစရာ မဟုတ်ဘူးလို့''

ပြောပြီး မိုးစိုး ထွက်သွားသည်။ ရွှေကဲကိုလည်း မိုးကျော်နှင့် ဝင်းနိုင်တို့က ခေါ်ကာသွားကြ၏။ လမ်းပေါ်မှာ ကျော်ကျော်နှင့် အေးအေးမော်တို့လင်မယားသာ ကြောင်တောင်တောင်နှင့် ကျန်ရစ်ခဲ့သည်။

''ဘယ်လိုတွေ ဖြစ်ကုန်တာလဲ''

အေးအေးမော်က မရဲတရဲမေးသည်။

''ငါလည်း မသိတော့ဘူးဟ။ နားကို မလည်တာ''

''ဟုတ်ပတော်...။ ကျုပ်တို့ရန်ဖြစ်နေတာတောင် ဘယ်နား ရောက်သွားလဲ မသိတော့ပါဘူး''

''ဟိုလေဟာ...။ ငါက ကာရာအိုကေဆိုဖို့ ငါးရာတောင်းတဲ့ နားကို ရောက်သွားပြီ''

''အံမယ်...။ သေချင်းဆိုးကြီးက ခုထိ မလျှော့သေးဘူးလား''

''မိန်းမကလဲကွာ...။ ဒီ ငယ်ကျွမ်းဆွေသီချင်းကို ငါ ဘယ် လောက်ရတယ်ဆိုတာ မခံချင်လို့ပါ။ နှစ်ရာတော့ ပေးကွာ''

အေးအေးမော် စဉ်းစားသည်။ ဟုတ်တော့လည်း ဟုတ်သည်။ သူ့ယောက်ျား ကျော်ကျော်က သီချင်းဆိုကောင်းသည်။ သူ့ကို ပိုးခဲ့တုန်း ကလည်း ဒီသီချင်းနဲ့၊ သူနဲ့ရည်းစားဖြစ်ကြတော့လည်း ကာရာအိုကေခန်း မှာ စုံတွဲဆိုရင် ဒီသီချင်းနဲ့။ ဒီသီချင်းကို မူရင်းအဆိုတော်ပင် သူ့ယောက်ျား လောက် မကောင်းဆိုတာ သူ သိသည်။ ရန်ဖြစ်လက်စကလေး ရပ်ပေး လိုက်ရသဖြင့် ဒေါသတွေလည်း မရှိတော့။ ရင်ခုန်သံပဲ သူ့မှာရှိတော့သည်။

''ကဲ...ရော့ရော့ နှစ်ရာ။ ကောင်မတွေနဲ့တော့ တွဲမဆိုနဲ့နော်''

''စိတ်ချပါ မိန်းမရာ...။ နောက်တစ်ရာတော့ ထပ်ပေးပါ။ အသံဝင်နေရင် တင်ချင်လို့ပါ''

www.foreverspace.com.mm



ကိုရွှေထူးညီ မျိုးကြီးဆိုတဲ့ကောင်က အလကားကောင်ပေမယ့် သူ့ယောက်ျားက ဘီအီးကလေးတစ်ပိုင်းလောက်ဝင်မှ အသံမှန်တာဆိုတော့…။

“ကဲ…ရော့ရော့။ သေချင်းဆိုးရေ…နိုင်အောင်တော့ ဆိုခဲ့နော်”

ပြောပြောဆိုဆိုနှင့် ပဲပြုတ်တောင်းကို မကာ ခေါင်းပေါ်တင်ပြီး ထွက်ခဲ့ရသည်။ ဆက်နေလျှင် ဒီသေချင်းဆိုးက မျက်နှာငယ်ကလေးနှင့် အကြောင်းအမျိုးမျိုးပြကာ ထပ်တောင်းဦးမည်။ ဒါတော့မဖြစ်…။ ပဲပြုတ်ဖိုး အရင်းပြုတ်တဲ့နေ့တွေလည်း များနေပြီ။ ချီတီဆုသည့် ပိုက်ဆံကလေးရရင်တော့ သူလည်း သူ့ယောက်ျားနှင့် အတူလိုက်ကာ ကာရာအိုကေဆိုဦးမည်ဟု တွေးကာ ပျော်သွားသည်။ သီချင်းက ဒီသေချင်းဆိုး အခုဆိုတဲ့ သီချင်းပဲပေါ့။ ဒီတစ်ခါတော့ စုံတွဲဆိုရမည်။

“ဟောဒီက သေချင်းဆိုး…ယူကြဦးမလား။ သေချင်းဆိုး…”

ခုနက ရန်ပွဲကို ဝိုင်းကြည့်ပြီး အေးအေးလူလူဖြစ်သွားသူတချို့က အေးအေးမော်ကို ကမန်းကတန်းလှမ်းကြည့်ကြသည်။ သို့သော် အေးအေးမော်က ပြုံးကာ ထပ်အော်သည်။

“ယူကြဦးမလား…ဟောဒီက သေချင်းဆိုး…။ အဲ…မဟုတ်ပါဘူး။ ပဲပြုတ်…ပါရှင်။ ဟောဒီက ပဲပြုတ်…ပဲပြုတ်”

❀❀❀

www.foreverspace.com.mm

"ငါတို့ဆိုလိုတာက မိန်းမတစ်ယောက်ကို ယောကျ်ား တစ်ယောက်က တောင်းပန်တာမျိုးတော့ မဟုတ်ဘူးပေါ့ကွာ။ ဖြစ်ခဲ့တဲ့ ကိစ္စတွေအပေါ်မှာ အားလုံး ပြေလည်ရာ ပြေလည်ကြောင်း သဘောထား တဲ့အနေနဲ့ တောင်းပန်ဖို့ ပြောတာပါ"

"ဘာဆိုင်လို့လဲဗျ။ ကျွန်တော်က ယောကျ်ားဘက်က ဝင်ပြော တယ်။ သူက မိန်းမဘက်က ပြောတယ်။ ဒါ ဘာတောင်းပန်စရာရှိလဲ"

တင်အောင်မင်းသိမ်းတို့ စိတ်ညစ်ကာ သွားသည်။ ရွှေကဲကို ဘယ်လိုမှ ပြော၍မရ။ ချော့၍လည်း မရ။ စည်းရုံးတော့လည်း အရာက မထင်။

"မိန်းကလေးတစ်ယောက်နဲ့ ပြဿနာတက်ရတာ မကောင်းပါ ဘူးကွာ"

"အဲဒါကြောင့် ကျုပ်က ဘာမှ ထပ်မပတ်သက်ချင်တာပေါ့"

ကွမ်းတွေ ပလုပ်ပလောင်းနှင့် ဝင်ချော့သော မိုးကျော်လည်း ဘာပြောရမှန်း မသိတော့။ ဒီတော့မှ စကားဝိုင်းထဲကို လုံးဝ မဝင်ဘဲ ကြည့်နေသော ဝင်းနိုင်က…

"ငါတို့က မင်းကို အရှုံးပေးပြီး တောင်းပန်ခိုင်းနေတာ မဟုတ်ဘူး ရွှေကဲ…။ ငါတို့အားလုံးအတွက် အနစ်နာခံပြီး ယောကျ်ားပီပီသသနဲ့ စိတ်ထားပြီး အကူအညီတောင်းနေတာ"

"ဘာဆိုင်လို့လဲ"

"အေး…။ ဘာဆိုင်လို့လဲဆိုတော့ ဟောဒီအဆောင်ဟာ မိုးမိုးစိုး

www.foreverspace.com.mm



တို့ပိုင်တဲ့ အဆောင်မို့လို့ပဲ။ မင်းနဲ့သူနဲ့ ပြဿနာမပြေလည်ရင် ငါတို့ကို ဒီအဆောင်က နှင်ထုတ်တော့ ဘယ့်နှယ့်လုပ်မလဲ''

ဝင်းနိုင်စကားကြောင့် ရွှေကဲ တွေကာသွားသည်။ တအံ့တသြ ငေးနေသော မိုးကျော်တို့ဘက်ကို လှည့်ကာ ဝင်းနိုင်က မျက်စေ့တစ်ဖက်ကို မှိတ်ကာပြ၏။

''ဒီအဆောင်ပိုင်ရှင်က ဘွားမာကြီးပဲ။ သူတို့နဲ့ ဘာဆိုင်လဲ။ ကျုပ်ဆရာတော်နဲ့လည်း သိတယ်။ ကျုပ်ကို လာမညာနဲ့ဗျာ''

ဒီတော့မှ တင်အောင်မင်းသိမ်းက ဝင်းနိုင်ချည်ထားသောကြိုးကို ဆက်ကိုင်သည်။

''ဒီလို ရွှေကဲရ…။ ဘွားမာကြီးက သားသမီးလည်းမရှိ။ ကျောထောက်နောက်ခံလည်း မရှိတော့ သူ မသေခင် လှူရေးတန်းရေး အတွက်ဆိုပြီး ဒီအိမ်ကို အဲဒီကောင်မလေးတွေကို ရောင်းထားတယ်။ ကောင်မလေးတွေကလည်း ဘွားမာကြီးကို ငဲ့ပြီး ဒီအိမ်မှာပဲ ဆက်နေခွင့်ပေးထားတာ။ အမှန်တော့ ဒီအိမ်ဟာ မိုးမိုးစိုးတို့ပိုင်ပဲ။ မင်းကြောင့် ငါတို့ နေစရာလက်မဲ့တော့ မဖြစ်ပါရစေနဲ့ကွာ''

ရွှေကဲ ငြိမ်ကာသွားသည်။ ထိုစကားအမှန်ဆိုလျှင် ကောင်မလေးက မကျေနပ်ဘဲ ပြဿနာရှာနိုင်သည်။ အဆောင်ပြောင်းရလျှင် ဆရာတော်သိမည်။ ဆရာတော်က ဘွားမာကြီးကို မေးလို့ မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်ပြီး ပြောင်းရကြောင်း သိသွားလျှင် သူ့ဘဝ ရေစုန်မျှောပြီ။ သူ ဘာလုပ်ရမည်နည်း။

ဒါပေမယ့် သူ့စိတ်ထဲမှာ မိန်းကလေးတစ်ယောက်ကို သွားတောင်းပန်ဖို့ဆိုတာကိုလည်း ဘယ်လိုမှ ဆန္ဒမရှိဆိုတာကို သူ သိသည်။

''ကျုပ် မတောင်းပန်နိုင်ဘူးဗျာ။ ဒါပေမယ့် တစ်ခုတော့ ကတိပေးတယ်။ နောက်တစ်ခါ ကျုပ် အဲဒီကောင်မလေးနဲ့ ဘာပြဿနာမှ ထပ်မတက်စေရဘူး။ အဲဒါ…ကျုပ် ကတိပဲ''

www.foreverspace.com.mm



စကားကို အပြတ်ပြောကာ ရွှေကဲ ထသွားသည်။ မိုးကျော်တို့အချင်းချင်းကြည့်ကာ ပြုံးလိုက်ကြ၏။

"ဝင်းနိုင်။ မင်း ထွင်လုံးကလေး ကောင်းတယ်ကွာ။ ဒီကောင်နည်းနည်းတော့ ထိသွားပြီကွ"

"အဲဒါ ကာတွန်းအတွေးကလေးကွ။ ကာတွန်းဆိုတာက တိုတိုနဲ့လိုရင်းကို ထိရောက်အောင် ကိုင်ရတာ မဟုတ်လား။ အဲဒီတော့ ငါက…"

"ကဲ…မင်းကာတွန်းကို ခဏထားစမ်းပါကွာ။ ဒီကောင့်ကိုယ်စားငါတို့ကပဲ ထပ်တောင်းပန်မှာလား"

တင်အောင်မင်းသိမ်းစကားကို မိုးကျော်က မဲ့သည်။

"နှစ်ခါဆို မကောင်းတော့ဘူးကွ။ ပထမတစ်ခါကတည်းက မိုးစိုးက ဒီကောင်မပါဘဲ လာတောင်းပန်တာကို ပြောပြီးပြီ…"

"ဟုတ်ပြီလေ…။ အခြေအနေကို ကြည့်ကြသေးတာပေါ့။ ဒါနဲ့နေပါဦး။ မင်းနဲ့ငါ ပွင့်လင်းစွာ ပြောကြရအောင်။ မင်းက ဘယ်သူလဲ"

"ငါက ဟို…ခေမာဆိုတဲ့ ကောင်မလေးကွာ"

"Yes သူငယ်ချင်း။ All Right။ ကိုယ်က သာသာကွ"

တင်အောင်မင်းသိမ်းနှင့် မိုးကျော် လက်ချင်းဆွဲ နှုတ်ဆက်ကြသည်ကို ဝင်းနိုင်က ငေးကာ ကြည့်နေပြီးမှ…

"မင်းတို့နှစ်ယောက်စလုံးကိုလည်း ငါက ကျေးဇူးတင်ပါတယ်ကွာ။ ငါက မိုးမိုးစိုးကိုပဲ ချစ်တာ။ သူ့တစ်ကိုယ်လုံးကို တစ်ကြောမျဉ်းနဲ့ ကာတွန်းဆွဲကြည့်ချင်လို့ပါ။ သူနဲ့ သမီးရည်းစားဖြစ်ချင်တာတော့ မဟုတ်ဘူးကွာ"

❀

www.foreverspace.com.mm



လူတွေကို ရှုးနေပြီဟု ရွှေကဲ ထင်သည်။

ပညာတတ်ချင်လွန်းသဖြင့် နေ့စဉ် အတန်းတက်ကာ တစ်ချိန်မှ မလွတ်အောင် စာသင်သော ရွှေကဲကို အတန်းထဲက ကောင်မလေးတွေက ရယ်လိုရယ်…ပြုံးစစနှင့် မကြားတကြားပြောလို ပြောကြသည်။ ယောကျ်ားလေးတွေကတော့ “အတန်းစောင့်နတ်ကြီး” “မော်နီတာကြီး” စသည်ဖြင့် ပြောင်ပြောင်ပင် အော်ကြသည်။

ဒီနေ့လည်း နောက်ဆရာတစ်ယောက်ဝင်လျှင် စာသင်ရန် အသင့်စောင်နေသော ရွှေကဲကို အတန်းထဲက ကောင်မလေးတစ်ယောက်က စပ်ဖြဲဖြဲနှင့် အနားလာရပ်ရင်း…

“ဟော့…။ You ဒီဇိုင်းက ဘာဒီဇိုင်းလဲ”

“ခင်ဗျာ”

“You ဝတ်လာတဲ့ အင်္ကျီဒီဇိုင်းကို မေးတာ”

“ကျုပ်အင်္ကျီက ဘာဖြစ်နေလို့လဲ”

ရွှေကဲဝတ်လာသည့်အင်္ကျီက ရွှေဘိုမြို့ ဆိတ်ခွံထွက် ယက်ကန်းသားချည်ကြမ်းနှင့် ပုဆိုးက ဆိတ်ခွံလက်ယက်ပုဆိုး အကွက်ကြဲကြဲဖြစ်သည်။ သူ မြို့ကိုတက်ကာ ကျောင်းနေရမည်ဆိုတော့ ဆရာတော်က သူ့ ဒကာ ဒကာမများထံ ပြောပြ အလှူခံထားသော အင်္ကျီနှင့်ပုဆိုးဖြစ်၏။ ဒီလိုပိတ်မျိုး၊ ပုဆိုးမျိုး သူ့ဆီမှာ အားလုံးရှစ်စုံရှိသည်။ အဲဒါ ဘာဖြစ်သနည်း။

“သြော်…ဘာမှမဖြစ်ပါဘူး။ ဒီဇိုင်းတွေက မိုက်လို့ပါ။ ဟိ…ဟိ”

www.foreverspace.com.mm



"အဲဒါ ကျုပ်တို့ ရွှေဘိုနယ် ဆိတ်ခွံရွာက ယက်တာ"

"ကောင်းတယ်…။ ရှင်နဲ့အရမ်းလိုက်တာပဲ။ ဟိ…ဟိ…ဟိ…"

ကောင်မလေးက စပ်ဖြဲဖြဲနှင့်ပြောကာ သူ့အဖော်များထံ ပြန်ပြေးသွားသည်။ ခဏနေတော့ ထိုကောင်မလေးတွေထံမှ တခိခိနှင့်တခွိခွိ အသံတွေ ထွက်လာကြသည်။ မိန်းမတွေသည် ဆရာတော် မိန့်ခဲ့ဘူးသလို ဇိဋ္ဌမာနတွေချည်းတည်း။ မာဂဏ္ဍီတွေချည်း။ မပတ်သက် မဆက်ဆံတာ အကောင်းဆုံးပင်ဖြစ်သည်။ ယောက်ျားလေးတစ်ယောက်ကို အရှက်ခွဲချင်ခွဲ (သို့မဟုတ်) ဒုက္ခပေးလျှင်ပေး။ ဒီနှစ်ခုထဲက တစ်ခုကို အမြဲလုပ်တတ်ကြသည်။ ဝေးဝေးရှောင်တာ အကောင်းဆုံးဟု ရွှေကဲ အမြဲနှလုံးသွင်းကာထား၏။

တစ်ခါ နောက်ကောင်မလေးတစ်ယောက်ကလည်း တစ်မျိုးလာပြန်သည်။

"ဟဲ့…။ နင်က ဆရာမက အတန်းထွက်ခါနီး နားမလည်တာ ဘာရှိလဲဆိုရင် ဘာဖြစ်လို့ ထထမေးနေရတာလဲ"

"ကျုပ် သိချင်တာ ရှိလို့ပေါ့ဗျာ။ ဆရာမက မေးဆိုလို့ မေးတာပဲ"

ထိုကောင်မလေးကို သူ ကြည့်မရ။ ခြေထောက်မှာ ရွှေဆွဲကြိုးတွေ အများကြီး ဆွဲထားသောကြောင့်၊ ဆရာမ စာသင်လျှင် နေကြာစေ့လှော်တွေ အမြဲစားစားနေတတ်ခြင်းကြောင့် ဖြစ်သည်။ ဘုရားကိုပင် ကပ်ရသည့် ရွှေကို၊ သူ့အမည်မှာ အမြတ်တနိုးထည့်ထားသော ရွှေကို အထွဋ်အမြတ်မထားဘဲ ခြေထောက်မှာ ဝတ်သည်။ ဆရာ၊ ဆရာမအပေါ်တွင်လည်း ရိုသေလေးစားမှု မရှိ။ ငရဲအိုးထဲကို ပက်လက်ကလေးလန်ကျကာ ပျော်ပျော်ကြီးစံစားရ၊ ခံစားရမည့် မိန်းကလေးဟု တွေးကာ ဘာမှ ပတ်သက်ခြင်းမရှိအောင် နေလေ့ရှိသည်။

"ဒါကတော့ ပြောရိုးပြောစဉ် ပြောတာပဲ။ နင်က အမြဲထထ

www.foreverspace.com.mm

မေးနေတော့ Class လွတ်ချိန် နောက်ကျတယ်ဟ။ နောက်ကို မမေးနဲ့"

"ပညာရှာ ပမာသူဖုန်းစားလို့ ဆိုတယ်မဟုတ်လား။ အခု ဒီမှာ အတန်းထဲထိုင်ပြီး အေးအေးဆေးဆေး ပညာရှာရတာ ဘယ်လောက် တန်ဖိုးရှိလဲ။ ကျုပ်သိချင်လို့ ကျုပ်မေးတာ ဘာဖြစ်လဲဗျ"

ကောင်မလေးက သူ့ကို စိတ်ပျက်သလို ကြည့်ကာ ခေါင်းရမ်းပြီး ထွက်ကာ သွားသည်။ နောက်တစ်နေ့ သူ ကျောင်းတက်တော့ ကော်ရစ်တာကို ဖြတ်အလျှောက်မှာ 'ပညာသူဖုန်းစားကြီး လာပြီဟေ့။ လမ်းဖယ်ပေးကြ...'ဟူသော အော်သံတွေကို ကြားရသည်။ ရွှေကဲ ဘာမှပြန်မပြောပါ။ ဆရာတော်က 'ပညာကို သူဖုန်းစားလို ရှာရမည်'ဟု မိန့်သောစကားနှင့် ညီနေသဖြင့် ပီတိပင် ဖြစ်နေမိသေးသည်။

နောက်ထပ် ဖြစ်ရပ်တစ်ခုလည်း ရှိသေးသည်။

တစ်နေ့ ကျောင်းသို့အလာ ကျောင်းနှင့်နီးသော လမ်းပေါ်မှာ ကြောင်ကြီးတစ်ကောင် အောက်ပိုင်းမရွေ့နိုင်တော့ဘဲ တညောင်ညောင် တစာစာအော်က ချာလပတ်လည်၍နေသည်။ ကားပဲ ပွတ်သွားသလား။ စက်ဘီးပဲ ကြိတ်သွားသလား မသိ။ ကြောင်ကြီး၏ မျက်လုံးများက တုန်လှုပ်ကြောက်ရွံ့ကာ တွေ့ကရာကို ကုတ်ခြစ်လျက်ရှိသည်။ လမ်းမ ပေါ်မှာ ဒီအတိုင်း ထားခဲ့လို့ကတော့ နောက်ကားတစ်စင်းစင်းက ကျိန်းသေ တက်ကြိတ်တော့မည်ဖြစ်သည်။

ဒါနဲ့ ရွှေကဲက လွယ်အိတ်ထဲက စာအုပ်တွေကို ထုတ်ကာ ကြောင်ကြီးကို လွယ်အိတ်ထဲ ထည့်လွယ်လာခဲ့သည်။ အခန်းထဲရောက်တော့ ပရုပ်ဆီဘူး လိုက်တောင်းကာ ကြောင်ကြီးအောက်ပိုင်းကို လိမ်းပေးခြင်း၊ ရေတိုက်ခြင်း၊ အသာအယာပွတ်ပေးခြင်း စသည်တို့ကို လုပ်ပေးချိန်တွင် ရွှေကဲနားတွင် လူတွေ ဝိုင်းအုံကာနေ၏။ အကူအညီပေးရန် တော့မဟုတ်။ အထူးအဆန်းအနေနှင့် တစ်ယောက်တစ်ပေါက် အော်ဟစ် လှောင်ပြောင်ရန်သာ ဖြစ်သည်။

www.foreverspace.com.mm



နောက်နေ့ ရှေ့ကဲ ကျောင်းတက်တော့ ‘ကြောင်သခင်လာပြီနော် ရှောင်ချင်ရင် ရှောင်ထားကြ’ ဟု အော်ကြပြန်သည်။ သို့သော် ရွှေကဲက တော့ ဂရုမစိုက်။ သူတစ်ပါးအသက်ကို ကယ်ခြင်းသည် မင်္ဂလာဖြစ် ကြောင်း၊ ကုသိုလ်စစ်ဖြစ်ကြောင်း မသိသူတွေနှင့် ဘာရန်ဖြစ်နေစရာ ရှိသနည်း။ လူတွေက ရူးနေကြပြီဟု သူ ထင်သည်။

နောက်ထပ် အရူးတွေကတော့ သူနှင့် တစ်ခန်းတည်းနေရသော ကျောင်းသားသုံးယောက်ပင် ဖြစ်၏။ တစ်ခါမှ စာကျက်တာကို သူ မတွေ့။ အိပ်လျှင်လည်း ဘုရားရှိခိုးတာ တစ်ခါမှ မတွေ့။ အရက်ကိုလည်း သောက်တတ်ကြသေးသည်။ သူတို့ သုံးယောက်ဆုံသည့်အချိန်မှာ ပြော သည့် စကားတွေကလည်း တစ်ခုမှ မကောင်း။ မိန်းမတွေ၏ ဖင်တွေ၊ တင်တွေ၊ ရင်တွေအကြောင်းကိုလည်း အော်ကြီးဟစ်ကျယ် ပြောကြသည်။ အချင်းချင်း ငြင်းကြသည်။

ဝင်းနိုင်ဆိုသည့်လူက မိန်းမတစ်ယောက် ကိုယ်တုံးလုံးပုံကို ဆွဲကာ သူ့ခေါင်းရင်းတွင် ကပ်ထားသည်။ တင်အောင်မင်းသိမ်းက ဂစ်တာကို ညမိုးချုပ်မှာ တဖြန်းဖြန်းတဒင်ဒင်နှင့် ခေါက်ရင်း ဘာမှန်း မသိသော သီချင်းတွေကို အော်သည်။ မိုးကျော်ဆိုသူကတော့ ညနေ စောင်းသည်နှင့် လေတအေ့အေ့တက်ကာ အရက်သွားဝယ်ပြီး သောက် တတ်သည်။

အောက်ပိုင်းနာနေသော ကြောင်ကြီးကို အဆောင်ယူလာသည့် နေ့က အားလုံးက သူ့ကို အထိတ်တလန့်နှင့် ဝိုင်းကန့်ကွက်ကြသည်။ ဖြစ်ကြောင်းကို ပြောပြတော့ ကရုဏာမထားသည့်အပြင် အတန်းထဲမှာ ကြောင်နာကြီးကို လွယ်အိတ်နှင့် တစ်နေကုန်လွယ်ထားခဲ့တာကို ရှက်သည် ဟု ပြောကာ သူ့ကို အပြစ်တင်ကြပြန်သည်။

သို့သော် ရွှေကဲကတော့ ဂရုမစိုက်။ ကြောင်ကြီးကို ဒန်းရွှက် ရှာခူး၊ နနွင်းနှင့်ရောထောင်းကာ ဆေးစည်းပေးသည်။ တစ်ပတ်လောက်

www.foreverspace.com.mm

ကြာတော့ ကြောင်ကြီး ကောင်းကာသွားသည်။ ကျေးဇူးရှင်ကို ကျေးဇူးတင်ရမှန်းသိသော ကြောင်ကြီးက ဘယ်ကိုမှ မသွားတော့။ သူ့ခုတင်ပေါ်မှာပဲနေသည်။ ဒါတောင်မှ ကြောင်မွေးတွေ လွင့်တယ်၊ ကြောင်သန်းတွေ ကိုက်တယ်…စသည်ဖြင့် အကြောင်းပြကာ လုပ်ဇာတ်ခင်းပြီး ကြောင်ကြီးကို လွှင့်ပစ်ရန် တိုက်တွန်းကြသေးသည်။

ဒီလိုလူမျိုးတွေနှင့် တွေ့ရသည့်အတွက် ရွှေကဲ စိတ်မပျက်ပါ။ ဆရာတော်က 'ရန်ကုန်မှာ မင်း လူမျိုးစုံနဲ့တွေ့ရလိမ့်မယ်။ အေး…ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်စေနဲ့' ဟု ဆုံးမထားခဲ့ပြီးပြီ မဟုတ်လား။

ဒါကြောင့် ရွှေကဲ အတန်းထဲက ကျောင်းသားတွေနှင့်လည်း မပေါင်း၊ အဆောင်က လူတွေနှင့်လည်း ကျောင်းမှာ အတူမနေ၊ မသွား။ တစ်ဦးတည်းသာ တတ်နိုင်သမျှ နေသည်။

ဒီအကြောင်းတွေ တွေးရင်း ရွှေကဲ အဆောင်ကို ခပ်သုတ်သုတ်လျှောက်သည်။ ဒီနေ့ အတန်းဆင်း နည်းနည်းနောက်ကျသဖြင့် ဟိုကောင်ကြီး ဆော့နေတော့မည်။ လမ်းထိပ်မှာ ပုဇွန်ခြောက် ငါးကျပ်ဖိုးလောက်ဝယ်ကာ ထမင်းနှင့် ကျွေးရဦးမည်။ ထိုအတွေးနှင့် ခပ်သွက်သွက်လျှောက်ရင်း လမ်းချိုးကလေးအကွေ့မှာ မြင်မကောင်းသော မြင်ကွင်းတစ်ခုကို သွားကာ တွေ့သည်။

အသက် ငါးဆယ်အရွယ် လူကြီးတစ်ယောက် ဆန်အိတ်တစ်အိတ်ကို ထမ်းလာခြင်းဖြစ်သည်။

အသက် ငါးဆယ်ကျော်ဆိုသော်လည်း လူပုံက သန်သန်စွမ်းစွမ်းမဟုတ်။ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း ဆန်အိတ်က သူ့အပေါ် တစ်စစပိပိကျလာနေသည်။ တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနစ်ကာ မျက်လုံးနှင့်နှုတ်ခမ်းများက ဆန်အိတ်၏ အလေးချိန်ဒဏ်ကို တင်းဆန့်ကြိတ်မှိတ်ခံနေရသည်မှာ သိသာနေသည်။

သူ ငေးနေချိန်မှာပင် အဖိုးကြီးက ဆန်အိတ်ကို ဖုန်းခနဲ ပစ်ချကာ

www.foreverspace.com.mm



ကုန်းကုန်းကလေး ဖြစ်နေရှာသည်။ ရင်ဘတ်ကလည်း ဖားဖိုလို တဖျပ်ဖျပ် တလှပ်လှပ်ရှိ၏။ ရွှေကဲ ငေးနေရာမှ ချက်ချင်း အဘိုးကြီးထံသို့ ပြေးသွားရင်း…

“အဘ နေသာရဲ့လား။ သက်သာရဲ့လား”

အဘိုးကြီးက သူ့ကို တအံ့တသြ မော့ကာကြည့်သည်။ ရုတ်တရက် စကားပင် ပြန်မပြောနိုင်။ သူ စာအုပ်တစ်အုပ်ကို ထုတ်ကာ အဘိုးကြီးကို ယပ်ခတ်ပေးရသည်။ ဒီတော့မှ အဘိုးကြီးက သူ့ကို မသင်္ကာသလိုကြည့်ကာ ဆန်အိတ်ကို တင်းတင်းဆုပ်ကိုင်ရင်း မေးသည်။

“ဘာကိစ္စလဲ။ မင်း ဘယ်သူလဲ”

“ကျွန်တော်က ဘကြီးဆန်အိတ်ထမ်းလာတာကို မကြည့်ရက်လို့ ဝင်ကူမလို့ပါဗျာ။ ကျွန်တော် ကျောင်းသားပါ။ ဟောဒီမှာ ကျောင်းသားကတ်။ ဇင်္ဂမလမ်းထဲက အဆောင်မှာ နေပါတယ်”

ရွှေကဲ၏ တည်ငြိမ်အေးဆေးသော ရိုးရိုးသားသားမျက်နှာကြောင့် ဆန်အိတ်ထမ်းသူ အဘိုးကြီးက ယုံကြည်သွားသော်လည်း ဘာမျှ မဆိုင်သူတစ်ယောက်ကို ထမ်းခိုင်းရမှာတော့ မဝံ့မရဲဖြစ်နေဟန် တူသည်။

“နေပါစေကွာ…ရပါတယ်။ ဒီလိုပဲ ထမ်းလိုက် နားလိုက်နဲ့ ရောက်သွားမှာပါ”

“မဟုတ်တာ ဘကြီးရာ…။ ရိုးရိုးလမ်းတောင် ဘကြီး မနည်း ထမ်းနေရတာ၊ ဟိုကုန်းတက်ဆို ဘယ်လိုလုပ်မလဲ”

ရွှေကဲ ညွှန်ပြသော ကုန်းတက်ပြေပြေကလေးကို ငေးကြည့်ကာ ဘကြီး သက်ပြင်းကိုချသည်။ ကုန်းတက်ဆိုသည်မှာ ပြေလေ ပစ္စည်းထမ်းရသူအတွက် အခက်တွေ့လေ မဟုတ်လား။

“ကဲပါ…ဘကြီးရာ…။ ရော့…ကျွန်တော့်လွယ်အိတ်ကို ယူထား။ ဘကြီးထမ်းပို့ရမယ် အိမ်ကို လမ်းပြ။ ဟုတ်ပြီလား”

ရွှေကဲ လွယ်အိတ်ကိုပေးကာ ပုဆိုးကို တိုတိုနှင့်မြဲအောင် ပြင်ဝတ်

www.foreverspace.com.mm

သည်။ ပြီးတော့ ဆန်အိတ်ကို ဆွေ့ခနဲနေအောင် ထမ်းကာ လှမ်းထွက်သည်။

"အေးကွာ…။ သာဓု…သာဓု…သာဓုပါ"

ရွှေကဲရင်ထဲမှာ ကြည်နူးကာ သွားသည်။

'တစ်ချိန်ကျရင် ပျက်စီးရမယ့် မမြဲတဲ့ ခန္ဓာကိုယ်ကြီးကို မသနားကြနဲ့။ အလိုမလိုက်ကြနဲ့။ ခိုင်းကြ။ အဲဒီမမြဲမယ့် ခန္ဓာကိုယ်ကြီးကို ရင်းပြီး ဘဝအတွက် အမြတ်ထွက်မယ့် ကုသိုလ်ကို ရှာကြ' ဆိုသော ဆရာတော်ဘုရား၏ ဆုံးမစကားကို ပြန်ကြားကာ ပီတိအဟုန်နှင့် ကုန်းကလေးအပေါ်ကို ရွှေကဲ တစ်လှမ်းချင်းတက်သည်။ ဆန်အိတ်က လေးလာလေလေ ကုသိုလ်ပိုပို၍ ရလေလေဟူသော ပီတိက ရှိနေသည့်အတွက် ဆန်အိတ်အလေးချိန်သည် ကုသိုလ်အဟုန်တွင် သုညမျှခြေသာ ရှိလေသည်။

"သား…ခဏ နားပါဦးလား။ ရောက်ချိန်နီးပါပြီ သားရဲ့"

"ရတယ် အဘ။ မနားတော့ဘူး။ ပို့ရမယ့်အိမ်ကိုသာ ပြောအဘ။ ရတယ်"

"ရှေ့က ထုံးအဝါရောင်သုတ်ထားတဲ့ တိုက်ပဲ သား။ ရှေ့နားတင်ပဲ"

"ဟုတ်ကဲ့…။ သိပြီ အဘ။ သိပြီ"

မိုးမိုးစိုးက သာသာတို့နှင့် စကားပြောရင်း၊ ရယ်မောရင်း အမှတ်တမဲ့ ခြံထဲကို ကားဆွဲကွေ့လိုက်သဖြင့် ရှေ့က ဆန်အိတ်ထမ်းသူ နှစ်ယောက်ကို ဝင်တိုက်မိမလို ဖြစ်သွားသော်လည်း မိုးမိုးစိုး၏ ကားမောင်းကျွမ်းကျင်မှုကြောင့် ဆန်အိတ်ထမ်းသူများက သူတို့အဖြစ်ကို သိပင်မသိလိုက်ကြ။

"တော်ပါသေးရဲ့ မိုးစိုးရယ်…။ ရင်ကို ထိတ်သွားတာပဲ။ ကံကောင်းလို့…"

www.foreverspace.com.mm



"အမှတ်တမဲ့ကိုးကွ။ မင်းတို့က စကားပြောနေတော့ ပိုဆိုးတာပေါ့"

"အဲဒါကြောင့် ခေမာပြောတာပေါ့။ ယာဉ်မောင်းဌာနကို ကားမောင်းတဲ့ မိန်းကလေးတွေအတွက် ဆောင်ပုဒ်အသစ် ထုတ်ရမယ်။ 'မောင်းရင် မပြောနဲ့၊ ပြောရင် မမောင်းနဲ့'...လို့"

အားလုံး ရယ်သံတွေ ဆူညံသွားကြသည်။ မိုးမိုးစိုးက ကားကို ဂိုထောင်ထဲထည့်ပြီး သွက်လက်စွာ ဆင်းသည်။ မနက်ဖြန် အရဏ်တက် စာသင်ကျောင်းက ဘုန်းကြီးအပါး ငါးဆယ်ကို ဆွမ်းကပ်ရန်အတွက် ချက်ဖို့ ပြုတ်ဖို့ သာသာနှင့်ခေမာတို့က လိုက်လာကြခြင်းဖြစ်သည်။ ဘုန်းကြီးအပါး ငါးဆယ်ကို အရဏ်ဆွမ်းကပ်သောကိစ္စမှာ မေမေ့၏ လစဉ်လဆန်း တစ်ရက်နေ့တွင် ပြုနေကြကိစ္စသာ ဖြစ်သည်။

"ဟဲ့...သူငယ်...ဟဲ့...။ မင်း ဆန်အိတ်သယ်ခဲ ယူသွားဦးလေ"

"ရပါတယ် ကြီးမေ။ အဲဒီပိုက်ဆံ ဘကြီးကိုသာ ပေးပါ။ ကျွန်တော်က ဘကြီး မနိုင်လို့ ဝင်ကူထမ်းပေးတာပါ"

"ဟေ...။ မင်းက ဆန်ဆိုင်ကလူ မဟုတ်ဘူးလား"

"မဟုတ်ဘူး။ ကျုပ် ထမ်းလာတာ လမ်းချိုးကလေးတင် မောနေလို့ ဒီသူငယ်က ဝင်ထမ်းပေးရှာတာပါ"

"ကဲ...ဖြစ်ရလေ ဦးကြီးရမယ်။ ရှင့်မှာလည်း ပန်းနာရင်ကြပ်ရောဂါကြီးနဲ့ဟာ။ ဆိုင်မှာ တခြားကောင်လေးတွေ မရှိတော့ဘူးလား"

"မရှိတော့ဘူး...။ ထွက်သွားကြလို့..."

"အဲဒါဆိုလည်း ဆိုက်ကားနဲ့ ပို့ရောပေါ့ရှင်။ ကဲ...ဒါဆိုလည်း ဟိုသူငယ် နေဦး။ အအေးလေး ဘာလေး သောက်သွားကြဦး။ သာခု ပါတော်...သာခုပါ။ မင်း ကုသိုလ်နှစ်ခါရပါတယ်ကွယ်။ ဒီဆန်က မနက် ဘုန်းကြီးအပါး ငါးဆယ်ကို အရဏ်ဆွမ်းကပ်မှာ..."

ရွှေကဲရင်ထဲ အေးကာ ပို၍ပီတိဖြစ်သွားသည်။ ထိုအိတ်ထဲက

ဆန်က သံဃာတွေကို ကပ်မှာဆိုတော့ သူ့ကုသိုလ်က နည်းနည်းနှောနှော ကုသိုလ်မဟုတ်တော့။

"ရပါတယ် ကြီးမေ။ ကျွန်တော် မသောက်…"

သူ့ကို ရပ်ငေးကာ ကြည့်နေသော မိုးမိုးစိုးကို မြင်သွားသည့် အတွက် ရွှေကဲ စကားကို ဆုံးအောင် မပြောနိုင်တော့။

"ကိုရွှေကဲ။ အအေးတော့ သောက်သွားပါဦးရှင်။ လာပါ…"

"ဟာ…မသောက်တော့ဘူးခင်ဗျာ။ မသောက်ပါရစေနဲ့။ သွားပါ ဦးမယ် ခင်ဗျာ"

မပြေးရုံတမယ် ထွက်သွားသော ရွှေကဲကို ဒေါ်မြမြစိုးက နားမလည်သလို ကြည့်သည်။

"သမီး…။ ဒီကလေးကို သိလို့လား"

"သိတယ် မေမေ။ သမီးတို့ကျောင်းကပဲ။ ဟိုဘက်လမ်းထဲမှာ အဆောင်နေတယ်"

"သြော်…သြော်…။ ဒီခေတ် ဒီလို လိမ္မာရေးခြားရှိတဲ့ ကလေး တွေလည်း ရှိသေးတာပဲ။ ကဲ…ဦးကိုကြီး။ ရှင်ကတော့ ခဏနားပြီး အအေးသောက်သွားဦး။ နောက်ကို ကျွန်မ Phone ဆက်ပြီး လှမ်းမှာရင် ရှင်မပို့နဲ့တော့။ ဆိုက်ကားနဲ့သာ တင်ပေးလိုက်။ ဟုတ်ပြီလား"

ထိုနေ့မှစ၍ သာသာနှင့် ခေမာတို့က ရွှေကဲကို 'အခမဲ့ကူလီထမ်း ခြင်းအကျိုး' ဟု ခေါ်ကြသည်။ ထိုမှတစ်ဆင့် ထိုစာကိုရေးသော ဆရာကြီး ဦးဖိုးကျားကို အစွဲပြုကာ မောင်ဖိုးကျားဟု (Nick Name) ပေးလိုက်လေ သည်။

❀



www.foreverspace.com.mm

www.foreverspace.com.mm

"မိုးစိုး…။ ကိုယ့်ရဲ့ ခရုခွံကလေးက ဘယ်လိုအရောင်ဆိုတာ မိုးစိုး သိပြီလား"

မိုးစိုး တော်တော်စိတ်ညစ်သွားသည်။ သို့သော် မိုးစိုးသည် ခံစားမှုကို မျက်နှာပေါ် မရောက်အောင် ထိန်းသိမ်းတတ်သော မိန်းကလေး တစ်ယောက်သာ ဖြစ်ပါသည်။ သရဖီက သူ့အစ်ကို တော်ကြောင်း၊ ကောင်းကြောင်းတွေကို ခဏခဏ ပြောပြတတ်ကတည်းက မိုးစိုး အနည်း ငယ်ရိပ်မိပါသည်။ ဒီနေ့ သာသာနှင့် ခေမာ့ကို သရဖီ ပထုတ်သွား ကတည်းက ဒီလိုဖြစ်လိမ့်မည်ဆိုတာကို ကြိုတင်တွက်ထားပြီးသား ဖြစ်သော် လည်း စိတ်ညစ်တာတော့ အမှန်ပင်ဖြစ်သည်။

"ကျွန်မ အထင်တော့ အူကြောင်ကြောင် အရောင်ပဲ ဖြစ်လိမ့် မယ် ထင်တယ်"

"ကျွန်တော် သဘောကျတယ် မိုးစိုး။ ပန်းချီဆရာကြီး ပီကာ ဆိုက အချစ်ဆိုတာ ဘုရားသခင် ရှာဖွေမတွေ့ခဲ့တဲ့ အရောင်တဲ့။ ကိုယ် သိပ်သဘောကျခဲ့ဖူးတယ်။ ဒါနဲ့ မိုးစိုးက အချစ်ကို ဘယ်လိုသတ်မှတ် ထားလဲဟင်"

"မြတ်နိုးနှစ်လိုဖွယ်ကောင်းတဲ့ ရိုးသားမှု"

ကျော်စိုးက 'ဟာ…'ခနဲအော်ကာ ကြောင်စီစီနှင့် ရပ်သွားသဖြင့် မိုးစိုးပင် ကြောင်ကာ လိုက်ရပ်မိသည်။ ထိုအချိန်ကလေးမှာ တွေးမိတာက ဒီလူ့ကို မြွေများကိုက်သလား…ဟူသောအတွေးပင် ဖြစ်၏။

"ကြည့်စမ်း…။ ဟား…တကယ်ပဲ။ ကိုယ် ထင်မထားဘူးကွာ။

www.foreverspace.com.mm



မိုးစိုးရင်ထဲက ဒီလိုစကားမျိုး ထွက်လာလိမ့်မယ်လို့ ကိုယ် ထင်ကို ထင်မထားတာ။ ဟုတ်တယ်…မိုးစိုး။ ကဗျာဆရာ ယက်(ဖ)တူရှင်ကိုက အချစ်ဆိုတာ ကမ္ဘာမြေကြီးရှိသမျှ အော်ဟစ်နေရမယ့် နူးညံ့ညံ့အသံတဲ့။ သစ္စာနီကတော့ အချစ်ဆိုတာ ဆပ်ပြာဖူဖောင်းတဲ့။ တာရာမင်းဝေကတော့ အချစ်ဆိုတာ မသိစိတ်ရဲ့ ရှိခြင်းနဲ့ ဖြစ်ခြင်းကြားက လျှို့ဝှက်သော ဆုံမှတ်လို့ သဘောထားကြတယ်။ မိုးစိုး နားလည်ရဲ့လား မသိဘူး”

ရည်းစားစကား လိုက်ပြောခံရသည့်အထဲမှာ ဒီတစ်ခါ အူကြောင်ကြောင်အနိုင်ဆုံးပဲဟု တွေးနေမိသည်။ သရဖီရဲ့ သတိပေးစကားကိုလည်း အမှတ်ရ၏။ ‘ကိုကိုက အကုန်ကောင်းပါတယ်။ စကားတွေကို လူတွေ ရတ်တရက် နားမလည်အောင် ပြောတတ်တာလေးတစ်ခုပဲ ရှိတာ’…တဲ့။ သူ့ကိုကိုက ငယ်ငယ်တုန်းက လိပ်ပြာသေကိုတွေ့ရင် ဘယ်သူမှ ချော့မရအောင် ငိုတတ်သတဲ့။ နွားနို့အစိမ်းကိုတွေ့တော့ ကြောက်တယ်ဆိုပြီး အခန်းထဲမှာ တစ်နေကုန် ဝင်ပုန်းနေသတဲ့။ ဘိန်းမုန့်ရောင်းတဲ့ မိန်းမကြီးကို ‘လမင်းဈေးသည်’လို့ ခေါ်တတ်သတဲ့။ မိုးစိုး တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်ရသည်။ ထိုတစ်ခုခုသည် မည်သူ့ကိုမှ မထိခိုက်သော တစ်ခုခု ဖြစ်ချင်ပါသည်။

“ကိုယ်ပြောတာ ကြားရဲ့လားဟင်။ (Gothe)ဂါထေးကို ‘ဂွီထယ်’ ခေါ်ခေါ် ‘ဂိုသ’ခေါ်ခေါ်၊ ‘ဂွမ်ထည်’ခေါ်ခေါ်၊ ‘ဂေါ့ဟီ’လို့ပဲ ခေါ်ခေါ် အမှန်တော့ အတူတူပါပဲ။ အချစ်ဆိုတာလည်း ဂေါ့ဟီ၊ ဂွီထည်၊ ဂိုဥ၊ ဂါထေး ဘယ်လိုပဲ ပြောင်းပြောင်း…”

မိုးစိုး လက်ထဲမှာကိုင်ထားသော ပိုက်ဆံအိတ်ကလေးကို အသာကလေး လွှတ်ချလိုက်သည်။ မိုးစိုး အစီအစဉ်က ခြေလှမ်းရှစ်လှမ်း ကိုးလှမ်းလောက်သွားပြီးမှ ‘ဟာ…ပိုက်ဆံအိတ် ကျခဲ့ပြီ’ဆိုကာ အလန့်တကြား ပြန်ကောက်ရင်း သူ့အရှိန်နှင့်သူ ကျွံထွက်သွားသော ကျော်စိုးကို နှုတ်ဆက်ကာ ဟိုဘက်လမ်းက ထွက်သွားဖို့ဖြစ်၏။ ကျော်စိုးကတော့ သူ့အရှိန်နှင့်

www.foreverspace.com.mm



သူ 'ဂွီထည်'လို့ ကောင်းတုန်း၊ 'ဂေါ့ဟီ'လို့ ကောင်းတုန်း။ မိုးစိုးကတော့ စိတ်ထဲက ခြေလှမ်းတွေကို မှတ်နေရသည်။ 'လေး၊ ငါး' 'ဂွီထည်ကလေ' 'ဂါထေးဆိုကလည်း' 'ခြောက်'…။

ပိုက်ဆံအိတ်ကို ကောက်ရရချင်း ရွှေကဲ ကြောင်နေမိသည်။ လမ်းနောက်ဘက်မှာ လူရှင်းလျက်ရှိ၍။ ရှေ့မှာတော့ စုံတွဲတစ်တွဲရှိသည်။ အေးအေးဆေးဆေးပင် လျှောက်လျက်ရှိ၍။ သူ ဘာလုပ်ရမလဲ။ သူက ရှေ့မှာ ဇက်မလမ်းထဲကို ချိုးကွေ့ရတော့မည်။ ခဏရပ်နေပြီးမှ ဘာလုပ်ရမှန်း မသိသဖြင့် ပိုက်ဆံအိတ်ကို ဖွင့်ကြည့်ရင်း လမ်းထဲချိုးဝင်လိုက်သည်။ ထိုပိုက်ဆံအိတ်ကို သူ ယူရန် မဟုတ်ပါ။ ကြုံလျှင် ပြန်ပေးရန် ဘာလုပ်ရမလဲဆိုတာကိုသာ ခေါင်းခြောက်အောင် စဉ်းစားရင်း ကွေ့ဝင်လိုက်ခြင်းပင်။ သူ့ကို လှည့်ကြည့်သော မိုးမိုးစိုးကို တွေ့ရသဖြင့် လန့်ကာ ရွှေကဲ လမ်းချိုးထဲသို့ ခပ်သွက်သွက် ဝင်လိုက်သည်။ ရှေ့က အတွဲနှင့် ကောင်မလေးမှာ မိုးမိုးစိုးမှန်း သူ မသိခဲ့။ သူ ပိုက်ဆံအိတ်ကောက်တာကို တွေ့များသွားသလားဆိုသော သံသယနှင့် ကြောက်လန့်ကာ အပြေးဝင်မိခြင်းသာ ဖြစ်ပါသည်။

'ပိုက်ဆံအိတ် ကျသွားပြီ' ဟု အလန့်တကြားအော်ကာ လှည့်ကြည့်ကြည့်ချင်း 'သွားပြီ' ဆိုတာကို မိုးစိုး သိလိုက်သည်။ သူ့ပိုက်ဆံအိတ်ကို ရွှေကဲ ကိုင်ကာ လမ်းထဲ ချိုးကွေ့သွားတာကိုလည်း တွေ့လိုက်ရ၏။

"ဘာဖြစ်တာလဲဟင်…။ မိုးစိုး"

"ဩော်…။ ဘာမှမဟုတ်ပါဘူး"

"ကိုယ့်စကားကို ရပ်ပြီး စဉ်းစားတာလားဟင်။ ဘာ နားမလည်တာရှိလို့လဲ"

"ကျွန်မ တော်တော်များများကို နားမလည်ပါဘူး။ သိတာတစ်ခုပဲ ရှိတယ်။ ရှင် ကျွန်မကို ရည်းစားစကားပြောနေတာ မဟုတ်လား"

“ဟုတ်ပါတယ်။ ဒီလိုကြီးဆိုတော့ တိုက်ရိုက်ကြီး ဖြစ်နေမယ်ထင်တယ်။ ကိုယ်ဆိုလိုတာက...”

“ကျွန်မ နားလည်ပါပြီ။ စဉ်းစားပါဦးမယ်။ ကဲ...အိမ်နားရောက်နေပြီ။ ပြန်တော့နော်”

“ကိုယ့်ဘဝဟာ မျိုးစေ့ထဲမှာ ပုန်းနေဆဲ ပွင့်ခွင့်မရသေးတဲ့ ပန်းကလေးတစ်ပွင့်ပါ မိုးစိုး။ သူ့အရောင်အသွေးကို သဘာဝတရားရဲ့ လက်ထဲမှာ အပ်ထားရတာပါ။ အဲဒါကိုတော့ မိုးစိုး အမြဲသတိရပါ။ ကဲ...မိုးစိုး။ မနက်ဖြန်ရဲ့ ဖြူစင်သန့်ရှင်းတဲ့ မျဉ်းကွေးမှာ ဆုံတွေ့ကြရအောင်ပါ”

မိုးစိုး စိတ်ဓာတ်ကျ အားကုန်ကာ လှည့်ထွက်ခဲ့သည်။ သူ့ရင်ထဲမှာ စိတ်ညစ်နေသည်။ ဒေါသဖြစ်နေသည်။ အလိုမကျ ဖြစ်နေသည်။ မကြာမီ ထိုသုံးခုစလုံး လုံးထွေးကာ မကျေနပ်ခြင်းတစ်ခုသာ ကြီးမားစွာ ကျန်ရစ်ခဲ့၏။

❁



www.foreverspace.com.mm

www.foreverspace.com.mm



ပိုက်ဆံအိတ်ကို ဖွင့်ကြည့်ပြီး ရွှေကဲ ထိတ်လန့်သွားသည်။

ပိုက်ဆံတွေက များလှချည်လား။ ထောင်တန် နှစ်ဆယ့်နှစ်ရွက်၊ ငါးရာတန်က ရှစ်ရွက်၊ နှစ်ရာတန် ကိုးရွက်နှင့် ငါးဆယ်တန် နှစ်ရွက်။ စုစုပေါင်း လေးသောင်းလေးထောင့်တစ်ရာတိတိ။ တစ်လ ငါးထောင်သာ သုံးခွင့်ရသော သူ့အတွက် ရှစ်လစာ ကျောင်းစရိတ်ရှိသည်။ ဒီလို ပိုက်ဆံအိတ်သေးသေးကလေးထဲမှာ ဒီလောက်ပိုက်ဆံတွေ ရှိနေတာကို လည်း သူ အံ့ဩနေမိသည်။ ပျောက်တဲ့သူက သူ့လို အဆောင်သူ အဆောင်သားဆိုရင် အတော်ဒုက္ခရောက်ရှာမှာပဲဟု တွေးရင်း ရအောင် ပြန်ရှာပေးရန် ပိုက်ဆံအိတ်ထဲ ဆက်ရှာကြည့်သောအခါ တွေ့လိုက်ရသည့် ပစ္စည်းကြောင့် သူ့ရင်ဘတ်သည် ဖျပ်ဆို ဆွဲခွဲပစ်လိုက်သလို ခံစားလိုက် ရပြီး မျက်လုံးများ ပြာဝေသွားလေသည်။

ရွှေကဲ တွေ့လိုက်ရသည့်အရာက မိုးမိုးစိုး၏ လိုင်စင်ဓာတ်ပုံငါးပုံသာ ဖြစ်သည်။ လက်ထဲမှ လွတ်ကျသွားသော ဓာတ်ပုံတွေကို ကမန်းကတန်း ငုံ့ကောက်ကာ ကြောက်စရာကောင်းသည့် အရာတစ်ခုကို လက်ထဲမှာ ဆက်မထားရဲသလို လွယ်အိတ်ထဲ သိမ်းကြုံးထိုးထည့်ထားလိုက်ပြီး ခုတင်ပေါ် ငုတ်တုတ်ထိုင်ကာ ချွေးတွေ ပြန်နေမိသည်။

ထိုအချိန်တွင် တင်အောင်မင်းသိမ်းတို့ အော်ဟစ်ဆူညံကာ တက်လာကြ၏။ ပထမတော့ သူ့ကို သတိမထားမိသေး။ နောက်မှ ချွေးတွေရွှဲကာ ငုတ်တုတ်ကြီးဖြစ်နေသော ရွှေကဲကို မိုးကျော်က သတိ ထားမိကာ မေးသည်။

www.foreverspace.com.mm



“ဟော့ကောင် ဘာဖြစ်နေတာလဲ။ နေမကောင်းဘူးလား”

“ဘာမှမဖြစ်ဘူး။ ဘာမှလည်း မဟုတ်ဘူး”

ကြောက်လန့်တကြား ပြန်ဖြေသော ရွှေကဲကို မိုးကျော်က မသင်္ကာသလို ကြည့်သည်။ အောင်မင်းသိမ်းက ‘သူ့ဘာသာသူ နေစမ်းပါစေကွာ…’ ဆိုသော သဘောနှင့် မိုးကျော်ပခုံးကို ပုတ်ကာ မဲ့ပြီး ခေါင်းခါ၏။ ဝင်းနိုင်က ပခုံးကို တွန့်သည်။

“ဟော့ကောင် ဝင်းနိုင်။ သန္တလင်းရဲ့ Auto ထဲမှာ မင်း ပုံဆွဲပေးလိုက်တာ ကောင်မလေးက တော်တော်ခိုက်နေတာတဲ့။ မိနန်းက ငါ့ကို ပြောတယ်”

“သွားစမ်းပါကွာ…။ အဲဒီသခေါမလေးကို မင်းယူလိုက်။ ငါ အလကားပေးတယ်”

“အပြောမကြီးနဲ့ သူငယ်ချင်း။ မင်း တစ်ကြောင်းမျဉ်းကလေး မိုးစိုးကို ဆေးကျောင်းသားက ကဗျာစပ်သွားတာ မင်း တွေ့တယ်မဟုတ်လား။ ဒီနေ့ တွဲသွားတာများ ကော့လို့”

မိုးကျော်စကားကို ဝင်းနိုင်က ဘာမှမဖြစ်၊ ရွှေကဲက လန့်ဖြန့်ကာ ဝုန်းခနဲ ထရပ်သဖြင့် အားလုံး ကြောင်သွားကြသည်။

“ဟော့ကောင် ဘာဖြစ်တာလဲ”

တင်အောင်မင်းသိမ်းက အော်မေးတော့မှ ရွှေကဲ အသိဝင်လာသည်။ သူ ပိုက်ဆံအိတ်ကောက်ခဲ့သည့် ကိစ္စကို ဒီလူတွေ လုံးဝမသိနိုင်။ မျက်မြင်က ကာယကံရှင်ကိုယ်တိုင်သာ ဖြစ်သည်။ မိုးမိုးစိုးက သူ့ကို ပိုက်ဆံအိတ် ပြန်မပေးချင်၍ တမင်ထွက်ပြေးသူဟု ထင်သွားပြီလား။ ဒီကိစ္စကို ဒီလူတွေနဲ့တိုင်ပင်ရလျှင် ကောင်းမလား။ သူပြောသမျှကိုရော ဒီလူတွေက ယုံကြပါ့မလား။

“ရွှေကဲ၊ မင်း ကျောင်းမှာ ဘာဖြစ်လာလို့လဲ။ မင်း ကြည့်ရတာ ဂဏှာမငြိမ်ပါလား။ ဘာဖြစ်တာလဲ”

www.foreverspace.com.mm



"ဘာမှမဖြစ်ပါဘူးဆို…"

ရွှေကဲ ဒီလူတွေရှေ့မှာ ဆက်မနေရဲတော့ဘဲ တစ်နေရာကို ခဏရှောင်ဖို့ စဉ်းစားကာ ထွက်သည်။ တံခါးဝနားရောက်မှ လွယ်အိတ်ကို သတိရကာ ကမန်းကတန်း ပြန်ပြေးကာ လွယ်အိတ်ကို ယူသည်။ ဒီထဲက ဓာတ်ပုံနှင့်ပိုက်ဆံအိတ်ကို ဒီလူတွေ မြင်သွားလို့ မဖြစ်ပါ။

"ဟ…ဒီကောင် ဒုက္ခပဲ။ မင်း ဘာဖြစ်နေတာလဲ ရွှေကဲ။ အခု ဘယ်လဲ"

"ထမင်းသွားစားမလို့"

လွယ်အိတ်ကို ဆုပ်ကာ ကသောကမျော ပြေးဆင်းသွားသည့် ရွှေကဲကိုကြည့်ကာ မိုးကျော်တို့ အံ့ဩနေကြသည်။

"ဒီကောင် တစ်ခုခုတော့ ဖြစ်နေတယ်ကွ။ ဘာဖြစ်နေသလဲသာ မသိတာ"

"အေးလေ…။ ထမင်းစားဖို့ လွယ်အိတ် ပြန်ယူရတယ်လို့"

"နေပါစေကွာ…။ တောသားဖြစ်တဲ့ ပြဿနာကို ဘယ်တော့မှ မြို့သားရှင်းလို့ မရဘူးဆိုတာ မင်းတို့ မြဲမြဲမှတ်ထား"

❀

www.foreverspace.com.mm

ရွှေကဲ ရွှေကြယ်လက်ဖက်ရည်ဆိုင်ထဲမှာ ဒုတ်တုတ်ထိုင်ကာ ငူငူကြီး ငေးနေမိသည်။ စလွယ်သိုင်းပြီး လွယ်ထားသော လွယ်အိတ်ဝကို လည်း လက်တစ်ဖက်ဖြင့် တင်းတင်းဆုပ်ကာ ကိုင်ထားသည်။

သူ ပိုက်ဆံအိတ်ကိုကိုင်ကာ လမ်းအကွေ့သို့ လှစ်ခနဲချိုးမကွေ့မီ မိုးမိုးစိုးက သူ့ကို အသေအချာမြင်သွားသည်ဆိုတာကို သူ ပြန်မြန် ယောင်မိတိုင်း သူ့ရှက်စိတ်က နှလုံးသားထဲက ခုန်တက်လာကာ သူ့ မျက်နှာကို ဖြန်းခနဲ ရိုက်ပုတ်သည်။ သူ ဘာ့ကြောင့် လမ်းကြားကွေ့ထဲကို ခပ်မြန်မြန် ဝင်မလိုက်လေသနည်း။

သေချာစဉ်းစားတော့မှ ရှေ့မှ စုံတွဲဟု သူ ထင်ထားသော ကောင်မလေးမှာ မိုးစိုးဖြစ်နေကြောင်း ရုတ်တရက် သိလိုက်ရသဖြင့် ရှက်ကာ သူ လှစ်ခနဲ ဝင်လိုက်မိခြင်းပင်ဖြစ်သည်။ ထိုအချိန်အထိ ထိုပိုက်ဆံအိတ်သည် မိုးမိုးစိုး၏ အိတ်ဖြစ်ကြောင်း သူ မသိသေးပါ။ မိုးမိုးစိုးကတော့ နောက်လိုက်လာသောသူသည် ပိုက်ဆံအိတ်ကျသွား တာကို မြင်လိမ့်မည်။ ဒီတော့ ကောက်ပြီး ကမန်းကတန်း လစ်ပြေးသည် ဟု တွက်မှာ ကျိန်းသေသည်။

သူ ငယ်စဉ် ခြောက်နှစ်သားအရွယ်တုန်းက အရှောင်ဆိုသော ကစားဖော် တရုတ်ကလေးထံမှ လောက်စလုံးငါးလုံး ခိုးခဲ့ဖူးသည်။ အရှောင်က တိုင်တော့ ဆရာတော်ဘုရားမိကာ သူ့ကို ကြိမ်ဖြင့် ငါးချက် တီးဖူး၏။ ပြီးတော့ ကံငါးပါးကို လုံခြုံစေရန် နေ့စဉ် ဟောပြောဆုံမ သွန်သင်ခဲ့သည်။ ရွှေကဲ ကျူးလွန်ခဲ့သော အအိန္ဒြနကံ၏ အကျိုးအပြစ်

www.foreverspace.com.mm



များကို အထူးသဖြင့် အလေးပေးဟောကြားခဲ့သဖြင့် ထိုကတည်းက သူများပစ္စည်းဆိုလျှင် အပ်တိုတစ်ချောင်းကိုမျှပင် ရွှေကဲ မပစ်မှားရဲတော့။

အခုတော့ မိမိက မခိုးရပါဘဲ သူခိုးအဖြစ်သို့ ရောက်နေသော ဤအဖြစ်မှ လွတ်မြောက်ရန်အတွက် အကောင်းဆုံးဖြေရှင်းရန် နည်းကို ရွှေကဲစဉ်းစားသော်လည်း အဖြေက မပေါ်။ ဘာလုပ်ရမှန်း မသိ။ တစ်ဆောင်တည်းနေ သူငယ်ချင်းသုံးယောက်ကို တိုင်ပင်ရန် အကြိမ်ကြိမ် စဉ်းစားမိသော်လည်း သူ့ပေါ်တွင် ထိုသုံးယောက်က ခင်မင်ရင်းနှီးစွာ နားလည်ပေးမည် မဟုတ်ကြောင်းကို ရွှေကဲ စဉ်းစားမိသဖြင့် ရှေ့နေ့ငှားမှ ထောင်လုံးလုံးကျမည့်အဖြစ်နှင့် ရင်ဆိုင်တိုးလိမ့်မည်ဟု တွေးထင်ကာ စိတ်ထဲတွင် မရွံ့မရဲရှိနေသည်။

ဒီလိုဆိုလျှင် မနက်ဖြန်မနက် မိုးမိုးစိုးကို ကိုယ်တိုင် ပိုက်ဆံအိတ် ပေးရင်းနှင့် သူကြုံခဲ့သမျှ ရှင်းပြရန် တွေးမိသော်လည်း ဟိုဘက်က ယုံကြည်၍ လက်ခံလျှင် အကောင်းသား။ မယုံကြည်ဘဲ သူ့ကို ပိုက်ဆံ အိတ်ခိုးသူဟု သူ့အမြင် သူ့အတွေ့အရ အခိုင်အမာပြောလာလျှင် သူ ဘယ်လိုဖြေရှင်းရမည်ဆိုတာကို မသိသဖြင့် ရွှေကဲမှာ ဘယ်ဘက်ကို လိုက်ရမှန်းမသိဘဲ ရှေ့မှာလာချပေးထားသော လက်ဖက်ရည်ကိုလည်း မသောက်နိုင်။ ပလာတာကိုလည်း မစား။ အငေးသားနှင့် သက်ပြင်းကိုသာ ချ၍ နေရလေသည်။

ထိုသို့ ဆယ်မိနစ်ခန့်နေပြီးမှ စိတ်ကို အနိုင်နိုင်ထိန်းချုပ်ကာ လွယ်အိတ်ထဲမှ မိုးမိုးစိုး၏ပိုက်ဆံအိတ်ကို မရဲတရဲနှင့် အသာထုတ်ကာ ကြည့်ရန် ကြိုးစားသည်။ ထိုပိုက်ဆံအိတ်ကို သူ ကြောက်သည်။ သို့သော် မကြည့်ဘဲလည်း မနေနိုင်။ သူကြည့်နေတာကို ဘေးလူတွေ မြင်သွားမှာကို လည်း ကြောက်နေမိသဖြင့် နောက်ဆုံး ကိုယ့်လွယ်အိတ်ထဲက ပိုက်ဆံ အိတ်ကို သူခိုး ခိုးသလို ပြန်ခိုးကာ အသာဝှက်ကြည့်ရသည်။

ပိုက်ဆံအိတ်ကို ဖွင့်လိုက်သည်နှင့် မိုးမိုးစိုး၏ ဓာတ်ပုံကို အရင်

www.foreverspace.com.mm



တွေ့ရသည်။ ခါတ်ပုံသုံးလေးပုံက သူ ကမန်းကတန်းထိုးထည့်ခဲ့သဖြင့် ပိုက်ဆံအိတ်အကြားတွင် ညှပ်ကာ ပြန့်ကျဲနေသည်။ သူ ကြောက်ကြောက်နှင့် စုသိမ်းကာ တစ်ပုံကို လက်ဖဝါးထဲဝှက်ပြီး အသာကြည့်ရသည်။

လိုင်စင်ပုံထဲမှာ တည်တည်ငြိမ်ငြိမ်ကလေး လှနေသော မိုးမိုးစိုး၏ ပိရိစွာစေ့ထားသည့် နှုတ်ခမ်းများက သူ့ကို လှောင်ပြုံး ပြုံးနေသည်ဟု သူ ထင်သည်။ သူ့တည့်တည့်ကို စိုက်ကြည့်နေသော မျက်ဝန်းများက 'နင်ခိုးတာ ငါသိတယ်' ဟု သူ့ကို ပြောနေသလို အသံထွက်နေသဖြင့် ရွှေကဲ လန့်ဖြန့်ကာ လွယ်အိတ်ထဲသို့ ပိုက်ဆံအိတ်ကို အတင်းထိုးထည့်ရင်း ထထွက်ခဲ့သည်။

"ဟာ…။ အစ်ကို ခဏနေဦးလေ။ ပိုက်ဆံမရှင်းရ…။ ဟာ… သောက်လည်း မသောက်ရသေးပါလား။ ပါဆယ်ထုတ်သွားမှာလား အစ်ကို"

စားပွဲထိုးကောင်လေးက ရုတ်တရက် လက်ကို ဖမ်းဆွဲကာ ပြောသဖြင့် ရွှေကဲ လန့်ဖြန့်ကာ 'ဟုတ်ပါတယ်' ဟု ပါးစပ်က ပြောမိသွားသည်။

"စားပွဲပေါ်က ပလာတာနဲ့ ဝမ်းတီးကို ပါဆယ်။ တစ်ရာ့သုံးဆယ် ယူမယ်"

စားပွဲထိုးအော်သံကြောင့် ရွှေကဲပါးစပ်က 'ဟိုက်'ခနဲ အော်မိသည်။ မနက်က ကျောင်းသွားတော့ ထုံးစံအတိုင်း မနက်သုံးငွေ တစ်ရာသာ ယူသွားခဲ့သည်။ ထိုတစ်ရာက ကျောင်းမှာ ကုန်ခဲ့ပြီ။ အဆောင်ရောက်တော့လည်း ကမန်းကတန်း ထွက်လာခဲ့ရသဖြင့် သူ့သေတ္တာထဲက ငွေကို မထုတ်ခဲ့ရ။ အခု လက်ဖက်ရည်ဖိုးကို ဘယ်လို ပေးရမည်နည်း။ ရွှေကဲ စိတ်ဆင်းရဲကြီးစွာ ဝမ်းနည်းစွာဖြင့် မျက်လုံးတွေကို မှိတ်ပစ်လိုက်သည်။

'အရှင်ဘုရား။ တပည့်တော်ကို ခွင့်လွှတ်ပါဘုရား။ တပည့်တော်

www.foreverspace.com.mm



သူ့ငွေကို ခိုးသုံးတာ မဟုတ်ပါဘူး ဘုရား။ လိုလို့ ခဏသုံးပြီး ပြန်စိုက်မှာပါ ဘုရား’

ဆရာတော်ဘုရားကို အာရုံပြုပြီး ရင်ထဲက လှိုက်လှိုက်လှဲလှဲ တိုင်တည်ကာ မျက်လုံးကို ဖွင့်လိုက်တော့…သူ့ရှေ့ရှေ့တည့်တည့်မှာ ပါဆယ်ထုပ်ကလေးကိုင်ကာ စပ်ဖြဲဖြဲနှင့် ရပ်နေသော စားပွဲထိုးကလေးကို တွေ့လိုက်ရသဖြင့် ရွှေကဲ လန့်လည်း လန့်သွားသည်။ ရှက်လည်း ရှက်သွားသည်။

“မတ်တပ်အိပ်ပြီး ဘာတွေရွတ်နေတာလဲ အစ်ကို”

ရွှေကဲ ရှက်ကာ မွန်ထူနေသဖြင့် ဘာတွေ ပြန်ပြောရမှန်း မသိဘဲ စားပွဲထိုးကလေးကို ပြူးကြောင်ကြောင်နှင့် ကြည့်နေမိသည်။

“တစ်ရာ့သုံးဆယ်ကျတယ် အစ်ကိုရေ…။ အိပ်မနေနဲ့ဦး”

ရွှေကဲ လူတွေမမြင်အောင် ကွယ်ပြီး လွယ်အိတ်ထဲက ပိုက်ဆံအိတ်ကို ကြောက်ရွံ့တုန်ယင်စွာနှင့်ယူကာ ပိုက်ဆံအိတ်တစ်ရွက်ကို ကမန်းကတန်း ထုတ်ပေးလိုက်သည်။

“ထောင်တန်…တစ်ရာ့သုံးဆယ်ယူမယ်”

စားပွဲထိုးကလေးက သူပေးသော ပိုက်ဆံကိုယူရင်း အော်ကာ ပြေးသွားလေသည်။

❀

www.foreverspace.com.mm

“ဒါဆို နင်က ကိုဖိုးကျားကို ပိုက်ဆံအိတ်ယူသွားတဲ့ လူလို့ လုံးဝ မထင်ဘူးပေါ့”

“ဟုတ်တယ်...။ လုံးဝ မထင်ဘူး”

“သာသာကတော့ ထင်တယ်ကွ။ သူ နောက်ကလိုက်လာတာဆိုရင် မင်းလက်ထဲက ပိုက်ဆံအိတ်ကျတာကို လုံးဝ မြင်ရမယ်။ မြင်ကတည်းက ဘာဖြစ်လို့ လာမပေးတာလဲ”

“သာသာ...။ ကျောင်းပြီးရင် မင်း ဆွဲချရှေ့နေသာလုပ်တော့။ မင်းစကားက သိပ်တစ်ဖက်သတ်ဆန်တာပဲ။ မြင်ချင်မှလည်း မြင်မှာပေါ့။ မမြင်ခွင့်လည်း သူ့မှာ ရှိတာပဲဟာ”

“ကဲ...ထားလိုက်ပါတော့။ ခေမာ့ကို ပြောပြတော့ ကိုဖိုးကျားက ပိုက်ဆံအိတ်ကို ကိုင်လျက်နဲ့ မင်းတို့ကို ကြည့်တယ်ဆို။ ပြီးတော့ လမ်းချိုးထဲကို ပြေးပြီး ဝင်သွားတယ်ဆို။ ဒါဆိုရင်...”

“ခဏလေး ခေမာ။ အဲဒါက ကိုယ့်အထင်တော့ ဟို ကျော်စိုးဆိုတဲ့လူကြောင့် ဖြစ်လိမ့်မယ်ထင်တယ်”

“အင်း...မင်းကတော့ ကျောင်းပြီးရင် တရားလိုဘက်က မလိုက်နဲ့။ တရားခံဘက်ကသာ လိုက်တော့ မိုးစိုး။ ကဲ...သာသာ တစ်ခုပြောမယ်။ အဲဒီနေ့က ကျော်စိုးဆိုတဲ့လူကို ကြောက်လို့ ပြေးတယ်ထား။ ဒီနေ့ကျတော့ ဘာဖြစ်လို့ အခုချိန်ထိ ပိုက်ဆံအိတ်ကို လာမပေးသေးတာလဲ။ ကဲ...”

“မိုးစိုးကလည်း အားနည်းတဲ့သူဘက်ကပဲ ကူညီမယ်လို့ အမြဲ

www.foreverspace.com.mm



ဆုံးဖြတ်ထားတာပါ။ ကိုဖိုးကျားက အတန်းအချိန်ပြည့်တက်တတ်တယ် ဆိုတာ မင်းတို့လည်း သိပြီးသားပဲ။ အခု ကျောင်းဆင်းဖို့ တစ်ချိန်လိုနေ သေးတယ်။ တရားခံကို ဒီလောက်တော့ အခွင့်အရေးပေးဦးမှပေါ့''

''ကောင်းပြီလေ။ စောင့်ကြည့်ရသေးတာပေါ့။ ခေမာကတော့ ဒီအမှုမှာ တရားသူကြီးနော်''

သို့သော် နောက်ထပ် လေးဆယ့်ငါးမိနစ်ပြည့်သွားချိန်အထိ သူ့ရဲ့ကိုဖိုးက ပေါ်မလာပါ။ မိုးစိုးရင်ထဲမှာ ဆုံးရှုံးမှုက မခံရပ်နိုင် အောင် ဟိုဒီခုန်လျက်ရှိသည်။ ပိုက်ဆံ လေးသောင်းကျော်ကို ဆုံးရှုံးလိုက်ရ သည့်အတွက် မဟုတ်။ သူက ယုံကြည်ထားသော ယုံကြည်မှုတစ်ခုကို ဆုံးရှုံးလိုက်ခြင်းသာ ဖြစ်ပါသည်။

''ကဲ...မိုးစိုး၊ တချို့ယောက်ျားတွေဟာ ဆန်အိတ်ကိုသာ ရိုးသား စိတ်နဲ့ အိမ်အရောက် ထမ်းပို့ချင်ပို့နိုင်မယ်။ ပိုက်ဆံလေးသောင်းကျော်ကို တော့ ရိုးသားစိတ်နဲ့ အိမ်အရောက် လာမပို့နိုင်ဘူးဆိုတာ မင်း သိပြီ မဟုတ်လား''

မိုးစိုးဘာမှ ပြန်မပြောနိုင်။ ရင်ထဲမှာ ဘာကိုမှန်းမသိ ဒေါသ ထွက်လျက်ရှိသည်။ ထိုအချိန်မှာပင် မိုးစိုးက ကင်တင်းထဲဝင်လာသော တင်အောင်မင်းသိမ်းတို့ကို တွေ့သွားသည်။

''ကောင်းပြီ...။ မိုးစိုး နောက်ဆုံးတစ်ခုတော့ ကြိုးစားကြည့်မယ် ဟုတ်ပြီလား။ ဟော့...ဟော့...ကျွတ်...ကျွတ်။ ဟုတ်တယ်...။ ရှင်တို့ကို ခေါ်တာ။ ဒီဝိုင်းကို ခဏလာထိုင်ပါလား''

မိုးစိုးလှမ်းခေါ်သံကြောင့် တင်အောင်မင်းသိမ်းတို့ အိပ်မက်ထဲများ ရောက်နေသလားဟု ထင်သွားကြသည်။ အမှန်တော့ သူတို့ကလည်း ခေမာနှင့် သာသာ့အရိပ်ကလေးများကို ကြည့်ရန် ဝင်းနိုင်ဆိုသော ကာတွန်း ဆရာက မိုးစိုးကို တစ်ကြောင်းမျဉ်း ခိုးဆွဲရန် မိုးစိုးတို့ထိုင်လေ့ရှိသော ဆိုင်ထဲမှ ခပ်ဝေးဝေးခုံကို တမင်လာထိုင်ခြင်းသာ ဖြစ်ပါသည်။

www.foreverspace.com.mm



"ဘာကိစ္စရှိလို့လဲ သာသာ"

"ရှင့်ကို ကျွန်မခေါ်တာ မဟုတ်ဘူး။ သူ ခေါ်တာ"

သာသာက မျက်နှာတည်တည်နှင့် ပြောကာ တခြားဘက်သို့ လှည့်သွားသဖြင့် တင်အောင်မင်းသိမ်း ဒုက္ခရောက်သွားသည်။

"ဟုတ်ပါတယ်။ မိုးစိုးက မေးစရာရှိလို့ပါ။ ရှင်တို့ ကိုဖိုးကျား အဲ…ဟို ရွှေကဲကို ပြောတာ။ သူ ဒီနေ့ ကျောင်းမတက်ဘူးလား"

"မသိဘူးခင်ဗျာ။ မနက်က ကျောင်းသွားဖို့ပြောတော့ ထွီ… ဒီကောင်က ဖူး…ဖူးဖလူး…အဲ ခဏ။ ဂလုဂလု…ထွီ။ အင်း… ဒီကွမ်းကိုလည်း ဖြတ်မှပါကွာ။ Sorry နော် ခေမာ။ ဒီကောင်က စောင်ကြီး ခေါင်းခြုံပြီး မတက်တော့ဘူးလို့ ပြောတာပဲ ခေမာရဲ့"

"ရှင့်ကို ခေမာမေးတာ မဟုတ်ဘူး။ သူ မေးနေတာ"

"ဩ်…ဟုတ်ကဲ့ပါ။ Sorry နော်…ခေမာ"

"ကောင်းပြီ။ ဒါဆိုရင် မိုးစိုးတစ်ခုမေးမယ်။ ရှင်တို့သူငယ်ချင်းက ဘာဖြစ်လို့ ကျောင်းမတက်ချင်တာပါလို့ ပြောသေးလား"

"ဟင့်အင်း…မပြောဘူး"

"မနေ့က သူ အသုံးအဆောင်ပစ္စည်းတွေဘာတွေ ဝယ်တာရော ရှင်တို့ တွေ့သေးလား"

စိတ်အားထက်သန်စွာဖြင့် မေးနေသော မိုးစိုးကို ကြည့်ကာ မိုးကျော်တို့ တော်တော် ဇဝေဇဝါ ဖြစ်သွားကြသည်။ သူတို့ကို ခေါ်ထိုင်ခိုင်းပြီးမှ ဘာမဟုတ်သော အညာသားအကြောင်းကို မေးနေရပါသနည်း။

"ဘာမှဝယ်တာတော့ မတွေ့ဘူးခင်ဗျ။ အဲ…မနေ့က ကျွန်တော်တို့ အဆောင်ပြန်ရောက်တော့ ဒီကောင် ဂဏှာမငြိမ်ဖြစ်နေတယ်စိုး…။ ကျွန်တော်တို့မေးတော့လည်း ဘာမှပြန်မဖြေဘူး။ ပြီးတော့ လွယ်အိတ်ကို ဆွဲပြီး ပြူးကြောင်မူးကြောင်နဲ့ ထွက်သွားတယ်။ အတော်ကြာလို့ ပြန်လာတော့ လက်ဖက်ရည်တစ်ခွက်နဲ့ ပလာတာတစ်ချပ်ကို ပါဆယ်ဝယ်လာပြီး

www.foreverspace.com.mm



သူတိုင်ထိပ်မှာချိတ်ပြီး စောင်ခေါင်းခြုံ အိပ်တော့တာပဲ။ ညနေစာတောင် ထ မစားဘူး။ အိပ်ပျော်ပုံလည်း မရပါဘူး…စိုးရာ။ ဟိုဘက် ဒီဘက် လိုမ့်နေတာ ကျွန်တော်တို့ ကြားနေ၊ မြင်နေရတာပဲ။ ဒါနဲ့ စိုးက ဘာဖြစ်လို့ ဒီကောင့်အကြောင်း မေးနေရတာလဲ”

သူတို့ထဲမှာ အအေးဆုံး၊ စကားအနည်းဆုံး ဝင်းနိုင်က စကားကို ခရားရေလွှတ်ပြောကာ မိုးစိုးကို စိုးတွေ ဘာတွေ ခေါ်ခွင့်ရသွားသဖြင့် မိုးကျော်တို့ မကျေမနပ် ဖြစ်နေကြသည်။ သာသာနှင့် ခေမာကလည်း ကြိုးမိန့်ကျပြီးသား တရားခံရှေ့က အကာအကွယ်တစ်ခု ရလိုရငြား ကြိုးစားနေသော မိုးစိုးကို မဲ့ကြသည်။ မိုးစိုးကတော့ သူ့ဆုံးရှုံးမှုအတွက် အလင်းရောင် မကုန်သေးဟု ယူဆကာ ဝမ်းသာအားရနှင့် ဝင်းနိုင်အနားသို့ သူ့ထိုင်ခုံအသေးကလေးကို ရွှေ့ကာ…

“ကဲ…ဒါဆိုရင် မနေ့ကဖြစ်ခဲ့တဲ့ အဖြစ်မှန်ကို မိုးစိုး ရှင်တို့ကို တစ်ခါတည်း ပြောပြမယ်”

မိုးမိုးစိုးနှင့် ဝင်းနိုင်တို့ ပူးကပ်သွားကြသည်။ မိုးကျော်တို့ မျက်လုံး ပြူးသွားကြ၏။ ခေမာနှင့် သာသာက တအံ့တသြ ကြည့်ကြသည်။

“စိတ်ချပါ ခေမာ။ ကိုယ် အားလုံးရဲ့ စွဲချက်တွေကိုပါ ပြောပြမှာ ပါ။ နောက်ဆုံးအယူခံဝင်တယ်လို့ပဲ သဘောထားလိုက်ပါတော့ ဟုတ်လား။ ကဲ…မနေ့က ဖြစ်ပုံက ဒီလို…”

အနီးကပ်ဆုံးမှာရှိနေသော ဝင်းနိုင် ဘာကိုမှ မကြားတော့။ သူနှင့်နီးကပ်လွန်းသော မိုးမိုးစိုး၏ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်နှင့် သင်းပျံ့နှစ်လိုဖွယ် ကိုယ်နံ့ကလေးကြားမှာ မျော၍သွားသည်။ သူ ဆွဲချင် သည့် တစ်ကြောင်းမျဉ်းထက် ပို၍ပါးသော တစ်ကြောင်းမျဉ်းများကို မြင်နေရသည်။ သြော်…သူ့ရဲ့ရွာကလေးက ရွာသူတွေနဲ့တော့ ကွာလှ ချည်ကလားး။

❀

www.foreverspace.com.mm

နူရာဝဲဆွဲနေသူကို သူခိုးအမှတ်နှင့် အထောင်းခံရကာ ထို သူခိုးဟုထင်ရသူ လိမ့်ဆင်းသွားသော မြေနိမ့်ရာမှ လှံက ရင်ဝတည့်တည့် ကို စိုက်ပြီးမှ ကံဆိုးမမိုးက အပေါ်က ရွာချခြင်းခံရသလို ရွှေကဲ ဘာ စကားမှ မပြောနိုင်တော့။ အခုတော့ သူ ပိုက်ဆံအိတ်ခိုးတယ်ဆိုတာကို အဆောင်နေဖော်တွေကပါ သိကုန်ကြပြီ။

"မင်းအခြေအနေ ဆိုးသွားတာ ဒီနေ့ ကျောင်းမတက်ဘဲ နေပြီး စိုးရဲ့ ပိုက်ဆံအိတ်ကို သွားပြန်မပေးတာဘဲ"

"ဟုတ်တယ်…။ ဟိုက မင်းကို သူခိုးလို့ လုံးဝ ထင်မထားဘူး ရွှေကဲ။ မင်းကွာ…ဒီလောက် အရူသလား။ သူက ကျော်စိုးဆိုတဲ့ကောင်ကို မကြိုက်လို့ ပညာပေးတာကွ"

ရွှေကဲ ခေါင်းကြီးငုံ့ကာ ငြိမ်နေရာမှ မော့ကြည့်လိုက်တော့ မျက် ဝန်းမှာ မျက်ရည်တွေဝဲကာ နှာခေါင်းကြီးက နီကာနေသည်။ မိုးကျော် တို့ လန့်ကာ သွားကြ၏။

"ဘာဖြစ်လို့လဲ ရွှေကဲ။ ပြဿနာက ရှင်းနေပြီပဲဟာ"

"မဟုတ်ဘူးဗျ။ ကျုပ်က သူ့ပိုက်ဆံကို သုံးပြီနေပြီ"

"ဟာ…သုံးပစ်လိုက်ပြီလား။ ဘယ်လောက် သုံးလိုက်သလဲ။ ဘာတွေ ဝယ်လိုက်လို့လဲ။ ပြောစမ်းပါကွ…ပြောစမ်းပါ"

တင်အောင်မင်းသိမ်းက ရွှေကဲပခုံးကို ဆွဲရမ်းခါကာ မေးသည်။ ရွှေကဲ မျက်ရည်တွေကို သုတ်ပစ်လိုက်သည်။

"ကျုပ် ဝန်ခံမှာပါဗျာ။ ဒါပေမယ့် ကျုပ်ခိုးတာတော့ မဟုတ်ဘူးဗျ"

"အေးပါကွာ…အေးပါ။ အဲဒါကို ငါတို့ယုံပါတယ်။ ကဲ…သူငယ်

www.foreverspace.com.mm



ချင်း။ မင်း သူ့ပိုက်ဆံ ဘယ်လောက်သုံးခဲ့လို့လဲ။ ပြော…ပြောစမ်းပါကွာ"

ဝင်းနိုင်က အလျှင်စလို မေးသည်။ ရွှေကဲက နှပ်ညှစ်ကာ နေသေး၏။ မိုးကျော်ကတော့ စိတ်လှုပ်ရှားစွာ ကွမ်းတစ်ယာကို ပါးစပ်ထဲ ထည့်၍ငုံသည်။ သူ့ပါးစပ်ထဲမှာ မဝါးရသေးကွမ်းက လေးယာလောက် ရှိနေပြီ။ တင်အောင်မင်းသိမ်းက စိတ်မရှည်တော့…။

"ပြောလေကွာ…။ ဘယ်လောက်လဲလို့"

"တစ်ရာ့သုံးဆယ်…"

သုံးယောက်စလုံး ခေါင်းတွေ လန်ထွက်သွားကြ၏။

"သေပါတော့ကွာ…။ ငွေတစ်ရာ့သုံးဆယ်များ…ဟော့ကောင် မင်းမပေးချင်ရင် ငါစိုက်ပေးမယ်ကွာ။ ငိုမနေနဲ့တော့"

"ခင်ဗျားတင် မဟုတ်ဘူးဗျ။ လောကပါလ နတ်မင်းကြီးလေးပါ လာစိုက်ပေးတောင် မရတော့ဘူးဗျ။ သိရဲ့လား"

ဒေါသတကြီး ထအော်သော ရွှေကဲ၏အော်သံကြောင့် အားလုံး အံ့သြသွားကြသည်။ ဝင်းနိုင်က…

"ဟ…ဘာဖြစ်လို့တုန်း"

"ဘာဖြစ်ရမလဲ။ ကျုပ်သုံးမိတာက သူ့အိတ်ထဲက တစ်ထောင် တန်ဗျ။ ပိုက်ဆံအမ်းပြီး တစ်ထောင်တန်ပြန်ထည့်လို့လည်း မရဘူး။ သူ့ထောင်တန်တွေက နံပါတ်စဉ်အတိုင်း အသစ်ကျပ်ချွတ် ဘဏ်ထုတ်ငွေ ဗျ။ သိရဲ့လား"

မိုးကျော်တို့အားလုံး ငြိမ်သွားကြသည်။ ဘာပြောရမှန်းမသိတော့။

"ဒီတော့ ပိုက်ဆံအိတ်ပြန်ပေးလို့ သူ့ပိုက်ဆံတွေကို ကြည့်တာနဲ့ ကျုပ်သုံးထားတာ သိမှာပဲ။ ကျုပ်ကို သူခိုးလို့ ပြောမှာပဲ။ သူတစ်ပါးပစ္စည်း ကို ပိုင်ရှင်မသိဘဲ သုံးတာဟာ သူခိုးမဟုတ်လို့ ဘာလဲ။ ခင်ဗျားတို့ ကြီးဒေါ်လား။ အဲဒါကြောင့် ကျုပ် ပြန်မပေးရဲတာဗျ။ သိလား"

ဆူညံနေသော အဆောင်သည် မိနစ်တော်တော်များများ တိတ်

www.foreverspace.com.mm



ကာသွား၏။ ခဏကြာတော့မှ ဝင်းနိုင်က လေပျော့ကလေးဖြင့် မေးသည်။

"မင်း အဲဒီတစ်ရာ့သုံးတယ်ကို ဘာဝယ်လိုက်တာလဲ သူငယ်ချင်း"

ရွှေကဲ ပထမ ဘာမှမပြော။ နောက်ဆုံးမှ…

"လက်ဖက်ရည်နဲ့ ပလာတာ"

ဝင်းနိုင်က ဝုန်းခနဲ ထခုန်ကာ အားရဝမ်းသာ အော်သည်။

"ဟာ…။ ဒါဆိုရင် အဆင်ပြေပြီ၊ အဆင်ပြေပြီ၊ အဲဒီအကြောင်းကို ငါပြောမိတယ် ရွှေကဲရ"

"ဟုတ်တယ်…ဟုတ်တယ်။ မိုးမိုးစိုး သိတယ်"

"ဒီလိုကွာ…။ ငါတို့ပြောခဲ့တာတွေအားလုံး မင်းကို ရှင်းပြမယ်"

မိုးကျော်တို့ ဝိုင်းရှင်းပြတာကို ရွှေကဲ သေသေချာချာ နားထောင်သည်။ စကားကုန်တော့ သူ ဒီပိုက်ဆံအိတ်ကို မခိုးပါဆိုသော အချက်ကို ရှင်းရန် လမ်းစက ပေါ်လာသည်။

"ကျုပ်က တမင်သုံးတာမှ မဟုတ်ဘဲ။ ခင်ဗျားတို့သိမှာစိုးလို့ ရှက်ပြီး ထွက်သွားတာ။ ပိုက်ဆံမပါတာနဲ့…"

"အေးပါ…။ အဲဒီကိစ္စကို မင်း ကြုံတဲ့အတိုင်းသာ ပြောပြ။ ငါတို့ကလည်း ထောက်ခံမယ်။ အရေးကြီးဆုံးအချက်က အဲဒီပိုက်ဆံအိတ်ကို မိုးစိုးက တမင်ပစ်ချပြီး ကျော်စိုးဆိုတဲ့လူကို ပညာပေးတယ်ဆိုတာကို မင်း မသိဘူးဆိုတာဘဲ။ အဲဒါကိုသာ အဓိကထားပြီးပြော။ အဲဒါမမေ့စေနဲ့"

"စိတ်ချဗျ…။ ဒါပေမယ့် ကျုပ်တစ်ယောက်တည်းတော့ မသွားရဲဘူးဗျ"

"မင်းလည်း ထပ်စိတ်ချလိုက်သူငယ်ချင်း။ ငါတို့ကလည်း မင်းနဲ့ အတူတူလိုက်မှာပါ"

ဒီလိုနှင့်…မနက်ဖြန်တွင် နေသာကာ ပန်းများပွင့်ကြလိမ့်မည်ဟု အားလုံးက ထင်ကြပါသည်။

❀❀❀

www.foreverspace.com.mm

# [၄]

"ဘုရားစူးရပါစေနဲ့ဗျာ…။ ကျုပ်ဘ၀မှာ အဲဒီ လောက်စာလုံး ငါးလုံးကလွဲလို့ လူများပစ္စည်းဆိုလို့ အပ်တိုတစ်ချောင်းတောင် မယူခဲ့ဘူး တာပါ။ ခုနက ပြောခဲ့သလိုပဲ။ ကျုပ် မသိလိုက်တာက ကျော်စိုးဆိုတဲ့လူ ရည်းစားစကားလိုက်ပြောတာကို ပိုက်ဆံအိတ်ချပြီး ပညာပေးလိုက်တယ်ဆို တာကို မသိတာပါဘဲ။ ကျုပ်ကို ခွင့်လွှတ်ပါ။ အဲဒီကောင်ကိုသာ ပညာဒီလို ပေးမှန်းသိရင်…"

"ကဲ…တော်ပါတော့ရှင်။ ကျွန်မပိုက်ဆံအိတ်ကိုသာ ပြန်ပေးပါ"

မိုးစိုးက လေသံမာမာနှင့် ပြောတော့မှ ပိုက်ဆံအိတ်ကို မပေး သေးဘဲနှင့် ကိုင်ထားရင်း လက်တွေကို ရှုပ်ယှက်ခတ်အောင် ရှင်းနေသော ရွှေကဲ ငြိမ်သွားတာကို တွေ့ရသည်။ ဘယ်လောက် အသုံးမကျတဲ့လူလဲ။ ကျော်စိုး၏ ညီမ သရဖီကိုယ်တိုင် ဝိုင်းထဲမှာရှိနေတာကို မျက်နှာရိပ် မျက်နှာ ကဲပြလို့လည်း သဘောမပေါက်။ ကျော်စိုးကို ပညာပေးခဲ့သည့်ကိစ္စကို ငါးကြိမ်လောက် ထပ်ပြောနေသည်။ ခြေထောက်ကို မိုးစိုးက တက်နင်း တော့လည်း သူကပင် ပြန်ကာ ကန်တော့ဟု တောင်းပန်သေး၏။ ဒုက္ခပါကလား။

"ဟုတ်ကဲ့…။ ပိုက်ဆံအိတ်ထဲက ပိုက်ဆံတစ်ရာ့သုံးဆယ်ကို

www.foreverspace.com.mm



သုံးပြီးတော့ ကျွန်တော်ကလေ ဟို…ထောင်တန်နဲ့…''

''ကဲ…တော်ကြစို့။ နောက်နေ့ကျမှ အဲဒီကိစ္စကို ကျွန်မ ဆက်ပြောမယ်။ ဟုတ်ပြီလား…။ ကျွန်မ ရှင့်ကို ယုံပါတယ်။ နားလည်းလည်တယ်။ ရှင် သူခိုးမဟုတ်ဆိုတာတော့။ ကဲလေ…။ နောက်နေ့မှ ဆက်ပြောတာပေါ့။ ရှင် သွားလို့ရပြီ''

မိုးစိုးစကားဆုံးတော့ မျက်လုံးအပြူးသားနှင့်ကြည့်ကာ ခဏငြိမ်နေသေးသည်။ ပြီးတော့မှ ဘာမှမပြောဘဲ ထရပ်ကာ ထွက်သွားသည်။ ရွှေကဲ ထွက်သွားတော့မှ ဟိုတစ်ဖက်ခုံက သူငယ်ချင်းတွေလည်း လိုက်ထွက်သွားကြ၏။ မိုးစိုးတို့သုံးယောက်စလုံး သရဖီ့ကို မျက်နှာပူလွန်းသဖြင့် ဘာဆက်ပြောရမှန်း မသိဘဲ ငြိမ်ကာနေကြသည်။

''သြော်…။ ဒီလိုဆိုရင် ကိုကို မိုးစိုး ပညာပေးလိုက်တာကို ခံလိုက်ရတာပေါ့နော်''

မိုးစိုးတို့ ဘာမှ မပြောနိုင်ကြ။

''ကိုကို့အဖြစ်ကလည်း သနားစရာ ကောင်းပါတယ်။ ချမ်းချမ်းသာသာနဲ့ ဆေးကျောင်းတက်နေရတဲ့လူက ဒီလိုပုံတုန်း အညာသားတစ်ယောက်ကိုမှ မယှဉ်နိုင်ဘူးဆိုတော့…''

''သရဖီ ခဏလောက် မိုးစိုး ပြောပါရစေ။ မိန်းကလေးတစ်ယောက်မှာ ကိုယ် မနှစ်သက်တဲ့လူကို ငြင်းခွင့်မရှိဘူးလား''

သရဖီက ပြုံးသည်။

''ရှိတာပေါ့။ ယဉ်ကျေးတဲ့သူဆိုရင် ယဉ်ယဉ်ကျေးကျေး ငြင်းသင့်တယ်။ အခုလို ပညာပေးတာတော့…''

''အဲဒါက နှုတ်နဲ့ ငြင်းတာထက် ပိုပြီးညင်သာတဲ့ အမူအယာနဲ့ ငြင်းနည်းပါ။ ဒါပေမယ့် ဒီငြင်းနည်းဟာလည်း ရွှေကဲကြောင့် အထမမြောက်ခဲ့ဘဲ''

သရဖီက ခေါင်းကလေးကို မော့ကာ ခပ်ဟဟ အသံခပ်နုနုဖြင့်

www.foreverspace.com.mm



ရယ်သည်။

"အဲဒါကြောင့် ပိုနာဖို့ကောင်းတာပေါ့။ ဒီပုံတုန်းကောင်လောက်မှ ကိုကိုက ဒီကိစ္စမှာ နေရာမရခဲ့တာကိုလေ။ သရဖီက မိုးစိုးကို ပထမတုန်းက အထင်ကြီးခဲ့ဖူးတယ်။ ရုပ်ရည်လည်း လှတယ်။ အဆင့်အတန်းလည်း ရှိတယ်။ ဒီဇိုင်းပညာမှာလည်း ကျွမ်းကျင်တယ်ဆိုပြီးတော့…။ အခုတော့ အဲဒီလို မိန်းကလေးက ဒီပုံတုန်းကြီးကိုမှ…"

"တော်ပြီ…သရဖီ။ မင်းက ကိုယ့်ဝါသနာကိုရော၊ ကိုယ့်သိက္ခာကိုရော စော်ကားလိုက်တာပဲ။ ကဲ…ကောင်းပြီ။ လူတွေရဲ့ ဒီဇိုင်းဆိုတာ အချိန်မရွေး ပြုပြင်ပေးလို့ ရပါတယ်။ ပြင်လို့မရတာက စိတ်ပါ။ မင်း ပုံတုန်းကြီးလို့ပြောတဲ့ ရွှေကဲကို မင်းကိုကိုထက် လှအောင် ပြုပြင်ပေးလို့ ရတယ်ဆိုတာ မင်း ယုံလား"

သရဖီက သူ့ရင်ဘတ်ကလေးကို သူဖိကာ 'သြော်…ဟုတ်လား' ဟု အရေးတကြီး စိတ်ဝင်စားဟန်ဖြင့် ခပ်ရိရိပြောသည်။

"ဟုတ်တယ် သရဖီ။ မင်း မယုံရင် စောင့်ကြည့်လိုက်လေ"

"ဘယ်လောက်ကြာအောင် စောင့်ရမှာလဲ"

"တစ်လနဲ့ ၁၀ ရက်"

"လောင်းကြေးက ဘာလဲ…"

သရဖီစကားကြောင့် အားလုံး ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် တိတ်ဆိတ်သွားကြသည်။

"ကောင်းပြီ…။ မင်းပဲပြောပါ သရဖီ"

သရဖီက လက်ဝါးကလေးနှစ်ဖက်ကို ဖွဖွကလေးရိုက်ကာ ပြုံးရင်း အဝေးသို့ ငေးကာ တစ်ချက်စဉ်းစားသည်။

"မိုးစိုးတောင်းတဲ့ အချိန်ပြည့်လို့ ဒီလူ့ကို သရဖီက အသိမှတ်ပြုလောက်အောင် ပြောင်းလဲပေးနိုင်ရင် အဲဒီ ကုန်ကျစရိတ်အားလုံးကို သရဖီ ပေးမယ်။ မိုးစိုးရှုံးရင် သရဖီ့ကိုကို့ကို ချစ်မလား"

'အစ်ကိုကို တော်တော်ချစ်တဲ့ ညီမတစ်ယောက်ပါလား' ဟု ဒေါသဖြစ်နေသည့်ကြားကပင် မိုးစိုး ကျေနပ်ပီတိဖြစ်စွာ တွေးလိုက်မိသည်။ သူ့မှာ အစ်ကိုတစ်ယောက်ရှိလျှင်လည်း သူ သရဖီလို ချစ်နိုင်လိမ့်မည်ဆိုတာ ယုံကြည်ပါသည်။

"ကောင်းပြီလေ...။ ဒါပေမယ့် ကုန်ကျစရိတ်ကိုတော့ သရဖီ ပြောသလို မပေးပါနဲ့။ မိုးစိုးဝါသနာမို့ ကိုယ်တိုင်ပဲ အကုန်အကျခံပါရစေ။ သူ ပြောင်းလဲသွားရင် သရဖီ့ကိုကိုနဲ့ တို့ ဘာမှ မဆိုင်တော့ဘူးပေါ့နော်"

"သဘောတူတယ် မိုးစိုး"

မိုးစိုးကို လက်ဆွဲနှုတ်ဆက်ကာ သရဖီ ထသွားသည်။ သူငယ်ချင်းနှစ်ယောက်က မိုးစိုးကို ကြောက်လန့်တကြား ကြည့်လိုက်ကြ၏။

"နင်...ဘာတွေလျှောက်ပြောလိုက်တာလဲ မိုးစိုး။ ဒုက္ခပါပဲဟာ"

"ကိုယ့်ယုံကြည်ချက်နဲ့ကိုယ် ခိုင်ခိုင်မာမာ ပြောလိုက်တာပါ သာသာ"

"ဟဲ့...ဘယ့်နဲ့ယုံကြည်ချက်လဲ။ နင် ခဏခဏ ပြောပြောနေတဲ့ ယောကျ်ားလေး မော်ဒယ်တစ်ယောက်လိုချင်တယ်...လိုချင်တယ်ဆိုတဲ့ စိတ်ကူးနဲ့ ရူးလိုက်တာလား"

ဟုတ်သည်။ သူ စိတ်ကူးထားတဲ့ ဒီဇိုင်းတွေကို အသုံးချဖို့အတွက် ယောကျ်ားလေး Model တစ်ယောက် သူ လိုချင်ခဲ့ဖူးတာ ကြာပြီ။ သို့သော် ခင်မင်တဲ့ယောကျ်ားလေးတစ်ယောက် နှစ်ယောက်ကလည်း စည်းရုံး၍ မရ။ သာသာနှင့်ခေမာ့မှာကလည်း အစ်ကိုတွေ မောင်တွေ မရှိသဖြင့် စကားသာ အဖတ်တင်ခဲ့သည်ကို သူငယ်ချင်းများက ပြောနေကြခြင်း ဖြစ်သည်။

"အဲဒါလည်း ပါတယ်။ ပညာကို ယုံပြီး မခံချင်စိတ်ကလည်း ၈၀% ပါတယ်"

"ဟဲ့...ဖြစ်ပါ့မလားဟယ်။ ကိုဖိုးကျားက ဘာမဟုတ်တာတောင်

www.foreverspace.com.mm



အုတုတုနဲ့ဟာ။ နင် သူ့ကို ဘယ်လိုစည်းရုံးမလဲ''

ခေမာထောက်ပြသည့်အချက်က မှန်ပါသည်။ ရှယ်တုယောက်ျား လေးတစ်ယောက်ကို ကိုယ်လုပ်ချင်သလို လုပ်ဖို့၊ ကိုယ်ဆင်ချင်တာ ဆင်ဖို့၊ ကိုယ်ခိုင်းချင်တာ ခိုင်းဖို့ဆိုတာ မလွယ်ကူပါ။

''သူက ရိုးသားတယ်ဟ။ အဲဒီ ရိုးသားမှုကို ခဏယူပြီး ခုတုံး လုပ်ရတော့မှာပဲ။ စိတ်မပူပါနဲ့ဟာ။ ငါ့မှာ နည်းရှိပါတယ်။ နင်တို့ကလည်း ဝိုင်းတော့ ကူပေးရမှာပေါ့''

❁

www.foreverspace.com.mm



“မလိုက်ဘူးဗျာ…။ သူက ကျုပ်ကို ယုံပါတယ်လို့ ပြောပြီးပြီပဲ။ ဒီနေ့ ဘာမှ ထပ်ခေါ်စရာ မလိုတော့ဘူး။ ဒီကိစ္စလည်း ပြီးပြီ…။ ဒါပဲ”

“ဟာ…ရွှေကဲ။ မင်းက အခွင့်အရေးကို တော်တော် အသုံး မချတတ်တဲ့ကောင်ပဲ။ ဒီမှာ ကျောင်းထဲက ယောကျာ်းလေးတစ်တော်တော် များများက မိုးစိုးနဲ့ခင်ခွင့်ရဖို့တောင် တော်တော် ကြိုးစားနေကြရတဲ့ အချိန်မှာ သူက မင်းကို လိုလိုလားလား လာပါလို့ စာရေးပြီး ခေါ်တာ တောင်မှ မင်းက မသွားဘူးဆိုတော့…”

“အဲဒီကောင်တွေက တဏှာသမားတွေပဲဗျ။ မီးကို မီးမှန်းမသိဘဲ တိုးတဲ့ ပိုးဖလံတွေပဲ။ ကျုပ်က သူတို့နဲ့မှ မတူတာ။ အဲဒီမိန်းမနဲ့ တွေ့လိုက်ရတိုင်း ကျုပ်မှာ တုန်လှုပ်ရ၊ ပင်ပန်းရ၊ ဒုက္ခဖြစ်ရနဲ့ စိတ်နှလုံး ပင်ပန်းရတာချည်းပဲ။ တော်ပြီဗျာ…မလိုက်တော့ဘူး”

ရွှေကဲက ရေတမာပင်တန်းခုံမှ ခုန်ချကာ ထွက်ရန်ပြင်သည်။ ဝင်းနိုင်က ထဆွဲကာ…

“ရွှေကဲ…။ ဟိုနေ့က သူပြောလိုက်တဲ့စကားကို မင်း ပြန်စဉ်း စား။ မင်းကို ယုံတယ်…။ နားလည်း လည်တယ်တဲ့။ ဒါပေမယ့် မင်း သူခိုးမဟုတ်ဘူး ဆိုတာကိုတော့ နောက်မှ ဆက်ပြောမယ်တဲ့။ ဒီကိစ္စက မပြီးသေးဘူးကွ။ အဲဒီအတွက် ခေါ်တာ။ မင်း မသွားလို့ မရဘူး”

ရွှေကဲ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ မိန်းမတွေရဲ့အလှဟာ စုန်းနဲ့ ကဝေနဲ့ တူသည်။ သူတို့က ပြုစားပြီဆိုလျှင် ပြုစားခံရသူရော

www.foreverspace.com.mm



ပတ်ဝန်းကျင်ကိုပါ မိန်းမောသွားစေ၏။ သူ ဒီမိန်းမကို ကြောက်သည်။ ဒါပေမယ့် သွားလည်း တွေ့ချင်နေသည်။ လုံးထွေးနေကြသော ကြောက်စိတ်နှင့် သွားချင်စိတ်နှစ်ခုအကြားမှာ ရွှေကဲ အားကိုတင်းကာ ကြောက်စိတ်ဘက်မှ နေနေရခြင်းသာ ဖြစ်သည်။

"တော်ပြီဗျာ…။ ကျုပ် ခင်ဗျားတို့ကိုလည်း မယုံဘူး။ ဟိုနေ့က လည်း အတူတူလိုက်မယ်ဆိုပြီး ခင်ဗျားတို့က တခြားဝိုင်းမှာ သွားထိုင်တယ်။ အခုလဲ…"

"ကဲ…ဒီနေ့ ငါတို့အားလုံး တစ်ခုံတည်းမှာ ထိုင်ကြမယ်ကွာ။ ငါတို့ ကတိပေးတယ်။ အဲဒီနေ့က သူတို့ဝိုင်းမှာ လူတွေများနေလို့ပါ… သူငယ်ချင်းရဲ့။ ကဲ…ချိန်းထားတဲ့အချိန်လည်း လွန်တောင်နေပြီ။ သွားရအောင်ပါကွာ"

တင်အောင်မင်းသိမ်းက ရွှေကဲပခုံးကို ဖက်ကာ ရင်းရင်းနှီးနှီး ပြောရင်း သူ့ရင်ခွဲထဲဆွဲကာ ညှစ်သည်။ အဓိပ္ပာယ်က တို့ကို ကူညီပါ ဆိုသည့်သဘော။ သူတို့က ခေမာ၊ သာသာတို့နှင့် အရမ်းပတ်သက်ချင်နေကြသည် မဟုတ်လား။ အခု ဒီစာကိုပေးသည့် သာသာကိုယ်တိုင်က 'ရှင်တို့လည်း လိုက်ခဲ့ရမယ်နော်' ဟု အပြုံးကလေးနှင့် ပြောသည် မဟုတ်လား။ ဒီအခွင့်အရေးကို သူတို့ လက်လွှတ်မခံနိုင်ပါ။ ရအောင်ခေါ်လာခဲ့မယ် သာသာဟု ကတိလည်း ပေးပြီးပြီ မဟုတ်လား။

ရွှေကဲကို မိုးကျော်ရော၊ ဝင်းနိုင်ရောက ဝင်ဖက်ကာ…

"လာပါသူငယ်ချင်းရာ…။ သူ ဘာပြောမယ်ဆိုတာကို မင်းနဲ့ အတူ တို့ပါ နားထောင်ချင်နေလို့ပါ…။ လာ…"

ရွှေကဲ ခန္ဓာကိုယ်ကို တောင့်ကာထားသေး၏။ သို့သော် မရ။ ဟိုကောင်တွေက အတင်းညှပ်ကာ ဆွဲခေါ်နေကြသဖြင့် တောင့်တောင့်ကြီး ခြေတစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်းအထိ ရွှေ့ပြီးတော့ တင်းတောင့်ထားသမျှတွေ လျှော့ကာသွားသည်။ နောက်ပိုင်း ခြေလှမ်းများက သူကိုယ်

တိုင် လိုလိုချင်ချင်လှမ်းသော ခြေလှမ်းများသာ ဖြစ်ပါသည်။

သို့သော် ချိန်းထားသည့် ကဲင်တင်းထဲရောက်တော့ မိုးစိုးတို့မရှိတော့။ ဟုတ်သည်။ ချိန်းထားသော အချိန်ထက် မိနစ်နှစ်ဆယ်လောက် သူတို့ဘက်က နောက်ကျသွားသည် မဟုတ်လား။ ရွှေကဲကိုယ်တိုင် ရင်ထဲမှာ ဟာသွားသည်။ သို့သော် ဟိုကောင်တွေကတော့ ပွက်လောရိုက်ကုန်၏။ အားလုံးက သွားရန် ကြာနေသော ရွှေကဲကို ဝိုင်းအပြစ်တင်ကြသည်။ ရွှေကဲကတော့ ဘာမှမပြော။ ဒါ သူလိုချင်ခဲ့သော ပထမအခြေအနေ မဟုတ်လား။ အခု ဒီအတိုင်းဖြစ်လာခဲ့ပြီပဲ။ သို့သော်… သူ့ရင်ထဲမှာ ဘာဖြစ်လို့ မချင့်မရဲဖြစ်နေရတာလဲ။

ထိုအချိန်မှာပင်…

"ရှင်တို့ ဘာဖြစ်လို့ နောက်ကျနေရတာလဲ"

သာသာ့အသံကြောင့် ဟိုကောင်တွေအုပ်စု ဝိုင်းတောင်းပန်ကြသံတွေ ဆူညံကာ သွားသည်။ ရွှေကဲလည်း ရင်ထဲမှာ လှိုက်ခနဲ ဝမ်းသာသွား၏။ သို့သော် ဘာမှတော့ ဝင်မပြောမိ။

"ကောင်းပြီလေ…။ ဒီလိုဆိုရင် လာ…။ ကျွန်မတို့က ပန်းခြံလေးထဲမှာ ထိုင်နေကြတာ"

"တော်သေးတာပေါ့ဗျာ။ လာ…သူငယ်ချင်း ပန်းခြံထဲမှာတဲ့"

ပန်းခြံထဲက မျက်နှာချင်းဆိုင် ခုံတန်းကလေးတွေမှာ ထိုင်ပြီးသည့်နောက် နှစ်မိနစ်လောက် ဘာစကားမှ မိုးစိုးတို့ဘက်က မပြောသဖြင့် ရွှေကဲရော၊ ဟိုကောင်တွေပါ နေရထိုင်ရ ကြပ်လာသည်။ ရွှေကဲ မော့ကြည့်တော့ မိုးစိုးက သူ့ကို ပြုံးကြည့်နေတာ မြင်ရ၏။ ရွှေကဲ လန့်ကာသွားသည်။

"ဘာပြောမှာတုန်းဗျ။ ပြောမယ်ဆို…ပြောလေဗျာ"

မိုးစိုး အခုမှ ရွှေကဲကို သေသေချာချာ ကြည့်ရသည်။ ပန်းချီဆရာတစ်ယောက်က သူဆွဲရမည့် ရှုမျှော်ခင်းကို အသေးစိတ်ကြည့်သလို

www.foreverspace.com.mm



မျိုးကို ကြည့်ရသည်။ ရွှေကဲက အရိုးအဆစ် ပြေပြစ်ပါသည်။ သို့သော် နည်းနည်းပိန်ချင်သည်။ အသားက အညာသားမို့ မဖြူ။ သို့သော်လည်း မဲတာတော့ မဟုတ်။ အသားလတ်သည်ဟု ပြောလျှင်ရသည်။ နှာတံဖြောင့်သည်။ နှုတ်ခမ်းပိရိသေသပ်သည်။ အထူးသဖြင့် မျက်ခုံးမွေးက ထင်းကာ ကွေးညွတ်နေ၏။ အဆိုးဆုံးက ဆံပင်ပုံစံနှင့် အဝတ်အစားပင်ဖြစ်သည်။

"ရှင့်ဆံပင်က ဘယ်လိုဖြစ်တာလဲ"

"ဗျာ..."

မိုးစိုး မှားသွားပြီဆိုတာကို ချက်ချင်းသိသည်။ သူ့စိတ်ကူးထဲမှာ နေရင်း လှမ်းပြောလိုက်မိသော စကားဖြစ်သည်။ သူမ ပထမဆုံး စပြောရမည့်စကားက ထိုစကားမဟုတ်ပါ။ ဒါပေမယ့် မတတ်နိုင်တော့။ ရွှေကဲက တော့ တော်တော်အူကြောင်ကြောင် ဖြစ်သွားပုံရသည်။

"ရှင်ညှပ်ထားတဲ့ ဆံပင်ပုံစံကို ပြောတာ"

ရွှေကဲက သူ့ခေါင်းကိုသူ ယောင်တောင်တောင်ဖြင့် လက်နှင့်သပ်သည်။ လက်ချောင်းတွေက သွယ်ပါသည်။ သို့သော် လက်သည်းမှာက ချေး(ဂျီး)တွေနှင့်။

"ဆရာတော်က မြို့မှာ ဆံပင်ညှပ်ခတွေ ဈေးကြီးတယ်ဆိုပြီး ညှပ်ထားတာဗျ။ ဘာဖြစ်လို့လဲ"

နောက်ထပ် ရက်လေးဆယ်အတွင်းမှာ ဒီဆံပင်ဟာ ဘယ်လောက်ရှည်လာနိုင်မလဲဆိုတာ မိုးစိုး တွက်နေမိသည်။ ရွှေကဲဆံပင်ကတော့ သန်သည်။ ပြီးတော့ မိုးစိုး တစ်ချက်ပြုံးလိုက်မိသည်။ သူ့တိုက်ကွက်ကို ပြောင်းရလိမ့်မည်။

"ကိုရွှေကဲက ဆရာတော်နဲ့ အတူတူနေတာလား"

"ဟုတ်တယ်။ ကျုပ်က ဆရာတော့်ကျောင်းမှာ အတူတူနေတာ။ ဘာဖြစ်လို့လဲ။ ကျုပ်ကို ဘာပြောမလို့လဲ။ ပြောဗျာ..."

"ရှင့်ဆရာတော်က ရှင့်ကို သူတစ်ပါးပစ္စည်းကို မခိုးရဘူးဆိုတာ

www.foreverspace.com.mm



အစကတည်းက ပြောမထားဘူးလား''

ရွှေကဲ ဝုန်းဆို ထရပ်သည်။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေအောင် ဒေါသထွက်ကာ မိုးစိုးကို လက်ညှိုးထိုးရင်း ဘာစကားမှ ပြောမထွက်ဘဲ ရုတ်တရက် မိုးစိုးလည်ပင်းကို အတင်းဝင်ကာ ညှစ်လေသည်။ ဆွဲသံ၊ အော်သံ၊ ရုန်းသံတွေ ဆူညံကာ သွားကြ၏။ အော်ကြ၊ ရုန်းကြ၊ ဆွဲကြရင်း နောက်ဆုံးတော့ ကိုယ့်လူကိုယ် ရသွားကြသည်။

မိုးစိုး ရင်တွေ အရမ်းတုန်ကာ ကြောက်သွားသည်။ စက္ကန့်ပိုင်းအတွင်း သူ ဘာဖြစ်လို့ဖြစ်လိုက်မှန်းပင် မသိ။ သူငယ်ချင်းတွေက ယပ်ခတ်သူခတ်၊ သတိပေးသူပေး၊ ခေါ်သူခေါ်။ သို့သော် အသံတွေက လုံးထွေးကာ ဘာတွေမှန်းမသိ။

'ဟော့ကောင်။ မင်း ငါတို့သိက္ခာကို ချတာလား။ မိန်းကလေးတစ်ယောက်ကို ဒီလိုလုပ်ရသလားကွ။ မင်း တော်တော်ရိုင်းတဲ့ကောင်ပဲ'ဆိုသော စကားကို ကြားရသည်။

ထို့နောက် ရွှေကဲ၏ ငိုသံ…။ ယောကျာ်းကြီးတစ်ယောက်၏ အားရပါးရငိုသံနှင့် ရှိုက်ကြီးတငင်ငိုပုံကို အသံရော ပုံစံပါ မိုးစိုး အခုမှ ကြားဖူးမြင်ဖူးခြင်း ဖြစ်ပါသည်။ မိုးစိုး သူငယ်ချင်းတွေကြားက ရုန်းကာ ထရပ်လိုက်သည်။

''ဟဲ့…မိုးစိုး…မိုးစိုး…မလုပ်နဲ့။ ဒီမှာ ရှင်တို့လူ သိပ်လွန်းနေပြီနော်။ ဘာဖြစ်လို့ ကျွန်မသူငယ်ချင်းကို လည်ပင်းညှစ်ရတာလဲ။ သိပ်ရိုင်းတာပဲ။ စော်ကားလွန်းအားကြီးတယ်''

''တောင်းပန်ပါတယ်ဗျာ…တောင်းပန်ပါတယ်။ စိတ်မဆိုးကြပါနဲ့''

''မခိုးဘူးဗျ…ကျုပ်မခိုးဘူး။ ခင်ဗျားပိုက်ဆံအိတ်ကို လုံးဝ မခိုးဘူး''

ငိုသံကြီးနှင့်ပြောသော ရွှေကဲကို မိုးစိုး အရမ်းသနားသွားသည်။ သို့သော် သူ ထိုသနားစိတ်ကို ခံစားချက်အပြည့်နှင့် ရင်ထဲမှာ သိမ်းထား

www.foreverspace.com.mm



လိုက်သည်။ ထိုအခါ သနားစိတ်သည် စေတနာဖြစ်၍ သွား၏။

"ဒါမေပယ့်... ကျွန်မ မယုံဘူး"

မိုးစိုး ရွှေကဲနှင့် မျက်နှာချင်းဆိုင်ကာ ရပ်ပစ်လိုက်သည်။ ဆွဲသံတွေ၊ အော်သံတွေ ဆူညံကာ သွား၏။ သို့သော် အနားကိုတော့ ဘယ်သူမှ ရောက်မလာကြ။

"ခင်ဗျား မယုံရင် ကျုပ် ဘာလုပ်ပြရမလဲ ပြော။ ပေးချင်တဲ့သစ္စာပေး။ ကျိန်ချင်သလောက် ကျိန်၊ ကျုပ် ခင်ဗျားပစ္စည်းကို မခိုးဘူး"

"မခိုးဘူးဆိုရင် ဒီလောက်လေးပြောယုံနဲ့ ဘာဖြစ်လို့ ကျွန်မကို လည်ပင်းညှစ်ရတာလဲ"

ရွှေကဲ ငြိမ်ကာသွား၏။ ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်သွားပုံရသည်။

"မခိုးဘူးဗျာ...မခိုးဘူး။ ကျုပ် ခင်ဗျားယုံအောင် ဘာလုပ်ပြရမလဲ...။ ပြော"

"ကောင်းပြီလေ။ ဒါဆိုရင် ဒီနေ့ကစပြီး ရက်လေးဆယ်တိတိ ရှင် ကျွန်မ အကူအညီတောင်းတာကို လုပ်မလား။ ပြော...။ ကျွန်မ တောင်းတဲ့ အကူအညီကို ရှင် မငြင်းဆန်ဘဲ လုပ်ရမယ်။ အဲဒါဆိုရင် ကျွန်မယုံမယ်"

"ဘာဖြစ်လို့ လုပ်ရမှာလဲဗျ။ ခင်ဗျားခိုင်းချင်ရာခိုင်းတာကို ကျုပ်က လုပ်ရမှာလား"

"ဒီမှာ ကျွန်မအကူအညီတောင်းတဲ့အထဲမှာ ကံငါးပါးကို ကျူးလွန်တာမပါဘူး။ အကုသိုလ်ကိစ္စ မပါဘူး။ မတရားလုပ်တာလည်း မပါစေရဘူး"

ရွှေကဲ ငြိမ်ကာသွားသည်။ တင်အောင်မင်းသိမ်းတို့ကတော့ ဘာဖြစ်လို့ ဖြစ်မှန်း မသိတော့။

"ဘာလဲ...။ ဆန်အိတ်ထမ်းပေးရမှာလား"

www.foreverspace.com.mm



"ရှင့်ခန္ဓာကိုယ်ကို ပင်ပင်ပန်းပန်း ညှင်းဆဲရမယ့်ကိစ္စလည်း မပါဘူး။ နည်းနည်းတော့ ရှိချင်ရှိမယ်။ အဲဒါဆိုရင် ကျွန်မက ရှင် ဒီပိုက်ဆံအိတ်ကို မခိုးဘူးဆိုတာ ယုံမယ်။ မဟုတ်ရင်တော့···"

ရွှေကဲ အံကို ကြိတ်ကာ ငြိမ်သွားသည်။

"ဆက်မပြောနဲ့···ကျုပ်လုပ်မယ်။ ခင်ဗျားခိုင်းချင်တာ ခိုင်းဗျာ။ ဆရာတော့်ကိုတော့ ထပ်မစော်ကားနဲ့···။ ဒါပဲ"

❊

www.foreverspace.com.mm

သူငယ်ချင်းတွေ အတန်တန်တားနေသည့်ကြားက လုပ်ချင်ပြီဆိုလျှင် ဇွတ်လုပ်တတ်သော မိုးစိုး နောက်နေ့တွေမှာ ပင်ပန်းတော့သည်။ သူအကြိမ်ကြိမ်တောင်းတခဲ့ပြီး အခုမှ ရရှိလာသော အခွင့်အရေးမို့ မိုးစိုး တက်ကြွရင်ခုန်ကာ ဝမ်းသာနေမိ၏။ ရက်လေးဆယ်အတွင်း သူ့ကို ပြုပြင်ပြောင်းလဲပေးဖို့ Plan တွေ ချရသည်။

ပထမဦးဆုံးအလုပ်က သူ့နိဂိုကို ဓာတ်ပုံရိုက်ရန်ဖြစ်သည်။ နာမည်ကြီး ပီတာကို Phone လှမ်းဆက်ပြီး ဓာတ်ပုံရိုက်မည်ချိန်းရသည်။ အဲဒီမှာ ရယ်စရာတစ်ခု စကြုံသည်။ ပီတာက မိုးစိုး (သို့) မိုးစိုးရဲ့ သူငယ်ချင်း၊ ကောင်မလေးရိုက်မည်ဟု ထင်ပုံရ၏။ ရွှေကဲကိုတွေ့တော့ ပီတာ တော်တော်စိတ်ဓာတ်ကျသွားပုံ ပေါ်၏။ ဓာတ်ပုံရိုက်ကြတော့ ကိုပီတာသင်ပေးသော Model ပုံတွေကို ရွှေကဲ မနေတတ်။ အားလုံး ဝိုင်းဖျောင်းဖျကာ ရိုက်ခိုင်းသော်လည်း နေပုံတွေက အားလုံး ကို့ယို့ ကားယားချည်းသာ ဖြစ်သည်။

ကိုပီတာ့မျက်နှာ တစ်ဖြည်းဖြည်းပျက်လာသလို ရွှေကဲမျက်နှာကလည်း ရှက်လွန်းသဖြင့် နီရဲကာ လက်တွေခြေတွေ တုန်နေပြီ။ ကိုပီတာက ‘မင်း ဘာရည်ရွယ်ချက်နဲ့ ဒီကောင့်ကို ဓာတ်ပုံလာရိုက်တာလဲ မိုးစိုး’ ဟု ဒေါသတကြီးမေးသည်။ ကိစ္စရှိလို့ပါပြောပြီး မိုးစိုးကြားဝင်ရ၏။ ရွှေကဲ နေသလိုနေပစေ။ ကိုပီတာကြိုက်တဲ့ ကင်မရာ အန်ဂယ်(လ်)က ရိုက်ဆိုမှ အဆင်ပြေသွားသည်။

www.foreverspace.com.mm



ကိုပီတာ့ထဲမှ ရလာသော ဓာတ်ပုံတွေကို Computer ထဲထည့်ကာ Scan ဖတ်ကာ တစ်ပုံချင်းကြည့်ပြီး ပြုပြင်ရမည့်အချက်တွေကို Notes ထုတ်ရသည်။ ပြီးတော့ ဒုတိယအဆင့်အနေဖြင့် မိုးစိုးပြင်နေကြ သူငယ်ချင်း သဲပုံတို့ဆိုင်ကို ခေါ်သွားကာ မျက်နှာပေါင်းတင်ရသည်။ ရွှေကဲအသားအရေနှင့်လိုက်မည့် Lotion, Cream စသည်တို့ကို ဝယ်ရသည်။

သဲပုံတို့ဆိုင်မှာ ပြဿနာတစ်ခု တက်သေးသည်။ ရွှေကဲမျက်နှာကို ဆေးပြီး Cream လိမ်းနေတုန်း ဖြုန်းဆို ဘာမပြောညာမပြောသဲပုံကို တွန်းဖယ်ကာ ထထွက်သွားသဖြင့် အားလုံး ဒုက္ခရောက်ရသေးသည်။ မိုးစိုးကိုယ်တိုင်လိုက်ကာ…လမ်းမကြီးမှာ ဆွဲခေါ် ရှင်းကြ အော်ကြရသေးသည်။

"ကျုပ်မျက်နှာကို မလိမ်းနဲ့ဗျ။ ကျုပ် အခြောက်မဟုတ်ဘူး"

"စိတ်ချပါ။ ကိုရွှေကဲ မျက်နှာကို ဘာမှမလိမ်းပါဘူး…။ မိုးစိုး ကတိပေးပါတယ်"

"မလိမ်းဘူးသာဆိုတယ်…အခုလိမ်းတဲ့ အေးစက်စက်တွေက ဘာတွေလဲဗျ"

"အဲဒါ မျက်နှာသန့်ဆေးပါ။ မိတ်ကပ်မဟုတ်ပါဘူး"

"ဘာဗျ။ မျက်နှာသန့်ဆေး လိမ်းရအောင် ခင်ဗျားက ကျုပ်မျက်နှာကို မသန့်ဘူး ထင်လို့လား။ ကျုပ်ကို မျက်နှာမသစ်တဲ့ ကောင်လို့ ထင်လို့လား"

"မဟုတ်ဘူး ရွှေကဲ။ လူတစ်ယောက်ရဲ့ မျက်နှာဟာ နေ့စဉ် မျက်နှာသစ်ယုံနဲ့ မသန့်စင်နိုင်ဘူး…။ မျက်နှာအရည်ပြားမှာရှိတဲ့ ချွေးတွင်းဝတွေမှာ ကပ်နေတဲ့ အညစ်တွေ၊ နှာခေါင်းနဲ့နှုတ်ခမ်းတစ်ဝိုက်မှာ ရှိတတ်လေ့ရှိတဲ့ ဆားဝက်ခြံတွေ…အဲဒါတွေကို သန့်ရှင်းပစ်ဖို့အတွက်ပါ"

မိုးစိုး စိတ်ရှည်လက်ရှည် ရှင်းပြတော့ ရွှေကဲ ဘာမှမပြောတော့

ဘဲ ခေါင်းငိုက်စိုက်နှင့် ပြန်လိုက်လာကာ ခံမှာပြန်ထိုင်သည်။ ရွှေကဲပုံစံက သူ့ကို လုပ်ချင်တာ လုပ်ပေတော့ဆိုတဲ့ ပုံစံမျိုး။ ဘာတစ်ခွန်းမှ မပြောမချင်း သဲပုံပြောသမျှကို စက်ရုပ်တစ်ရုပ်လို အတိအကျလိုက်နာပေသည်။ မိုးစိုး နံဘေးကကြည့်နေရင်း ရင်ထဲမှာ မကောင်း။ မိုးစိုး စိတ်မကောင်းဆုံး အချက်က ကျွန်တော့်ကို ဘာဖြစ်လို့ ဒါတွေလုပ်နေတာလဲဟု လုံးဝ ရွှေကဲက မမေးခြင်းဖြစ်သည်။

"အဲဒါကတော့ သဘာဝမကျဘူးကွာ…။ ဒီလောက် ဆတ်ဆတ် ထိမခံတဲ့လူက မင်းလုပ်ချင်တာ လုပ်တာခံပြီး…ဘာဖြစ်လဲဆိုတာကို မမေးတာ သဘောဝကို မကျဘူး"

"ခေမာ့အမြင်အရတော့…သူ့ပုံစံက ဝဋ်ခံနေရတဲ့ လူလိုပဲ။ မင်းတို့ကြိုက်တာလုပ်…။ ငါ့အမှားအတွက် ငါခံရတာဆိုတဲ့ ပုံစံမျိုးကြီး။ သူ့မျက်လုံးမှာ ဘာခံစားချက်မှ မရှိဘူး။ စမ်းသပ်ခန်းထဲက ပူးတစ်ကောင် လိုပဲ…။ ငါ သူ့ကိုကြည့်ပြီး အရမ်းသနားတာပဲ"

ခေမာနှင့် သာသာ့စကားကြောင့် မိုးစိုး ရင်မောကာ သွားသည်။ သူ့မှာလည်း နှလုံးသားနဲ့ပဲ…။ ဒီကိစ္စကို မိုးစိုးသိပါသည်။ သူလုပ်နေတာက တွေကို ရွှေကဲက သိလျက်နှင့် တမင်မမေးတာဟု ပထမ မိုးစိုးထင်သည်။ နောက်…နေ့စဉ်တွေ့ကာ အတူသွား…အတူနေတော့မှ ရွှေကဲသည် မိုးစိုးဘာလုပ်နေသည်ဆိုတာကို တကယ်မသိကြောင်း သိလာရ၏။ တကယ်တော့ ဘာမှမဟုတ်သည့်အချက်ကလေးတစ်ချက်ကို အနိုင်ယူကာ လူတစ်ယောက်ကို သူလုပ်ချင်သလို လုပ်နေတာဖြစ်ကြောင်း မိုးစိုးသဘော ပေါက်ခဲ့သည်။

"ကိုယ် တစ်ခုတော့ပြောမယ်ကွာ၊ ကျော်စိုးကိုငြင်းဆန်ဖို့အတွက် ရွှေကဲကို ကိုယ်အသုံးခဲ့တာတော့ မဟုတ်ဘူး။ ကျော်စိုးကို ဒီအတိုင်း ငြင်းလိုက်ရင်လည်း ရပါတယ်။ ရွှေကဲကို သရဖီက ပုံတုံးကြီးလို့ခေါ်တာ တစ်ခုရယ်၊ ကိုယ် အရှုးအမူးမြတ်နိုးတဲ့ပညာကို မယုံကြည်တာရယ်ကြောင့်



www.foreverspace.com.mm

www.foreverspace.com.mm



ဒီကိစ္စဖြစ်လာရတာပါ။ ဒီကိစ္စအားလုံးပြီးရင် ရွှေကဲကို ကျေနပ်အောင် တောင်းပန်မှာပါဟာ…။ အဲဒါတော့ ကိုယ် ကတိပေးပါတယ်''

ဒီလိုနှင့်တစ်လပြည့်သောနေ့တွင် ရွှေကဲပုံစံက အရင်ကနှင့် မတူတော့ဘဲ တော်တော်ကြီးပြောင်းလဲလာသည်ကိုတော့ အားလုံးက ဝန်ခံကြသည်။ ဆံပင်ပုံစံပြောင်းရန်နှင့် အဝတ်အစားကိစ္စသာ ကျန်တော့သည်။ ဆံပင်ကိုတော့ မိုးစိုးက နောက်ဆုံးနေ့မတိုင်ခင်တစ်ရက်အထိ အရှည်ထားပေးရန် ဆုံးဖြတ်သည်။ ကိုယ်လိုချင်တဲ့ဆံပင်ပုံစံရဖို့အတွက် သင့်တင့်သော အရှည်ရှိမှသာ ဖြစ်မည်မဟုတ်လား။

အဝတ်အစားအတွက် သူငယ်ချင်းနှစ်ယောက်ကိုခေါ်ကာ စိတ်ကြိုက် ဒီဇိုင်းများရရန် ဗိုလ်ချုပ်ဈေး၊ မင်္ဂလာဈေးနှင့် ပလာဇာပေါင်းစုံကို ပတ်ကြရသည်။ Ready Made အင်္ကျီက တစ်ထည်နှစ်ထည်အပြင် စိတ်တိုင်းကျမရ။ ဒါနဲ့ ဘောင်းဘီနှင့်အင်္ကျီအတွက် ကပိတ်စတွေဝယ်ကာ ဗိုလ်ချုပ်ဈေးထဲက ချုပ်နေကျ ကြောင်နှစ်ကောင်အပ်ချုပ်ဆိုင်ကိုပြေးကာ သူငယ်ချင်းလီလီလှကို တိုင်ပင်ရသည်။ လိုချင်သည့်ပုံစံကို ပြောရသည်။

ရက်လေးဆယ်ပြည့်ရန် နှစ်ရက်အလိုတွင် အင်္ကျီများ၊ ဘောင်းဘီများအားလုံး ရသည်။ ညနေဘက်ကို ပီတာ့ကိုချိန်းကာ ရွှေကဲကိုခေါ်သွားသည်။ ဓာတ်ပုံရိုက်ဖို့ အင်္ကျီတွေဝတ်ခိုင်းတော့မှ ပြဿနာက တက်တော့သည်။ ရွှေကဲက ထိုအင်္ကျီတွေကို သူမဝတ်နိုင်။ သူ ယူလည်း မယူနိုင်ဘူးဟုဆိုကာ မဝတ်ဘဲနေသဖြင့် အားလုံးက ဝိုင်းချော့ရသည်။ နောက်ဆုံး ဓာတ်ပုံရိုက်ရန်အတွက်ပဲ ဝတ်ခိုင်းတာပါဆိုမှ ဝတ်၏။ ဒီတစ်ခါတော့ အတွေ့အကြုံရှိသွားပြီဖြစ်သော ကိုပီတာက ရွှေကဲကို နေချင်သလို နေခိုင်းကာ သူ့ကျွမ်းကျင်မှုနှင့် ရအောင်ရိုက်သွားသည်။

ဓာတ်ပုံရိုက်ပြီးသည်နှင့် အင်္ကျီကိုချွတ်ကာ ရွှေကဲ ပြန်သွားသည်။ ဒီနေ့ ဓာတ်ပုံရိုက်ရန်ဟုသာ ပြောခေါ်လာခဲ့သဖြင့် သူ့တာဝန်ပြီးတာနှင့် ပြန်သွားသည်။ ကိုယ်ရိုက်ထားသည့် ဓာတ်ပုံကိုပင် ကိုယ်မကြည့်သော

www.foreverspace.com.mm

ရွှေကဲကို ကိုပီတာက အံ့သြနေခဲ့သည်။

အိမ်ပြန်ရောက်တော့ မိုးစိုး Computer ထဲကို ဓာတ်ပုံတွေ ထည့်ကာ Scan ဖတ်သည်။ ပထမပုံ၊ ဒုတိယပုံ၊ ယခုနောက်ဆုံးပို သုံးပုံကို ယှဉ်ကာကြည့်သောအခါ ရွှေကဲသည် လုံးဝအရင်တုန်းက ရွှေကဲ မဟုတ်တော့။ လုံးဝပြောင်းလဲသွားပြီဖြစ်သည်ကို ဝမ်းသာအားရ တွေ့ရသည်။ ဒီထက်ပိုပြောင်းလဲရန် ဆံပင်ပုံစံသာ ကျန်တော့၏။ မိုးစိုး ဓာတ်ပုံနှစ်ရာကျော်လောက်ကို တစ်ပုံချင်း ပြန်ကြည့်ကာ ရွှေကဲနှင့် လိုက်ဖက်မည့် ဆံပင်ပုံစံကို ရွေးချယ်ရသည်မှာ ညတစ်နာရီကျော်သည်အထိ မပြီးသေး။ စိတ်တိုင်းကျပုံစံကို မရ။

"သမီး ညဉ့်နက်လှပြီ။ မအိပ်သေးဘူးလား သမီးရဲ့"

"ခဏလေးပါ မေမေ…။ ပြီးရင် အိပ်မှာပါ"

"ငါ့သမီးလည်း ပင်ပန်းလိုက်တာ…။ သမီး ဒီဇိုင်နာပြိုင်ပွဲဝင်လုပ်ဖို့ လုပ်နေတာလား"

"ဟုတ်တယ်မေမေ။ လူအများကြီးတော့မဟုတ်ဘူး။ တစ်ယောက် တည်းပြိုင်ရမှာ"

"မေမေ သမီးပြောတာ နားမလည်ဘူး။ တစ်ယောက်တည်း ဘယ်လိုလုပ် ပြိုင်မှာလဲ"

မိုးစိုး တစ်ချက်ပြုံးပြကာ သူ့ Computer ကို ပြန်ဖွင့်ကာ ရွှေကဲ မူလပုံ၊ ဒုတိယပုံနှင့် တတိယပုံတို့ကိုပြရင်း မေမေ့ကို ရှင်းပြသည်။ မေမေ ကိုယ်တိုင်က မိုးစိုးကို ချီးကျူးသည်။

"သမီးကျောင်းပြီးသွားရင် ဒီအလုပ်ကိုပဲ ဆက်လုပ်သမီး…။ သမီး ကျိန်းသေအောင်မြင်လိမ့်မယ်"

မိုးစိုးရင်ထဲမှာ ပီတိတွေ ဝင်းလဲ့ကာသွားသည်။ ကိုယ့်ဝါသနာကို အားပေးတဲ့ ဂုဏ်ယူတတ်တဲ့ မိဘနဲ့နေရတာ ဘယ်လောက်စိတ်ချမ်းသာဖို့ ကောင်းသလဲ။

"ဒါပေါ့မေမေရ…။ ဖေဖေ့ဆီတောင်မှ လှမ်းစာရေးပြီးပြီ။ ဖေဖေ့ဆီ လိုက်သွားပြီး သင်တန်းတက်ချင်လို့…။ ဖေဖေက ကျောင်းပြီးရင် လာခဲ့တဲ့"

"ဩော်…သားအဖနှစ်ယောက် ကြိတ်ကြံထားကြတာပေါ့လေ…။ ဘာလဲ…။ မေမေက တစ်ယောက်တည်း နေခဲ့ရမှာလား"

"မေမေ့ကိုပါ ခေါ်သွားရမှာပေါ့။ မေမေလည်း ဖေဖေ့ကိုလွမ်းနေပြီဆိုတာ သမီးသိသားပဲ"

"ဟယ်…ဒီကောင်မလေး"

မေမေက မိုးစိုးကို လှမ်းကာရိုက်သည်။ မိုးစိုးက မေမေ့ခါးကို ကြည်နူးစွာ ဖက်ထားလိုက်သည်။

❀



www.foreverspace.com.mm

www.foreverspace.com.mm



ရွှေကဲ…အိပ်မပျော်ပါ။

မိုးကျော်တို့သုံးယောက် တိုးတိုးစကားပြောနေသံကို သူကြားနေရပါသည်။ အာရုံစိုက်စရာမလိုဘဲ သူ့အကြောင်းကို ပြောနေမှန်း သူသိသည်။ ဒီထက်များ နည်းနည်းအာရုံစိုက်လိုက်လျှင် သူ့အကြောင်း မည်သည့်ကိစ္စကို ပြောနေမှန်း တိတိကျကျ သိနိုင်ပါသည်။ သို့သော် ရွှေကဲ အာရုံမစိုက်တော့ပါ…။ "မနက်ဖြန်ဆိုလျှင် သူ ငရဲကလွတ်ပြီ" ဆိုတာကို သူသိပါသည်။

ထင်မှတ်မထားဘဲ သူ ငရဲကျခဲ့သည်။ သို့သော် သူ မည်သူ့ကိုမှ အငြိုးမထားပါ။ သူ့ကာလဝိဘတ်ကြောင့်ပဲ ဖြစ်လိမ့်မည်ဟု သူယူဆသည်။ မာတုဂါမတွေကို လွတ်အောင်ရှောင်ပါ။ မရှောင်နိုင်ရင် သည်းခံပါဟု ဆုံးမခဲ့သော ဆရာတော့်စကားကို သူ အမြဲလက်ကိုင်ထားခဲ့ပါသည်။ ဆရာတော်က "သည်းခံတယ်ဆိုတာ ချုပ်တည်းတာမဟုတ်ဘူး ရွှေကဲ…။ နားလည်တာ" ဟု ဆုံးမဖူးသည်။ ချုပ်တည်းတယ်ဆိုတာ ပုထုဇဉ်အတွက် ဒေါသကို စုထားတာပဲ။ သည်းခံခြင်း ဖြစ်မလာနိုင်ဘူး။ သည်းခံခြင်းဆိုတာ နားလည်မှုပဲ။ ဉာဏ်ပညာနဲ့ယှဉ်တဲ့၊ မေတ္တာနဲ့ယှဉ်တဲ့ နားလည်မှုမျိုးကသာ သည်းခံခြင်းကို ပေးနိုင်တယ်တဲ့။

ဆရာတော်၏ဆုံးမစကားအတိုင်း ငရဲကျသောရက်များမှာ သူ သည်းခံမှုအောင်မြင်ခဲ့သည်ဟု ထင်ပါသည်။ သို့သော်…သူ့စိတ်ထဲမှာ မကျေနပ်တာ တစ်ခုရှိနေသည်။ ငရဲကျသူသည် ငရဲကိုကြောက်ရမည်၊ မုန်းရမည်။ ငရဲမှလွတ်လျှင် ပျော်ရွှင်ဝမ်းမြောက်မှုရှိရမည်။ အခု သူ့ဆီမှာ

ဘာကြောင့် ပျော်ရွှင်ဝမ်းမြောက်မှု မရှိရသနည်း။

သုံးဆယ့်ကိုးရက်လုံးလုံး မိုးမိုးစိုးက လာဆိုလာ၊ သွားဆိုသွား…။ ဒီလိုနေဆို နေ…။ ဒီဟာဝတ်…ဒီဟာလိမ်း…ဟိုလိုလုပ်…စသည့် ခိုင်းသမျှကို တစ်ခွန်းမှ ပြန်မပြောဘဲ လုပ်ခဲ့တာ ဉာဏ်ပညာနဲ့ မေတ္တာနဲ့ ယှဉ်တဲ့ သည်းခံခြင်းကြောင့်ဆိုတာ ဟုတ်ရဲ့လား။ ပထမရက်များအတွင်းမှာတော့ စိတ်ဆင်းရဲစွာ သည်းခံခဲ့ရတာကို သူမှတ်မိသည်။ သို့သော် တစ်ပတ်ခန့်ကြာပြီး နောက်ရက် နောက်ရက်တွေမှာ သူ ဘယ်လိုသည်းခံခဲ့သလဲဆိုတာကို သူ ပြန်တွေးကြည့်သည်။

မြတ်စွာဘုရားသည် သူ့အပေါ်တစ်လျှောက်လုံး ဆိုးခဲ့၊ ညစ်ခဲ့၊ ပြဿနာရှာခဲ့၊ ရန်ရှာခဲ့သော ဒေဝဒတ်၏လားရာကို သိသည်။ သွားရာကိုလည်း ဉာဏ်တော်အနန္တဖြင့် သိတော်မူသည်။ ပြီးတော့ ဒေဝဒတ်အပေါ် သားတော်ရာဟုလာနှင့်မခြားသော မေတ္တာကိုလည်း ထားတော်မူခဲ့သည်။ ထိုသို့ဖြင့် မြတ်သော သည်းခံခြင်းဖြင့် သူ သည်းခံနိုင်ခဲ့ပါသလား။

ရွှေကဲ ဆက်မတွေးတော့။ ထိုအတွေးကို ကြောက်ကြောက်နှင့် ရပ်ကာ သူ့ကိုယ်သူ ဘာစကားဆက်ပြောရမှန်း မသိသောစိတ်သည် ဟိုဒီခုန်ကာနေသည်။

"သာသာတို့ပြောပုံအရဆို ဒီကောင် တော်တော်ခံလိုက်ရတာပဲ…။ အဲဒါကို ဒီကောင် မသိဘူးလား"

"မသိဘဲနေမလား။ သိမှာပေါ့…။ ဒီလောက် အတူတူသွားနေတဲ့ဟာ"

"ငါ့စိတ်ထင်တော့ မသိဘူးထင်တယ်နော်…။ မိုးကျော်။ ငါတို့ ဒီကောင့်ကို ပြောပြရရင် ကောင်းမလား"

"ပြောမနေပါနဲ့ကွာ…။ ဒီလောက် မပွင့်လင်းတဲ့ကောင်မျိုး ဒီတစ်ခါပဲ တွေ့ဖူးတယ်။ ဒီကောင်က ငါတို့ကို အရေးအရာလုပ်ပြီး တိုင်ပင်ဖူးလို့လား"



www.foreverspace.com.mm

www.foreverspace.com.mm



“အေးကွာ…။ ဒီကောင်လည်း ခက်တာပဲ။ ငါတို့ကိုများ အယုံအကြည်မရှိ ဖြစ်သွားလား မသိဘူးကွ”

စကားသံက တိတ်ကာသွားသည်။ ထို့နောက် ထိုလောက်မပြတ်သားတော့ဘဲ တီးတိုးစကားသံများကိုသာ ကြားရတော့သည်။ မနက်ဖြန် ဆိုတာပါသည်။ သရဖီဆိုတာ ပါသည်။ မိုးစိုးဆိုတာပါသည်။ ရွှေကဲ ခြင်ထောင်ထဲက ထထွက်ကာ သူတို့ကို သွားရှင်းပြလိုက်ရင် ကောင်းမလားဟု စိတ်ကူးမိသေးသည်။ သို့သော် အရာရာက ပြီးဆုံးသွားပါပြီ…။

မိုးစိုးစကားအရဆိုလျှင် မနက်ကျောင်းမသွားမီ မိုးစိုးအိမ်သို့သွားရမည်။ ပြီးလျှင် မိုးစိုးနှင့်အတူ ကျောင်းသို့ သွားရမည်။ ကျောင်းရောက်လျှင် သူ့ကိစ္စပြီးပြီ။ နောက်ထပ် ပတ်သက်စရာ မရှိတော့။ ရွှေကဲမျက်လုံးတွေကို ဖျော့ဖျော့မှိတ်ထားရာမှ အတင်းမှိတ်သည်။ မျက်ဝန်းထဲမှာ အမှောင်သည် ပို၍ နက်ကာသွားသည်။ သို့သော် ရွှေကဲအိပ်၍တော့မရ။

❀

www.foreverspace.com.mm



ကဲန်တင်းသည် ဆူညံကာနေသော်လည်း မိုးစိုးတို့ဝိုင်းတစ်ဝိုင်းတည်း ငြိမ်သက်ကာ တိတ်ဆိတ်နေသည်။ ထိုတိတ်ဆိတ်မှုသည် ကဲန်တင်းထဲက ဆူညံမှုကို လွှင့်ပျောက်ကွယ်စေကာ မိုးစိုးစိတ်ထဲမှာ တစ်ကမ္ဘာလုံး တိတ်ဆိတ်နေသည်ဟုသာ ထင်သည်။

မိုးစိုး၊ သာသာနှင့် ခေမာတို့ အုပ်စုအားလုံး သရဖီ့မျက်နှာကို မျက်တောင်မခတ် ကြည့်နေကြသည်။ သရဖီကတော့ ရွှေကဲကို တအံ့တသြ ကြည့်နေသည်။ ရွှေကဲက မိုးစိုးမှာထားသည့်အတိုင်း တည်ငြိမ်စွာ ထိုင်နေပါသည်။

သရဖီ ရွှေကဲကိုကြည့်နေရာမှ မျက်နှာလွှဲကာ မိုးစိုးကို ကြည့်သည်။ ပြီးတော့ ယဲ့ယဲ့ကလေးပြုံးကာ လက်ခုပ်သံတဖျောက်ဖျောက် သရဖီ့ထံမှ ထွက်လာ၏။ သာသာဆို ခဏကြောင်နေပြီးမှ အားရဝမ်းသာ လက်ခုပ်ဝိုင်းတီးကာ ဟေး…ဟု အော်ကြသည်။

မိုးစိုးရင်သည် အခုမှ ပေါ့ပါးသွားကာ ပြုံးနိုင်သည်။

"မိုးစိုးကို သရဖီ ချီးကျူးပါတယ်…။ သရဖီရှုံးတယ်ဆိုတာကို ဝန်ခံပါတယ်"

"သရဖီကိုရော ရွှေကဲကိုပါ မိုးစိုး ဝန်ခံစရာနဲ့ တောင်းပန်စရာရှိပါတယ်။ သရဖီ မရှုံးပါဘူး။ ဒီကိစ္စကို ပြိုင်ပွဲတစ်ခုထက် ကြိုးစားမှုတစ်ခုလို့ပဲ မိုးစိုး ခံယူထားလို့ပါ။ အခု ကိုရွှေကဲ ပြောင်းလဲသွားတဲ့အတွက် သရဖီက မရှုံးဘဲ မိုးစိုးရဲ့ကြိုးစားမှုကို အသိအမှတ်ပြုတယ်၊ လက်ခံတယ်လို့ပဲ မိုးစိုး ယူဆပါတယ်။ ပြီးတော့…ရွှေကဲကို တောင်းပန်ရဦးမယ်"

www.foreverspace.com.mm



မိုးစိုးက ဖြစ်ရပ်အားလုံးကို ပွင့်ပွင့်လင်းလင်း ရွှေကဲကို ပြောပြသည်။ ရွှေကဲ ဘာတစ်ခွန်းမှ ဝင်မမေး၊ ဝင်လည်း မပြော။ ဒီမနက်မှ မိုးစိုး ညှပ်ပေးထားသောဆံပင်၊ ဆင်ထားသော အဝတ်အစားများကို ဝတ်ထားရခြင်းအပေါ် စိတ်မသက်မသာတာ တစ်ခုပဲ ရှိသည်။

"အစကတည်းက ပိုက်ဆံအိတ်ကို ရွှေကဲမယူဘူး…၊ မခိုးဘူးဆိုတာ မိုးစိုး အကြွင်းမဲ့ယုံထားပြီးသားပါ။ ဒါပေမယ့် သရဖီ့စကားအပေါ် မခံချင်စိတ်နဲ့ ရွှေကဲရဲ့ကြောက်ရွံ့မှုကို အသုံးချခဲ့ရတာပါ။ အဲဒီအတွက် ရွှေကဲ မိုးစိုးကို ခွင့်လွှတ်ပါ။ မိုးစိုး အနူးအညွတ်တောင်းပန်ပါတယ်။ ပြီးတော့…မိုးစိုးကို သူငယ်ချင်းတစ်ယောက်အဖြစ် ရွှေကဲကရော သရဖီကပါ တစ်ဘဝလုံး ဆက်ဆံပေးကြပါ"

သာသာတို့က လက်ခုပ်တီးကြပြန်သည်။

"ကိုရွှေကဲ…။ သာသာတို့ကိုလည်း ခွင့်လွှတ်ပါနော်"

သာသာက ရွှေကဲလက်မောင်းကို ကိုင်ကာ ပြောသည်။ ရွှေကဲ အူတူတူဖြင့် ခေါင်းညိတ်လိုက်၏။ သာသာတို့က ပျော်ရွှင်စွာ လက်ခုပ်တီးကြပြန်သည်။

"ရွှေကဲ…။ မိုးစိုးကိုလည်း ခွင့်လွှတ်တယ်မဟုတ်လား"

မိုးစိုးက ရွှေကဲကို ပြုံးကာကြည့်ရင်း မေးသည်။ မိုးစိုး၏အပြုံးနှင့် မျက်ဝန်းကို မြင်ရတော့ ရွှေကဲ မျက်လွှာချသွားသည်။ ဒီမျက်ဝန်းကို သူ ရင်မဆိုင်ရဲပါ။ ပြီးတော့ ခေါင်းငုံ့ရင်း…

"ခွင့်လွှတ်စရာ မလိုပါဘူး"

ရွှေကဲ စကားကြောင့် မိုးစိုး လန့်ကာသွား၏။ သာသာနှင့်ခမော လည်း ကြောင်ကာသွားကြသည်။ ပြီးတော့ ရွှေကဲကို ထိတ်လန့်တကြား ကြည့်ကြ၏။

"ဘာဖြစ်လို့လဲဆိုတော့ ဒီပြဿနာက ခွင့်လွှတ်ရအောင်အထိ ကျွန်တော့်ရင်ထဲမှာ ကြီးကျယ်တဲ့ ပြဿနာ မဟုတ်လို့ပါ။ ပထမပိုင်းတော့

www.foreverspace.com.mm



မိုးစိုးခိုင်းတာတွေဟာ ကျွန်တော့်အတွက် နေရထိုင်ရ…၊ လုပ်ရကိုင်ရတာ စိတ်ဆင်းရဲဖို့ကောင်းတာ အမှန်ပဲ။ ကျွန်တော်ဟာ မိုစိုးအပေါ်မှာ ရိုးသားပါတယ်ဆိုတာကို ပြဖို့တစ်ခုပဲ စိတ်ထားခဲ့ပါတယ်…"

ရွှေကဲစကားကြောင့် မိုးစိုး သက်ပြင်းကို ချသည်။

"မိုးစိုး နားလည်ပါတယ်…။ ကိုရွှေကဲကို ကြည့်ပြီးတော့လည်း မိုးစိုး အားနာမိတာ။ စိတ်ထဲက ခွင့်လွှတ်ပါလို့ ပြောခဲ့မိတာ အကြိမ်ကြိမ်ပါပဲ။ ဒါပေမယ့် မိုးစိုး ဒီအလုပ်ကိုလုပ်ချင်ခဲ့တာ ကြာပါပြီ။ အဲဒါကြောင့်သာ မျက်စိစုံမှိတ်ပြီး မိုးစိုး လုပ်ချင်တာကို လုပ်ပစ်လိုက်တာပါ"

"ကျွန်တော် တစ်ခုပြောပါစေ"

"ပြောလေ…ရွှေကဲ"

"ကိစ္စတွေပြီးပြီဆိုရင် ဒီအဝတ်အစားတွေ ကျွန်တော် ချွတ်လို့ရပြီလား။ နေရထိုင်ရတာ စိတ်ကျဉ်းကြပ်လွန်းလို့ပါဗျာ"

"ဟာ…လုံးဝ မချွတ်ရဘူး။ ဒီအတိုင်းပဲနေရမယ်…။ နောက်နေ့လည်း မိုးစိုးဝတ်ခိုင်းတဲ့ အဝတ်ကိုပဲ ဝတ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ရွှေကဲက မိုးစိုးအတွက် ပထမဦးဆုံး Model ကြော်ငြာ တစ်ယောက်ဖြစ်နေလို့ပဲ"

အားလုံး ရယ်မောလိုက်ကြသည်။ သရဖီကလည်း လွတ်လပ်ပျော်ရွှင်စွာ ရယ်မောကြသည်။ အခုတော့ သူငယ်ချင်းတွေအကြားမှာ ဘာမာန၊ ဘာပြိုင်ဆိုင်မှုမှ မရှိတော့။ သရဖီက မေးသဖြင့် ရွှေကဲကို စတင်ပြောင်းလဲပုံအဆင့်ဆင့်ကို မိုးစိုးက ဓာတ်ပုံမှတ်တမ်းများနှင့်တကွ ရှင်းပြသည်။ ဒီတော့မှ ရွှေကဲသည် သူ့ကို ဘာကြောင့် ဒါတွေလုပ်ခဲ့သည်ဆိုတာကို သဘောပေါက်လာကာ တအံ့တသြ နားထောင်သည်။

ပြီးတော့ ရွှေကဲ၏ပြောင်းလဲမှု ထိရောက်မရောက်ဆိုတာ သိရအောင် ရွှေကဲအတန်းဘက်သို့ သွားကြသည်။ အတန်းထဲရောက်တော့ အမြဲတမ်း ပုံတုံးကြီးအနေနှင့်သာ တွေ့ရသော ရွှေကဲကို အတန်းဖော်တွေ

က တအံ့တသြကြည့်ကြသည်။ ရွှေကဲ မျက်နှာတောင် မထားတတ် လောက်အောင် ရှက်နေမိသည်။ ဆရာတော်သာ တွေ့လို့ကတော့ ကြိမ်လုံးဆွဲကာ ကျိန်းသေလိုက်ရိုက်မှာမလွဲဟု ရွှေကဲ စဉ်းစားမိလေသည်။

ထိုနေ့သည် အောင်မြင်မှုတစ်ခုအဖြစ် အားလုံးပျော်ရွှင်ကြပြီး ရင်းနှီးခင်မင်သော သံယောဇဉ်များလည်း ပိုမိုခိုင်မာသွားသောနေ့ဖြစ်သည်။ ထိုနေ့တစ်နေ့လုံး ဆရာတော်ပေးထားသော မာတုဂါမများကို ရှောင်ကျဉ်ပါမည်ဆိုသည့် ကတိကို ရွှေကဲ လုံး၀ သတိမရတော့တာ အမှန်ပင် ဖြစ်ပါသည်။

❀



www.foreverspace.com.mm

www.foreverspace.com.mm

လူ့ဘဝ လူ့လောကဆိုသည်မှာ ပြီးပြည့်စုံသော ပျော်ရွှင်မှုဟူ၍ မရှိနိုင်သည့်အတွက် ပညာရှိသူတော်ကောင်းများက လူ့ဘဝကို ငြီးငွေ့ခြင်း၊ နေပျော်သော အရပ်ဟု မသတ်မှတ်ခြင်းဖြစ်သည်။ ခင်မင်ခြင်း၊ ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်း အစရှိသော ခံစားမှုများသည် လူတစ်ယောက်၏ စိတ်နှလုံးထဲတွင် တစ်နေရာတည်း ရပ်တန့်နေတတ်သော သဘောမရှိကြ။

မီးတောက်သည် အရာဝတ္ထုတစ်ခုကို လောက်ကျွမ်းပြီးနောက် ဝလင်ပြီဟု ရပ်တန့်ခြင်းမရှိဘဲ ရှိသမျှအရာဝတ္ထုများကို ဆက်လက်လောင်ကျွမ်းတတ်သကဲ့သို့ သံယောဇဉ်နှင့်ခင်မင်ခြင်းတို့သည်လည်း အပြင်းဆုံးမီးဖြစ်သည်။ ကိလေသာတိုင်အောင် လောင်ကျွမ်းနိုင်သော အရှိန်ရှိလေသည်။

မိုးစိုးတို့နှင့် ခင်ရသည့်သုံးလအတွင်း ရွှေကဲသည် ထိုသို့ လောင်ကျွမ်းနေသော မီးတောက်တစ်ခုဖြစ်သည်။ ထိုမီးတောက်သည် ခင်မင်ခြင်းကို လောက်မြိုက်သည်။ ပျော်ရွှင်ခြင်းကို ဆက်လက် လောင်မြိုက်သည်။ ထိုမှတစ်ဆင့် သံယောဇဉ်ကို လောင်မြိုက်သည်။ ထိုမှတစ်ဆင့် အာသာငမ်းငမ်းတက်နေသော မီးတောက်သည် အရှိန်ကောင်းကောင်းနှင့် ကြောက်မက်ဖွယ်ရာ ရွှေကဲရင်ထဲမှာ တောက်လောင်လျက်ရှိသည်။

လောင်စရာလောင်စာက ရှိပါသည်။ သို့သော် ရွှေကဲက လောင်ကျွမ်းခွင့် မပေးသဖြင့် အတွေးတစ်လျှောက် ထိုမီးတောက်က ယိမ်းထိုးလျက်ရှိ၏။ ထိုမီးတောက်ကို ရွှေကဲက လုံအောင်ထိမ်းပါသည်။ သို့သော်

www.foreverspace.com.mm



ထိုမီးတောက်သည် မိုးစိုး၏ ကော့ညွတ်နေသော နှုတ်ခမ်းကလေးကို လောင်ချင်သည်။ ပြေပြစ်တင့်တယ်သော ကိုယ်လုံးကိုယ်ပေါက်ကို ဝါးမျိုချင်သည်။ ကြည်လင်တောက်ပ ရွှန်းလဲ့နေသော မျက်ဝန်းကလေးတွေကို အရောင်ဟတ်ချင်သည်။ နူးညံ့ဖြူဖွေးသော လက်ဖဝါးကလေးတွေကို စေတနာသဒ္ဓါတရားရှိသော စိတ်ထားကို၊ သံယောဇဉ်တကြီး ခင်တွယ်တတ်သော အပြုအမူများကို၊ အမြဲနားလည်ပေးသော ဦးစားပေးမှုကို၊ အာသာငမ်းငမ်းတက် လောင်ကျွမ်းချင်နေသည်။

လောင်ကျွမ်းခွင့်မရလေလေ မီးတောက်၏ယိမ်းထိုးမှုက ကြောက်မက်ဖွယ်ရာ ယိမ်းထိုးလေလေဖြစ်လာသဖြင့် ထိုမီးတောက်မီးလျှံများ အပြင်မထွက်ရအောင် ရွှေကဲ မျိုချထားရသည်။ ငုံထွေးထားရသည်။ ထို့ကြောင့် ရွှေကဲနှလုံးအိမ်သည် ပူခြစ်နေသည်။ လောင်ကျွမ်းနေသည်။ တိတ်တဆိတ် ပေါက်ကွဲနေသည်။ ထိုပူလောင်မှုသည် တစ်စက္ကန့် တစ်မိနစ်မျှ မပြတ်။

မိုးစိုးနှင့်အတူရှိနေချိန် ရယ်မောပျော်ရွှင်နေချိန်တွင် ထိုမီးတောက်သည် သူ ဝတ်မွတ်သော လောင်စာကို ဝါးမျိုရလိမ့်မည်ဟု ထင်နေသဖြင့် အနည်းငယ်အေးသည်။ ငြိမ်ဝပ်သည်။ မိုးစိုးနှင့်လမ်းခွဲကာ အဆောင်သို့ ပြန်ရောက်သည်နှင့်တစ်ပြိုင်နက် သူ လောင်ကျွမ်းချင်သော လောင်စာနှင့် ဝေးသွားသဖြင့် နှစ်ဆဒေါသတကြီး သောင်းကျန်းတတ်လေသည်။ ထိုအခါ တလူးလူးတလိမ့်လိမ့်နှင့် ဣန္ဒြေပျက်လုနီးပါး အမေ့မေ့အလျော့လျော့နှင့် ရွှေကဲဖြစ်လာသည်။

အရင်တုန်းက အိပ်ခါနီးဘုရားရှိခိုးလိုက်ရလျှင် ရွှေကဲရင်မှာ ငြိမ်းချမ်းသွားလေ့ရှိသည်။ အခု ဘုရားပင် ဝတ်မပြုနိုင်တော့။ မည်မျှ ထိန်းသိမ်းသည်ဖြစ်စေ မီးတောက်မှာ အလင်းရောင်ရှိသည်။ ထိုအလင်းရောင်သည် ပူသည်။ ထိုအပူရောင်ကို ဘေးလူက သိလေသည်။

‘‘မင်း...မိုးစိုးကို ဖွင့်မပြောရသေးဘူးလား ရွှေကဲ’’

www.foreverspace.com.mm



မိုးကျော်စကားကြောင့် ရွှေကဲတစ်ကိုယ်လုံး တုန်ခါသွားသည်။ ရင်ထဲမှာလည်း လျှပ်ခနဲ တစ်ချက်ခံစားလိုက်ရ၏။ ရှက်စိတ်ကြောင့် မျက်နှာရဲသွားသည်။ သူ အကြားချင်ဆုံးစကား။ သို့သော်··· သူ အကြောက်ဆုံးစကား။

"ဘာဆိုင်လို့လဲဗျ။ ကျုပ်က သူတို့နဲ့ သူငယ်ချင်းလို၊ မိတ်ဆွေလို နေတာပဲ။ ဘာကို ဖွင့်ပြောရမှာလဲ"

"သွားစမ်းပါ ရွှေကဲရာ···။ မင်းပုံစံကြည့်ရင် သိသာနေတာပဲဟာ။ မင်းပုံစံက အရင်တုန်းကနဲ့ တူလို့လား"

"ကျုပ်က အဲဒီအဝတ်အစားတွေကို မဝတ်ချင်ပါဘူးဗျာ။ သူတို့က အတင်းဝတ်ဝတ်ခိုင်းနေလို့ပါ···။ ဝတ်ရတာ ကိုယ်တောင် ယားသေးတယ်"

"ငါတို့က ခန္ဓာကိုယ်ပေါ်က အဝတ်အစားကို ပြောနေတာ မဟုတ်ဘူး ရွှေကဲ။ မင်းစိတ်ကို ပြောနေတာ။ မင်းစိတ်ထဲမှာ မင်းပြောသလို မိုးစိုးအပေါ် ရိုးသားတယ်ဆိုတာ တကယ်လား"

တင်အောင်မင်းသိမ်းစကားက ရွှေကဲရင်ကို တိုက်ရိုက်ထိသည်။ ရုတ်တရက် ဘာမှပြန်မပြောနိုင်။ ဒီကောင်တွေနဲ့ တိုင်ပင်လိုက်ရလျှင် ကောင်းမလားဟု စိတ်ကူးလိုက်မိသေးသည်။ သို့သော်···မိုးကျော်တို့ မျက်နှာတွေက သူ့ကို လိုလိုချင်ချင်ခင်ခင်မင်မင် မေးသည့်ပုံစံမပေါက်။ သူ့ကို အမှုစစ်ကာ တစ်ခုခုကို သိချင်နေသည့် ပုံစံမျိုး။ သူ့ရင်ထဲရှိသမျှ ရိုးသားစွာ ဖွင့်ပြောလိုက်လျှင် သူ့ကို လှောင်ချင်လှောင်မည်။ မတန်မရာကို စိတ်ကူးရသလားဟု ဝိုင်းနှိပ်ကွပ်ချင် နှိပ်ကွပ်မည့်ပုံစံမျိုးဟု ရွှေကဲ ထင်သည်။

"ဟား···ဟား···ဟား ဖြေလေကွာ···။ မဖြေနိုင်တော့ဘူး မဟုတ်လား။ မင်းက နေ့တိုင်းဘုရားရှိခိုးပြီး ကံငါးပါးလုံအောင် ထိန်းတဲ့ကောင်ပဲ။ ဒီတော့···ငါတို့မေးတာ မှန်မှန်ဖြေလေ။ မင်း လိမ်ရင် မင်း

www.foreverspace.com.mm



ကံတစ်ပါးကျိုးမှာပဲ''

ကံတစ်ပါးကျိုးဖို့ကို အရင်တုန်းက သေမလောက်ကြောက်ခဲ့သော ရွှေကဲ အခုတော့ အလွယ်တကူပင် လိမ်မိသွားသည်။ ထိုသို့ လိမ်သည်ကိုလည်း ကံတစ်ပါးကျိုးသည်ဟု သူ မမြင်။ မိုးစိုး၏သိက္ခာနှင့် သူ့အရှက်ကို ကာကွယ်သည်ဟုသာ မြင်သည်။

''ခင်ဗျားတို့ကို ကျွန်တော် အပြတ်ပြောပြီးပြီပဲ။ ကျွန်တော် ဘယ်မိန်းမကိုမှ စိတ်မဝင်စားဘူး။ ကျုပ် ဒီကိုလာတာ ပညာသင်ဖို့။ ကျုပ်ဆရာတော်ရဲ့ ကျေးဇူးကို ဆပ်ဖို့လာတာ။ ကျုပ် မိန်းကလေးတွေကို လုံးဝ စိတ်မဝင်စားဘူး။ နောက်ကို ခင်ဗျားတို့ မမေးပါနဲ့။ ကျွန်တော် မကြိုက်ဘူး''

ရွှေကဲ၏ ပြတ်သားသောစကားကြောင့် မိုးကျော်တို့ တော်တော် အံ့သြသွားသည်။ မိုးစိုးတို့အားလုံးက သူတို့ကို မေးထူးခေါ်ပြော ခင်ယုံသာ ရှိသော်လည်း ရွှေကဲကိုတော့ ဂရုတစိုက် အရေးပေးကာ ဆက်ဆံခြင်းကို သူတို့ သိပ်မကျေနပ်ကြ။ ရွှေကဲကလည်း သူတို့ကို မိုးစိုးတို့အုပ်စုထဲ ခေါ်ထည့်မပေးခြင်းကို ပိုမကျေနပ်ကြ။ ဒါကြောင့် ရွှေကဲကို ဝိုင်းမြှောက်ပေးကာ ဘေးက ရယ်ရအောင် စီစဉ်နေခြင်းပင်ဖြစ်သည်။ ရန်ကုန်အကြောင်း ဘာမသိညာမသိ ဘုန်းကြီးကျောင်းသားက သူတို့ထက် ကြောကာ သပ်သပ်ရပ်ရပ်ဝတ်စားပြီး ခပ်ချောချော ကောင်မလေးတွေနဲ့ နေ့စဉ် ပျော်နေရတာကို ပုထုဇဉ်ဆန်စွာ သူတို့ မနာလိုကြခြင်းပင်ဖြစ်သည်။

''ဒီလိုဆိုရင်တော့ မင်းစိတ်ဓာတ်ကို ငါတို့ လေးစားပါတယ် ရွှေကဲရာ...။ ချီးလည်း...ချီးကျူးပါတယ်။ မိုးမိုးစိုးက အရင်တုန်းက ယောကျ်ားလေးတွေနဲ့ ဒီလိုနေတာ မဟုတ်ဘူးကွ။ မင်းကို အရမ်းဂရုစိုက်၊ အရမ်းလိုက်ရောနေလို့ ငါတို့က မေးကြည့်တာပါကွာ''

''မင်းရင်ထဲမှာ မိုးစိုးအပေါ် စိတ်ဝင်စားနေတယ်ဆိုရင် ငါတို့က ကူညီဖို့ပါ။ အချို့လူတွေကဆို မင်းတို့ကို အတွဲဖြစ်နေကြပြီတောင် ထင်နေ

www.foreverspace.com.mm



ကြတာ’’

ဝင်းနိုင်စကားက ရွှေကဲရင်ကို ဖောက်ထွက်သွားသည်။ သူ့ဘက်က မရတော့၊ မိုးစိုးဘက်ကနေ ဝင်ကြပြန်ပြီ။

‘‘ဟုတ်တယ်ရွှေကဲ…။ ငါ့စိတ်ထင် မင်း အခုနေဖွင့်ပြောရင် တောင်မှ မိုးစိုးက ပစ်ပစ်ခါခါကြီးတော့ မလုပ်ကောင်းဘူး ထင်တယ်’’

‘‘သူက ကျွန်တော့်ရိုးသားမှုကို ယုံလို့…ရဲရဲတင်းတင်းနေတာ နေမှာပါဗျာ။ ခင်ဗျားတို့ ထင်သလို မဟုတ်ပါဘူး’’

‘‘ရွှေကဲ…။ မင်းက မိုးစိုးနဲ့မင်း အဆင့်ချင်း သိပ်ကွာတယ်ဆိုပြီး တော့ အားငယ်နေတာလား။ အချစ်မှာ အဆင့်အတန်း မရှိပါဘူးကွာ။ ရင်ခုန်သံပဲရှိတယ် မှတ်ထား။ နောက်ပြီး မိုးစိုးပုံစံကလည်း အဆင့်အတန်းတွေ၊ ငွေတွေကို သိပ်မက်မောတဲ့ မိန်းကလေးမျိုး မဟုတ်နိုင်ဘူး။ မင်းကိုယ့်ကိုယ်ကို မညာနဲ့နော်…’’

‘‘မညာပါဘူးဗျာ…။ ကျုပ် ခင်ဗျားတို့ကို အမှန်အတိုင်းပြောတာပါ။ ကျွန်တော်တို့ ခင်မင်မှုကို ဒီအတိုင်းပဲ ရှိပါစေဗျာ’’

ရွှေကဲ စကားဝိုင်းမှ အတင်းထထွက်လာခဲ့သည်။ နှုတ်ဖျားက တွင်တွင်ငြင်းနေသော်လည်း မိုးကျော်တို့ပြောလိုက်သော စကားတွေက နှလုံးသားထဲကို ထိုးဖောက်ဝင်ရောက်သွားပြီဖြစ်သည်။ ‘ဟုတ်တယ်…။ မိုးစိုးဟာ ငါ့ကို ဦးစားပေးတယ်၊ ဂရုစိုက်တယ်။ ပြီးတော့…မိုးစိုးဟာ ငွေတွေ ဂုဏ်တွေကို မက်တတ်တဲ့ မိန်းကလေးမဟုတ်ဘူး။ ငွေမရှိ ဂုဏ်မရှိ ငါ့လို အညာသား၊ ဘုန်းကြီးကျောင်းသားကို သူဘယ်နှစ်ခါ နှိမ်ဘူးသလဲ။ ပြီးတော့…ဘာဖြစ်လို့ ဒီလောက်ဂရုစိုက်နေရတာလဲ။

မိုးကျော်ပြောလိုက်သော စကားတွေက သူ့ရင်ထဲမှာ မေးခွန်းများ အဖြစ် ချက်ချင်း အသက်ရှင် တွယ်ကပ်သွားပြီဖြစ်သည်။ ရွှေကဲ အဖြေကို သိသည်။ သို့သော် မစဉ်းစားရဲ…။ အဲဒီစကားကို သူ့ကိုယ်သူပင် မပြောရဲ။ ငါနဲ့သူနဲ့က တန်ရဲ့လား။ ရွှေကဲ မေးခွန်းတွေနှင့် လုံးထွေးကာ

www.foreverspace.com.mm



အဖြေတွေနှင့်အတူ ထွက်ပြေးနေရရသည်။

သက်ပြင်းချရင်း ရွှေကဲ ဓာတ်ပုံကလေးကို အသာထုတ်ကြည့်သည်။ လိုင်စင်ပုံကလေးထဲမှာ မိုးစိုးသည် သူ့ကို တည်ငြိမ်စွာပင် ကြည့်နေပါသည်။ ဒီဓာတ်ပုံကလေးက မိုးစိုးကိုယ်တိုင် ပေးထားတာတော့ မဟုတ်ပါ။ မိုးစိုး ပိုက်ဆံအိတ်ကို ကောက်ရစဉ်က အထဲမှာပါသည့် ပစ္စည်းတွေကို မွှေရင်း လိုင်စင်ပုံကလေးငါးပုံကို တွေ့ရသည်။ ထိုဓာတ်ပုံများကြောင့်လည်း မိုးစိုးအိတ်မှန်း သိရခြင်းဖြစ်သည်။ မိုးကျော်တို့ ရောက်လာတော့ လန့်ဖြန့်ကာ လွယ်အိတ်ထဲ ထိုးထည့်လိုက်စဉ်က ဓာတ်ပုံတစ်ပုံက ရွှေကဲစာအုပ်ကြားထဲ ရောက်နေခဲ့သည်။ ပိုက်ဆံအိတ် ပြန်ပေးတော့ ထိုဓာတ်ပုံက ပြန်ပါမသွား။ မိုးစိုးကလည်း ဘာမှမပြော…။ နောက် သုံးလေးရက်ကြာမှ အတန်းထဲမှာ စာသင်ရင်း ရွှေကဲ ဒီဓာတ်ပုံကို သွားတွေ့ခဲ့သည်။

ပထမတော့ ရွှေကဲ ပြန်ပေးရန် စဉ်းစားသေးသည်။ သို့သော် မိုးစိုးက ဘာမှ ပြန်မပြောသဖြင့် မပေးဖြစ်တော့ဘဲ အမှတ်တရအဖြစ် ယူထားလိုက်သည်။ ဓာတ်ပုံထဲက မိုးစိုးသည် ရွှေကဲကို ခင်မင်ကြင်နာစွာဖြင့် ငေးကြည့်နေသည်ဟု ရွှေကဲ ထင်သည်။ မိုးကျော်တို့လည်း လက်ဖက်ရည်ဆိုင်ထွက်သွားကြပြီ။ ဓာတ်ပုံကလေးကို ယုယစွာ ရွှေကဲ ပြန်သိမ်းသည်။ ပြီးတော့ ကုတင်ပေါ်မှာလှဲကာ မျက်နှာကျက်ကိုကြည့်ရင်း မဖြေရဲသော မေးခွန်းတွေကို မေးနေမိသည်။

ထိုစဉ် တံခါးဝတွင် အရိပ်တစ်ခုပေါ်လာသည်။

“ရွှေကဲ…”

တင်းမာပြတ်သားသောအသံကြောင့် ရွှေကဲ အိပ်နေရာမှ ဝုန်းခနဲ ထထိုင်မိသည်။

“ဆရာတော်ဘုရား”

“အေး…ငါပဲ။ လူမိုက်။ လူ့ငနွားရဲ့…။ ဟင်…ငါကတော့

www.foreverspace.com.mm

ရွာမှာ နင်တစ်ယောက်ပဲ ပညာတတ်ရှိတယ်ဆိုပြီး ဒကာတွေစု အလှူငွေ ခံပြီး ကျောင်းတက်ဖို့ ခေါ်လာတယ်။ နင်က ဒီမှာ မိုက်ချင်တိုင်းမိုက်ပြီး ဖြစ်ချင်တိုင်းဖြစ်နေတယ်။ ဟုတ်လား''

မိုးကြိုးသွားလို ပြင်းထန်သော အသံနှင့် ဆရာတော်က အော်ပြောကာ သူ့သင်္ကန်းကို လွှားခနဲ ပခုံးပေါ်တင်သည်။ လက်ထဲမှာ ရွှေကဲ ငယ်စဉ်ကတည်းက အရမ်းကြောက်ခဲ့ရတဲ့ ကြိမ်လုံးကို ဝင့်ကာထားသည်။

''မဟုတ်ပါဘူး ဘုရား…။ မဟုတ်ပါဘူး ဘုရား…''

''တိတ်စမ်း…။ ဘာမဟုတ်တာလဲ။ အခု နင့်ပုံစံကိုကြည့်စမ်း။ ကို့ယို့ကားယား ဖို့ယို့ဖားယားတွေနဲ့။ ဒါ…ရွှေကဲလား''

''မဟုတ်ရပါဘူးဘုရား…။ ဒါက ဒီလိုပါ…။ တပည့်တော် ရှင်း…''

''တိတ်…။ ငါ့ကိုကတိပေးထားတဲ့ စကားကိုရော၊ နင် စောင့်ထိန်းသလား။ နင့်မာတုဂါမတွေနဲ့ တဟီးဟီး တဟားဟားနေတယ် ဆို…။ ပြောစမ်း…။ ကိုယ့်သစ္စာ ကိုယ့်ကတိမှ မတည်တဲ့ကောင်ကိုမှ ငါက ယုံမိတာကိုး။ နင်က ငါ့ကို ကျေးစွပ်တယ်…ဟုတ်လား။ နင် ငါ့ကိုလည်း စော်ကားတယ်၊ တစ်ရွာလုံးရဲ့စေတနာကိုလည်း စော်ကား တယ်။ ကဲ…ကဲ…ကဲ…''

ဒေါသသံနှင့်အတူ ဆရာ့တော်ကြိမ်လုံးတွေက ရွှေကဲ ကျောပေါ် ကျလာသည်။

''ကဲ…ကဲဟယ်…။ ပညာမသင်ဘဲ အလေလိုက်ချင်ဦး။ မာတု ဂါမတွေနဲ့ ပတ်သက်ချင်ဦး…။ ငါ့စေတနာကို စော်ကားချင်ဦး''

''မဟုတ်ပါဘူး ဘုရား…။ တပည့်တော် လျှောက်ပါရစေဦး ဘုရား။ အား…။ ဆရာတော်ဘုရား…။ အား…အမယ်လေး… ကြောက်…ကြောက်ပါပြီဘုရား…''

ရွှေကဲ ဆရာတော်ဘုရားခြေအစုံကို ပြေးဖက်သည်။ ဆရာတော်

www.foreverspace.com.mm



ဘုရားက ခြေထောက်ဖြင့် ကျုံးကာ ကန်သည်။ လွင့်ထွက်သွားသော ရွှေကဲအပေါ် ကြိမ်လုံးတွေက မနားတမ်းကျလာသည်။

"ကြောက်ပါပြီဘုရား…။ နာလှပါပြီဘုရား…။ ကြောက်ပါပြီ ဘုရား"

"ဟေ့ကောင် ရွှေကဲ…။ ဘာဖြစ်တာလဲ…၊ ဘာဖြစ်တာလဲ …ရွှေကဲ"

"ရွှေကဲ…ရွှေကဲ"

"ကြောက်ပါပြီ ဘုရား"

"ရွှေကဲ…ရွှေကဲ"

ခုတင်ပေါ်မှာ ဖင်ဘူးတောင်းထောင်ကာ အော်နေသော ရွှေကဲကို အားလုံးက ဝိုင်းဆူကြသည်။ ဆရာတော်ဘုရားမရှိ၊ မိုးကျော်တို့တတွေသာရှိသည်။ အိပ်မက် မက်နေမှန်း ရွှေကဲ သိသွားသည်။ သို့သော် ရင်တွေ တဆတ်ဆတ် တုန်ကာနေဆဲ…၊ ချွေးတွေစိမ့်ပျံ့ကာ ထွက်နေဆဲ။ ဆရာတော်ဘုရားရိုက်လိုက်သော ကြိမ်ဒဏ်ကာ ကျောမှာ နာနေဆဲ။

"ဘာဖြစ်လို့ အသံပြဲကြီးနဲ့ ကျုံးအော်နေရတာလဲကွာ"

"အိပ်…အိပ်မက်…မက်နေလို့ပါဗျာ"

"မက်…မက်စမ်းပါဦးကွာ။ ဒီလောက် ငယ်သံပါအောင် အော်ရ သလား"

မိုးကျော်တို့ မကျေမနပ်ဖြင့် ခုတင်ပေါ် ပြန်တက်ကာ အိပ်ကြသည်။ ရွှေကဲ ရေတစ်ခွက်သောက်သည်။ မျက်ထောက်နီကြီးနှင့် ကြိမ်ကို ဝင့်လိုက်သော ဆရာတော်ဘုရား၏ မျက်နှာကို ပြန်မြင်သည်။ 'ငါ့ကိုလည်း စော်ကားတယ်…။ တစ်ရွာလုံးရဲ့စေတနာကိုလည်း စော်ကားတယ်…' ဆိုသည့် ဆရာတော်ဘုရား၏ အံကြိတ်သံကို ပြန်မြင်သည်။ ထိုစဉ်က ထိတ်လန့်ကြောက်ရွံ့ခဲ့ရသော ဝမ်းနည်းကြေကွဲခဲ့ရသော သူ့စိတ်ခံစားမှုကို ပြန်သတိရသည်။

www.foreverspace.com.mm



ဒါ…နတ်ဆိုးပေးသော အိပ်မက်သာ ဖြစ်ရမည်။ နတ်တို့ဖတ်သော နိမိတ်သာဖြစ်ရမည်။ အိပ်မက်ထဲမှာတုန်းက လုံးဝ ပြန်ပြင်လို့မရတော့သဖြင့် ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ခဲ့။ အခု အိပ်မက်ထဲမှာ မဟုတ်တော့။ သူ ပြင်ချင်လျှင် အချိန်မီသေးသည်။ ပြတင်းပေါက်ကို လှမ်းကြည့်တော့ ပြာလဲ့လဲ့အလင်းရောင်ကို မြင်ရသည်။ အရဏ်တက်အိပ်မက်၊ နတ်တို့ပေးသောအိပ်မက် မှန်မမှန် နှစ်ပါးမရှိ အမှန်သာဖြစ်ရမည်။

အိပ်မက်မက်ပြီးမှ တစ်ကယ့်အိပ်မက်ထဲကနေ ရွှေကဲ နိုးထလာခဲ့သည်။ ဟုတ်သည်…။ ဒီအတိုင်း ဆက်နေလို့ကတော့ ဒီလိုအဖြစ်မျိုးကို ရောက်မှ ကျိန်းသေသည်။ သူ ကျေးဇူးရှင်ကို ကျေးစွပ်တာ မခံနိုင်ပါ။ သူ့ကို ဆရာတော်ဘုရားက ချစ်သဖြင့်သာ ရွာက ချစ်ကြတာဖြစ်သည်။ ဆရာတော်ဘုရားက မုန်းပြီး မင်း ကျောင်းပေါ်မတက်နဲ့တော့ဆိုလျှင် သူ့ကို လက်ခံဝံ့သည့်အိမ်လည်း တစ်ရွာလုံးမှာ တစ်အိမ်မှ ရှိမှာမဟုတ်တော့။

ရွှေကဲတွေးရင်း လန့်လာသည်။ မိုးစိုးကို သူ သံယောဇဉ်ကြီးပါသည်။ မြတ်နိုးပါသည်။ ရင်ခုန်ပါသည်။ သာသာ၊ ခေမာနှင့် သရဖီတို့ကိုလည်း သူ ခင်ပါသည်။ သို့သော် ထိုခင်မင်မှု၊ ရင်ခုန်မြတ်နိုးမှုသည် သူ့အတွက် ပူလောင်မှုကိုသာ ပေးလိမ့်မည်။ ထိုမီးကို သတိနှင့်ပညာနှင့် သည်းခံမှုတို့ဖြင့် သူ ငြိမ်းမှကို ရတော့မည်။

အရဏ်သည် ပြတင်းဝမှာ တစ်စစလင်းကာ လာနေသည်။ ရွှေကဲ ခိုင်ကျည်သောစိတ်၊ အသိတရားရကာစ ခံစားမှုနှင့် စာထိုင်ရေးသည်။ ရေးပြီး ပြန်ဖတ်ကြည့်တော့ မိုးစိုးတို့အုပ်စုနှင့် ဒီလိုခင်ခင်မင်မင် မနေနိုင်တာ ဆရာတော်ဘုရားကြောင့်ဆိုသည့် အဓိပ္ပာယ်ထွက်နေသည်။ သူတို့ကိစ္စမှာ ဆရာတော်ဘုရားက ဗီလိန်ဖြစ်နေသဖြင့် ဖြဲပစ်လိုက်ကာ ဒုတိယတစ်စောင် ရေးသည်။ ပြန်ဖတ်ကြည့်တော့ တောင်းပန်တာတွေ သိပ်များနေသည်။ အကြောင်းအရာက မပေါ်။ တတိယကျတော့…ဒေါ်သ

www.foreverspace.com.mm



သံတွေပါနေသည်။ သူက ယခင်နေ့တွေကလို မနေနိုင်တော့ခြင်းသည် မိုးစိုးနှင့် ဘာမှမဆိုင်။ သူ့ကိစ္စသာဖြစ်သည် မဟုတ်လား။ စတုတ္ထစာကျမှ အဆင်ပြေသွားသည်။ သူ့ဘဝ…သူ့ရည်ရွယ်ချက်ပါသည်။ တစ်ရွာလုံး၏ မျှော်လင့်ချက်လည်း ပါသည်။ သူ စာကို ကြိုးစားပါရစေဟု မိုးစိုးတို့အားလုံးကိုလည်း ခွင့်တောင်းကာ ထားသည်။ ဒီလောက်ဆိုလျှင် ပြည့်စုံပြီ။

စိတ်ကျေနပ်လောက်သောစာကို ရေးပြီးတော့ မိုးစင်စင်လင်းနေပြီ။

မိုးကျော်တို့လည်း ကျောင်းသွားဖို့ ပြင်ဆင်နေပြီ။ ရွှေကဲ စာအိတ်ကို သေသေချာချာပိတ်ကာ မိုးကျော်ကို အကူအညီတောင်းရသည်။

"ကျုပ်ရဲ့စာကို မိုးစိုးတို့ကို ပေးပေးပါဗျ"

မိုးကျော်က မခိုးမခန့်ကြည့်ကာ ဖြဲခနဲ တစ်ချက်ရယ်သည်။

"ဒါများကွာ…။ မနေ့က ငါတို့ပြောတာ့ ဘာလေးညာလေးနဲ့။ အဲဒီလို လုပ်စမ်းပါကွာ။ ငါတို့က ကူညီဖို့ အဆင်သင့်ပါ"

"ကျုပ်စိတ်က ခင်ဗျားတို့ကို ပြောတုန်းကထက်တောင် ပြတ်သားသေးတယ်။ ဒါ…ခင်ဗျားတို့ထင်သလိုမျိုး မဟုတ်ဘူး။ မယုံရင် ဖတ်ကြည့်ကြ"

မိုးကျော် တစ်ချက်ကြောင်ကာသွားသည်။ တင်အောင်မင်းသိမ်းက မိုးကျော်လက်ထဲက စာကို ဆွဲယူကာ ဆကြည့်ရင်း…

"ငါတို့ မဖတ်ပါဘူး။ လူတစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာကို မစပ်စုရဘူးတဲ့။ မင်း ပေးဆို ပေးပေးမယ်လေ…။ မိုးစိုးဆီကို တိုက်ရိုက်ပေးရမှာလား"

"ရတယ်…။ ခေမာတို့ သာသာတို့နဲ့ ပေးချင်လည်းပေး…။ အားလုံးအကြောင်း ရေးထားတာ။ ဘယ်သူ့ပေးပေး ရတယ်…"

"မင်းက ဒီနေ့ ကျောင်းမတက်ဘူးလား"

"ဟုတ်တယ်…။ ကျုပ် ဆရာတော်ဘုရားဆီ ခဏသွား

www.foreverspace.com.mm

မလို့။ ညနေမှ ပြန်လာမှာ''

''OK အဲဒါဆို အဆောင်သော့ကို ငါတို့ထားနေကျနေရာမှာပဲ ထားခဲ့။ မင်းစာအတွက် စိတ်ချ ရွှေကဲ''

တင်အောင်မင်းသိမ်းက စာကို လွယ်အိတ်ထဲ ထည့်လိုက်သည်။ အရာရာအားလုံး ပြီးဆုံးသွားပြီ။ ရွှေကဲ ရင်ထဲမှာ နင့်ခနဲတော့ ခံစားလိုက်ရသည်။ သို့သော်…သူ ယုံကြည်မှုအတွက်တော့ ပီတိဖြစ်ရပါသည်။

❋

www.foreverspace.com.mm



မိုးစိုးက ပထမတုန်းက ရွှေကဲကို ရိုးသားတာလား။ မသိတာလားဆိုတာကို မကွဲပြားသေး။ ခေမာတို့ သာသာတို့ကလည်း ထိုနှစ်မျိုးထဲက ရွှေကဲက ဘာလဲဆိုတာကို သိချင်ကြသည်။ ခင်မင်သွားကြပြီးသည့်နောက် ရွှေကဲ နေပုံထိုင်ပုံ၊ ဆုံးဖြတ်ချက်ချပုံ အယူအဆတွေကိုသိရတော့ မသိခြင်းထက် ရိုးသားခြင်းများစွာပါသော စိတ်ထားကို တွေ့ခဲ့ရသည်။

ရွှေကဲသည် တတ်နိုင်သမျှ ကံငါးပါးကို လုံအောင်ထိမ်းချင်သူ၊ အပျော်အပါးထက် ပညာရေးကို ဦးစားပေးချင်သူ၊ အဝတ်အစားလှဖို့ထက် စိတ်ထားလှဖို့ကို ဦးစားပေးသူ။ တစ်ပါးသူအတွက် လိုအပ်လျှင် အနစ်နာခံချင်သူ၊ အားနည်းသူကို အားနာတတ်သူသာဖြစ်သည်။

တစ်နေ့က သာသာက ထိုင်ခုံမှာ အတူတူထိုင်ရင်း ရွှေကဲနောက်ကျောမှာ အမြီးတပ်ပြီး စသည်။ မိုးစိုးပင် မသိလိုက်။ အတန်းအတူထပြီး ကန်တင်းသွားတော့မှ သာသာက ပြကာ နောက်မှနေ တခွီးခွီးရယ်သည်။

"သာသာရာ မစပါနဲ့ကွာ...။ သူ့ခမျာ ဘာမသိညာမသိနဲ့ ခံနေရတာ...။ လှမ်းပြောလိုက်ပါ"

"နေစမ်းပါ မိုးစိုးရာ...။ မင်းက ရွှေကဲဘက်ဆိုရင် သိပ်သနားတာပဲ။ သံယောဇဉ်တွေ၊ စေတနာတွေ သိပ်ရှိနေတယ်ပေါ့...။ ဟုတ်လား"

သာသာ့စကားကြောင့် မိုးစိုး ဘာမှ ထပ်မပြောရဲတော့။ သာသာ့ကို နိုင်အောင်ပြောကာ ရွှေကဲကို လှမ်းသတိပေးမည်ဆိုလျှင် သူ့ရင်ထဲက

www.foreverspace.com.mm



ခံစားမှုကို သာသာတို့က လျှောင်ကြဦးမည်။ ထုံးစံအတိုင်း စွပ်စွဲချက်တွေ ရောက်လာဦးမည်။ အမြီးတန်းလန်းတန်းလန်းနှင့် သွားနေသောရွှေကဲကို သတိထားမိသူတွေက ပြုံးကြသည်။ တချို့ အော်ကြသည်။ ခေမာနှင့်သာသာကတော့ တခွီးခွီး၊ တဟီးဟီး လုပ်ကြသည်။ မိုးစိုးစိတ်မသက်မသာဖြစ်နေခဲ့သည်။ သူ့ဘာသာ ပြုတ်ကျသွားပါစေဟု ဆုတောင်းသော်လည်း အမြီးက မကျ။ ဒီလိုနှင့် ကဲန်တင်းသို့ ရောက်သွားသည်။

"ရွှေကဲ...ငှက်ပျောသီးကြိုက်လား"

ခေမာက စပ်ဖြဲဖြဲပြုံးတစစနှင့် ရွှေကဲနောက်ကအမြီးကို အထာနှင့်ဦးတည်ကာ မေးခြင်းဖြစ်သော်လည်း ရွှေကဲက ခဏစဉ်းစားပြီး အလေးအနက် ပြန်ပြောသည်။

"ကြိုက်တယ်ရယ်လို့တော့ မဟုတ်ဘူး ခေမာရဲ့။ ဒါပေမယ့်ကျောင်းမှာနေတုန်းကတော့ ငှက်ပျောသီးကို နေ့တိုင်းနီးပါး စားခဲ့ရတယ်။ ဘုန်းကြီးကျောင်းမှာက ဆွမ်းဆိုတာ တစ်နပ်စာပဲရှိတာကိုး။ ဆွမ်းကျန်ရင်လည်း အရဏ်တက် ဆွမ်းပေါင်းအတွက် ချန်ထားရတယ်။ ဒီတော့ညနေပိုင်းကျရင် ငှက်ပျောသီးစားရတဲ့နေ့က ပိုများတယ်"

"ဟုတ်လား...။ အခုရော ငှက်ပျောသီး စားဖြစ်သေးလား"

"အင်း...။ အခုတော့ သိပ်မစားဖြစ်တော့ဘူး။ ဒီမှာက အချိန်မရွေး ဝယ်စားလို့ရတဲ့ ဆိုင်တွေ ရှိတာကိုး...။ ပိုက်ဆံပြတ်ရင်တော့စားချင်ရင် စားရမှာပဲ"

ခေမာနှင့်သာသာတို့ တစ်ယောက်နှင့်တစ်ယောက် ကြည့်ကာရယ်ကြပြန်သည်။ မိုးစိုးကတော့ ဘာမှဝင်မပြော၊ ဝင်လည်း ရယ်မောခြင်းမရှိ။ အခုမှပြောလိုက်လျှင်လည်း ရွှေကဲ ရှက်သွားမှာကို မျက်နှာပူနေမိသည်။ ဒီလိုနှင့် အစားအသောက်တွေရောက်လာတော့ ဟိုကောင်နှစ်ကောင် အစားအသောက်ဘက် အာရုံရောက်သွားကြ၏။ ဒီတော့မှ

ရွှေကဲက သူ့နောက်ကျောဘက်မှ အမြီးကို ဖြုတ်ကာ အေးအေးဆေးဆေး ပင် ခံပေါ်ချသည်။ သာသာတို့စားနေရင်းက မိုးစိုးကို တစ်ချက်လှမ်း ကာကြည့်သည်။ သူတို့အလစ်မှာ မိုးစိုးက မျက်ရိပ်ပြလိုက်သည်ဟု ထင်၍လားတော့ မသိ။ သို့သော် ရွှေကဲက ထိုကိစ္စကို ပါးနပ်စွာရှင်းပေး ပါသည်။

“ခုံတန်းမှာထိုင်ကတည်းက သာသာတပ်မှန်း ကျွန်တော်သိ ပါတယ်…။ ဒါပေမယ့် တပ်တပ်ချင်းဖြုတ်ပစ်လိုက်ရင် သာသာရှက်သွားမှာ ကို အားနာတယ်။ ပြီးတော့…ကျွန်တော်က သူငယ်ချင်းတွေကို ပျော်ရွှင်မှု ပေးနိုင်တာ နည်းပါတယ်။ ဒါကြောင့် ကျွန်တော့်ကိုကြည့်ပြီး သူငယ်ချင်း တွေ ပျော်ရရင်ပြီးရောဆိုပြီး တမင် ဒီကဲန်တင်းထဲအထိ မဖြုတ်ဘဲ ထားခဲ့တာ”

ဒီတော့မှ သာသာတို့ မျက်လုံးပြူးကာ ဝိုင်းတောင်းပန်ကြသည်။

“ဟာ…ကျွန်တော်က စိတ်မဆိုးပါဘူး။ ဘာမှလည်းမဖြစ်ဘူး။ ကျွန်တော့်ကို မြင်တဲ့လူက တစ်ယောက်ယောက်က လုပ်ထားမှန်း သိနေ တာပဲဟာ…။ ရတယ်…။ ဘာမှမဖြစ်ဘူး”

ဒီအဖြစ်အပျက်ကလေးတွေက ရွှေကဲ၏ ရိုးသားစိတ်၊ သူငယ် ချင်းတွေအပေါ် ဖြူစင်စိတ်ကို ပေးခဲ့သည်။ နောက်ပိုင်းကို သာသာနှင့် ခေမာ ရွှေကဲကို လုံးဝမစကြတော့…။

“ခင်ဗျားတို့ ကျုပ်ကို မစနဲ့ဗျာ…။ မကြိုက်ဘူး” ဟူသော စကားထက် များစွာထိရောက်သော ခွင့်လွှတ်နိုင်မှုသာဖြစ်သည်။

နောက်တစ်ခါ ရွှေကဲ၏ ဆုံးဖြတ်ချက်ကလေးကြောင့် သူတို့အုပ်စု ထဲမှာ အနည်းငယ်အံ့အားသင့်စရာ ဖြစ်ခဲ့ရသည်။ ပြဿနာက အတူထိုင် ကာ၊ အတူစားပြီးသည့်အခါ ရွှေကဲက သူစားထားသမျှကို သူ့ငွေနှင့် သူရှင်းခြင်းပင်ဖြစ်သည်။ မိုးစိုးတို့ဝိုင်းမှာက စားပြီးသမျှကို ကြုံတဲ့လူ၊ ဦးတဲ့လူက ရှင်းလေ့ရှိသည်။ အပြင်ထက် များစွာဈေးသက်သာသော



www.foreverspace.com.mm

www.foreverspace.com.mm



ကျောင်းဝန်းထဲကဆိုင်မှာမို့ စားသောက်ဆိုင်က ဟင်းသုံးမျိုးနှင့် မှာစားမှ တစ်ထောင်ကျော်ကျော်လောက်သာ ကျတတ်ပါသည်။ သို့သော် ရွှေကဲက တော့ သူစားသမျှကို သူ့ငွေနှင့်သာ ရှင်းသည်။

ရွှေကဲစားတာကလည်း ကြည့်ဦး…။ တစ်ခါတစ်ရံ ထမင်းဖြူနှင့် ဝက်ဆီဖတ်သုပ်။ တစ်ခါ…အသုပ်စုံ။ တစ်ခါ ဝက်သားပေါင်းနှစ်ခုကို အချဉ်ရေတွေ အများကြီးဆမ်းကာ ထမင်းဖြူနှင့် စားတတ်သည်။ မိုးစိုးတို့ ဟင်းတွေထည့်ပေးလည်း မရ။ လျှာအရသာခံတတ်သွားလျှင် သူ ဒုက္ခ ရောက်မည်ဟု ပြောတတ်သည်။

"ရောက်စမ်းပါစေ…။ မိုးစိုးတို့က နေ့တိုင်းကျွေးမှာပေါ့"

"မလုပ်ပါနဲ့ဗျာ…။ ဒါလေးနဲ့စားရတဲ့အရသာက ပိုပြီး ကျွန်တော့် အတွက် ကောင်းနေလို့ပါ။ လူက နတ်စာ မစားတတ်သလိုပေါ့"

"ပိုက်ဆံရှင်းတော့လည်း ရွှေကဲက လက်မခံဘူး။

ဘာလဲ…။ သာသာတို့ကို မခင်လို့လား။ ကျေးဇူးတင် မခံ ချင်လို့လား"

"မဟုတ်ဘူးခင်ဗျ။ ကျွန်တော် အခု ထမင်းစားတဲ့ငွေကိုက ဆရာတော်က မေတ္တာရပ်ခံပေးလို့ တစ်ရွာလုံးက စုပေး၊ ကောက်ပေးတဲ့ ငွေပါ။ သူတို့ကျေးဇူး သူတို့ကုသိုလ်ကို ထိန်းသိမ်းတဲ့အနေနဲ့ ကျွန်တော် မစားတာပါ။ ကျွန်တော့်ကို နားလည်ပေးပါဗျာ"

အဲဒီတုန်းက သာသာတို့ နားလည်သွားအောင် မိုးစိုး တော်တော် ရှင်းယူရသည်။ ရွှေကဲဆိုလိုသည်က သူ့ဒုက္ခကို နောက်ထပ်မည်သည့်လူကို မှ မပေးချင်ဆိုသည့်သဘောကို သာသာတို့နားလည်အောင် ရှင်းရသည်။ ထို့အတွက် မိုးစိုးရသည့် သတ်မှတ်ချက်က ရွှေကဲနှင့်ပတ်သက်လျှင် အရာရာနားလည်လွန်းသည်ဟုပင် ဖြစ်သည်။

ဒီနေ့လည်း သာသာနှင့်ခေမာက ရွှေကဲကို တမျှော်မျှော် ဖြစ်နေ ကြသည်။ သာသာတွင် သူ့အစ်ကိုဖြစ်သူ စင်ကာပူက ပို့လိုက်သော

www.foreverspace.com.mm



ကစားစရာပစ္စည်းလေးတစ်ခု ပါသည်။ ဘရိုတ်ခေါင်းအရွယ်ခန့်ရှိသော ရာဘာအိတ်ကလေးတွင်ဖြစ်သည်။ ထိုအိတ်ကလေးတွေက တစ်ခုခုဖြင့် ဖိလိုက်လျှင် လေလည်သလိုမျိုး အသံထွက်သည်။ ပြီးတော့ အနံ့ကလည်း လေလည်သော အနံ့မျိုးဖြစ်သည်။ ထိုအိတ်ကလေးကို ရွှေကဲထိုင်မည့်ခုံနှင့် တင်ပါးအကြား ထိုးထည့်ကာ စရန် စီစဉ်နေကြခြင်းဖြစ်၏။

"မလုပ်ကြပါနဲ့ဟာ...။ ဟိုက ဘာမသိညာမသိနဲ့ ရှက်သွားပါဦးမယ်"

"အံမယ်...ဆရာမကြီးနော်။ သိပ်စိုးရိမ်နေတယ်ပေါ့။ ဟုတ်လား။ ဘာဖြစ်လဲ။ အပျော်ပဲဟာ...။ ပြီးတော့...ရှင်းပြမှာပေါ့ဟ"

"သူက တော်ယုံလူနဲ့မတူလို့ပါဟာ...။ တခြားဟာ စချင်ရင်စပါ"

"မိုးစိုးရယ်...။ အရင်တုန်းက တခြားလူတွေကို ကိုယ်တို့စရင် မင်းကိုယ်တိုင်က တက်တက်ကြွကြွနဲ့ပါ။ အခု ရွှေကဲကျမှ ဘာဖြစ်နေတာလဲ"

ခေမာ့စကားကြောင့် မိုးစိုး ဘာမှထပ်မပြောတော့။ ရွှေကဲအပေါ် သူထားသောစေတနာကို ခေမာတို့က နိုက်ကွက်တစ်ခုလို သဘောထားနေသည့်အတွက် ထပ်ပြောရင်လည်း စွဲချက်တွေကိုသာ ရင်ဆိုင်ရမည်ဆိုတာ မိုးစိုး နားလည်သည်။ စိတ်ထဲကတော့ ရွှေကဲ ရောက်မလာပါစေနဲ့ဟု...မည်သူမှ မသိအောင် ဆုတောင်းမိသေးသည်။

မိုးစိုး ဆုတောင်းပြည့်သည်ဟု ပြောရမလိုဖြစ်နေသည်။ မိုးစိုးတို့ ဆုံနေကျအချိန်အထိ ရွှေကဲ ရောက်မလာ...။ မိုးစိုးတို့ထဲခါနီးမှ ရောက်လာသူတွေက ရွှေကဲနှင့်တစ်ဆောင်တည်းနေ သူငယ်ချင်းများသာဖြစ်သည်။

"ရွှေကဲ ဘာဖြစ်လို့လဲ ကိုတင်အောင်မင်းသိမ်း"

"မသိဘူးဗျ...။ ရွှေကဲက ဒီစာကိုပေးခိုင်းလိုက်တယ်...။ မိုးစိုးကို ပေးပေးပါတဲ့"

www.foreverspace.com.mm

တင်အောင်မင်းသိမ်းက စာတစ်စောင် ထုတ်ကာပေးသည်။ စာအိတ်မှာ မိုးစိုးနာမည်ကို တပ်ကာထား၏။ သာသာနှင့်ခေမာတို့က သူတို့ရာဘာအိတ်ကလေးကို ပြင်ကာ တင်အောင်မင်းသိမ်းကို ဒုက္ခပေးရန် စီစဉ်နေကြသည်။ သို့သော် ခက်တာက တင်အောင်မင်းသိမ်းတို့က မထိုင်ကြ။ သာသာက မိုးစိုးကို အကူအညီတောင်းသလို လှမ်းကာကြည့်သည်။

"ဒါဆိုလဲ ဟုတ်ပြီလေ...။ ခဏတော့ ထိုင်ကြပါဦး...။ ရွှေကဲက အခု ဘယ်မှာလဲ"

"မထိုင်တော့ဘူးဗျာ...။ ရွှေကဲက သူ ဒီနေ့ကျောင်းမတက်ဘူးလို့ ပြောတာပဲ...။ သွားလိုက်ဦးမယ်နော်"

သုံးယောက်စလုံး မထိုင်ဘဲ ထွက်သွားကြသဖြင့် သာသာနဲ့ခေမာတို့က မကျေမနပ်ဖြစ်ကာ ပြောနေချိန်မှာ မိုးစိုးက ရွှေကဲစာကို ဖောက်ကာဖတ်သည်။

စာက တစ်ကြောင်းတည်း...။ မိုးစိုးရင်ထဲ ထိတ်ခနဲ ဖြစ်ကာသွား၏။

မိုးစိုး

မိုးစိုးကိုကျွန်တော် အ ရ မ်း ချ စ် တ ယ်. . .။

ရွှေကဲ

မိုးစိုး စာကို ကမန်းကတန်း ပြန်သိမ်းသော်လည်း မရတော့။ ဟိုနှစ်ကောင်က တွေ့သွားကာ အတင်းတောင်းကြသည်။ လျှို့ဝှက်ဖို့ရာ ကိစ္စမရှိသည့်အတွက် မိုးစိုးက စာကို ထုတ်ပြလိုက်ပါသည်။ အရင်တုန်းကလည်း မိုးစိုးကို ပေးသမျှစာတွေကို ဒီကောင်တွေ ဖတ်နေကျပဲ ဖြစ်သည်။

www.foreverspace.com.mm



"ဟင်…။ စာကလည်း တိုးတိတိနဲ့။ အဖွဲ့အနွဲ့ကလေးတောင်မှ မပါဘူး"

"ဟုတ်ပ…။ မိုးစိုး ရဖူးတဲ့အထဲမှာ ဒီစာက အညံ့ဖျင်းဆုံးပဲ"

"ဒါကတော့ သူ့စိတ်ထဲရှိတာ သူရေးတာနေမှာပေါ့။ ဒီစကား အတွက် အဓိပ္ပာယ်အရှိဆုံးဟာ ဒီစကားပဲ မဟုတ်လား"

မိုးစိုးစကားဆုံးသည်နှင့် ဟိုကောင်တွေ ဝိုင်းရန်တွေ့သံ ဆူညံကာ သွားသည်။ ဒီကောင်တွေ ပြောတာလည်း ဟုတ်တော့ဟုတ်သည်။ အရင် မိုးစိုးကို ပေးခဲ့သည့်စာတွေအပေါ် မိုးစိုး ဘာမှ မှတ်ချက်မပေးခဲ့မိ။ အခုစာကျမှ မှတ်ချက်သွားပေးမိသည်။

"အမယ်…။ အခုကတည်းက ရှေ့နေလိုက်နေပြီပေါ့ ဟုတ်လား။ ခေမာကတော့ လုံးဝမကြိုက်ဘူး။ စာရေးတာက တိုးတဲ့အပြင် စာလုံး တွေကိုလည်း တစ်လုံးစီရေးပြီး ကော်နဲ့ ကပ်ထားသေးတယ်"

ခေမာပြောတာ ဟုတ်သည်။ 'မိုးစိုး' ဆိုသည့် နာမည်နှင့် 'ကျွန်တော်' ကို အတွဲလိုက် ရေးထားသည်။ သို့သော် 'အရမ်း' ဆိုသော စကားလုံးကျတော့ 'အ' ကတစ်လုံး၊ ရကောက်ကတစ်လုံး၊ မသတ်ဝိစ္စနှစ် လုံးပေါက်က တစ်လုံးစီဖြစ်သည်။ 'ချစ်' ဆိုသောစကားလုံးကို ခကွေးယ ပင့်'ချ' ကတစ်လုံး၊ စလုံးသတ်'စ်' တစ်လုံး။ 'တယ်' ကလည်း ထိုအတိုင်း ပင်ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် မိုးစိုးကတော့ သဘောကျပါသည်။

"စာက ရိုးတော့ ကျန်တာကို စိတ်ကူးတည့်ရာ လုပ်ထားတာ နေမှာပေါ့"

"အမလေး…ဒေါ်မိုးစိုး။ ဒီလောက်တိုးတဲ့စာကို ဒီလောက်ရှေ့နေ လိုက်နေမှတော့…ဟင်း…ဟင်း…။ ဟောဒီက ကျွန်တော်မျိုးမတို့က အခြေအနေကို သိပါပြီ…သိပါပြီ"

"မဟုတ်ပါဘူး သာသာရာ…။ သူ ဘယ်လိုလူဆိုတာ သိထား တော့ တွေးကြည့်တာပါ။ စိတ်ချပါ…။ ဒီကိစ္စကို ကိုယ်က မင်းတို့ကို

www.foreverspace.com.mm

အသိမပေးဘဲ၊ မတိုင်ပင်ဘဲနဲ့ လုံးဝမလုပ်ပါဘူး''

ဒီတော့မှ ဟိုနှစ်ကောင် ငြိမ်ကာသွားသည်။ အဲဒီနေ့က မိုးစိုးရင်ခုန်မနေပါ။ သို့သော် တည်ငြိမ်လေးနက်မှုတော့ ရင်ထဲမှာ အပြည့်ရှိနေပါသည်။

❋

www.foreverspace.com.mm



ရွှေကဲ ဆရာတော်ထံ ရောက်သော်လည်း ဆရာတော်နှင့် အေးအေးဆေးဆေးတော့ မတွေ့ရ။ ဆရာတော် သင်တန်းရှိနေသဖြင့် ဆယ်မိနစ်ခန့်သာ တွေ့ခွင့်ရသည်။ ခြေဆုပ်လက်နယ် ပြုစုပေးချိန်ပင် မရလိုက်။ ဆရာတော်သည် အသားလတ်လာသော်လည်း တော်တော်ကြီး ပိန်သွားတာကို ရွှေကဲ တွေ့ရသည်။ ဆရာတော်က ငွေလို၍ လာသည်ဟု ထင်သည်။ ငွေလို၍ မဟုတ်၊ သတိရ၍ လာသည်ဟု ပြောတော့ သိပ်ကျေနပ်ပုံ မရ။ "အပိုအလုပ်တွေ မလုပ်နဲ့။ ငါ့ကို သတိရရင် စာကိုသာ ကြိုးစား…" ဟု ဆိုသည်။

လူကြုံနှင့် ထုတ်ရမည့်ငွေအတွက် စာရေးပေးသည်။ ပြီးတော့ ဆုံးမစကားကို ခပ်တိုတိုသာ ဆိုသည်။

"ရွှေကဲ…စာကိုသာ ကြိုးစား။ ရတနာသုံးပါးကို မမေ့နဲ့။ ကံငါးပါးကို လုံအောင်ထိန်း။ ကြားရဲ့လား"

"တင်ပါ့ဘုရား…"

"အေး…အေး…ပြန်တော့"

အပြန်လမ်းမှာ ရွှေကဲရင်ထဲ ဝမ်းနည်းပြီး တစ်ခုခုကို မကျေမနပ် ဖြစ်လျက်ရှိသည်။ ရန်ကုန်မြို့နှင့် အလှမ်းဝေးလွန်းသောနေရာမှ ရှင်တစ်ပါးနှင့် လူတစ်ယောက် ပညာရှာရန် ရောက်လာကြသည်။ ဆရာတော်ကတော့ တာဝန်ကျေအောင် နေ့မအား ညမလတ် စာကို ကြိုးစားသည့်အတွက် အနည်းငယ်ပင် ပိန်ကာသွားသည်။ သူကတော့ ဒီမှာ ကောင်မလေးတွေနှင့် နေ့စဉ်တွေ့ကာ ပျော်နေသည်။ ဆံပင်တွေညှပ်၊

www.foreverspace.com.mm



မျက်နှာကို ဟိုဟာတွေသုတ်တာခံ၊ ဒါတွေလိမ်း၊ ပေါင်းအိုးကြီးထဲဝင်··· ဖြစ်ချင်တိုင်းကို ဖြစ်နေခဲ့သည်။ သူလုပ်နေတာတွေ အားလုံးကိုသာ ဆရာတော်သိသွားလျှင် ကျောင်းအလယ်တိုင်ကို ဖက်ကာ ကျိန်းလုံးနှင့် ပျော့နေအောင် တီးမှာ သေချာသည်။

ဒီနေ့ကစပြီး ဆရာတော့်လိုပင် သူလည်း ရည်မှန်းချက်ကို မမှိတ်မသုန် ရောက်အောင်သွားမည့် လူတစ်ယောက်ဖြစ်ရမည်ဟု ရွှေကဲ ဆုံးဖြတ်ချက် ချလိုက်သည်။

အဆောင်ကိုရောက်တော့ မိုးကျော်တို့ မရောက်သေး။ သူ တစ်ယောက်တည်း ခုတင်ပေါ်မှာ လှဲလျောင်းရင်း စဉ်းစားနေမိသည်။ ဆုံးဖြတ်ချက်ချပြီးပြီဆိုလျှင်တော့ လုပ်စရာရှိတာတွေကို သေချာအောင် လုပ်ရတော့မည်။

ရွှေကဲ ခုတင်ပေါ်က ထထိုင်ကာ သူ့သေတ္တာကို ဖွင့်သည်။ ပြီးတော့ အသေအချာသိမ်းထားသည့် မိုးစိုး၏လိုင်စင်ပုံကလေးကို ထုတ်သည်။ ပြီးတော့···ငေးကြည့်ရင်း စုတ်ဖြဲပစ်လိုက်ဖို့ကို မဝံ့မရဲ ဖြစ်နေသည်။ ဒါနဲ့ မီးအုပ်ဆောင်းကလေးနဲ့ နံဘေးကဘောင်မှာ ဓာတ်ပုံကလေးကို ထောင်ကာ အသာငြိမ်ကြည့်နေမိသည်။ ဓာတ်ပုံထဲမှာ မိုးမိုးစိုးသည် သူ့စိတ်ထဲမှာ ဘာရှိတယ်ဆိုတာကို မသိ။ သူ့ကို ရိုးသားဖြူစင်စွာပင် ငေးကြည့်နေသည်။

'ဩော်···မိုးစိုး···မိုးစိုး···မိုးစိုး···'

ရင်ထဲမှာ ရေရွတ်ရင်း ဘာရယ်မဟုတ်ဘဲ ဘောလ်ပင်ကို ကောက် ကိုင်ကာ ရှေ့မှာရှိသည့် စာရွက်ပေါ်မှာ မိုးစိုးနာမည်တွေကို ရေးချနေမိသည်။ မိုးစိုး···မိုးစိုး···မိုးစိုး···မိုးစိုး···။

"သူငယ်ချင်းရာ···အဲဒီလောက် စွဲလန်းနေရင်လည်း ငါတို့ကို အစကတည်းက ပြောရောပေါ့ကွာ"

ရုတ်တရက် နောက်မှထွက်လာသော အသံကြောင့် ရွှေကဲ

www.foreverspace.com.mm



တစ်ကိုယ်လုံး တုန်သွားသည်။ လှည့်ကြည့်တော့ မိုးကျော်၊ တင်အောင်မင်းသိမ်းနှင့် ဝင်းနိုင်။

"ဟာ…။ ဘာမှ မဟုတ်ဘူးဗျ။ မဟုတ်ဘူး…။ ကျုပ်ဘာသာ ပျင်းတာနဲ့…"

"ရွှေကဲ…။ ငါတို့ဟာ တစ်မိုးတည်းအောက်မှာ တစ်ဆောင်တည်းနေ၊ တစ်ကျောင်းတည်းတက်ကြတဲ့ သူငယ်ချင်းတွေပါကွာ…။ ဘာသာရေးအရပဲ ကြည့်ကြည့်၊ လူမှုရေးအရပဲကြည့်ကြည့် တစ်ယောက်နဲ့ တစ်ယောက် ကျေးဇူးမကင်းကြပါဘူး။ မင်းပြဿနာဟာ ငါတို့ပြဿနာပါပဲ။ ပွင့်ပွင့်လင်းလင်းသာ ပြောကွာ"

"ဟုတ်တယ် ရွှေကဲ…။ မင်း နေပုံထိုင်ပုံက ငါတို့ကို အရမ်းစိမ်းနေတယ်။ မင်း…မိုးစိုးနဲ့ပတ်သက်ပြီး တစ်ခုခုခံစားနေရတယ်။ အဲဒါ ငါတို့ကို ပွင့်လင်းစမ်းပါကွာ…။ ကဲ…ငါတို့ ဘာကူညီရမလဲ"

ရွှေကဲ တော်တော်ဒုက္ခရောက်သွားသည်။ လူမသိချင်ကာမှ လူမိသည့်အဖြစ်မျိုးဆိုတော့…ဘာမှ မတတ်နိုင်တော့။ ဘာပြောရမှန်းလဲ မသိတော့။

"ဒီဓာတ်ပုံက မိုးစိုး ပေးထားတာလား"

ရွှေကဲ အရိုးသားဆုံး ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်သည်။ ရိုးသားသည့်အခါ သတ္တိသည် အလိုလိုပါလာရစမြဲ မဟုတ်လား။ သူ ဓာတ်ပုံကို ဘယ်လိုရတယ်ဆိုတာ ရှင်းပြလိုက်၏။ တင်အောင်မင်းသိမ်းက တစ်ချက်ပြုံးသည်။

"ဟုတ်ပြီ ရွှေကဲ…။ ဒါဆိုရင် မင်း မိုးစိုးကို ချစ်နေသလား…"

"မဟုတ်ဘူး။ ကျုပ် သူ့ကို မချစ်ဘူး…။ အဲဒါအမှန်ပဲ။ အခု ဒီဓာတ်ပုံကိုလည်း ဖြဲပစ်မလို့"

ဝင်းနိုင်က ခေါင်းကို ခါသည်။

"ငါတို့မိမှ ရှက်ရမ်းရမ်းပြီး လျှောက်မလုပ်ပါနဲ့ကွာ…။ ကဲ…

www.foreverspace.com.mm

ဒီစာရွက်မှာ မိုးစိုးနာမည်တွေ ရေးနေတာကျတော့ရော…''

''မဟုတ်ဘူးဗျ။ ဒီ…ဒီလိုဗျာ…။ ကျုပ်…ဟို…ဘာလုပ်ရမှန်း မသိလို့ တစ်ယောက်တည်းရှိတယ်ဆိုပြီး လျှောက်ရေးမိတာ''

သုံးယောက်စလုံးက ခေါင်းကို ခါသည်။ တင်အောင်မင်းသိမ်းက ပြုံးကာကြည့်ရင်း ရွှေကဲပခုံးပေါ်ကို လက်အသာတင်သည်။ ပြီးတော့…

''ရွှေကဲ…။ မင်း မနေ့ကပေးတဲ့စာကို ငါတို့ သွားပေးတော့ မိုးစိုးတို့အားလုံးက ဒီစာကို ရည်းစားစာလို့ ထင်ကြတာကွ။ သိရဲ့လား…။ ဒါပေမယ့် မိုးစိုးက ယူတယ်။ မင်း သူ့ကို တကယ်သာချစ်နေပြီဆိုရင် အခြေအနေကောင်းတယ်ကွာ…။ ငါတို့လည်း ကူညီနိုင်တယ်။ ကဲ… မင်းရင်ထဲမှာ ရှိတာကို ပွင့်ပွင့်လင်းလင်းသာပြော''

တင်အောင်မင်းသိမ်းစကားကြောင့် ရွှေကဲ တုန်လှုပ်သွားသည်။ ဒါဟာ တကယ်ပဲလား…။ ဟင့်အင်း…မဟုတ်ဘူး။ ငါ…သူ့ကို မချစ်ဘူး။ ဒီကိစ္စကို အပြတ်ပြောမှကို ဖြစ်တော့မယ်။

ပခုံးပေါ်လာတင်သော တင်အောင်မင်းသိမ်း၏ လက်ကို ရွှေကဲက ပုတ်ထုတ်ပစ်လိုက်သည်။ ရုတ်တရက် ထင်မထားသဖြင့် တင်အောင်မင်းသိမ်း အံ့ဩသွားပုံရသည်။

''ဒီမှာ…။ ခင်ဗျားတို့ကို ကျုပ် ပြောမယ်။ ကိုယ့်ဘဝနဲ့ကိုယ် နေကြစမ်းပါဗျာ…။ ကျုပ်ဘဝ ဒီကိုရောက်လာတာ စာသင်ဖို့ ဆရာတော့် ကျေးဇူးကို ဆပ်ဖို့။ ကျုပ် ပြောပြမယ်။ မိုးစိုးနဲ့ကျုပ် ဘာမှမပတ်သက်ဘူး။ ခင်ဗျားတို့ကိုလည်း ပြောစရာစရာ ဘာမှမရှိဘူး။ အဲဒါ နောက်ဆုံး စကားပဲ''

ပြောပြီးသည်နှင့် ရွှေကဲ အဆောင်ထဲမှ ထွက်သွားသည်။ မိုးကျော်တို့ ကြောင်ငေးကာ ကျန်ခဲ့၏။ ဒေါသထွက်သွားဟန်တူသော တင်အောင်မင်းသိမ်းကို ဝင်းနိုင်က အသာပခုံးဖက်၍ တရားချသည်။

''ကဲ…သူငယ်ချင်း။ ဒီကောင်က အပြတ်ပြောသွားပြီးပြီပဲ။ မင်း

www.foreverspace.com.mm



ဘာမှ ဆက်မလုပ်နဲ့တော့…။ ဟုတ်ပြီလား''

''ရမလားကွ။ ငါ့အစီအစဉ်နဲ့ မိုးစိုးကို စာပေးပြီးနေပြီ။ ဒီကောင် တစ်ချက်ကလေး ဝန်ခံလိုက်တာနဲ့ ငါက ဒီကိစ္စကို အသိပေးမလို့။ အခုတော့ကွာ…။ ဟော့ကောင် သေချာတယ်။ ဒီကောင် မိုးစိုးကို ကြိုက်နေတာကွ။ သူ့ဘဝရယ်…၊ သူ့ဆရာတော်ဘုရားရယ်ကြားမှာ ပိတ်မိပြီး ဒီကောင် မပွင့်လင်းတာ''

''ကဲ…ဒီကောင့်ကိုတော့ ဘာမှ ဆက်ပြောလို့ရတော့မှာ မဟုတ်ဘူး။ မင်း စထားတဲ့ကိစ္စက ဘာဆက်လုပ်ကြမလဲ…။ အခုဟာက ပြောင်းပြန်ကြီး ဖြစ်နေတယ်။ မိုးစိုးက လက်ခံတယ်။ ဒီကောင်က ငြင်းနေတယ်။ ကျုံနေတာက ငါတို့ပဲ…''

မိုးကျော်စကားကြောင့် တင်အောင်မင်းသိမ်း ငြိမ်ကာသွားသည်။ တစ်ခုခုကိုလည်း အကြီးအကျယ် စဉ်းစားနေပုံပေါ်သည်။ ပြီးတော့ ထုံးစံအတိုင်း သူ့ဆံပင်လေးကို ခါကာ တင်အောင်မင်းသိမ်းက ပြုံးသည်။ စားပွဲပေါ်မှာ ထောင်ထားသည့် မိုးစိုးဓာတ်ပုံနှင့် ရွေကဲရေးသွားသော နာမည်များကို တစ်ချက်ကြည့်သည်။

''ကဲ…။ ငါကတော့ ဒီကိစ္စကို ဆက်လုပ်ရတော့မှာပဲ…။ မင်းတို့ အကူအညီလည်း လိုတာပေါ့ကွာ။ ဓာတ်ပုံကို ထားတော့…။ ဒီကောင် ရေးထားတဲ့ နာမည်စာရွက်ကို သိမ်းထားလိုက်''

❁

www.foreverspace.com.mm



"ရှက်ပြီး မလာတာ ထင်တယ်ဟ"

"မင်းစကား မှားနေပြီ သာသာ။ သူက စာပေးထားတာဟ။ ရှက်ခြင်းရှက်ရင် မိန်းကလေးကသာ ရှက်ရမှာ…။ ဒါမျိုးကျတော့ ကြောက်ပြီး မလာတာလို့ ပြောရတယ်။ မှတ်ထား"

ခေမာက မဲ့မဲ့ရွဲ့ရွဲ့ပြောရင်း သူတို့ တိုက်ခိုက်တဲ့စကားကို မိုးစိုး ဘာတုန့်ပြန်မလဲ…ဟု အသာငဲ့ကာ ကြည့်သည်။ ဒီနှစ်ကောင် မိုးစိုးဆီက စကားထွက်အောင်၊ မခံချင်ဖြစ်လာအောင် တမင်တကာ ပြောနေမှန်း မိုးစိုး သိပါသည်။

ရွှေကဲဆိုသည့်လူကလည်း ခက်သည်။ စာပေးပြီးသည့်နေ့မှစ၍ တစ်ရက်မှ ရောက်မလာ…။ ပုံမှန်အတိုင်း ရောက်မလာတာဆိုလျှင် လိုက်ခေါ်ရတာ ဘာပြဿနာမှ မရှိသော်လည်း စာပေးထားသည့်အတွက် ကိုယ်က စလိုက်ခေါ်လျှင် အခြေအနေက ရှုပ်ထွေးသွားနိုင်သည်။ သာသာတို့ပြောသလို သူ့ကို ကြောက်နေတာလည်း ဖြစ်နိုင်ပါသည်။

စာပေးသည့်ကိစ္စက မိုးစိုးအတွက် သိပ်ဒုက္ခမရောက်ပါ။ ရွှေကဲ သာ ပုံမှန်အတိုင်း လာနေမည်ဆိုလျှင် ယာယီငြိမ်းချမ်းရေးယူထား၍ ရနိုင်ပါသည်။ အခု ရွှေကဲ ရောက်မလာသဖြင့် ထိုကိစ္စ ပုံမှန်ဖြစ်နေကျ ထက် ပိုပြီး အရေးကြီးသွားသလို ဖြစ်နေသည်။

ရွှေကဲ လုပ်ပုံက သူ့ကို ပြန်မကြိုက်လျှင် ဆက်ဆံပေါင်းသင်း ရေးကို ရပ်ပစ်လိုက်ရမလို ဖြစ်နေသည်။ သူ့ကို ပြန်ကြိုက်မည်ဆိုလျှင် လည်း အဖြေပေးဖို့ ကိုယ်ကပဲ လိုက်ခေါ်ရတော့မည့် အခြေအနေ ဖြစ်နေ

www.foreverspace.com.mm



သည်။ တော်တော်မလွယ်ကူတဲ့ လူပါလား…။

“မိုးစိုး…။ ဟိုမှာ လာနေတာ ရွှေကဲအဆောင်က သူငယ်ချင်းတွေ မဟုတ်လား”

ခေမာပြလို့ လှမ်းကြည့်တော့ မိုးကျော်တို့အုပ်စုကို တွေ့ရသည်။ မိုးစိုး ရင်တစ်ချက် ထိတ်ဆို ခုန်သွား၏။ ရွှေကဲကို ရှာသော်လည်း မတွေ့။ ဒီလူတွေ မိုးစိုးတို့ဝိုင်းကို လာဝင်ထိုင်လိမ့်မည်ဟု ထင်ထားသော်လည်း မိုးစိုးတွက်ကိန်းက မှားသွားသည်။ မိုးကျော်တို့က မိုးစိုးနှင့် ခဲတစ်ပစ်လောက်ဝေးသော မျက်နှာချင်းဆိုင် ကဲင်တင်းတွင် ထိုင်လိုက်ကြသည်။ သာသာက မိုးစိုးကို လှမ်းကာကြည့်သည်။ ပြီးတော့…မိုးစိုးကို အသိပေးတာမဟုတ်ဘဲ သူ့တစ်ကိုယ်တည်း ပြောသလို ပြောသည်။

“အင်း…ရွှေကဲတော့ မပါဘူး”

မိုးစိုး တစ်ချက်စဉ်းစားကာ ဆုံးဖြတ်ချက် ချလိုက်သည်။

“သာသာ…လှမ်းခေါ်လိုက်ပါလား။ တစ်ခုခု သိရတာပေါ့”

သာသာက မဲ့ပြုံးတစ်ချက်ပြုံးပြီး ခေါင်းကို သုံးလေးခါ ညိတ်သည်။ ပြီးတော့ ဝင်ထိုင်ကတည်းက သူတို့ကိုပဲ ကြည့်နေသော တင်အောင်မင်းသိမ်းတို့ကို လက်ပြကာ ခေါ်သည်။ သာသာလှမ်းခေါ်တော့ သူတို့ နှစ်မိနစ်ခန့် တိုင်ပင်ကြပြီး သုံးယောက်စလုံးထကာ မိုးစိုးတို့ဆီလာသည်။ သို့သော် စကားလာပြောတော့ တင်အောင်မင်းသိမ်းသာ ဖြစ်သည်။ ကျန်နှစ်ယောက်က ဝင်မထိုင်ဘဲ ရပ်နေကြ၏။

“ရွှေကဲ မပါဘူးလား”

“အင်း…။ ဒီကောင့်ကိစ္စက ဘယ်ကစပြီး ဘာပြောရမှန်းတောင် မသိတော့ဘူး”

“ကိစ္စမရှိပါဘူး။ ရှင်တို့ သိထားတဲ့အတိုင်း အမှန်ကိုပဲ ပြောပါ”

တင်အောင်မင်းသိမ်းက စိတ်လှုပ်ရှားသွားကာ ဆံပင်ကို တစ်ချက်သိမ်းသပ်တင်ပြီး နောက်ကနှစ်ယောက်ကို လှမ်းကာကြည့်သည်။

www.foreverspace.com.mm



နောက်က သူငယ်ချင်းတွေက ခေါင်းညိတ်ပြတော့မှ…

“ပထမဦးဆုံး မိုးမိုးစိုးကို တောင်းပန်ရတော့မှာပဲ။ ဟိုနေ့က ဒီကောင်ပေးထားတဲ့စာဟာ ရည်းစားစာဆိုတာကို ကျွန်တော်တို့ တစ်ကယ်ကို မသိဘူး။ မသိလို့လည်း ပေးရဲတာပေါ့”

မိုးစိုးမျက်နှာ ရဲခနဲဖြစ်သွားသည်။ ရုတ်တရက် ဘာပြန်ပြောရမှန်းလည်း မသိ။ မိုးစိုး ကျောင်းနေချိန်မှာ ခေမာက ဝင်ပြောပေးသဖြင့် သူငယ်ချင်းများကို ကျေးဇူးတင်ရသေးသည်။

“အဲဒါ ထားလိုက်တော့…။ သိပြီးသားပဲ။ ရွှေကဲ ဘာဖြစ်လို့ မလာတာလဲ”

တင်အောင်မင်းသိမ်း ခဏတော့ ငြိမ်ကာသွားသည်။ ပြီးတော့ သက်ပြင်းကိုချကာ မိုးစိုးကို မရဲတရဲကြည့်ရင်း ပြောသည်။

“မိုးစိုးကို စာပေးပြီးတော့ ဒီကောင် တော်တော်တုန်လှုပ်နေတယ်ဗျ။ အဆောင်မှာ အအိပ်အစားလည်း မမှန်ဘူး။ နေလည်း မနေဘူး။ ပြီးတော့…မိုးစိုးနာမည်တွေချည်းပဲ စာရွက်မှာ လျှောက်ရေးနေတယ်။ မိုးစိုးနာမည်တွေချည်းပဲ”

“မိုးစိုးနာမည်တွေ…။ ရှင်တို့ ဘာပြောတာလဲ…။ မိုးစိုး နားမလည်ဘူး”

မိုးစိုး တအံ့တဩနှင့် ဝင်ကာမေးတော့ တင်အောင်မင်းသိမ်းက ခေါင်းကို ခါရမ်းကာ ဝင်းနိုင်တို့ဘက်ကို လှမ်းကြည့်ရင်း မျက်စေ့ကို အသာမှိတ်ပြသည်။ ဝင်းနိုင်က သက်ပြင်းကို ချရင်း…

“ပြောမယ်ဆိုရင်လည်း အကုန်သာ ပြောလိုက်ပါကွာ…။ ဒီကောင် မပွင့်လင်းတာ ထားတော့။ မင်းတို့ ငါတို့ကတော့ ဖြစ်တဲ့ကိစ္စကို ပြောရတော့မှာပဲ”

“ဟုတ်တယ်…။ ရှင်တို့ ပွင့်ပွင့်လင်းလင်းပြောတာ အကောင်းဆုံးပဲ။ ဒါမှ ကျွန်မတို့ ဘာလုပ်ရမယ်ဆိုတာ အကောင်းဆုံး စဉ်းစားလို့

www.foreverspace.com.mm



ရမှာ''

သာသာ့စကားဆုံးတော့ တင်အောင်မင်းသိမ်းက စာရွက်ငါးရွက်ကို ထုတ်ကာ မိုးစိုးကို ပေးသည်။ မိုးစိုး ယူပြီး မဖတ်ဘဲ လွယ်အိတ်ထဲ ထည့်ရန်လုပ်တော့ တင်အောင်မင်းသိမ်းက…

''ဖတ်ကြည့်ပါ…။ ရှက်စရာ မလိုပါဘူး။ ကျွန်တော် ခုနကပြောတာ အဲဒါပဲ''

ဒါနဲ့ မိုးစိုး အသာလှန်ကြည့်တော့ စာရွက်တိုင်းမှာ မိုးစိုးနာမည်တွေကိုချည်း ရေးကာထား၏။ မိုးစိုးစိတ်ထဲမှာ လျှပ်ခနဲ တစ်ချက်ဖြစ်သွားသည်။

''ဟာ…မိုးစိုး နာမည်တွေချည်းပါပဲလား။ ဘာသဘောလဲ…ဟင်''

တအံ့တသြနှင့်မေးသော သာသာ့ကို မိုးစိုး အသာလက်ကုတ်ပြီး ဘာမှမပြောရန် တားရသည်။

''ဟုတ်တယ် သာသာ…။ ဒီကောင် ဒီနာမည်တွေချည်းပဲ ရေးနေတာကြာပြီ။ ပြီးတော့ နောက်တစ်ခုက ဓာတ်ပုံကိစ္စ…''

တင်အောင်မင်းသိမ်းက စကားကို မဆက်ဘဲ မိုးစိုးတို့ကို စိတ်ဝင်စားမှုရှိရဲ့လား…ဆိုတာကို လေ့လာသေးသည်။ ပြီးမှ စကားကို ဆက်သည်။

''ဒီကောင် မိုးစိုးရဲ့ ပိုက်ဆံအိတ်ကို ကောက်ရတုန်းက မိုးစိုးအိတ်ထဲက ဓာတ်ပုံတစ်ပုံကို ယူထားတယ်။ အဲဒီဓာတ်ပုံကို ဒီကောင် ခိုးကြည့်နေတုန်း ကျွန်တော်တို့က တွေ့သွားတော့ ဒီကောင် တော်တော်ရှက်သွားတယ်။ ကျွန်တော်တို့က နားလည်ပါတယ်ပြောတာတောင်မှ ဒီကောင်က မရတော့ဘူး။ အဲဒီကိစ္စတွေကို မိုးစိုးသိအောင် အမှန်အတိုင်း လာပြောတာပါ''

တင်အောင်မင်းသိမ်းစကားဆုံးတော့မှ မိုးစိုး သက်ပြင်းချနိုင်သည်။

www.foreverspace.com.mm



ဒီလောက်ဆိုလျှင်တော့ မိုးစိုးအတွက် ဘာပြဿနာမှ မရှိလှပါ။ ရွှေကဲဆီက ပိုက်ဆံအိတ်ပြန်ရစဉ်က ဓာတ်ပုံတွေကို စစ်မကြည့်ခဲ့။ စစ်ကြည့်စရာလည်း မလိုပါ။ ရွှေကဲက လိုချင်သည်ဆိုလျှင် လိုက်စင်ပုံမှ မဟုတ်။ အိမ်က Album ထဲမှာ ရှိသည့် အလှပြပုံတွေကိုပင် ပေးထားလို့ ရပါသည်။ သို့သော် ရွှေကဲက အရှက်အကြောက်ကြီးသူသာ ဖြစ်သည်။ သူ့ပိုက်ဆံအိတ်တုန်းက ထိုအချက်ကလေးကို အသုံးချပြီး မိုးစိုး ထင်ရာတွေ လုပ်ခဲ့ပြီးပြီ။ အခု ဓာတ်ပုံကိစ္စကို မိုးစိုး ခွင့်လွှတ်နိုင်ပါသည်။

"ရွှေကဲကို ပြောလိုက်ပါ။ အဲဒါတွေ အရေးမကြီးပါဘူး။ ကျွန်မတို့ဆီကို လာခဲ့ပါဦးလို့…"

"ဒီကိစ္စကို ပေါ့ပေါ့သဘောမထားနဲ့ မိုးစိုး။ သူ့ဘက်က တော်တော်အရေးကြီးနေတာနော်…။ မလွယ်ဘူး မိုးစိုး။ ဘယ်သူ့မှ မခေါ်မပြောနိုင် ဖြစ်နေတာကိုပဲ မိုးစိုးကြည့်တော့"

"ကျွန်မ နားလည်ပါတယ်။ ဓာတ်ပုံကိစ္စကိုလည်း ကျွန်မဘက်ကတော့ ဘာမှမဖြစ်ဘူးလို့ ပြောလိုက်ပါ"

တင်အောင်မင်းသိမ်းက မိုးစိုးကို တစ်ချက်ကြည့်သည်။ မိုးစိုးက တင်အောင်မင်းသိမ်း၏ အကြည့်ကို မလွှဲဘဲ ရင်ဆိုင်ကြည့်ကာ ယဲ့ယဲ့ကလေးပြုံးပြလိုက်သည်။ ထိုအပြုံးသည် မိန်းကလေးတစ်ယောက်အတွက် စွန့်စားခြင်းလည်းဖြစ်သည်။ ရွှေကဲအပေါ် သံသယမြူတစ်မှုန်မှ မရှိကြောင်း အကောင်းဆုံးသက်သေလည်း ဖြစ်လေသည်။

သူတို့စကားဝိုင်း ခေတ္တ တိတ်ဆိတ်သွားကြသည်။ တင်အောင်မင်းသိမ်းကတော့ ခေါင်းကို လေးငါးခါညိတ်ပြီး သူ့ဆေးပေါ့လိပ်ကို မီးညှိဖွာရင်း အဝေးသို့ ငေးနေပြီးမှ…

"ရွှေကဲကတော့ ဓာတ်ပုံကိစ္စကို မိုးစိုးသိရင် သူ့ကို အရမ်းရွံ့ရှာစက်ဆုပ်ပြီး မုန်းသွားမယ်လို့ကို ထင်နေတာ…။ အပေးအယူလေး တစ်ခုတော့ လုပ်လိုက်ပါလား မိုးစိုးရယ်…။ ဒီကောင့်ဆီက ဓာတ်ပုံ

www.foreverspace.com.mm



ပြန်ယူရင် မိုးစိုး သူ့ကို မချစ်ဘူးဆိုတဲ့ အဖြေပေါ့။ တစ်ကယ်လို့ မိုးစိုး သူ့ကို ပြန်မချစ်နိုင်ဘူးဆိုရင်လည်း ဓာတ်ပုံကိုပဲ ပြန်ယူထားလိုက်ပါ။ သူ စိတ်ထိခိုက်မယ့်စကားတွေ မပြောပါနဲ့။ ကျွန်တော်တို့က ဒီကောင်ဖြစ်နေတာတွေကိုကြည့်ပြီး မိုးစိုးကို အကူအညီတောင်းတာပါ"

"ဟုတ်တယ် မိုးစိုး။ ဒီတစ်ကြိမ်သာ ထပ်ဖြစ်ရင် ပထမအကြိမ်ထက် ဒီကောင် ပိုဆိုးမှာ အမှန်ပဲ"

မိုးကျော်စကားဆုံးတော့မှ ဝင်းနိုင်က ဝင်သည်။

"အမှန်တော့ ရွှေကဲက သူ သိပ်ကြောက်ရတဲ့ ဆရာတော်နဲ့၊ သူ သိပ်ချစ်မိတဲ့ မိုးစိုးကြားမှာ ပိတ်မိနေတာပါ။ ဒီကောင့်ဘဝက မိုးစိုးမှ နားလည်မပေးရင် တော်တော်လေးကို ဖြစ်ချင်ရာ ဖြစ်သွားနိုင်တာ။ ကျွန်တော်တို့က မိုးစိုးကိုပဲ အားကိုးရတော့မှာပါပဲဗျာ..."

သူတို့စကားဆုံးတော့ မိုးစိုး ဘာမှ ပြန်မပြောနိုင်။ သာသာနှင့် ခေမာလည်း မိုးစိုးကိုပဲ လှမ်းကြည့်ရင်း ဘာတစ်ခုမှ ဆုံးဖြတ်ချက် ဝင်မပေးကြ။

အခုအခြေအနေက လူတစ်ယောက်ကို အဖြေပေးဖို့ထက် လူတစ်ယောက်ဘဝကို စီရင်ချက်ချနေရတာနှင့် ပိုတူသည်။ ပထမ ပိုက်ဆံအိတ်ကိစ္စတုန်းက သူ မခိုးဘူးဆိုတာသိပါလျက်နှင့် မိုးစိုးက တမင်သူလုပ်ချင်တာကို လုပ်ပစ်ခဲ့သည်။ အခု ဓာတ်ပုံကိစ္စကျတော့ သူ ယူထားတာ သေချာသည်။ မိုးစိုးက အပြစ်ပေးလိုက်လျှင်...။

"ကောင်းပြီလေ...။ မိုးစိုး စဉ်းစားပါဦးမယ်။ သဘက်ခါကျရင် သူ့ကို ဆုံနေကျနေရာကို မနက်ကိုးနာရီ လာခဲ့လို့ ပြောလိုက်ပါ"

"ကျေးဇူးတင်ပါတယ် မိုးစိုးရယ်...တကယ်ပါပဲ။ ဒါပေမဲ့ ရွှေကဲဆိုတဲ့ကောင်က တော်ရုံတောင် မဟုတ်ဘူး။ ကျွန်တော်တို့ကိုလည်း သိပ်ယုံတာ မဟုတ်ဘူးဆိုတော့...မိုးစိုး စာလေးတော့ ရေးပေးလိုက်ပါလား"

မိုးစိုး တစ်ချက်စဉ်းစားပြီး သူ့ Auto စာအုပ်ကို ထုတ်ကာ စာတိုလေးတစ်ကြောင်း ရေးလိုက်သည်။

ရွှေကဲ

သောကြာနေ့ ဆုံနေကျနေရာကို မနက်ကိုးနာရီ ဆက်ဆက်လာခဲ့ပါ။

မိုးစိုး

"ကဲ...ဒီလောက်ဆို ရပြီမဟုတ်လား။ ဖတ်ကြည့်ပါဦး"

တင်အောင်မင်းသိမ်းက မိုးစိုးရေးပေးသော စာကို ဖတ်ကြည့်ပြီး အိတ်ထဲသို့ထည့်ကာ မိုးစိုးကို ကျေးဇူးတင်စွာ ပြုံးပြရင်း မတ်တပ် ထရပ်သည်။

"ဒီလောက်ဆိုရင် ရပါပြီ။ အခုလို သဘောထားကြီးတဲ့အတွက် မိုးစိုးကို ကျွန်တော် အရမ်းကျေးဇူးတင်ပါတယ်။ ဟော့ကောင်တွေ သွားကြရအောင်"

ထွက်သွားကြသော တင်အောင်မင်းသိမ်းတို့ကို ငေးရင်း မိုးစိုးက အကြည့်ကို နံဘေးမှ သူငယ်ချင်းတွေဘက် မလှည့်ဘဲ တခြားတစ်နေရာသို့ ပြောင်းသည်။ လှည့်ငေးလျှင်လည်း သူ့ကို နားမလည်သလို မဲ့ပြုံး ပြုံးကာကြည့်မနေမည့် ခေမာနှင့်သာသာတို့ မျက်ဝန်းများကိုပဲ မြင်ရမှာ သေချာသည်။

"ဘယ်လိုလည်း ဆရာမကြီး။ ဒီတစ်ခါတော့ မလက ဈာန်ကွဲပြီလား"

"ပထမတစ်ခါတုန်းက သိလျက်နဲ့ ကိုယ် သူ့အပေါ် အခွင့်အရေးယူခဲ့ပြီးပြီ။ သူ ဘယ်လောက်ခံလိုက်ရတယ်ဆိုတာ မင်းတို့ အသိပဲ။ အခု ဓာတ်ပုံကိစ္စက သူ ယူထားတာပဲ ထားတော့...။ ကိုယ်က အပြစ် ယူလိုက်ရင် သူ ရှက်ပြီး ထွက်သွားတော့မှာ သေချာတယ်။ မိုးစိုးဆိုတဲ့



www.foreverspace.com.mm

www.foreverspace.com.mm

မိန်းကလေးက မချစ်တတ်သေးပါဘူး။ ဒါပေမဲ့ သူ့ကို ဒုက္ခမရောက်စေချင် တာလည်း အမှန်ပဲ''

မိုးစိုးစကားကြောင့် ခေမာနှင့်သာသာတို့ ငြိမ်သွားကြသည်။

''အေးကွာ…။ ဟုတ်တော့ ဟုတ်ပါတယ်။ မင်းကသာ ရွှေကဲနင် ဘာဖြစ်လို့ ဒီဓာတ်ပုံကို ခိုးထားတာလဲလို့ မေးလိုက်ရင် ရွှေကဲ နေရာတွင် သတ်သေမလား မသိဘူး''

''အင်း…ဒုက္ခ…ဒုက္ခ။ အချစ်တတ်သေးဘဲနဲ့ ယောကျ်ား တစ်ယောက်ကို အခြေအနေအရ ချစ်သူလုပ်ရတော့မယ့် မင်းဆုံးဖြတ်ချက် ကို မှားတယ်လို့ ခေမာ မပြောချင်ဘူး။ မှန်တော့လည်း မမှန်သေးဘူး မိုးစိုး''

မိုးစိုး သက်ပြင်းကို ချသည်။

သူ့မှာ ပြန်ပြောစရာစကားလည်း ဘာမှမရှိဘူး မဟုတ်လား။

ရှေ့က ခပ်သုတ်သုတ်သွားနေသော တင်အောင်မင်းသိမ်းကို မိုးကျော်က ပခုံးကိုင်ကာ ဆွဲလှည့်ပစ်လိုက်သည်။ ပြီးတော့ စကားကို ချက်ချင်းမပြောနိုင်သေး။ မိုးစိုးတို့နှင့်ထိုင်စဉ်က ကြောက်တာရော၊ စိတ် လှုပ်ရှားတာရောနှင့် ယောင်ယောင်ပြီး ပါးစပ်ထဲကို ထည့်ခဲ့သည့် ကွမ်းယာ က လေးယာလောက်ရှိသဖြင့် ပါးစပ်ထဲမှာ ပြည့်ကြပ်နေသောကြောင့်ဖြစ် သည်။ ထို့ကြောင့် ကွမ်းယာတွေကို အရင်ထွေးရသည်။ ပြီးမှ…

''ဟေ့ကောင်…မင်း ဘာတွေလျှောက်လုပ်ခဲ့တာလဲ။ ပြောတုန်း က တစ်မျိုး၊ လုပ်တော့တစ်မျိုးနဲ့။ ဒီကိစ္စက ပြဿနာ ဘယ်လောက်ကြီး တယ် မှတ်သလဲ''

''ဟုတ်တယ် သူငယ်ချင်း…။ မင်းပြောတော့ ရွှေကဲကို ကြပ်ရုံ ပဲဆို။ အခုဟာက လမ်းဆုံးကို ရောက်နေပြီ။ မဟုတ်သေးဘူးနော်''

ဝင်းနိုင်စကားဆုံးတော့ တင်အောင်မင်းသိမ်းက ထုံးစံအတိုင်း ဆံပင်ကလေးကို ခါကာ ရယ်သည်။

www.foreverspace.com.mm



"ကိစ္စမရှိပါဘူး…။ မင်းတို့ သိပ်စိုးရိမ်မနေပါနဲ့။ ငါလည်း အစက တော့ ရွှေကဲကို ကြပ်ဖို့လောက်ပဲ ရည်ရွယ်တာပါ။ ဒါပေမယ့် ကြည့်ရင်း မိုးစိုးဘက်က သိပ်အခြေအနေ ကောင်းနေတာနဲ့ စကားကုန် ပစ်သွင်း လိုက်တာ။ ဘာဖြစ်လဲကွာ…။ ဒီကောင်ကလည်း မိုးစိုးကို ကြိုက်နေတာပဲ ဟာ။ ဘာပြဿနာ တစ်စရာရှိလဲ"

ဒီတော့မှ ဟိုနှစ်ကောင်မျက်နှာ စပ်ဖြဲဖြဲကြီးတွေ ဖြစ်သွားကြ သည်။ ဝင်းနိုင်က…

"ရွှေကဲ…ရွှေကဲ…။ ရေးဘဝကုသိုလ်ကံ တော်တော်ကောင်းတဲ့ ကောင်ပါလား…။ ငါတို့က သူ့ကို ဒုက္ခပေးဖို့ လုပ်တယ်။ အခု သူက ဒုက္ခမရောက်တဲ့အပြင် တော်တော်လေးနိတ်တဲ့ ကောင်မလေးနဲ့တောင် ရည်းစားဖြစ်ရဦးမယ်…။ ကောင်းပေ့ကွာ…ဟားဟားဟား"

"အင်း…လောကကြီးက တော်တော်ဆန်းကျယ်တာပဲ။ ဒီကောင် ခဏခဏပြောသလို ကံသာအမိ၊ ကံသာအဖဆိုတာ သိပ်မှန်တာပဲ။ ဒီကောင်သိရင် တော်တော်ဝမ်းသာမှာ…။ လာကွာ…မြန်မြန်သတင်းပေး ကြရအောင်"

မိုးကျော်တို့ အားရဝမ်းသာ အဆောင်သို့ ပြန်ကြသည်။

သို့သော် လောကကြီးတွင် ကံတရားဆန်းကျယ်သလို စိတ်တရား ကလည်း ဆန်းကျယ်ကြောင်းကို သူတို့ သိသွားကြသည်။ တင်အောင်မင်း ဝသိမ်း၏ စကားမစမှာပင် ရွှေကဲက ဒေါသတကြီး ပေါက်ကွဲတော့သည်။

"ဟာ…ခင်ဗျားတို့ တော်တော်ယုတ်မာပါလား။ ဒီဓာတ်ပုံကိစ္စက ဘယ်လိုကျုပ်ဆီမှာ ကျန်ခဲ့တယ်ဆိုတာ ခင်ဗျားတို့ကို ရှင်းပြခဲ့ပြီးသား။ နာမည်ရေးတယ်ဆိုတာလည်း ဘာရည်ရွယ်ချက်နဲ့မှ ရေးတာမဟုတ်ဘူး လို့ ပြောပြီးသား။ ဒီကိစ္စတွေ ဘာမှ သွားပြောစရာ မလိုဘူး။ ခင်ဗျားတို့ ဗျာ…ရက်စက်လိုက်ကြတာ။ ခင်ဗျားတို့ကို ကျုပ်က ဘာတွေ ဒုက္ခပေး နေလို့ ကျုပ်အပေါ် ဒီလောက် ဒုက္ခပေးနေကြတာလဲ"

www.foreverspace.com.mm



အရှူးတစ်ယောက်လို ပေါက်ကွဲကာ ဝုန်းဒိုင်းကြဲနေသော ရွှေကဲကို ကြည့်ကာ တင်အောင်မင်းသိမ်းတို့ စကားမပြောနိုင်ကြဘဲ ကြောင်နေကြသည်။ တင်အောင်မင်းသိမ်းက သူ့မဟာစွမ်းဆောင်ချက်ကို ရိုးရိုးမပြောဘဲ သွားကွန့်သဖြင့် လိုရင်းနေရာသို့ မရောက်မီ ရွှေကဲက ဒေါသတကြီး ပေါက်ကွဲခြင်းဖြစ်သည်။

"ဒီကောင်မလေးတွေနဲ့ပတ်သက်ပြီး ပထမတစ်ခါလည်း ကျုပ်မှာ သူခိုးအစွတ်ဆွဲခံရပြီး အရှက်တကွဲ ဖြစ်ပြီးပြီ။ အခုလဲ...။ တောက်...။ ဒီမှာဗျာ...ကျုပ်က အညာသားပါ။ ရွှေမရှိ၊ ငွေမရှိ၊ မျိုးမရှိ ကောင်ပါ။ ကျုပ်ဆီက ဘာလိုချင်နေလို့ ဒီလောက်ဒုက္ခပေးနေရတာလဲ...။ ဟောဒီနေရာလား၊ ဟောဒီ ပြတင်းပေါက်က ခုတင်နေရာကို လိုချင်လို့လား...။ လာ...လာ...ယူ...ယူ။ ကျုပ်ကိုတော့ ဒုက္ခမပေးကြပါနဲ့ဗျာ"

ရွှေကဲက ခုတင်ပေါ်က သူ့ခြင်ထောင်၊ သေတ္တာတွေကို ဆွဲချကာ နံဘေးသို့ လွှင့်ကာပစ်သည်။ မိုးကျော် ထိတ်လန့်ကာ နံဘေးသို့ ရှောင်ရသည်။ ပစ္စည်းတွေ အကုန်ဆွဲချလွှင့်ပစ်ပြီး မျက်ရည်ဝဲကာ ကြမ်းပြင်ပေါ်မှာ ထိုင်နေသော ရွှေကဲအနားသို့ ဝင်းနိုင်က မရဲတရဲကပ်ကာ လေပျော့ကလေးနှင့် ပြောရသည်။

"ရွှေကဲ...သူငယ်ချင်း။ ငါတို့ မင်းအပေါ် မယုတ်မာပါဘူးကွာ။ မင်းဖြစ်နေတာတွေကြည့်ပြီး စိတ်မကောင်းလို့ ပြောမိကြတာပါ။ မိုးစိုးကလည်း မင်းကို စိတ်မဆိုးပါဘူး။ အခု မင်းအခြေအနေကလေ..."

"ဟေ့ကောင် ဝင်းနိုင်...တော်ပြီ။ မပြောနဲ့တော့"

ထိုအချိန်တွင်မှ ခုတင်ထောင့်မှ ငြိမ်နေသော တင်အောင်မင်းသိမ်းက ဝုန်းဆိုထကာ ဒေါသတကြီးအော်သည်။

"ဒီမှာ ရွှေကဲ...။ ငါ ဒီကိစ္စအားလုံးကို ပြောတာ။ အေး...မင်းအပေါ်မှာ ငါ မယုတ်မာဘူးဆိုတာ ဒီကောင်တွေအားလုံး သိတယ်။ ငါတို့ စေတနာနဲ့ပြောတာကို မင်း ဒီလောက်ပေါက်ကွဲစရာ မလိုဘူး ရွှေကဲ။

www.foreverspace.com.mm



မင်း ပြတင်းပေါက်နားက ခုတင်လည်း ငါလိုချင်လို့ မဟုတ်ဘူး။ မင်းက ငါတို့စေတနာကို ဒီလောက်တောင်ဖြစ်နေမှတော့ ငါတို့ မင်းနဲ့အတူ မနေတာဘဲ ကောင်းတယ်။ ဟော့ကောင်တွေ…မင်းတို့ရော အဆောင် ပြောင်းမယ် မဟုတ်လား"

သူတို့ကို ချီးကျူးဂုဏ်ယူမည်ဟု ထင်ထားခဲ့သော်လည်း ရုတ်တရက် ရွှေကဲပေါက်ကွဲမှုကို ခံလိုက်ရသဖြင့် ဒေါသဖြစ်နေကြသော ဟိုနှစ်ယောက်လည်း လိုက်မည်ဟု ပြန်ပြောကာ ပစ္စည်းတွေ သိမ်းကြသည်။

ဒီတော့လည်း ရွှေကဲ ဘာလုပ်ရမှန်းမသိ။ သူငယ်ချင်းတွေကို ကြောင်ကာ ငေးကြည့်နေမိသည်။

"ဟာ…အဲဒီလောက်လည်း မဟုတ်ပါဘူးဗျာ…။ နေကြပါဦး။ ခင်ဗျားတို့က ကျုပ်ကို မတိုင်ပင်ဘဲ သွားပြောတော့…"

"တော်ပြီ ရွှေကဲ…။ ဟောဒီမှာ မိုးစိုးက မင်းကို ပေးလိုက်တဲ့စာ။ မင်း သွားကြည့်လိုက်ရင် ငါတို့စေတနာကို သိသွားလိမ့်မယ်။ ဒါပဲ…"

တင်အောင်မင်းသိမ်းက အိတ်ထဲက စာရွက်ကို ထုတ်ပေးကာ ပစ္စည်းတွေဆွဲပြီး အိမ်ပေါ်မှ ဆင်းကာ သွားကြသည်။

ဒေါသအသီးသီးမှလာသော အကုသိုလ်စိတ်များသည် မိနစ်နှစ်ဆယ်ခန့် သူတို့အဆောင်လေးအတွင်းမှာ လေမုန်တိုင်းလို ဝင်မွှေသွားခဲ့သည်။

အခုတော့ အဆောင်ထဲမှာ ရွှေကဲတစ်ယောက်သာ တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့လေသည်။

❀

www.foreverspace.com.mm



ကန်ရေပြင်ကို တိတ်တဆိတ် ငေးရတာမျိုးကို မိုးစိုး အရမ်းနှစ်သက်သည်။ ပြီးတော့ ကန်ရေပြင်အစပ်မှာရှိတဲ့ သစ်ပင်ကြီးတွေရဲ့ အေးမြမှု၊ ညင်းညင်းညံ့ညံ့ လေတိုးသံ စိမ်းမြမှုက ပန်းခြံထဲ၊ အိမ်ခြံဝန်းထဲက သစ်ပင်တွေနှင့် တော်တော်ကွာသည်ဟု မိုးစိုး ထင်သည်။ မိုးစိုးဘဝတွင် မကြာခဏစိတ်ကူးယဉ်သော လိုအင်ဆန္ဒနှစ်ခုရှိသည်။ တစ်ခုက မည်သူနှင့်မှ မတူအောင် သူ တီထွင်ထားသော Fashion ဒီဇိုင်းတွေကို ဝတ်ပြီး လူတွေ ပျော်ရွှင်နိုင်ဖို့ဖြစ်ပြီး၊ ဒုတိယတစ်ခုက အခုလို ကန်ရေရိပ်မှာ သစ်ပင်တွေ အုံ့ဆိုင်းနေတဲ့နေရာမှာ အိမ်တစ်လုံးဆောက်ကာ နေဖို့ ဖြစ်သည်။

သူ့ဝါသနာအတွက် သူကိုယ်တိုင် ကြိုးစားမှုရော၊ ဖေဖေနဲ့မေမေ လိုက်ရောမှုရောနှင့် အောင်မြင်နိုင်သော်လည်း ဒုတိယစိတ်ကူးအတွက်တော့ လွယ်မည်မထင်။ မိုးစိုးတို့က မဆင်းရဲသော်လည်း ကန်ရေပြင်ကြီး ပတ်လည်ဝိုင်းပြီး ညို့ညို့ဆိုင်းဆိုင်း သစ်ပင်တွေပါသည့် အိမ်တစ်လုံး ဝယ်နိုင်အောင်လည်း မချမ်းသာ။

ဒီလိုအိမ်မျိုး ရဖို့ကလည်း ဒီခေတ်မှာ မလွယ်လှပါ။

ဒါကြောင့်…စိတ်အေးလက်အေး နေချင်သည့်အခါတိုင်း မိုးစိုး ဒီနေရာလေးကို လာထိုင်လေ့ရှိသည်။ ပြီးတော့ သူ့အိမ်ကို သူ စိတ်ကူးယဉ်သည်။ ဒါကြောင့် ဒီနေရာကလေးသည် မိုးစိုးထိုင်နေကျ၊ သူငယ်ချင်းများနှင့် ဆုံနေကျနေရာကလေး ဖြစ်လာသည်။

ဒီနေ့ ဒီနေရာကို မိုးစိုးတစ်ယောက်တည်း ထွက်လာခဲ့သည့်

www.foreverspace.com.mm



အတွက် သာသာနှင့်ခေမာက မကျေနပ်ကြ။ သူတို့ကိုခေါ်ရန် အပြင်း အထန် တောင်းဆိုသော်လည်း မိုးစိုးက အကြိမ်ကြိမ်တောင်းပန်ကာ ထားခဲ့သည်။ ရွှေကဲက ဘယ်လိုပုံစံဖြစ်လာဦးမည် မသိသောကြောင့် မိုးစိုးနှင့် နှစ်ယောက်တည်းတွေ့ကာ အကောင်းဆုံးဟု ယူဆထားသောသဖြင့် တစ်ဦးတည်းလာခဲ့ခြင်းဖြစ်သည်။

အတွေးတွေကို ဟိုဒီလွင့်ပြီး ရွှေကဲဆီရောက်သွားတော့ မိုးစိုး သက်ပြင်းကို ချရသည်။ ရွှေကဲကို သူ ချစ်သလား၊ မချစ်ဘူးလား ဆိုတာကို ညကတစ်ညလုံး စဉ်းစားခဲ့သည်။ သို့သော် အဖြေက မပေါ်။

ရွှေကဲ၏ မျက်လုံးတွေက ရိုးသားသည်။ တစ်ခါတစ်ရံ ယုန် ကလေးတစ်ကောင်မျက်ဝန်းနှင့်တူပြီး တစ်ခါတစ်ရံ ကလေးတစ်ယောက်၏ မျက်ဝန်းနှင့် တူသည်။ သူ၏ ရှုက်ဖိုကြီးငယ်အသွယ်သွယ်ကို သတိ ထားမိသော၊ နှစ်သက်သဘောကျသော ယောကျ်ားလေးတစ်ယောက် မျက်ဝန်းမျိုးကို မိုးစိုး မကြာခဏ ကြုံးဖူးသဖြင့် အလွတ်ရနေခဲ့သည်။ သို့သော် ရွှေကဲထံမှာ ဒီလိုမျက်ဝန်းမျိုးကို မတွေ့ရ။

ရွှေကဲ၏ ရိုးရိုးနေတတ်သောပုံစံ၊ အတိမ်းအဝှက် အသွယ်အဝိုက်၊ မပါသော စကားပြောပုံ၊ အနစ်နာခံဖို့သာ စဉ်းစားတတ်သော စိတ်ကူး…။ ဒါတွေကို သူ သဘောကျ နှစ်လိုခဲ့သည်။ သို့သော် ရွှေကဲသည် သူ့စိတ် ကူးထဲက ရည်းစားကနေ ချစ်သူဖြစ်မည့် လူတစ်ယောက်နှင့်လည်း လုံးလုံးမတူပြန်။ ရိုးရိုးသားသားပြောရလျှင် သူ ရွှေကဲကို ခင်သည်၊ သဘောကျသည်၊ ယုံကြည်သည်။ ရင်တော့ မခုန်မိပါ။

မိန်းကလေးတွေအများစုသည် အထင်ကြီးမှ ရင်ခုန်တတ်ကြ သည်ဆိုလျှင် သူ ရွှေကဲကို အထင်မကြီးသေးဟုသာ ပြောစရာရှိသည်။ သို့သော် အခု ဖြေရှင်းရမည့်ပြဿနာက ရောက်လာပြီ။ သူ ဘာလုပ် ရမည်နည်း။

"မင်းက သူ့ဘဝကို နားလည်ပြီး ခတ်ပုံကို ပြန်မယူဘူး

www.foreverspace.com.mm



ထားပါတော့။ ဒါဆိုရင်···သဘောတူညီချက်အရ မင်းနဲ့သူ ချစ်သူတွေ ဖြစ်ပြီ။ ဖြစ်ကြရင်···ရွှေကဲအနေနဲ့ မင်းလို မိန်းကလေးမျိုးကို တအား ချစ်မှာပဲ···။ အဲဒီ သူ့အချစ်ကြီးကို ပြီးမှ မင်းက မဟုတ်ပါဘူးလို့ ပြောရင် ရွှေကဲ ဘယ်လိုခံစားရမလဲ''

ခေမာမေးသော မေးခွန်းကို မိုးစိုး ပြန်မဖြေနိုင်။

''ကဲ···ဒါဆို မိုးစိုးက သူပေးတဲ့ဓာတ်ပုံကို ဆွဲဖြဲပစ်လိုက်ရင် ကော···။ ရွှေကဲ ဘယ်လိုခံစားရမလဲ။ ဘာတွေ ဖြစ်ကုန်ကြမလဲ''

မိုးစိုးအမေးကိုလည်း ခေမာတို့ ပြန်မဖြေနိုင်ကြပါ။

နောက်ဆုံး တောမှလာပြီး ဆင်းဆင်းရဲရဲနှင့် ပညာသင်နေသော ရွှေကဲအတွက် မိုးစိုး ဆုံးဖြတ်ချက် ချလိုက်ရသည်။ ရွှေကဲကို သူ အဖြေပေးလိုက်တော့မည်။ ဒီလိုဆိုတော့လည်း မိုးစိုး ရင်တွေဘာတွေ ခုန်လာပြန်၏။ လူ့စိတ်ဆိုတာ တစ်မျိုးပါလား···။

အတွေးလွန်လို့ နာရီကို ငုံ့ကြည့်တော့ (၉း၂၅) ဖြစ်နေပြီ။ ဒီတော့မှ ကန်ရေပြင်ကို မျက်နှာလွှဲကာ ဣန္ဒြေမပျက်အောင် ငဲ့ကြည့်တော့ သူ့ထံလာနေသော ရွှေကဲကို တွေ့လိုက်ရ၏။

မိုးစိုး ရင်ထဲမှ ထိတ်ခနဲဖြစ်ကာ ကိုယ့်ရင်ခုန်သံကို အတိုင်းသား ပြန်ကြားနေရ၏။ ညက စဉ်းစားတုန်းက လုံးဝ ရင်မခုန်ပါ။ 'မိုးစိုး···နင် ဘာဖြစ်နေတာလဲ···။ သတိနဲ့ နေစမ်း' ဟု ကိုယ့်ကိုယ်ကိုယ် အတင်း ထိန်းရသည်။ နေရာလွတ်ရှိနေပါလျက်နှင့် ခုံတန်းတစ်ဖက်စွန်းကို အလိုလို ရွှေ့သွားမိသည်။ ပြီးတော့ နံဘေးကို မကြည့်ရဲတော့ဘဲ မျက်လွှာကို ချထားလိုက်ရ၏။

မိုးစိုးကို ဆုံနေကျခုံမှာ လှမ်းတွေ့လိုက်ရကတည်းက ရွှေကဲ ရင်တွေတဆတ်ဆတ်တုန်ကာ သွားသည်။ မိုးကျော်တို့ လိမ်ခဲ့တာ မဟုတ်။ တစ်ကယ်လုပ်ခဲ့တယ်ဆိုတာ သေချာသွားပြီ။ သူ့ဘဝ၊ သူ့အရှက်၊ သူ့ သိက္ခာလည်း တစ်စက်မှ မကျန်တော့ပြီဟု ရွှေကဲ တွက်လိုက်သည်။

www.foreverspace.com.mm

ဒီကောင်တွေ ဘယ်လောက်ပြောခဲ့ ပြောခဲ့ မိုးစိုးလို မိန်းကလေး မျိုးက သူ့ကို ခွင့်လွှတ်မှာ မဟုတ်ဆိုတာ ရွှေကဲ သိသည်။ ပိုက်ဆံ အိတ်ကို သူ မခိုးဘူးထားတော့။ ဓာတ်ပုံကိုတော့ သူ ခိုးခဲ့သလိုဖြစ်တာ သေချာသည်။ ဆရာတော်က 'ဟဲ့…သူတစ်ပါးက မပေးတဲ့ ပစ္စည်းကို သိအောင် ယူယူ၊ မသိအောင် ယူယူ အဲဒါ အအိန္နာ ဒါနာပဲ…ဟဲ့'ဟု အမြဲပြောတတ်သူ မဟုတ်လား။

ထိုအတွေးကြောင့်ပင် ရွှေကဲ ရန်တွေ့တုန်ကာ မိုးစိုးထိုင်နေသော ခုံအနီးမှာ မတ်တပ်ရပ်နေမိသည်။ ဝင်မထိုင်ရဲ၊ မထိုင်ဝံ့။

နှစ်မိနစ်လောက်အထိ ဝင်မထိုင်သော ရွှေကဲကြောင့် မိုးစိုး နည်းနည်း ရင်ခုန်သံကို ထိန်းနိုင်သွားသည်။ ဒီကိစ္စ ပြေလည်အောင် ဖြေရှင်းရမည့်လူဟာ သူဆိုတာကိုလည်း သတိရကာ သွားသည်။

"ရွှေကဲ…ထိုင်လေ"

"ခင်ဗျာ…ဟုတ်…ဟုတ်ကဲ့"

ရွှေကဲ ဝင်ထိုင်သည်။ သူ့လည်ချောင်းထဲမှာ ထန်းသီးလုံးလို အရာမျိုးကြီးတစ်ခု တစ်နေ၏။ မျက်နှာက ပူလိုက်တာမှ အခုနေ ပုရွတ်ဆိတ်တစ်ကောင်သာ မျက်နှာပေါ် ပြုတ်ကျလာလျှင် 'ဖလွတ်'ဆို ကွေးကောက်သေသွားမှာ သေချာသည်။

"သူငယ်ချင်းတွေ ပြောတာ အမှန်ပဲလား"

"ဂလု…အု…အု…အု…ပါတယ်"

'ဟုတ်ပါတယ်'ကိုပင် 'အု…ပါတယ်'ဖြစ်နေသော ရွှေကဲကို မိုးစိုး သနားသွားသည်။ အသာခိုးကြည့်တော့ မေးကြောကြီးတွေ ထောင် နေအောင် တင်းထားကာ ရှေ့ကို မျက်လုံးအပြူးသားနှင့် စိုက်ကြည့်နေ သော ရွှေကဲကို တွေ့ရသည်။

ရွှေကဲ၏ တုန်လှုပ်မှုကို မြင်ရတော့ ဘာကြောင့်မှန်း မသိ။ မိုးစိုး တော်တော်လေးကို တည်ငြိမ်ကာသွားသည်။

www.foreverspace.com.mm



"ကဲပါ ရွှေကဲရယ်...ဒီလောက်လည်း ဖြစ်မနေပါနဲ့။ သူတို့ရှင်းပြတာတွေကိုလည်း မိုးစိုး နားလည်ပါတယ်။ ဟုတ်လား"

"ကျွန်...ကျွန်တော်...တောင်းပန်ပါတယ်။ ဒီ...ဒီကောင်တွေကို မပြောပါနဲ့လို့ အတန်တန် တားတဲ့ကြားက..."

ရွှေကဲ စကားဆက်မပြောနိုင်။ ရင်ထဲမှာ ဆို့နင့်ကာ နေ၏။ သို့သော် မိုးစိုးကတော့ ပေါ့ပါးစွာရယ်သည်ကို ကြားရ၏။

"ဘာလဲ...။ နာမည်တွေရေးတဲ့ ကိစ္စလား...။ ဘာဖြစ်လို့ ရေးတာလဲ"

ရွှေကဲတစ်ကိုယ်လုံး ထူပူကာသွား၏။ ဒီကောင်တွေ ပြောသည့်အထဲမှာ သူ နာမည်ရေးသည့်ကိစ္စမပါ။ ဖြစ်နိုင်လျှင် ရှေ့က ရေကန်ထဲကို ဂွမ်းပစ်ကာ ခုန်ချပစ်လိုက်ချင်သည်။

"ဟား...ဒီကောင်တွေ ဒါပါ ပြောသွားတာလား။ တောက်...တော်တော်ရက်စက်တဲ့ ကောင်တွေကွာ...။ ဟာကွာ...ဒီကောင်တွေ"

ရွှေကဲက ဒေါသနှင့်ပြောရင်း မတ်တပ်ထရပ်ကာ လက်သီးကို ဆုပ်သည်။ မိုးစိုး အခြေအနေကို ဝင်ထိန်းရပြန်၏။

"ကဲပါ...ဒီလောက်ဖြစ်မနေပါနဲ့...။ မိုးစိုးက နားလည်ပါတယ်လို့ ပြောပြီးသားပဲ။ စာမကျက်ဘဲ မိုးစိုးနာမည်တွေ လျှောက်ရေးနေတော့ ဘယ်ဟုတ်မလဲ။ အဲဒါကို ပြောတာ...။ စိတ်ဆိုးလို့ မဟုတ်ပါဘူး"

"ကျွန်တော် စာကျက်ပါတယ်။ ကျက်တယ်...။ ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် မိုးစိုးနဲ့ မတွေ့တာကြာတော့ ဘာရယ်မဟုတ်ဘဲ နာမည်တွေ ချရေးမိတာပါ။ ကျွန်တော်...စိတ်ထဲမှာ..."

"ကဲ...ထိုင်ပါ ရွှေကဲရယ်...။ ဒီလောက် အသံကျယ်ကြီးနဲ့လည်း မအော်နဲ့လေ...။ ထိုင်နော်...။ သူတို့ပြောတာတွေကို စိတ်ထဲမှာ မထားနဲ့တော့။ ဟုတ်ပြီလား..."

မိုးစိုး ဘာကြောင့်မှန်း မသိ။ ရွှေကဲ လက်မောင်းကို အသာ

www.foreverspace.com.mm



သွားကိုင်မိသည်။ ဒေါသထွက်နေသော မောင်တစ်ယောက်ကို အစ်မက ချော့သလိုမျိုး ဖြစ်လိမ့်မည် ထင်သည်။ ရွှေကဲက ဝုန်းခနဲထိုင်ကာ…

“ကျွန်တော်သိပြီ မိုးစိုး။ ကျွန်တော် ဘာမှ ပြောစရာ မရှိတော့ပါဘူး။ ရော့…မိုးစိုးဆီက ကျွန်တော် ခိုးထားတဲ့ ဓာတ်ပုံ”

ရွှေကဲစကားကြောင့် မိုးစိုး ပထမ…အံ့သြသွားသည်။ ဒုတိယ…ရင်ခုန်သွားသည်။ တတိယ…အံ့အားသင့်ကာ ရယ်ချင်သွားသည်။ ဒီဓာတ်ပုံကိစ္စဟာ ဘယ်လောက်အရေးကြီးတဲ့ ကိစ္စတဲ့လဲ…။ ဘယ်လောက် နူးညံ့သိမ်မွေ့တဲ့ ကိစ္စတဲ့လဲ…။ အဖွဲ့အနွဲ့ကလေးနဲ့ မပြောတတ်ဘူးဆိုလျှင်တောင်မှ နူးညံ့သိမ်မွေ့စွာတော့ ပြောသင့်သည်ဟု မိုးစိုး ထင်သည်။ အေးလေ…ဒါ ရွှေကဲ Style ပေါ့ဟု မိုးစိုး နားလည်ပေးလိုက်ပါသည်။

“ဘယ်သူက ခိုးတယ်လို့ ပြောနေလို့လဲ…။ ရွှေကဲကလဲ…”

“ဘယ်သူက ပြောပြော၊ မပြောပြော ကိုယ့်ကိုယ်ကိုယ်တော့ သိနေတာပဲ မိုးစိုးရယ်…။ သူများမပေးတဲ့ ပစ္စည်းကို ယူထားတာ အဒိန္နာ ဒါနာကံပဲ…။ ခိုးတာပဲ မဟုတ်ဘူးလား မိုးစိုးရယ်”

အခုမှ ရွှေကဲလေသံက တုန်ယင်ကာလာသည်။ မျက်နှာက အလိုမပြည့်သော ကလေးတစ်ယောက် တဖြည်းဖြည်း ဝမ်းနည်းကာ မဲ့မဲ့လာသလိုမျိုး ဖြစ်နေသည်။ အချိန်မီ ချော့မည့်သူ မရှိလျှင် စူးစူးဝါးဝါး ငိုချတော့မည့်ပုံစံမျိုး ဖြစ်နေ၏။

“ကျွန်တော် ဝန်ခံပါတယ်။ မိုးစိုး ကြိုက်တဲ့အပြစ်ကို ပေးပါ။ မိုးစိုး ဓာတ်ပုံကို ပြန်ယူပါ။ ဒါမှမဟုတ်…”

ရွှေကဲ အသံက တုန်ယင်နေရာမှ နစ်ဝင်ကာ သွားသဖြင့် မိုးစိုး ကမန်းကတန်း တားရသည်။

“အဲဒီ…ဒါမှမဟုတ် ဆိုတာရဲ့ နောက်ကဟာပဲ ထားလိုက်ပါတော့”

www.foreverspace.com.mm



"ခင်ဗျာ..."

မိုးစိုးစကားဆုံးတော့ ရွှေကဲက ဓာတ်ပုံကို ကိုင်လျက် ထကာ ရပ်သည်။ မိုးစိုးကတော့ ရှက်ရွံ့စွာ ခေါင်းကို ငုံ့ချထားမိ၏။ 'ဒါမှမဟုတ်ရဲ့ နောက်ကဟာ...၊ ဒါမှမဟုတ်ရဲ့ နောက်ကဟာ...'ဟု ရွှေကဲ ရေရွတ်နေသံကို ကြားရ၏။ သူ ဘယ်လောက်ပျော်ရွှင်ကြည်နူးသွားသလဲဆိုတာကို သိချင်လို့ မိုးစိုး အသာမော့ကြည့်လိုက်တော့ မြင်ရတာက ပြောင်းပြန်ဖြစ်နေသည်။

ရွှေကဲ မေးရိုးကြီးတွေ ထောင်းထောင်းထအောင် အံကိုကြိတ်ကာ စဉ်းစားနေသည်။ ပြီးတော့ ခေါင်းကို ခါသည်။

"မိုး...မိုးစိုး ဆိုလိုတာက..."

ချစ်သူတစ်ယောက်ရဲ့ တိကျတဲ့အဖြေကို သူ နားနဲ့ ဆတ်ဆတ်ကြားချင်နေတာလား...။ ဒါတော့ တဆိတ်လောဘကြီးလွန်းသည်ဟု ယောကျ်ားလေးတွေကို မိုးစိုး စွတ်စွဲပစ်လိုက်သည်။ ဒီမှာ...ဒီလောက်ရှက်ပြီး ရင်ခုန်နေတာကို သူ မသိဘူးလား...။ ညမှာ စဉ်းစားတုန်းက မရခဲ့သော အဖြေကို မိုးစိုး ရသွားခဲ့ပါပြီ။ မိုးစိုး ရင်တွေ ခုန်နေသည်။ မိုးစိုး သူ့ကို ချစ်သည်။

"မိုးစိုးက အားလုံးကို နားလည်တယ်လို့ ပြောပြီးသားပဲ။ ဒီလောက်တောင် မသိဘူးလား။ ဓာတ်ပုံကို ပြန်ယူထားလိုက်ပါ"

"ဟာ...ဟာ...ဟာ...ဒါဆို...မိုးစိုး ကျွန်တော့်ကို ခွင့်လွှတ်တယ်ပေါ့။ ဝမ်းသာလိုက်တာ မိုးစိုးရာ...ဝမ်းသာလိုက်တာ။ ကျွတ်တော်ထင်ကို ထင်မထားတာ...။ စိတ်ချ မိုးစိုး။ မိုးစိုးကိုယ်တိုင် ပြန်ပေးတဲ့ ဒီဓာတ်ပုံကို ကျွန်တော်တစ်သက်လုံး မြတ်မြတ်နိုးနိုး သိမ်းထားမှာ...။ သိလား"

အမလေး...တော်ပါသေးရဲ့ဟု ရွှေကဲစိတ်ထဲမှာ အော်မိသည်။ အခုကျတော့လည်း ရွှေကဲပုံစံက ဝမ်းသာအားရ ခုန်ပေါက်မတတ်

www.foreverspace.com.mm



ဖြစ်နေပြန်သည်။ ပထမဦးဆုံး ချစ်သူ စထားသည့် မိန်းကလေးဆိုတာ ကိုယ့်ချစ်သူကို 'ချစ်ပါတယ်…'ဟု ဖြောင်ကြီးဖွင့်ပြောဖို့ ရှက်တတ်ကြသည် မဟုတ်လား…။ ဒီလိုပဲ ပန်းကလေး ပန်လာတာတို့၊ ရင်ထိုးကလစ်ကလေး ချိတ်ပြတာတို့၊ သူ သိပ်သဘောကျသော အင်္ကျီလုံချည်ဝတ်ပြတာတို့ကို လုပ်လေ့ရှိသည် မဟုတ်လား။

အခုလည်း မိုးစိုး ဒီလိုနည်းမျိုးနှင့် အဆင်ပြေသွားသဖြင့် ရင်ထဲမှာ ပေါ့ကာသွားသည်။ သို့သော်…ရွှေကဲကတော့ မတ်တပ်ရပ်ကာ ဝမ်းသာနေတုန်း။ တော်တော် အောင်ပွဲခံချင်နေတယ်ပေါ့လေ…။

"ထိုင်ပါ…ရွှေကဲကလဲ။ ဟိုမှာ တခြားလူတွေနဲ့…"

"ဝမ်းသာလို့ပါ…ပျော်လို့ပါ မိုးစိုးရာ…"

ရွှေကဲ ခတ်ပုံလေးကိုကြည့်ရင်း ထိုင်ကာချသည်။

ထိုစဉ်မှာပင် ပိ…ပီ…ပီး…ဆိုသောအသံ ရွှေကဲ တင်ပါးအောက်က ထွက်လာသည်။ ရွှေကဲက အံ့သြကာ မိုးစိုးကို လှည့်ကာကြည့်၏။ ထိုအချိန်မှာပင် အနံ့က မခံနိုင်လောက်အောင် ထွက်လာသဖြင့် မိုးစိုး ယောင်ယမ်းကာ နှာခေါင်းကို ပိတ်လိုက်မိသည်။ ရွှေကဲက အံ့သြစွာ မယုံသင်္ကာစွာ သူ့တင်ပါးကို သူ ပြန်ငုံ့ကြည့်သည်။ အနံ့က နံလိုက်သည့်ဖြစ်ခြင်း။

"ဟာ…မိုးစိုး မဟုတ်ဘူးနော်…။ ကျွန်တော် မဟုတ်ဘူး။ ကျွန်တော့်အကြောင်းကို ကျွန်တော် သိနေတယ်။ ကျွန်တော် မဟုတ်…"

မိုးစိုးလည်း ဘာပြန်ပြောရမှန်း မသိချိန်မှာပင် အားရပါးရရယ်မောကာ ထွက်လာကြသော ခေမာနှင့်သာသာ့ကို တွေ့လိုက်ရတော့မှ မိုးစိုး နားလည်လိုက်သည်။

ဒီနှစ်ယောက် ရက်ပေါင်းများစွာ စစရာ ရှာနေသော သူတို့ကစားစရာပစ္စည်းကလေးကို အောင်မြင်စွာ အသုံးချနိုင်လိုက်ပြီ ဖြစ်လေသည်။

❀

www.foreverspace.com.mm



ထိုနေ့ပြီး နောက်ရက်များတွင် ရွှေကဲအတွက် အဆောင်တွင် တစ်ဦးတည်း ထီးတည်း ကျန်ခဲ့သည်ကလွဲ၍ ကျန်တာအားလုံး ပျော်ရွှင်စရာများသာ ဖြစ်ခဲ့ပါသည်။

ပြဿနာတက်၍ မိုးစိုးက ခွင့်လွှင့်ပြီးကတည်းက သူ့ကို အရင်ကထက် ပိုဂရုစိုက်သည်၊ ဦးစားပေးသည်၊ ပိုကြင်နာမှု ရှိလာသည်။ တစ်ပတ်မှာ သုံးရက်လောက် မိုးစိုးက သူ့အတွက်ပါ ထမင်းဟင်း ပို ထည့်လာတတ်သဖြင့် အတူတူ ထမင်းစားရသည်။ ပြီးတော့ အဆောင်မှာ ညနေစာ စားဖို့အတွက် ငါးပိကောင်ကြော်၊ ပုစွန်ခြောက်ကြော်၊ ချဉ်ပေါင်ကြော် စသော တာရှည်အထားခံသည့်အကြော်တွေကို ပေးတတ်သေးသည်။ ရွှေကဲက မယူချင်၍ ငြင်းလျှင် စိတ်ဆိုး စိတ်ကောက်တတ်သေး၏။

မိန်းကလေးတစ်ယောက် စိတ်ကောက်ခြင်းသည် တစ်ကြိမ် စိတ်ကောက်လိုက်တိုင်း သံမဏိကဲ့သို့ မာကြောလှပါသည်ဆိုသော မဟာ ပုရိသတို့၏ အသိစိတ်ကို တစ်ချက်ဆွဲနှုတ်သွားကာ ခံစားမှုကို ကြိုးနှင့် တစ်ရစ်တင်း ချည်နှောင်တတ်မှန်း ရွှေကဲ သိသိလာသည်။

မိန်းကလေးတို့မည်သည် သူတို့စေတနာကိုလည်း စိတ်ကောက်ခြင်းနှင့် ပြတတ်သည်။ သူတို့အလိုဆန္ဒကိုလည်း စိတ်ကောက်ခြင်းနှင့် ပြတတ်သည်။ သူတို့ အနိုင်ရချင်စိတ်ကိုလည်း စိတ်ကောက်ခြင်းဖြင့် ပြတတ်ကြသည်။ သူတို့ လျှို့ဝှက်ချက်ကိုလည်း စိတ်ကောက်ခြင်းနှင့် ပြတတ်ကြသည်။ သူတို့ ကရုဏာကိုလည်း စိတ်ကောက်ခြင်းဖြင့် ပြတတ်

www.foreverspace.com.mm



ကြသည်။ စိတ်ကောက်ခြင်းသည် မိန်းကလေးတို့၏ မာယာဗဟိုဋ္ဌာနချုပ် ပင် ဖြစ်သည်ဟု ရွှေကဲ ထင်သည်။

မိုးစိုး စိတ်ကောက်တိုင်းလည်း ရွှေကဲမှာ အလျှော့ပေးရတာချည်း ပဲ ဖြစ်သည်။ ခေမာနှင့်သာသာက စလည်း ရွှေကဲမှာ နားလည်ပေးရတာ ချည်းပဲဖြစ်သည်။ အလျှော့မပေး၊ နားလည်မပေးလို့လည်း မဖြစ်။ ရွှေကဲ ကိုယ်တိုင်ကိုက မိုးစိုးတို့အဖွဲ့နှင့် ကြာကြာခွဲမနေနိုင်တော့ဘူး မဟုတ် လား။

အမှန်တကယ်တော့ မိုးစိုးတို့နှင့် ရွှေကဲ အခုလို ပြေလည်သွား အောင် လုပ်ပေးသည့်အထဲမှာ အဓိက လူက မိုးကျော်တို့အုပ်စုဆိုတာ ကို ရွှေကဲ နားလည်ပါသည်။ ရွှေကဲကိုယ်တိုင်လည်း မိုးကျော်တို့၊ တင်အောင်မင်းသိမ်းတို့ကို တွေ့လျှင် တောင်းပန်ရန်၊ သူ့အဆောင်သို့ ပြန်လာနေရန် ပြောချင်ပါသည်။ သို့သော် ခက်သည်က ကျောင်းထဲတွင် ရယ်သော၊ ပျော်ရွှင်နေသော ရွှေကဲတို့ကို တွေ့လျှင် ဒီကောင်တွေက ရှောင်သွားတတ်သည်။

နောက်တစ်ခုခက်တာက မိုးကျော်နှင့်တင်အောင်မင်းသိမ်းတို့က သာသာနှင့်ခေမာ့ကို လိုက်စကားပြောကာ စာပေးကြသောကိစ္စပင် ဖြစ် သည်။ သာသာနှင့်ခေမာက ဒီကောင်တွေကို လုံးဝမကြည်။ ကြည့်လို့ မရကြ။ ရွှေကဲကိုလည်း သူတို့ရှေ့မှာ ဒီကောင်တွေနဲ့ စကားမပြောရဘူး··· ဟု တားမြစ်ထားတာ ရှိသည်။

ထိုအချက်များကြောင့် ရွှေကဲနှင့် ဒီကောင်တွေ တစ်ကျောင်းတည်း တက်ပြီ မဆုံနိုင်လောက်အောင် ဝေးနေရခြင်းဖြစ်သည်။ သို့သော်··· တစ်နေ့တော့ ရွှေကဲ သွားတောင်းပန်မည်ဟူသည့် စိတ်ကူးကို ရင်ထဲ အမြဲတမ်း ထည့်ထားပါသည်။

မိုးစိုးကိစ္စနှင့်ပတ်သက်ပြီး တင်အောင်မင်းသိမ်းတို့နှင့် ပြဿနာ တက်ကြသော ကိစ္စကို ရွှေကဲ မပြောဘဲ ထိန်ချန်ထားတာတော့ မဟုတ်။

www.foreverspace.com.mm



ဟိုဘက်က မပြောရန် တားမြစ်ထားခြင်းသာဖြစ်သည်။

ဒီနေ့တော့ ရွှေကဲ အဆောင်က ထွက်ကတည်းက ဆုံးဖြတ်ချက်ကို ချသည်။ မိုးစိုးတို့နှင့်မဆုံမီ တင်အောင်မင်းသိမ်းတို့ကို လိုက်ရှာကာ သူ့အမှားကို သူ တောင်းပန်မည်။ အဆောင်မှာ အတူတူ ပြန်နေရအောင် ခေါ်မည်ဆိုသော စိတ်ဖြင့် ဒီကောင်တွေထိုင်တတ်သော နေရာတွေကို လျှောက်ရှာသည်။

ဒီကောင်တွေ ထိုင်နေကျ ကဲင်တင်းမှာပင် လှမ်းတွေ့လိုက်ရတော့ ရွှေကဲ တော်တော်ပျော်သွားသည်။ သို့သော်…ဒီကောင်တွေကတော့ ရွှေကဲကို တွေ့သည်နှင့် မမြင်ချင်ယောင်ဆောင်ကာ နေကြ၏။ အေးလေ ဒီလောက်တော့ ရှိမှာပေါ့။ ကိုယ်က ချော့ရမယ့်သူ မဟုတ်လား။ ရွှေကဲ အနားကို ရောက်သည့်အထိ သူတို့ကို တစ်ယောက်မှ မော့မကြည့်၊ အဖက်မလုပ်ကြ။

"ဟေ့လူတွေ…။ ခင်ဗျားတို့ကို ကျုပ် တောင်းပန်ဖို့ လာတာပါဗျ"

ရွှေကဲစကားကို ဘယ်သူမှ မတုန့်ပြန်ကြ။ ဒီကောင်တွေ စိတ်ဆိုးနေတာ သေချာပြီ။

"တကယ်ပြောတာပါဗျာ…။ ဒီနေ့တစ်မနက်လုံး ကျုပ် လိုက်ရှာနေတာ"

"မင်းနဲ့ ငါတို့ကြားမှာ ဘာတောင်းပန်စရာ ရှိလို့လဲ"

တင်အောင်မင်းသိမ်းက သူ့ဆံပင် ဂုတ်ဝဲကလေးကို ခါကာ တမင်လုပ်ထားသော အိုက်တင်နှင့် ခပ်တည်တည် မေးသည်။

"ကိစ္စအားလုံးပါပဲဗျာ…။ မိုးစိုးနဲ့ ကျုပ် ပြန်ပြေလည်သွားအောင် ခင်ဗျားတို့ လုပ်ပေးတယ်ဆိုတာကို ကျုပ် သိပါပြီ။ အဆောင်မှာ ဖြစ်ခဲ့ကြတဲ့ ကိစ္စကို စိတ်မဆိုးပါနဲ့တော့၊ အဆောင်ကို ပြန်လာကြပါဗျာ…။ ကျွန်တော် ရှိခိုးဆို ရှိခိုးပါတယ်"

www.foreverspace.com.mm



ရွှေကဲစကားဆုံးတော့ ဘိုကလေးသား မိုးကျော်က ထုံးစံအတိုင်း ကွမ်းတံထွေးကို ထွီခနဲ ထွေးပြီးမှ ခေါင်းကို မော့ကာ တဟားဟား ရယ်သည်။

"မင်းက ဘုန်းကြီးကျောင်းသားပဲကွ။ ရှိခိုးတာ ဘာဆန်းလဲ။ လုပ်မနေနဲ့ ကိုယ့်လူ။ ကိုယ်တို့က အဲဒီကိစ္စတွေကို မေ့ပစ်လိုက်ပြီ။ သွားတော့..."

မိုးကျော်ရဲ့စကားက ရွှေကဲရင်ကို တိုက်ရိုက်ထိသည်။ ရင်ထဲမှာရော၊ နှလုံးသားထဲမှာပါ နာသွားသော်လည်း ရွှေကဲ အသိကို ရအောင် ထိန်းပါသည်။ စိတ်ဆိုးနေတဲ့လူ၊ ကျေးဇူးလည်း ရှိတဲ့လူဆိုတာ ပြောချင်တာပြောခွင့်ရှိသည် မဟုတ်လား။ ပြီးတော့ မိုးကျော်က ခေမာနှင့် သာသာတို့ကိစ္စမှာ သူကပါ ဝင်ဖျက်ထားသည်ဟု ထင်နေကြပုံလည်း ရှိသည်။

"ဟုတ်ပါတယ်...။ ကျုပ်က ဘုန်းကြီးကျောင်းသားပါ။ ဘုန်းကြီးကျောင်းသားမို့ လူတစ်ယောက်ကို ရှိခိုးရတာ ဘယ်လောက်ထိ ခက်တယ်ဆိုတာကို ပိုသိပါတယ်။ ဒါပေမယ့်...ကျုပ်က အမှားရှိလို့မို့ ခင်ဗျားတို့ကို ရှိခိုးဆိုလည်း ရှိခိုးနိုင်တယ်လို့ ပြောတာပါ"

"ဟေ့ကောင်...မလိုဘူးကွာ။ မင်းအကြောင်း မင်း သိရင် ပြီးတာပဲ"

"မဟုတ်ဘူး မိုးကျော်။ ကျုပ်က သာသာနဲ့ခေမာ့ကိစ္စမှာ ဘာမှ ဝင်ပါတာ မဟုတ်ဘူး။ ဒီမိန်းကလေးသုံးယောက်ကို ခင်ဗျားတို့ကြောင့် ကျုပ် ပြန်ခင်ခွင့်ရတာပါဗျာ...။ သူတို့သုံးယောက်စလုံး ဘယ်သူ့ကို ကြိုက်ကြိုက် ကျုပ်မှာ တားခွင့်လည်း မရှိပါဘူး။ ငြင်းခွင့်လည်း မရှိပါဘူး။ ခင်ဗျားတို့ မိုးစိုးကို ကြိုက်လည်း ကျုပ် ဘာမှ ပြောခွင့်မရှိဘူး။ သူ့တို့ ဆန္ဒအရ သူတို့ ငြင်းကြတာကို ယုံပါဗျာ..."

ရွှေကဲ စကားဆုံးတော့ တင်အောင်မင်းသိမ်းက တအံ့တသြ

www.foreverspace.com.mm



ကြည့်သည်။ ပြီးတော့ ခဏစဉ်းစားသည်။

"ဟော့ကောင် ရွှေကဲ။ ဝင်းနိုင်က မိုးစိုးကို ကြိုက်တယ်ဆိုရင် မင်း ဘယ်လိုသဘောရမလဲ"

"ဘယ်လိုမှ သဘောမရပါဘူး။ ဟိုဘက်က ပြန်မကြိုက်တာလည်း ကျုပ် ဘာမှမတတ်နိုင်ဘူး။ ကျုပ်က ခင်ဗျားတို့လို စကားမတတ်တော့ ဘာတွေညာတွေတော့ အဆင်ပြေအောင် ပြောမပြတတ်ဘူးပေါ့ဗျာ"

"အေး…။ ဒါဆို…ငါ မိုးစိုးကို ကြိုက်တယ်ကွာ။ မင်း ဘာကူညီနိုင်မလဲ။ မင်း ဘယ်လိုခံစားရသလဲ"

"ဟ…ကျုပ်က ဘာလို့ခံစားရမှာလဲ။ ကြိုက်ချင် ကြိုက်ပေါ့…။ ကျုပ် အခုလာတာ ခင်ဗျားတို့ကို လာတောင်းပန်တာ။ ဒါပဲ…။ ကျန်တာ ခင်ဗျားတို့ကိစ္စပဲ"

"အေး…ဒါဆို ငါ မိုးစိုးကို ကြိုက်တယ်ကွာ"

❀

www.foreverspace.com.mm



ထိုစဉ်မှာပင် ရွှေကဲလက်မောင်းကို ရုတ်တရက် ဆွဲယူလိုက်သဖြင့် ရွှေကဲ ယိုင်ကာသွား၏။ လှည့်ကြည့်လိုက်တော့ မိုးစိုး၊ သာသာနှင့် ခေမာ…။

"ရှင်တို့ သိပ်မိုက်ရိုင်းလွန်းနေပြီ။ လာ…ရွှေကဲ။ လူလိုနားမလည်တဲ့သူတွေနဲ့ ဘာဖြစ်လို့ စကားပြောနေရတာလဲ။ ပြောစရာ မလိုဘူး။ လာ…"

လျှပ်တစ်ပျက်အချိန်ကလေးမှာပင် မိုးစိုးနှင့် ခေမာက ရွှေကဲကို ဆွဲကာ ထွက်သွားကြသည်။ ရွှေကဲ ဘာမှ ပြန်ပြောချိန်မရလိုက်။ အတော်ဝေးဝေးကို ရောက်မှ မိုးစိုးက ရွှေကဲလက်မောင်းကို လွှတ်ကာ လုံးဝလှည့်မကြည့်ဘဲ ရှေ့မှ ထွက်သွားသည်။ သာသာက ရွှေကဲ လက်မောင်းကို ဆွဲဆိတ်ရင်း အံကြိတ်သံဖြင့် ပြောသည်။

"ရှင်ကလည်း ရှင်ပဲ။ ဒီလောက် ကိုယ့်လူတွေကို စော်ကားနေတာကို ဘာဖြစ်လို့ သည်းခံနေရတာလဲ"

"သူက ဘုရားဖြစ်မယ့် ဘီလပ်မြေလေ…သာသာရဲ့။ ဟုတ်တယ်။ မပြောချင်ဘူး။ ဟိုမှာ မိုးစိုး အရမ်းစိတ်ဆိုးသွားပြီ။ ရအောင် ချော့ပေတော့။ သွား…"

"မဟုတ်ပါဘူး ခေမာရာ…။ သူတို့က ခေမာတို့ ပြန်မကြိုက်တာကို ကျွန်တော့်ကြောင့်လို့ ထင်နေကြတာ။ အဲဒါကို ရှင်းရင်း…"

"ကဲ…တော်ပြီ။ ရှင်လုပ်ပုံက မိုးစိုးတင် မဟုတ်ဘူး၊ ကျွန်မတို့ပါ ဒေါကန်တယ်ဆိုတာ မှတ်ထား။ သွား…ဟိုမှာ သွားတော့"

မိုးစိုးက ကန်ရေစပ်က ခုံတန်းလေးမှာ တစ်ယောက်တည်း

www.foreverspace.com.mm



ဝင်ထိုင်တာကို ရွှေကဲ တွေ့ရသည်။ ယောင်တောင်ပေါင်တောင်နှင့် အနားလျှောက်သွားပြီးမှ အပြစ်ရှိသူတို့ ထုံးစံအတိုင်း မိုးစိုးခုံတွင် ဝင်မထိုင်ရဲသဖြင့် ခေါင်းကုတ်၊ လုံချည်ပြန်ဝတ်နှင့်…။ နောက်လှည့်ကြည့်တော့ သာသာတို့၏ မျက်စပစ်ကာ မေးဆတ်ပြီး အသံတိတ် သွားလိုက်ဆိုမှ မရဲတရဲ ဝင်ရသည်။

"စိတ်မဆိုးပါနဲ့ မိုးစိုးရာ…။ ဒီကောင်တွေက ကျွန်တော့်သူငယ်ချင်းတွေပါ။ သူတို့နဲ့ ကျွန်တော်ကြားမှာ သဘောထားကွဲနေတာကို ရှင်းရင်း…"

"တော်ပြီ ရွှေကဲ။ ကိုယ့်ကိုရော မိုးစိုးကိုပါ ဒီလောက်စော်ကားနေတာကို ဘာမှ သည်းခံပြီး ဆက်ပြောနေစရာ မလိုဘူး"

ဒီလောက်မာထန်သော လေသံမျိုးကို မိုးစိုးထံမှ ရွှေကဲ တစ်ခါမှ မကြားခဲ့ဘူးရ။ ရွှေကဲရင်ထဲမှာ ကြည်နူးကာသွားသည်။ မိုးစိုးသည် သူ့ကိုထိလျှင် အတော်နာတတ်သည့် မိန်းကလေးပါလား။

ထိုခံစားချက်ကလေးသည် သာမာန်လူအတွက် ဘာမျှ မဟုတ်သော်လည်း ဆွေမရှိ၊ မျိုးမဲ့၊ မိဘနှစ်ပါးစလုံး ဆုံးပါးခဲ့ပြီဖြစ်သော ရွှေကဲအတွက်တော့ ဖူဂျီတောင်ကြီးကို ရင်ထဲမှာ မျိုထားလိုက်ရသလိုကို အေးမြသွားသည်။

မိုးစိုးကို ကြည့်တော့ နဖူးမှ ကျလာသော သွယ်လျှသည့် နှာတံကလေးနံဘေးမှ နှာသီးကလေးတွေ ကျုံ့လိုက် ပွလိုက်ဖြစ်ကာ နေသည်။ မိုစိုးရယ်…။ ရွှေကဲဆိုတဲ့ ဒီကောင်အတွက် အဲဒီလောက် စိတ်ဆိုးမနေပါနဲ့။ မိုးစိုးက စေတနာနဲ့ ကျွန်တော့်အတွက် ဆိုးပေးနေတဲ့ စိတ်တွေကို ကျွန်တော် တစ်ခုခြင်း မြင်နေရတယ်။ ပြီးတော့…အဲဒီ စိတ်တွေအပေါ်မှာ ကျွန်တော့်ရဲ့ သာယာကြည်နူးမှုက တဖြည်းဖြည်း ထုထည်အားကောင်းလာတယ်။ အဲဒီ သာယာကြည်နူးမှု ထုထည်ကြီးပိလာရင် ကျွန်တော် ဘာလုပ်ရမှာလဲ…။

www.foreverspace.com.mm



"စိတ်…စိတ်မဆိုးပါနဲ့ မိုးစိုးရယ်…။ ဒီကောင်တွေက ကျွန်တော့် သူငယ်ချင်းတွေဆိုတော့…"

"သာသာနဲ့ ခေမာရော ရွှေကဲသူငယ်ချင်းတွေပဲ မဟုတ်လား"

ရွှေကဲ ဖျပ်ခနဲလှည့်ကြည့်ပြီး ဒေါသနဲ့ ဆတ်ခနဲပြောကာ ပြန်လှည့်သွားသဖြင့် မိုးစိုးမျက်နှာကို ရွှေကဲ ကောင်းကောင်းမမြင်လိုက်ရ။

"ဟုတ်ပါတယ်…။ ဒါပေမယ့်…"

"ဘာမှ ဒါပေမဲ့ မနေနဲ့။ ဒီမှာ…ဒီကျောင်းတစ်ကျောင်းလုံးမှာရှိတဲ့ ယောကျ်ားတွေက မိုးစိုးကို ကြိုက်ပါတယ်၊ ချစ်ပါတယ်…ဆိုရင်လည်း ရှင်…အဲဒီလိုပဲ သဘောတူနေမှာလား"

မိုးစိုး၏အသံက ဝမ်းနည်းသံစွက်လာသဖြင့် ရွှေကဲ အလိုလို မိုးစိုးနံဘေးကို ဝင်ထိုင်မိရက်သား ဖြစ်သွားသော်လည်း ရုတ်တရက် ဘာပြောရမှန်း မသိ။ ဒီစကားတစ်ခွန်း ထပ်မှားလျှင် မိုးစိုး သူ့ကို နှစ်ရက်လောက် စိတ်ကောက်တော့မည်ဆိုတာကို ရွှေကဲ သိသည်။ သူ ဒီလို အဖြစ်မခံနိုင်ပါ။ အမှန်ဆုံးစကားကို သူ ဘယ်လို ရွေးရမလဲ။ သူ…ဘာ…စကား…ပြော…ရ…မလဲ။

"ဒါ…ဒါတော့ မိုးစိုးရယ်…။ လွတ်လပ်ဆဲ မိန်းကလေး တစ်ယောက်ကို လွတ်လပ်တဲ့ ယောကျ်ားလေးတွေက ကြိုက်တာ… ကျွန်တော် ဘာသွားပြောရမှာလဲ…။ ပြီးတော့…ဟိုလေ…မိုးစိုးကလည်း သိပ်…လှတာကိုး။ မဟုတ်ဘူးလား…"

"သြော်…။ ရှင်က ဝေဿန္တရာဇာတ်ကို တော်တော်သဘောကျ တယ်ပေါ့…။ ဟုတ်လား"

ရွှေကဲ ထိပ်ခနဲ ဝမ်းသာသွား၏။

"ဟာ…ဟုတ်တယ်။ ကျွန်တော် ဝေဿန္တရာဇာတ်ကို အရမ်း သဘောကျတာ…။ မိုးစိုး ဘယ်လိုလုပ် သိသလဲ။ ဟုတ်တယ်…။ ဝေဿန္တရာမင်းက ဘုရားလောင်းရဲ့ ပါရမီဖြည့်တဲ့နေရာမှာ နောက်ဆုံး

www.foreverspace.com.mm



ဘဝ…။ ဝေဿန္တရာမင်းက သူ့မှာရှိသမျှနဲ့ သူ့မှာ ရသမျှကို အားလုံး လှူချင်တာလေ…။ အမလေး…။ လှူတယ်ဆိုတာကလည်း တစ်ယောက်တည်းနဲ့ ပြီးတာမဟုတ်ဘူးခင်ဗျ။ အလှူခံပုဂ္ဂိုလ်ကလည်း ရှိရမယ်…၊ လှူရမယ့် ပစ္စည်းကလည်း ရှိရမယ်။ အဲဒီပစ္စည်းကို လှူဖို့ရာ ကြည်ဖြူသူကလည်း…"

"ကဲ…ရွှေကဲရယ် တော်ပါတော့။ မိုးစိုး သာဓုခေါ်ရမလား၊ စိတ်ဆိုးရမှာလား"

"သာဓုပဲ ခေါ်ပေါ့ မိုးစိုးရဲ့…။ သာဓုဆိုတာ ကုသိုလ်တရားပဲ"

"ကဲ…ဒါဆိုရင်လည်း သာဓု…သာဓု…သာဓုပါတော်"

"ဟင်…မိုးစိုးက ဘာကို သာဓုတာလဲ…"

"ရှင် လှူချင်တာလှူ သာဓုပဲ…။ ကျေနပ်ပြီလား"

စကားသံက ခဏတိတ်ကာသွားသည်။ ရွှေကဲ ခိုးကြည့်တော့ မိုးစိုးနှာသီးကလေးက မပွတော့။ စကားသံက ပြတ်သော်လည်း လေသံက ခုနတုန်းကလောက် မမာတော့။ လေပြည်ညှင်းကလေး တိုးဝင်လာသဖြင့် မိုးစိုး ဆံစကလေးတွေ လွင့်မြောက်တက်ကာ သွားသည်ကို တွေ့ရ၏။

"အင်း…သာဓုဆိုရင်တော့ မကျေနပ်စရာအကြောင်း မရှိဘူး။ မင်းလူဆိုရင်တော့ တစ်မျိုးပေါ့။ ဟဲ…ဟဲ…နောက်တာနော်။ ဩော်… ဒါနဲ့ ပြောရဦးမယ်…။ သဘက်ခါ ဆရာတော် အဆောင်ကို ကြွမယ်တဲ့။ အဲဒါ ဆွမ်းကပ်ရင်း မိုးစိုးတို့လည်း ဖူးရအောင် အဆောင်ကို လာကြပါလား…။ ကျွန်တော်တစ်ယောက်တည်းဆို နိုင်မှာ မဟုတ်ဘူး။ ဆိုင်က ဟင်းပဲ ကပ်ရမှာ…"

မိုးစိုး ခုနက ဆိုးနေသောစိတ်တွေ ဘယ်ရောက်သွားမှန်း မသိတော့။ ဝေဿန္တရာရော…သာဓုရော…မင်းလူရော ရှုတ်ကုန်ပြီ ဖြစ်သည်။ အခု…ဆရာတော်က ဝင်လာသေး၏။ မိုးစိုး စိတ်ကို လျှော့လိုက်ပါသည်။

ဒီလို ရိုးသားတဲ့လူတစ်ယောက်ကို ချစ်ရတာ တန်ဖိုးတစ်ခုတော့ ရပါသည်။ သို့သော်…စိတ် အရမ်းပင်ပန်းရသည်။

"မနက်ဖြန်ဆို…စနေ။ ကျောင်းပိတ်တာပဲ…။ ဒီလိုလုပ်လေ… ရွှေကဲရဲ့။ ဆရာတော်ကို မိုးစိုးတို့အိမ်ကို ပင့်လိုက်ပါလား။ အိမ်မှာပဲ ဆွမ်းကပ်တာပေါ့"

"ဟာ…ဖြစ်ပါ့မလား။ မိုးစိုးမေမေက…"

"မေမေက ရပါတယ်…။ သံဃာကလည်း တစ်ပါးတည်းပဲဟာ။ ဒီညနေ ပြောထားရင် စီစဉ်ရ အချိန်မီပါတယ်။ ရွှေကဲအဆောင်မှာက ဘာမှ ရှိတာမှ မဟုတ်တာ…။ ဘာဖြစ်လို့လဲ…"

"ဟာ…ဘာမှမဖြစ်ပါဘူး။ မဖြစ်ဘူး။ မိုးစိုးကို အားနာလို့…။ ဒီအစီအစဉ်ထက် ကောင်းတဲ့အစီအစဉ် ဘာရှိဦးမှာလဲ"

ဒီလိုနှင့် မိုးစိုးမှာ စိတ်ကောက်ခြင်းတစ်ခု ဆုံးရှုံးကာ အိမ်ကမေမေ အလုပ်ရှုပ်တော့မည်ဖြစ်ပြီး သာခုတစ်ခုသာ အဖတ်တင် ကျန်ရစ်ခဲ့လေသည်။

❀❀❀



www.foreverspace.com.mm

www.foreverspace.com.mm



[၅]

ရွှေကဲ ဦးသုံးကြိမ်ချပြီးသည့်အထိ ဆရာတော်က ဆိတ်ဆိတ် သာနေသဖြင့် ရွှေကဲရင်ထဲမှာ ဘာကိုမှန်းမသိ ကြောက်ရွံ့ထိတ်လန့်သလို ဖြစ်နေသည်။ မိုးစိုးတို့ကို အလွယ်တကူ ကတိပေးခဲ့မိတာ မှားပြီဟု သူ့ကိုယ်သူ နောင်တရနေမိသည်။ ဟိုဘက်ကလည်း ဖျက်၍မရတော့။ ဒီနေ့ ကျောင်းအပြန် မနက်ဖြန်အလှူအတွက် မိုးစိုးကို ကူဖို့ သာသာနှင့် ခေမာတို့ ညအိပ်လိုက်သွားကြပြီဖြစ်သည်။ ဆရာတော့်ကို မလျှောက်၍ မဖြစ်တော့။

"ဆရာတော်ဘုရား…။ မနက်ဖြန်ဆွမ်းကိစ္စ လာထောက်တာပါ ဘုရား့"

ခေါင်းငုံ့ကာ လျှောက်ပြီးသည့်အထိ ဆရာတော်ဘုရားထံမှ မည်သည့်စကားကိုမှ မကြားရ။ အသာခေါင်းမော့ကာ ခိုးကြည့်တော့ မျက်လွှာချလျက်ရှိသော ဆရာတော်ဘုရားကိုသာ တွေ့ရသည်။ ဆိတ်ဆိတ်နေခြင်းဖြင့် ပင့်ဆွမ်းထောက်ကို လက်ခံပုံ ရလေသည်။ ရွှေကဲ နည်းနည်းရဲကာလာ၏။

"ဒါပေမယ့် ဘုရား…"

ဒီတော့မှ ဆရာတော်က မျက်လွှာကို ပင့်သည်။

www.foreverspace.com.mm



"ဟို…ဘုရား…။ ဆွမ်း…ဆွမ်း…အဲဒါ…ဆွမ်းကပ်မယ့်အိမ်က တပည့်တော်အဆောင်မှာ မဟုတ်တော့ဘူး ဘုရား"

စိတ်လှုပ်ရှားနေသဖြင့် ရွှေကဲ အသုံးအနှုန်းတွေ မှားကာ အသံတွေ ဘာတွေ တုန်ချင်နေသည်။

ဆရာတော်က ဘာတစ်ခွန်းမျှ အခုထိ မမိန့်သေးသဖြင့် ပိုအနေရကျပ်လာသလို ခံစားရသည်။

"ဟို…ဒီလိုဘုရား"

နှုတ်ကထွက်ပြီးသွားမှ ရွှေကဲ အသုံးအနှုန်းတွေ မှားမှန်းသိသည်။ 'ဒီလိုဘုရား'တို့၊ 'ဟို'တို့ ဆိုသော စကားအသုံးအနှုန်းဖြင့် ဆရာတော့်ကို ရွှေကဲ တစ်ခါမှ မလျှောက်ခဲ့ဘူးပါ။

"ဟာ…Sorry ဘုရား…Sorry…။ ဟာ…ဒုက္ခပါပဲ။ Sorry လည်း မဟုတ်ဘူးဘုရား။ သည်းခံတော်မူပါဘုရား…သည်းခံပါ"

လက်အုပ်ချီကာ ရှိခိုးရင်း ရွှေကဲ တော်တော်တုန်လှုပ်သွားသည်။ သွားပြီ…။ ရွာဦးကျောင်းမှာဆိုရင်တော့ ဆရာတော့်ကြိမ်လုံးက ဘုန်းခနဲ ကျောပေါ်ကျမှာ သေချာသည်။

"ကဲ…ကဲ…လျှောက်စရာရှိတာကိုလျှောက် ဒကာကြီး"

ဆရာတော်၏ တည်ငြိမ်အေးဆေးသော အသံကို ကြားရတော့မှ ရွှေကဲ ခပ်သုတ်သုတ်လျှောက်ရသည်။

"ကိုင်း…ကောင်းပြီ ဒကာကြီး။ ဦးပဥ္စင်း ကြွခဲ့ပါမယ်။ ကဲ… တရားမှတ်ချိန် ရောက်တော့မယ်။ ပြန်တော့ ဒကာကြီး"

"မနက်ဖြန် ၁၀ နာရီမှာ တပည့်တော်တို့ ကားနဲ့ လာပင့်ပါမယ် ဘုရား"

ဆရာတော်က ဘာမှမပြော။ သက်န်းကို သေသပ်အောင်သာ ပြင်ရုံနေသည်မို့ ရွှေကဲ ဦးသုံးကြိမ်ချကာ ပြန်လာခဲ့ရသည်။

ဆရာတော့်ထံမှအပြန် ရင်ထဲမှာ တစ်ခုခုလိုနေသလို ရွှေကဲ

www.foreverspace.com.mm



ခံစားနေရသည်။ ဆရာတော်နှင့် တွေ့ခဲ့ရသော်လည်း သူ့ရင်ထဲမှာ အားရပါးရမရှိ။ သေသေချာချာ စဉ်းစားတော့မှ ဆရာတော် အရင်တုန်းကလို သူ့ကိုမဆူတော့၊ မပူတော့တာကို သတိထားမိသည်။ ပြီးတော့…ဆရာတော့်မျက်နှာသည် ပကတိအေးချမ်းကာနေသည်။ သူလျှောက်သမျှကို ဆိတ်ဆိတ်နေခြင်းဖြင့်သာ လက်ခံသည်။ သူ စိတ်လှုပ်ရှားကာ အမူအယာပျက်နေသည်ကိုလည်း မမေး။ စကားအပြောအဆို မှားနေသည်ကိုလည်း မဆူ။ "ကဲ…ကဲ…လျှောက်စရာရှိတာကိုလျှောက် ဒကာကြီး" ဟု ခွင့်ပြုခဲ့သည်။

ရွှေကဲ တုန်လှုပ်ထိတ်လန့်စွာ ဆတ်ခနဲ လမ်းလျှောက်နေရာမှ ရပ်မိသွားသည်။ မျက်လုံးပြူးကာ ပါးစပ်လည်း ဟကာ သွားရလောက်အောင် အံ့သြသွားသည်။ ဟုတ်တယ်…ဒကာကြီး။ ဒကာကြီးလို့ ဆရာတော်က ငါ့ကို ခေါ်တယ်။

သူနှင့်အတူ အရှိန်နှင့်လျှောက်လာကြသူများ သူ့ကို ကျော်တက်သွားကြသည်။ ရွှေကဲ လမ်းလယ်ခေါင်မှာ ဘာလုပ်ရမှန်းမသိဘဲ မတ်တပ်ကြီး ရပ်နေမိသည်။ သူ့တစ်ကိုယ်လုံး ဟာလာဟင်းလင်းကြီးဖြစ်လျက်ရှိသည်။

'ဒကာကြီး…။ ဟုတ်တယ် ဒကာကြီး…။ ဆရာတော်က ငါ့ကို ဒကာကြီးလို့ သေသေချာချာကို ခေါ်တယ်။ ဘာဖြစ်လို့လဲ…'

လူမှန်းသိတတ်စအရွယ်ကတည်းက ဆရာတော်ဘုရား၏ "ဟဲ့ ရွှေကဲ" ဆိုသော အာလုပ်သံကြီးနှင့် ရင်းနှီးခဲ့ရသော ရွှေကဲအတွက် ဒကာကြီးဆိုသော အသုံးအနှုန်းသည် သူစိမ်းဆန်လွန်းနေသည်။ ဥပေက္ခာပြုလွန်းနေသည်။ ယုံကြည့်ချစ်ခင်ခြင်း ကင်းလွန်နေသည်။

'ငါ မိုးစိုးတို့နဲ့ခင်နေတာ၊ အတူသွားလာနေတာကိုများ ဆရာတော်ဘုရား သိသွားပြီလား'

လူဆိုသည်မှာ အပြောင်းအလဲနှင့် တွေ့သည့်အခါ မိမိအမှားကို

www.foreverspace.com.mm



သာ ပထမထား စဉ်းစားမြဲဖြစ်သည်။ ထို့နောက် ဖြစ်နိုင်ချေရှိမရှိကို ဆက်တွေးတတ်၏။

"တင်အောင်မင်းသိမ်းတို့များ ဆရာတော့်ကို သွားလျှောက်ကြသလား...။

မဖြစ်နိုင်ဘူး...။ ဒီကောင်တွေ ဆရာတော်ဘုရားကျောင်းကို မသိဘူး။

အဆောင်ကို ကြွရင်းကများ ငါနဲ့ မိုးစိုးတို့ကို တွေ့သွားတာလား..."

ရွှေကဲ လူသွားလမ်းအလယ်မှာ ရပ်ကာ တစ်ယောက်တည်း နှစ်ယောက်ခွဲကာ စကားပြောနေသည်။ လူတချို့က သူ့ကို အထူးအဆန်း ကြည့်သွားကြ၏။

"လုံးဝ မဖြစ်နိုင်ဘူး။ ဆရာတော်က ငါ့ဆီကြွမယ်ဆိုရင် ကြိုပြီး အသိပေးတာပဲ။ မနက်ဖြန်ကြွမယ့်ကိစ္စတောင် တစ်ပတ်ကြိုပြီး အသိပေးထားတာပဲ။ ဒါပေမယ့် ဆရာတော့်ပုံစံက စိတ်ဆိုးနေပုံပဲ။ ငါ့ကို စကားအပို တစ်ခွန်းမှ မမိန့်ဘူး။ ပြီးတော့...ဒကာကြီးတဲ့။

စိတ်ဆိုးလို့ ဆူချင်ရင်လည်း ကျောင်းမှာ ငါ့ကို ဆူမှာပေါ့။ ဒီထက် လွတ်လပ်တဲ့နေရာ ရှိဦးမလား။ အခုတော့...ငါ့ကို တစ်ခွန်းမှ ဆူတာမရှိဘူး။ ဒါပေမယ့် အရင်တုန်းကလိုလည်း မဟုတ်ဘူး။ ဒကာကြီး...တဲ့"

ဆရာတော်၏ အပြောင်းအလဲကို ကျေနပ်စရာကောင်းလောက်သော အဖြေမရလေ ရင်ထဲမှာ စိုးရိမ်ကြောက်ရွံ့စိတ်က ကြီးလာလေလေ ဖြစ်လာသည်။ စိတ်ထဲက အမည်ဖော်မရသော ကြောက်ရွံ့မှု၏နှုန်းအား ကြောင့် ရွှေကဲ အဓိပ္ပာယ်မဲ့ သူ့နံဘေးက ကျော်တက်သွားသူများကို လိုက်ငေးနေမိသည်။

"ဟိတ်...ရွှေကဲ"

www.foreverspace.com.mm



ဆရာတော်ထံ လွှင့်နေသော ဝိညာဉ်အတွေးစိတ်သည် ရုတ်တရက် ခေါ်သံကြောင့် အသိတရားထံ ဂျွမ်းပြန်ပြုတ်ကျသွားသဖြင့် ရွှေကဲ လန့်ကာ တုန်သွားသည်။

သုံးယောက်စလုံး ရင်ဘောင်တန်းရပ်ကာ သူ့ကိုကြည့်ရင်း ရယ်နေကြသည့် သာသာ၊ ခေမာနှင့် မိုးစိုး။ ရွှေကဲ ရင်တုန်ကာ ကြောင်ငေးကြည့်နေမိ၏။

"တစ်ယောက်တည်း ဘာရပ်လုပ်နေတာလဲ"

"ဟို…မဟုတ်ဘူး။ ကား…ဘယ်ကားစီးရရင် ကောင်းမလဲလို့။ အဲဒါ…မိုးစိုးတို့ရော ဘယ်က ပြန်လာတာလဲ"

"ဖြစ်ရလေ…ရွှေကဲကလည်း။ ကားက ဒီမှတ်တိုင်ကပဲ စီးရမှာလေ…။ ဒီတစ်လိုင်းပဲ ရှိတဲ့ဟာကို…။ ရော့"

မိုးစိုးက လက်ထဲမှာဆွဲလာသော အိတ်များကို လှမ်းကာပေးသဖြင့် ရွှေကဲ ယူလိုက်ရသည်။ အိတ်တွေကို ယူပြီးသွားသည့်အထိ မိုးစိုးက သူနှင့် နီးကပ်နေရာမှ ခွာမသွားဘဲ မျက်နှာပေါ်က ချွေးစက်ကလေးတွေကို လက်ကိုင်ပုဝါနှင့် အသာဖိတ်ကပ်ကာတို့သည်။ ငေးကြည့်နေမိသော ရွှေကဲမျက်ဝန်းတွေကို မိုးစိုးသွားသော်လည်း ရှက်သွေးဖြန်းကာ စိတ်ဆိုးတာ မရှိ။ နှုတ်ခမ်းကလေးကို ဆွဲကာ အသာပင် ပြုံးကာပြသည်။ ဘာမှ လိမ်းချယ်မထားသော မိုးစိုးမျက်နှာက အခုမှ ခွာချလိုက်သည့် ငှက်ပျော်အူတိုင်အတွင်းသားလို ဝင်းမွတ်ကာနေသည်။

ရွှေကဲ ရှက်ရှက်နှင့် မျက်နှာလွှဲလိုက်သည်။ သူ ရင်ခုန်နေသည်။ ရင်တုန်နေသည်။ ခုနကလို အသိတရားပေး ဂျွမ်းပြန်ပြုတ်ကျသဖြင့် တုန်နေသောရင်မျိုးတော့ မဟုတ်။ အသိရားအပေါ်မှာ သတိကြီးကြီး ဖက်တွယ်ရင်း ပြုတ်မကျစေရန် အသည်းတအေးအေးနှင့် ရင်ခုန်နေရခြင်းသာဖြစ်သည်။

သို့သော် ထိုရင်ခုန်သံပေါ် ကြာကြာမလိုက်ရဲတော့သဖြင့် မိုးစိုး

www.foreverspace.com.mm

ပေးထားသော လက်ထဲက အိတ်တွေကို မြှောက်ကာ ကြည့်မိသည်။

"မနက် အချိုပွဲအတွက်လေ ရွှေကဲရဲ့…"

"ဟာ…များလှချည်လား။ ဆရာတော်က တစ်ပါးတည်းဟာကို"

"သြော်…ဘုရားပွဲအတွက်လည်း ပါသေးတယ်လေ ကိုယ်တော်ရဲ့"

"ဟေ့ဟေ့။ မနက်စောစောထပြီး ချက်ရပြုတ်ရမယ့် ကိုယ်တို့အတွက်လည်း ကျန်သေးတယ်လေ…ဖိုးသူတော်ရဲ့"

သာသာ့အသံကြောင့် လှည့်ကကြည့်တော့ နှစ်ယောက်စလုံး သူနှင့်ခပ်ဝေးဝေးမှာ ရပ်နေကြသည်ကို တွေ့ရသည်။ ထိုစဉ် ရွှေကဲ ဘယ်ဘက်လက်မောင်းပေါ်သို့ နူးညံ့နွေးထွေးသော လက်ကလေးတစ်ဖက် ရောက်ကာလာသည်။

"လိုင်းကားတွေက ကျပ်ပါတယ် ရွှေကဲရယ်…။ ကကပဲ ငှား သွားကြရအောင်…။ နော်"

ရွှေကဲတစ်ကိုယ်လုံး ကြက်သီးတွေ ဖြန်းခနဲထသည်။ သူ့နှလုံးသည် ကပ္ပိယကြီး ဦးကြွက်နီ အားဖြင့်ထုပစ်လိုက်သော ဆရာတော်ဘုရား၏ ကြေးစည်လို ချာလပတ်လည်ကာ သွားလေသည်။

❀

www.foreverspace.com.mm



ထင်ထားသည့်အတိုင်းပင် ထိုညက မိုးစိုး ကောင်းကောင်းမအိပ်ရ။ သာသာနှင့်ခေမာတို့၏ 'ချစ်သူငယ်ချင်း' တရားရုံးတွင် အစစ်ဆေးခံနေရသည်။ တစ်ခါတစ်ရံ ခေမာက တရားသူကြီး၊ သာသာကဆွဲချ၊ တစ်ခါတစ်လေ သာသာကတရားသူကြီး၊ ခေမာကဆွဲချ။ မိုးစိုးကတော့ ပြစ်မှုကြီးကျူးလွန်သူ တရားခံသာဖြစ်သည်။

''အခု မနက်ဆွမ်းကျွေးပွဲက လူပြမိတ်ဆက်ပွဲ မဟုတ်လား''

''ဘယ်ကမလဲ…ခေမာရဲ့။ တစ်ဦးတည်းသော နှစ်ဖက်လူကြီးနှစ်ယောက်ဆုံတာဆိုတော့ နားဖောက်ပွဲအဆင့်အထိ ရှိတယ်''

ပထမတော့ မိုးစိုး မကြားချင်ဆောင်ကာ နေသေးသည်။ သို့သော် တရားခံချေပခွင့်မရသော စစ်ဆေးမှု၏ ဆုံးဖြတ်ချက်က မကြာမီ မိုးစိုး အိမ်ထောင်ပြုရတော့မည့် ပြစ်ဒဏ်နားသို့ ရောက်လာနေသဖြင့် မိုးစိုး ဝင်ရတော့သည်။

''မင်းတို့တွေးတာတွေ တစ်ခုမှ မဟုတ်ဘူးကွာ…။ ဒါ…အမှတ်တမဲ့ဖြစ်သွားတဲ့ ကိစ္စတစ်ခုဆိုတာထက် ဘာမှမပိုဘူး''

သာသာက ခုတင်ပေါ်လှဲအိပ်နေရာမှ ဖျတ်ခနဲထထိုင်ကာ လှပစွာပြုံးသည်။

''ဟုတ်ပြီ…။ အဲဒီ အမှတ်တမဲ့ဆိုတာ ဘယ်လိုမျိုးလဲ''

''ရှေ့ကဲက သူ့ဆရာတော်ကို အဆောင်မှာ ဆွမ်းကပ်မယ်လို့ ပြောတယ်။ အဲဒါကို တို့က အိမ်မှာကပ်ပါလားလို့ ပြောမိတယ်။ ဒါပဲ…''

ခေမာက မဲ့ကာ ခေါင်းကို ခါသည်။ ပြီးတော့…''အဲဒီထက်

www.foreverspace.com.mm



လေးနက်တာ တစ်ခုခုတော့ ရှိကို…ရှိရဦးမယ်။ မပြောချင်လည်း ရပါတယ်…" ဟုဆိုသည်။ မိုးစိုး သေသေချာချာစဉ်းစားသည်။ အဲဒီကိစ္စပြောကြတုန်းက သူ့စိတ်ကလေးကို သူ ပြန်မြင်ကြည့်သည်။

"ရှိဦးမယ်ဆိုရင်တော့ အဆောင်မှာ ဆွမ်းကပ်ရရင် ပြည့်ပြည့်စုံစုံမရှိမှာ စိုးရိမ်တာပဲ…။ ဒါလည်း အမှတ်တမဲ့ပါပဲ"

သာသာနဲ့ခေမာ ကျေနပ်ပုံ သိပ်မရှိ။ မိုးစိုးလည်း ဒီထက်မရှင်းတတ်။

"မိုးစိုး။ မင်း အမှတ်တမဲ့၊ အမှတ်တမဲ့နဲ့ပဲ ချစ်သူတစ်ယောက်လည်း ရပြီးပြီနော်။ အင်း…အခုလည်း အမှတ်တမဲ့၊ အမှတ်တမဲ့နဲ့ပဲ…"

သာသာက စကားကို မဆက်တော့ဘဲ ခေမာ့ကို ဆွဲလှည့်ကာဆံပင်တွေကို ကျစ်ဆံမြီး ကျစ်ပေးဖို့ ပြင်သည်။ သာသာ့စကားကြောင့်မိုးစိုးရင်ထဲ တစ်စုံတစ်ခုကို အလန့်တကြားဖြစ်သွားသလို ခံစားလိုက်ရသည်။ ဟုတ်သည်…။ ရွှေကဲနှင့်သူ အမှတ်တမဲ့ဆုံတွေ့ကာ မထင်မှတ်ဘဲ ချစ်သူတွေ ဖြစ်ခဲ့ကြသည်။ ရိုးသားသော၊ အခွင့်အရေးတစ်စုံတစ်ရာမျှမယူတတ်သော ရွှေကဲကို သူ မြတ်နိုးခဲ့၊ တန်ဖိုးထားခဲ့မိပါသည်။

ရွှေကဲကို ခေမာတို့က တုံးလွန်းသည်ဟု မကြာခဏဝေဖန်တတ်ကြသည်။ သူကတော့ ရွှေကဲကို တုံးသည်ဆိုတာထက် ဘဝကို ရိုးရိုးပဲမြင်တတ်သူဟု ပိုထင်သည်။ ရွှေကဲအတွက် လောကကြီးသည် အရာရာခက်ခဲလွန်းသလို ဖြစ်နေသည်။ ဒီတော့ ရွှေကဲက လောကကြီး၏ခက်ခဲမှုကို နားလည်အောင် မကြိုးစားတော့ဘဲ သူ့အမြင်နှင့် သင့်တော်အောင်လောကကြီးကို ရိုးရှင်းအောင် ပြောင်းပစ်လိုက်သည်။ ထိုသို့ ရွှေကဲ၏လောကကြီးအပေါ် တုံ့ပြန်မှုကို သူ ကြိုက်ပြီး မြတ်နိုးလေးစားခဲ့တာကို သူ အသေအချာသိပါသည်။

သူ ရွှေကဲကို ချစ်ခဲ့သော ခံစားမှုတွင် ထိုအချက်သည် အဓိကအကျဆုံးဖြစ်သည်။ အခု သူ ရွှေကဲလိုပင် လောကကြီးကို ရိုးရိုးကလေး

www.foreverspace.com.mm



မြင်ရဖို့ ကျိုးစားခဲ့သည်။ သူ အကြီးမားဆုံး ဝါသနာဖြစ်သည့် ဒီဇိုင်း၊ ဖက်ရှင်ကိစ္စတွေအထိ ထိုအတွေးက လွှမ်းမိုးခဲ့သည်။ အခုဆိုလျှင် သူသည် ဆန်းပြားလှသည့် အသစ်တွေနောက်ကို လိုက်နေသည့် ဖက်ရှင်ဒီဇိုင်းနာ တစ်ယောက်မဟုတ်တော့။ ရိုးရိုးကလေးနှင့်လှမည့် အတွဲအစပ်ပုံသဏ္ဍာန်၊ အရောင်အသွေးတွေကိုသာ ပိုစိတ်ဝင်စားနေမိသည်။ ရိုးသားခြင်းထဲမှာ အလှရှာရတာ တော်တော်ပျော်ဖို့ကောင်းပါသည်။

သို့သော် ရိုးသားသောချစ်သူတစ်ယောက်ကို စိတ်လက်အေး ချမ်းစွာ ချစ်နေရုံနှင့် နေ့ရက် ဘယ်လောက်အထိ သူ ဖြတ်သန်းနိုင်မှာ လဲ။ အခုဆို ကျောင်းပြီးတော့မည်။ ကျောင်းပြီးလျှင် ကျောင်းမှာ ချစ်သူ ဖြစ်နေကြသူတွေ၏ သက်တမ်းသည် ထုံးစံအတိုင်း နောက်ဆုံးနားသို့ ရောက်ကာသွားသည်။ လူ့ဘဝကြီးထဲကို တိုးကြရတော့မည်။ သို့သော် တစ်ယောက်တည်းတော့ မဟုတ်။ လက်တွဲဖော်နဲ့အတူ။

ထိုအမြင်နှင့်ပင် သာသာနှင့်ခေမာတို့က ရွှေကဲဆရာတော်ကို ဆွမ်းကပ်ခြင်းကိစ္စသည် အိမ်ထောင်ရေးအတွက် မိုးစိုး ခြေလှမ်းသစ် စသည်ဟု ထင်ကြပုံ ပေါ်သည်။ သူကလည်း ဘာဖြစ်လို့ ဒါကို ထည့် မတွက်ဘဲ အလွယ်တကူစီစဉ်မိသနည်း။ မိုးစိုး ချက်ချင်းစိတ်ရှုပ်ထွေးကာ သွားသည်။

ခဏကြာတော့ မိုးစိုးနှုတ်ခမ်းမှာ အပြုံးရိပ်ကလေးတစ်ခု ထင်ကာ လာသည်။ ဒီကိစ္စကို သူ ဒီလောက် စိုးရိမ်တကြီးဖြစ်နေစရာ မလိုပါ။ သူနှင့်ရွှေကဲ နှစ်ဦးစလုံး အမှတ်တမဲ့စီစဉ်ခဲ့ခြင်းသာဖြစ်ပြီး ရွှေကဲကလည်း သာသာတို့ ခေမာတို့ တွေးသလို ဘယ်တော့မှ တွေးလိမ့်မည် မဟုတ်ပါ။ မိုးစိုးရင်ထဲမှာ ကျေနပ်ကာသွားသည်။ သက်ပြင်းကို ဖွဖွကလေး ချမိလေ သည်။ မျက်ဝန်းများကို မှိတ်လိုက်တော့ ရိုးသားသော ရွှေကဲ၏ မျက်နှာ က သူ့စိတ်ထဲမှနေ၍ သူ့ကို ပြုံးပြုံးကြီး ကြည့်နေလေသည်။

❀

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



"ရွှေကဲ…။ အချိုပွဲ ကပ်ရအောင်"

မိုးစိုးက လက်ထဲမှာ သယ်လာသော အချိုပွဲများကို လှမ်းပေးရင်း တိုးတိုးပြောသည်။ မိုးစိုးမေမေနှင့် သာသာ၊ ခေမာတို့က ဆရာတော် ဆွမ်းပန်းကန်များကို သိမ်းနေကြသဖြင့် မအားကြ။ ရွှေကဲ မိုးစိုးလက်ထဲမှ အချိုပွဲတွေကို စားပွဲပေါ်ချရင်း ဆရာတော်ဘုရားကို တစ်ချက် ခိုးကာ ကြည့်တော့…ဆရာတော်ဘုရားသည် မျက်လွှာကို ချကာ တည်ငြိမ်စွာ ရှိနေသည်။

အချိုပွဲတွေစုံတော့ မိုးစိုးက ရွှေကဲပခုံးကို အသာတိုက်ကာ…

"ရွှေကဲ။ လာ…ကပ်ရအောင်လေ"

"ကပ်ရအောင်"

အံ့သြတုန်လှုပ်စွာဖြင့် ရွှေကဲ မိုးစိုးကို မေးသည်။ မိုးစိုးက ဘာမှပြန်မပြောဘဲ မုန့်ပွဲများကို သပ်ရပ်အောင်ပြင်ရင်းက ခေါင်းကို တစ်ချက်ညိတ်ကာပြသည်။ ရွှေကဲကိုတော့ လှည့်မကြည့်။

မဖြစ်နိုင်ပါ။ မာတုကာမတွေကို ရှောင်ကျဉ်ဖို့ တင်းတင်းကျပ်ကျပ် ဆုံးမလေ့ရှိသော ဆရာတော်အရှေ့မှာ ရွှေကဲ ဒီလောက်အခွင့်အရေး မယူရဲပါ။

"ဟို…သာသာတို့နဲ့ ကပ်လိုက်လေ"

"အို…ဟိုမှာ အားမှ မအားတဲ့ဟာကို…။ လာ…ကပ်ရအောင်"

စားပွဲတစ်ဝိုင်းသာ ခြားနေသဖြင့် သူတို့ပြောနေတာတွေကို ဆရာတော် ကြားလိမ့်မည်။ မိုးစိုးက စားပွဲခုံကို အသာကိုင်၏။ ပြီးတော့

ရွှေကဲကို လှမ်းကြည့်သည်။ ရွှေကဲမှာ ရွှေးချယ်စရာအခြေအနေ မရှိ။ အချိန်လည်း မရှိ။

စားပွဲအစွန်းတစ်ဖက်ဆီမှာ အသာ မကိုင်ကာ ဆရာတော်ကို အချိုပွဲကပ်သည့် တဒင်္ဂကလေးမှာ ရွှေကဲအတွေးသည် အရှိန်အဟုန်ကြီးစွာဖြင့် အဝေးကြီးကို လွင့်ထွက်သွား၏။ ဒီလိုအတူတူ ဆရာတော်ကို တစ်ဘဝလုံးများ ဆွမ်းကပ်ရလျှင်…။

ထိုအတွေးကြောင့် အသိစိတ်က စားပွဲကို မရန် ထည့်ရမည့်အားအပေါ် စိစစ်နိုင်ခြင်း မရှိတော့ဘဲ ရွှေကဲဘက်မှ ခုံအစွန်းက နိမ့်ကာ ခရပတ်ပုံစံထည့်ထားသော ပန်းသီးစိတ်များ ပြိုကျကုန်သည်။

"ဟာ…"

ဆရာတော်က စားပွဲခုံကို လက်နှင့် အသာထိကာ ရွှေကဲကို မျက်လွှာ အသာပင် ပင့်ကာကြည့်သည်။ မရိုးသားသည့်အတွေးနှင့် မဖွယ်ရာသောဖြစ်ရပ်ကြောင့် ရွှေကဲ မွှန်ထူကာ ပန်းသီးစိတ်တွေကို ကောက်ကာ ပြန်ထည့်ရန်ပြင်သည်။

"ရွှေကဲ…ရတယ်…ရတယ်။ ပြန်မထည့်နဲ့တော့"

ဒုတိယအကြိမ် ထပ်မှားပြန်ပြီ။

ရွှေကဲ ပန်းသီးစိတ်တွေကို ကိုင်ကာ မျက်နှာငယ်ကလေးဖြင့် ဆရာတော်နှင့်မိုးစိုးကို ကြည့်မိသည်။ ဆရာတော်က ရွှေကဲကို ကြည့်မနေပါ။ မိုးစိုးကတော့ "သတိထား" ဆိုသည့် သဘောမျိုးဖြင့် ရွှေကဲကို နှာခေါင်းရှုံ့ကာ မဲ့ပြသည်။

အားလုံးကို လှမ်းမြင်လိုက်သော သာသာနှင့်ခေမာတို့ မျက်ဝန်းချင်းဆုံကာ ပခုံးများကို ဟန်ပါပါ တွန့်မိကြလေသည်။

"တပည့်တော်လည်း တရားနဲ့ နေချင်ပါပြီဘုရား။ ဒါပေမယ့် နောက်ကြောင်းမအေးတဲ့အဖြစ်တွေက ရှိနေသေးတော့ စိတ်သာရှိပြီး ခန္ဓာက မပါနိုင်သေးဘူး ဘုရား"



www.foreverspace.com.mm

www.foreverspace.com.mm



“သံယောဇဉ်ဆိုတာ ရစ်ပတ်နှောင်တည်းတတ်တဲ့ သဘာဝရှိတယ်။ သူ့အလိုအားဖြင့် မိမိကို ဖြတ်ဖို့ သဘောမရှိဘူး။ မိမိကသာ သတိအခံ ပညာဉာဏ်နဲ့ ဖြတ်ရသော သဘောရှိတယ် ဒကာမကြီး…။ မိမိကိုယ်မိမိ ဖုန်းကွယ်ခြင်းလည်း ဖြစ်တယ်။ လောကီရဲ့ လိုအပ်ချက်ဟာ ပြီးပြည့်စုံတဲ့ အချိန်သဘော ဘယ်တော့မှ မရှိတတ်ပါဘူး။ လောကီရဲ့ ဖြစ်ခြင်းပျက်ခြင်းအပေါ်မှာ အတ္တရဲ့ အာသာဆန္ဒဟာ ဘယ်တော့မှ ကျေနပ်ရောင့်ရဲမှု မရှိတတ်ပါဘူး”

“မှန်လှပါ…ဆရာတော်ဘုရား”

“မိမိက ဖြတ်အပ်သောတရားကို မိမိကိုယ်တိုင်သာလျှင် စွမ်းဆောင်နိုင်ပါတယ်”

“သမီးကလေးဘဝ စိတ်ချရလျှင်တော့ တပည့်တော် စိတ်အေးရပါပြီ…ဘုရား”

“မီးတို့မည်သည် လောင်စာရှိနေသမျှ လောင်ကျွမ်းခြင်းကိစ္စကို ရပ်တန့်ခြင်းမရှိဘူး ဒကာမကြီး။ သမီးပြီးတော့ မြေး၊ မြေးပြီးတော့ အင်း…လောင်စရာ၊ လောင်စရာတွေ များလှတယ်”

တည်ငြိမ်အေးချမ်းသော ဆရာတော်အသံသည် အားလုံးအပေါ်ကို လွှမ်းခြုံကာထားသည်။ ရွှေကဲအထင်တော့ ဆရာတော်၏တရားသည် ရွာမှာတုန်းကလို ဇာတ်နိပါတ်ကို အခြေခံသော တရားမျိုး မဟုတ်တော့။ မိုးစိုးမိခင်နှင့် ဖိတ်ထားသော ပရိတ်သတ်လေးငါးဦးတို့ကလည်း ဆရာတော်ဘုရား တရားကို နှစ်သက်ကြပုံရသည့်အတွက် ရွှေကဲ ဝမ်းသာရမိသည်။

“သမီးကလေးဘဝ စိတ်ချရလျှင်တော့…”ဆိုသည့်စကားကြောင့် ခေမာက မိုးစိုးကို တံတောင်နှင့် မသိမသာတွတ်သည်။

ဆရာတော်က ကိုယ်ရံကို သေသပ်အောင် ပြင်ကာ ပြန်ကြွရန်ထသည်။ ဆရာတော်အတွက် လှူလိုက်သော ဆွမ်းချိုင့်ကို ရွှေကဲ

www.foreverspace.com.mm



ကိုင်ရ၏။

ဆရာတော်သည် ပြန်ကြွသောလမ်းတစ်လျှောက်လုံး ရွှေကဲကို ဘာတစ်ခွန်းမျှ မမိန့်။ ကျောင်းရောက်တော့ ဆွမ်းချိုင့်ကို လှည့်ပင် မကြည့်သည့်အတွက် ရွှေကဲ အလိုက်တသိ ယူကာ ဆရာတော့်အခန်းထဲ လိုက်ရသည်။

"ဒကာကြီး"

"တင်ပါ့…ဘုရား"

ထို…'ဒကာကြီး'ဆိုသော အသုံးအနှုန်းကို ဆရာတော့်ထံ ရွှေကဲ လျှောက်စရာ ရှိနေပါသည်။

"ကိလေသာနှင့်ယှဉ်တဲ့ သာမန်ပုထုဇဉ်မှန်သမျှမှာ မာန်၊ မာန၊ စိတ်အစွဲဆိုတာ ရှိစမြဲပဲ။ အဲဒီ စိတ်အစွဲကြောင့် ကိုယ်တော် မာတုကာမ တွေအပေါ် သဘောထား သေးခဲ့တယ်။ အေး…ဒါပေမယ့် ဒီစိတ်ဟာ မမှန်ဘူး။ အတ္တကို အခြေခံတဲ့၊ အခြေအမြစ်ကင်းတဲ့၊ မာနတစ်ခုပဲ ဒကာကြီး။ ဘုရား၊ တရား၊ သံဃာအတွက် ကုသိုလ်စိတ်နဲ့ယှဉ်သော မာတုကာမဆိုတာ လိုစမြဲပဲ။ နေချည်းပဲနဲ့ ကမ္ဘာမဖြစ်ဘူး။ ကမ္ဘာတည်လို့ မရဘူး။ နေ၊ လ နှစ်ပါးစလုံးမှ ကမ္ဘာရော၊ သာသနာရော တည်လို့ရတယ်။ အေး…အေး။ အဲဒီအသိဟာ တောကျောင်းကလေးကနေ ဒီမှာ လာပညာ သင်ရတဲ့ အကျိုးပဲ ဒကာကြီး…။ ပညာဟာ အလင်းရောင်ကို ပေးတယ်။ အတ္တကို ပါးစေတယ်။ အဲဒီပညာအလင်းရောင်နဲ့ ကိုယ့်အတ္တကို ပြန်ကြည့် ရမယ်။ အတ္တကို အရင်အတိုင်းမြင်ရတဲ့ ပညာဉာဏ်သာလျှင် စစ်မှန်တယ်။ ဒီတော့…ပညာကို တန်ဖိုးထား ကြိုးစားရှာပါ။ ကျန်တာတွေ ဘာမှ အရေးမကြီးလှဘူး"

"မှန်လှပါဘုရား…။ ဆရာတော်ဘုရားက တပည့်တော်ကို ဒကာကြီး…ဒကာကြီးလို့ မိန့်နေတာ တပည့်တော် နားမလည်ဘူး… ဘုရား။ တပည့်တော်ကို ဆရာတော်ဘုရား အလိုမကျရှိရင် သည်းခံပြီး

www.foreverspace.com.mm

ဆုံးမပါ ဘုရား"

ဆရာတော်က ရွှေကဲကို တည်ငြိမ်စွာပင် ကြည့်သည်။

"အမည်ဆိုတာ ပညတ်ပဲ ဒကာကြီး…။ ရွှေကဲဆိုတဲ့ ပညတ်နဲ့ ဒကာကြီးဆိုတဲ့ ပညတ်ဟာ ထူးခြားမှု မရှိပါဘူး။ ယျောဘူယ အဓိပ္ပာယ် အတူတူပါပဲ။ ဒီတော့…ဒကာကြီးကို မှာချင်တာ ပညာဉာဏ်ကို ရှာပါ။ ဘဝနဲ့ယှဉ်ပါ။ ကျန်တာတွေ ဘာမှအရေးမကြီးတော့ဘူး ဒကာကြီး"

ဆရာတော်ဘုရားထံမှအပြန် ရွှေကဲ အသေအချာစဉ်းစားသည်။

ဘဝအတွေ့အကြုံစုံကာ ရင့်ကျက်စပြုပြီဖြစ်သော ဆရာတော် ဘုရား၏ မိန့်ဆိုချက်ကို ကိလေသာနှင့်အတူနေသော ရွှေကဲ ကောက်ယူ ပုံက…

"အရင်တုန်းကလို မာတုကာမတွေကို မုန်းစရာမလိုတော့"… ဟူ၍ ဖြစ်သည်။ ရွှေကဲ တော်တော်ပျော်သွားသည်။ ရွှေကဲ တော်တော် ပျော်ကာသွားသည်။

ကိလေသာ ပါးသူ၏စကားနှင့် ကိလေသာ ထူသူများ၏ စကား မှာ ထိုမျှကွာပါသည်။

ရွှေကဲ တော်တော်ပျော်ကာသွား၏။ အခုဆိုလျှင် ရွှေကဲသည် ဆရာတော်ဘုရား၏ ရွှေကဲမဟုတ်တော့။ ဘယ်သူ့အတွက် ရွှေကဲဖြစ်နေ သနည်း။

အပြန်လမ်းတစ်လျှောက်လုံး ရွှေကဲ ပေါ့ပါးသွက်လက်ကာ အကြီးအကျယ် ကျေနပ်နေခဲ့သည်။ သူ့နှလုံးသားသည် လွတ်လပ်နေ သည်။

❀

www.foreverspace.com.mm



"ဒီအခြေအနေအထိ ရောက်နေပြီဆိုရင်တော့ မိုးစိုးနဲ့ဒီကောင် ပြေလည်သွားတာ သေချာနေပြီ တင်အောင်မင်းသိမ်း"

မိုးကျော်က ကွမ်းတစ်ရာ ပါးစပ်ထဲထပ်ဖြည့်ရင်း ပြောသည်။

"အိမ်ထောင်ခေါ်ပြီး သူ့ဆရာတော်ကို ဆွမ်းကပ်တယ် ဆို တော့..."

"မင်းတို့ပြောတာ ငါမငြင်းဘူး ဝင်းနိုင်။ ဒါပေမယ့် ဒီကောင် မတရားဘူးကွာ...။ ငါတို့ကို လာအသိပေးသင့်တယ်။ ချီးမွမ်းတာ၊ ကျေးဇူးမတင်တာတွေ ထားတော့။ ငါတို့ သူ့အတွက် ကြိုးစားပေးခဲ့တာကို အသိအမှတ်တော့ ပြုသင့်တယ်။ သူ့အစွမ်းအစနဲ့ဆို ဒီလိုမိန်းကလေးမျိုးကို ဘယ်လိုမှ မရနိုင်ဘူး"

"မိန်းကလေးဆိုတာမျိုးကလည်း ခက်တယ်ကွာ...။ ဒီလောက် လွယ်မှန်းသိရင် ငါ လိုက်ပါတယ်။ ဒီကောင့်ထက်တော့ ငါ သာကို သာတယ်ကွာ...။ ဒါတော့ မင်းတို့ အသိပဲ"

ဝင်းနိုင်က မချင့်မရဲဆိုသည်။ တင်အောင်မင်းသိမ်းက မကျေမနပ် ဖြစ်ကာနေ၏။ မိုးကျော်ကတော့ မိုးစိုးကို နှမြောကာ နေသည်။

"ဒါကြောင့် မိန်းကလေးဆိုတာ ဟိုဟာမပါရင် ဟိုဟာကို စား တယ်ဆိုတာ...ဟုတ်မှာပဲ"

"အခု...ဟိုဟာပါလျက်နဲ့ ဟိုဟာကိုစားသွားတာ ပိုနားလည်ရ ခက်တယ်ကွ"

တင်အောင်မင်းသိမ်းစကားကြောင့် အားလုံး ငြိမ်ကာသွားသည်။

www.foreverspace.com.mm



ထိုအချိန်မှာပင် ရွှေကဲကို မိုးစိုးတို့အုပ်စုနှင့်အတူ လျှောက်လာတာ မြင်လိုက်ရသည်။ သာသာနှင့်ခေမာက နောက်က။ မိုးစိုးနှင့်ရွှေကဲက ရယ်ရယ်မောမော စကားတွေပြောလို့…။

မိုးစိုးက ရွှေကဲလက်မောင်းကို အသာဆုပ်ကိုင်လိုက်သည်။

"ရွှေကဲ…။ သွားရောမဝင်နဲ့နော်"

ထင်မှတ်မထားသဖြင့် ရွှေကဲတစ်ကိုယ်လုံး ကျင်စက်နှင့် အတို့ခံလိုက်ရသလို ခံစားလိုက်ရ၏။ သူ့နှလုံးသားသည် အရှိန်နှင့်လွင့်မြောက်ကာ နှုတ်ဖျားမှ ခုန်ထွက်သွားပြီး ခန္ဓာကိုယ်သည် အခိုးအငွေ့ ဖြစ်ကာသွား၏။ ဝိညာဉ်က ယိမ်းထိုးကာနေသည်။ သူ ဘာကိုမှမမြင်တော့။ ဘာစကားမှလည်း မပြောနိုင်တော့။ တန်ခိုးရှင်တစ်ယောက်၏ ဆေးကြိမ်လုံးနှင့် အတို့ခံလိုက်ရသူလို သူရုပ်ခန္ဓာကြီး ဖျပ်ခနဲ ပျောက်ရှကာသွားလေသည်။

သတိရတော့ သူ ကျောင်းထဲက ခုံတန်းကလေးမှာ ရောက်နေပြီ။ ရင်တွေ အခုန်မြန်လွန်းလှသဖြင့် အားကုန်ကာ သူ့ခန္ဓာကိုယ်က ခုတ်ချထားသော ငှက်ပျောရွက်ကြီးလို ပျော့ဖတ်ဖတ်ဖြစ်နေ၏။ သာသာနှင့်ခေမာကလည်း ထိုကိစ္စကို မြင်ရဲ့သားနှင့် ဘာမှမပြော။ ပုံမှန်ပင် ရှိသည်။ ငါကြုံခဲ့တာ တကယ်ရော ဟုတ်ရဲ့လား…။ ငါ ဘာတွေဖြစ်နေတာလဲ။ သူ့ကို စူးစူးဝါးဝါးကြည့်သွားကြသော တင်အောင်မင်းသိမ်းတို့ အကြည့်တွေက ဘာသဘောလဲ…။ သာသာတို့ကရော ဘာဖြစ်လို့ ဒီကိစ္စကို မသိချင်ယောင် ဆောင်နေရတာလဲ။ မိုးစိုးက ဘာဖြစ်လို့ ငါ့လက်မောင်းကို ကိုင်ရတာလဲ…။ ဘာတွေဖြစ်ကုန်တာလဲ…။ "လဲ…" "လဲ…" "လဲ…"။

အခုတော့ မိုးစိုးက လွယ်အိတ်ထဲက နေကြာစေ့ကို ထုတ်ကာစားသည်။ ပြီးတော့ သူ့အတွက် အခွံသင်ပြီးသော နေကြာစေ့အဆံများကို လက်ဝါးကလေးဖြန့်ကာ ထိုးကျွေး၏။

"စားလေ…ရွှေကဲရဲ့"

www.foreverspace.com.mm



"... ... ..."

သစ်ပင်အုပ်ကြားက ခုန်ချလာသော လေပြည်က မိုးစိုးဆံစတွေကို ဝင်တိုက်ကာ သွားသည်။ ဖြူဖွေးနေတဲ့ လက်ဖဝါးလေးထဲမှာ ခွာပြီးစ နေကြာစေ့ကလေးတွေ...။

ရင်ထဲမှာ တရိပ်ရိပ်နှင့် မူးကာလာသည်။

"ရော့...လေ"

"... ... ..."

"မကြိုက်ဘူးလား...ရွှေကဲရဲ့"

"ဟင့်အင်း...။ မဟုတ်ပါဘူး။ ဟိုလေ..."

"ဒါဆို စားလေ...။ ရော့"

နေကြာစေ့ နည်းနည်းယူလိုက်သည်။ မိုးစိုးရဲ့ လက်ဖဝါးနုနုကလေးကို မထိစေရ။

"ကြက်သွန်လှော်ရော ကြိုက်လား...။ ဒီအထုပ်က အပါနည်းတယ်"

"ဟိုဟာ...အင်း...ဟိုလိုပေါ့"

"ကျောင်းပိတ်ဖို့ သိပ်မလိုတော့ဘူးနော်...။ စာတွေ ပိုင်နေပြီလား"

"... ... ..."

ရွှေကဲ ထရပ်သည်။

"ကျွန်တော် အတန်းထဲ သွားတော့မယ်နော်"

နှလုံးသားကျန်ရစ်ခဲ့သော နေရာမှ ရွှေကဲ တစ်လှမ်းချင်းရုန်းကာ ပင်ပန်းတကြီး ထွက်လာခဲ့သည်။

မိုးစိုး ထင်မှတ်ထားတာမဟုတ်သဖြင့် ကြောင်ကာငေးနေမိ၏။ ပြီးတော့ ခေါင်းကို ခါသည်။ ခေမာတို့က တဟားဟားရယ်ကာ လက်ညှိုးကလေးတွေ ကွေးရင်း ကယော်...ကယော်နှင့် စလေသည်။

အတန်းထဲရောက်တော့ လိုက်ကူးသည့်စာတွေကို ရွှေကဲ ရေး၍ မရ။ သူ့လက်တွေ တုန်ကာနေသည်။ အားတွေ ကုန်ကာနေ၏။ ဆရာတော်က မျက်လွှာကို ချကာထားသည်။ မိုးစိုးက သူ့လက်မောင်း ကလေးကို ညင်သာစွာကိုင်သည်။ သာသာနှင့်ခေမာက ပြုံးနေကြသည်။ တင်အောင်မင်းသိမ်းတို့က မကျေနပ်သောမျက်ဝန်းများနှင့် ဝုန်းခနဲ ထရပ်သည်။ ပြီးတော့…အားလုံးကြီးမားလှသော အရှိန်နှင့် စုပေါင်းကာ အားနှင့် သူ့ဝိညာဉ်ထဲ အော်ဟစ်ကာ ဝင်လာကြ၏။

ရွှေကဲ ရှေ့က စာရေးခုံပေါ်ကို မှောက်ချလိုက်သည်။

သို့သော် အားမရ။ ဖြစ်နိုင်လျှင် သူ့ထက် အဆမတန်ကြီးမား သော အရာတစ်ခုကို အားနှင့်ကြုံးဖက်ကာ ဖျစ်ညှစ်ပစ်လိုက်ချင်သည်။

❀



www.foreverspace.com.mm

www.foreverspace.com.mm

တောင်ကျစမ်းရေအေးအေးက ပန်းပင်ကလေးတွေကို ညင်သာစွာ သယ်ဆောင်သွားသည်။ စမ်းရေကြည်ကြည်အေးအေးမှာ ပန်းပွင့်ကလေးတွေ စီးမျောလာတတ်သည်ကို တောင်ကျစမ်းရေ၏ အလှသဘာဝဟု ခံစားပြောတတ်ကြသည်။

တောင်ကျစမ်းရေသည် ကျောက်စရစ်ခဲကလေးများကိုလည်း ညင်သာစွာ စီးမျောစေကာ တစ်ခုနှင့်တစ်ခု ထိခိုက်စေပြီး ခွဲချေပေးတတ်ပါသည်။ ဒါကိုလည်း တောင်ကျစမ်းရေ၏ တာဝန်ကျေသော သဘာဝအလှဟု ပြောရမည်ဖြစ်ပါသည်။

အခု သူလည်း ညင်သာအေးမြသော ရေစီးငြိမ့်ငြိမ့်ကလေးမှာ မျောပါနေသည်။ သူက ပန်းပွင့်လား၊ ကျောက်စရစ်ခဲလေးလား။ ဒါကိုသိဖို့ သူ အရမ်းလိုအပ်နေသည်။

သူက ပန်းပွင့်ဆိုလျှင် ညင်သာစွာ စီးမျောသွားခြင်းသည် အလှတရား။

သူက ကျောက်စရစ်ခဲကလေးဆိုလျှင် တစ်စစ ပြုန်းတီးခွဲချေခံရခြင်းသည် အလှတရားသာဖြစ်ရမည်။

ကျောက်တုံးက ပန်းပွင့်လို ညင်သာစီးမျောခွင့် မရ။ ပန်းပွင့်ကလည်း ကျောက်တုံးကလေးကို ပွတ်တိုက်ပြုန်းတီးခွင့် မရှိ။

စမ်းရေကတော့ အေးမြညင်သာစွာ စီးဆင်းနေပေလိမ့်မည်။

သူက ကျောက်တုံးယောင်ဆောင်ထားသော ပန်းပွင့်။ ဒါမှမဟုတ် ပန်းပွင့်ယောင်ဆောင်ထားသော ကျောက်စရစ်ခဲကလေးတစ်ခု။

www.foreverspace.com.mm



အချစ်သည် အေးမြည်သာသောနှုန်းဖြင့် သူ့ကို သယ်ဆောင်သွားနေသည်။

ညင်သာစွာစီးမျောခြင်းဖြင့် သူ အလှတရားကို လိုချင်သည်။ သို့မဟုတ် ညင်သာစွာ ပွန်းပဲ့ပြုန်းတီးခြင်းဖြင့် သူ အလှတရားကို ရချင်သည်။ အေးမြည်သာစွာစီးဆင်းနေသော စမ်းချောင်းကလေးကို တစ်ခုခုတော့ သူ အကျိုးရှိစေချင်ပါသည်။

ရွှေကဲ ဘယ်နှကြိမ်မြောက်မှန်းမသိ ခုတင်ပေါ်မှ ထကာ ထိုင်သည်။

သူ့ကိုယ်သူ မေးရတာ မောလှပြီ။ တစ်ခုခုကို ဆုံးဖြတ်ဖို့ ကြိုးစားရတာ ပင်ပန်းလှပြီ။

သူ စာတစ်စောင် ထိုင်ကာရေးသည်။

လိုရာသို့မရောက်။ ရင်ထဲမှာရှိနေတာကို သိစေနိုင်သော ဘယ်စကားလုံးကိုမှ သူ အပိုင်စားမရ။ ရှာမတွေ့။ နူးညံ့သော လက်ဖဝါးကလေးများ သူ့လက်မောင်းပေါ် ကျလာစဉ် လွင့်ထွက်သွားသောဝိညာဉ်၏ တဒင်္ဂကို သူ ဖမ်းမဆုပ်ကိုင်နိုင်။ သစ်ပင်ကြားမှ သစ်ရွက်များကို ဆော့ကစားရင်း ခုန်ချလာသော လေပြည်နုနုအဖျားမှာ လွင့်ခနဲ ပါသွားတတ်သည့် မိုးစိုးဆံစကလေး၏ နွဲ့လျမှုကို သူ ပြောမပြတတ်။ ပြီးတော့··· သူ ရနေကျ ကြင်နာရိပ်မျက်ဝန်း၊ သူနှင့်အတူရှိခိုက် ကြောက်စရာကောင်းသော တိတ်ဆိတ်မှု၊ ဘာကိုမှ သူ ရေးမပြတတ်။ သိပဲသိပြီး စကားလုံးမရှိသော ခံစားချက်သိမှုမှာ သူ ရေးချလိုက်သည့်စကားလုံးတွေအားလုံး မူလအဓိပ္ပာယ်ကို အဆုံးရှုံးခံကာ သေဆုံးသွားနေကြသည်။

သူ ခုတင်ပေါ် ပြန်လှဲကျသွားပြန်သည်။

မိုးစိုးက မိတ်ထားသော မျက်ဝန်းထဲမှာ ပြုံးကာနေ၏။

သူ ထိုမျက်ဝန်းတွေထဲ ခုန်ချပစ်လိုက်သည်။

သို့သော်···ဟာလာဟင်းလင်းထဲကိုသာ လွင့်ခနဲ ပြုတ်ကျသွား

www.foreverspace.com.mm



သည်။

ဘာကိုမှ ဆုပ်ကိုင်ထားစရာမရှိ။

မခံမရပ်နိုင်သော သူ့ဝိညာဉ်သည် အဆုံးအစမဲ့မှုများထဲမှာ တည်ရာမဲ့ ဦးစိုက်ထွမ်းပြန်ဖြစ်နေသည်။

တစ်စတစ်စ သူ…မောကာလာသည်။ သူ…ကြောက်ကာလာသည်။ အားရှိပါးရှိ တစ်ခုခုကို လှမ်းဖက်လိုက်တော့ သူခန္ဓာသည် အခိုးအငွေ့ဖြစ်ကာ မျောလွင့်သွား၏။

မနက်ဖြန်သည် စာမေးပွဲ နောက်ဆုံးနေ့ ဖြစ်လေသည်။

ရွှေကဲ စိတ်ကို လျှော့လိုက်သည်။ ရိုးသားသောကိစ္စကို အရိုးသားဆုံးပြောတာ အကောင်းဆုံးဖြစ်သည်ဟုပင် သူ သဘောထားလိုက်၏။ နှလုံးသားကို နှလုံးသားနှင့်ပဲ စီးချင်းထိုးတာ တရားမျှတသည်။ ခင်မင်ခြင်းမြင်းကို စီးနင်ကာ သံယောဇဉ်လှံတံကို သူကိုင်စွဲမည်၊ ကရုဏာဒိုင်းလွှားကို သူယူသွားမည်။ ရင်ခုန်ခြင်းလေးညှို့ကြိုးပေါ်မှာ မြတ်နိုးခြင်းမြားတွေ အပြည့်နှင့် ရှိနေစေရမည်။

သို့သော်…သူ့လက်နက်တွေအားလုံးက နားလည်ခြင်းနှင့် ရက်လုပ်ထားသော သူငယ်ချင်းသံမဏိကိုယ်ကြပ်အင်္ကျီကို ထိုးဖောက်နိုင်ပါ့မလား…။ အခွင့်အရေးယူခြင်းလှျပ်စီးဓားက သူ့ လည်ဂုတ်ပေါ် ကျလာမည်၊ သစ္စာဖောက်ခြင်းလှံချက်က သူ့ရင်အုံမှာ ထုတ်ချင်းခတ် စွဲဝင်သွားမည်။ လှောင်ရယ်ခြင်းမြားတွေ ဟိုမှ ဒီမှ တရစပ် သူ့ခန္ဓာအနှံ့ ထိုးစိုက်ကုန်ကြလိမ့်မည်။ ပြီးတော့…မြတ်နိုးခြင်းမြေပေါ်မှာ သူ လဲကျကာ တစိမ့်စိမ့် နာကျင်နေပေလိမ့်မည်။

သို့သော် ရွှေကဲ နောက်ကို မဆုတ်နိုင်တော့…။

နောက်ဆုတ်စရာမြေဇရိယာ တစ်လက်မမျှ သူ့နှလုံးသားထဲတွင် မရှိတော့။

❀

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm

ခမောက စာကိုဖတ်ပြီး ပြုံးကြည့်ကာ ပြန်ပေးသည်။ ခမော့ အပြုံးက ''ကိုင်း…ဘယ်နဲ့ရှိစ…ဒေါ်ရွှေမိုးစိုး'' ဆိုသည့် အပြုံးမျိုး…။

''စာမေးပွဲနောက်ဆုံးနေ့ရောက်မှ အရမ်းအရေးကြီးတဲ့ ပြောစရာ စကားဆိုတာ ပိုက်ဆံချေးတာတို့၊ ရွှေတိဂုံဘုရားသွားမယ်…ဆိုတာတို့ မဟုတ်ဘူးဆိုတာတော့ မင်းသိတယ်မဟုတ်လား…မိုးစိုး''

''မင်း ဒီကိစ္စကိုတော့ အချိန်ယူပြီးစဉ်းစားဖို့ လုံးဝလိုတယ် နော်…''

''တို့ စဉ်းစားစရာတော့ သိပ်မရှိပါဘူး။ ဒါပေမယ့် အချိန်တော့ ယူရလိမ့်မယ်။ ကျောင်းပြီးသွားရင် တို့ဝါသနာအတွက် အိပ်မက်မက်ထား တာတွေ အများကြီးရှိသေးတယ်…''

''အန်တီကရော…''

''မေမေနဲ့ တို့အကြားမှာ အိမ်ထောင်ရေးအတွက် အမြဲတမ်း လွတ်လပ်မှုရှိတယ်။ မေမေ အမြဲတမ်းမှာတာ တစ်ခုပဲရှိတယ်။ ကိုယ့် အိမ်ထောင်ဖက်ဟာ ရိုးသားရမယ်တဲ့…။ အဲဒီတစ်ချက်ပဲ…''

''ဟုတ်ပါပြီတော်…ဟုတ်ပါပြီတော့…''

ခမောက လွယ်အိတ်နှင့် သူ့ကျောကို ထုကာအော်သည်။

''ဒါဆို…ရွှေကဲ လက်ထပ်ဖို့တောင်းဆိုမှာကို မင်း မငြင်းဘူး ပေါ့…''

''သာသာကလည်း ပြောပြီးသားဟာကို…''

''ကျောင်းပြီးသွားရင် ရွှေကဲက ရွာကို ပြန်ရမှာ မဟုတ်လား။

www.foreverspace.com.mm



အလုပ်တစ်ခုခုရဖို့ဆိုတာ လွယ်ဦးမှာမဟုတ်ဘူး။ အောင်စာရင်းကို စောင့်ရဦးမှာ…။ ဒီကြားထဲ ရွှေကဲက…အဆောင်မှာပဲ နေမှာလား''

တဖြည်းဖြည်း ချောင်ပိတ်လာနေသောစကားများ၊ မေးခွန်းများကြောင့် မိုးစိုး သက်ပြင်းကို ချကာ ထိုင်နေရာမှ ထသည်။

''သူ ဆန္ဒရှိမယ်ဆိုရင် တို့အိမ်ဘေးမှာ တစ်ထပ်တိုက်ကလေး ပိုနေသေးတာပဲ''

ပြောပြီးသည်နှင့် မိုးစိုး ထွက်ကာပြေးသည်။ ဟိုနှစ်ကောင်က ''ခွေးမ'' ဟု အော်ကာ နောက်က ထလိုက်ကြသည်။ မိသွားလျှင်တော့ သူ့ကျောကုန်းပေါ်ကို လွယ်အိတ်အချက်ပေါင်းများစွာကျလာလိမ့်မည် ထင်ပါသည်။

ဆယ့်ငါးမှတ်တန် မေးခွန်းတစ်ပုဒ်ကို မဖြေခဲ့ရသည်မှလွဲ၍ ရွှေကဲ စာမေးပွဲကို ကောင်းစွာဖြေနိုင်ခဲ့သည်။ ထိုအပုဒ်ကို ကြိုးစားဖြေမည်ဆိုလျှင်တောင် အချိန်လုံလောက်စွာ ရပါသည်။ သို့သော်…ရွှေကဲ မဖြေတော့…။ သူ စိတ်က စောလုပြီ။ မိုးစိုးရောက်မလာခင် ရွှေကဲ ချိန်းထားသည့်နေရာကို ရောက်ချင်နေသည်။

မိုးစိုးကို ဖွင့်ပြောပြီးလျှင်…ဆရာတော်ကို လျှောက်စရာရှိသေးသည်။ သူ ရွာကိုမပြန်ဘဲ ရန်ကုန်မှာပင် အလုပ်တစ်ခုရှာကာ နေခဲ့ဖို့ဖြစ်သည်။ ဆရာတော်သည် သူ့ရည်မှန်းချက် ပျက်သွားသဖြင့် သူ့ကို မျက်နှာမကြည့်ချင်လောက်အောင် စိတ်ဆိုးသွားမှာလား။ ပြီးတော့ သူက ဆရာတော် လုံးဝခွင့်မပြုသည့် မာတုကာမတစ်ယောက်နှင့် ဘဝကို ထူထောင်ဖို့ဆိုလျှင်…။

ရွှေကဲ အတွေးကိုရပ်ကာ ဟက်ဟက်ပက်ပက်ကို ရယ်မိသွားသည်။ သူ့အတွေးက မိုးစိုးက ဘယ်ဆီနေမှန်း မသိ။ ဆရာတော်နဲ့ တည့်ပါ့မလားဆိုတာလို ဖြစ်နေသည်။ မိုးစိုး…။ မိုးစိုးကို သူ ဖွင့်ပြောလျှင် ဘာတွေဖြစ်ကုန်မည်နည်း။

www.foreverspace.com.mm



မိုးစိုးနှင့်သူက အခြေအနေကွာသည်။ ရုပ်ရည်ကွာသည်။ အဆင့်အတန်းကွာတာတွေသာ လျှောက်တွေးလျှင် ဆုံးတော့မည်မဟုတ်။ တူတာဆို၍ မိုးစိုးနှင့်သူသည် ပုရိသများဆိုသည့် တစ်ချက်သာရှိသည်။ ရွှေကဲ ရင်ထဲ မောကာသွား၏။

"ရွှေကဲ…။ ဖြေနိုင်ရဲ့လား"

ရွှေကဲ တစ်ကိုယ်လုံး တုန်ကာသွားသည်။ ခေါင်းကို ကမန်းကတန်းညိတ်ပြတော့ မိုးစိုးက အေးအေးလူလူပင် ဝင်ထိုင်ကာ ဆံပင်တွေကို သပ်ရပ်အောင်ဖီးရင်း ပခုံးပေါ်မှ ဆွဲယူကာ ရင်အစပ်တွင်ချကာထားသည်။ မိုးစိုးကို ငေးကာ ရွှေကဲရင်ထဲမှာ ထူးဆန်းသော ခံစားချက်တစ်ခုကို ရလိုက်၏။

မိုးစိုးကို နှမြောခြင်းပဲ ဖြစ်သည်။

ဒီလောက်လှလွန်းသော မိုးစိုးကို သူပိုင်ဆိုင်ရလျှင်လည်း မိုးစိုး၏အလှကို သူ ဘယ်လောက်ထိန်းသိမ်းပေးထားနိုင်မှာလဲ။ မိုးစိုးသည် သူနှင့်အတူ ဘဝကို ရင်ဆိုင်ရမည်။ လောကဓံကို ရင်ဆိုင်ရမည်။ မပြည့်စုံခြင်း၊ ဆင်းရဲပင်ပန်းခြင်း…တွေမှာ မိုးစိုးအလှက မှေးမှိန်ဖျော့ကျသွားတော့မည်။ မိုးစိုးကို အခုလိုပဲ လှနေနိုင်အောင်၊ ကျက်သရေရှိနေနိုင်အောင် သူ ဘယ်လောက်ကြိုးစားနိုင်မှာလဲ…။

"ကဲ…ပြောလေ ရွှေကဲရဲ့။ အရေးကြီးတဲ့စကားဆိုတာ ဘာလဲ…"

မိုးစိုးက ရွှေကဲပခုံးကို သူ့ပခုံးဖြင့် တိုက်ကာမေးတော့ ရွှေကဲ တုန်လှုပ်ကာသွားသည်။ ရင်ထဲမှာ မောပြီး ကျပ်ကာလာ၏။ မိုးစိုးပခုံးသားကလေးနှင့် သူ့ပခုံးက ထိကပ်နေ၏။ ဒီလိုမိန့်မူးမျောလွင့်မှုမျိုး မိုးစိုးဆီက သူ ရခဲ့တာ ဘယ်နှကြိမ် ရှိပြီလဲ။ သူ့ရင်ထဲ မောကာလာသည်။

သူတပ်ဆင်လာခဲ့သော လက်နက်ကိရိယာတွေအားလုံး မိုးစိုးရှေ့မှာ အားလုံးပျက်စီးဆုံးရှုံးသွားသလို သူ ခံစားလိုက်ရသည်။

www.foreverspace.com.mm



"ဟို...ဟို...ကျွန်တော်...မပြောတော့ပါဘူး။ မိုးစိုး စိတ်ဆိုးလိမ့်မယ်..."

"မရဘူး ရွှေကဲ...။ ပြောမယ်လို့ အသိပေးပြီးမှ မပြောရင်... မိုးစိုး အရမ်းစိတ်ဆိုးတယ်။ နေပါဦး...။ ရွှေကဲနဲ့ မိုးစိုးကြားမှာ ဘာများ လျှို့ဝှက်စရာ ရှိနေလို့လဲ"

ပခုံးကို ထပ်တိုက်ပြန်သည်။

မရတော့။ ကဏန်းကျစ်စာခဲလို မာသည်ဟု ထင်ထားခဲ့သော တောသားအသည်းသည် အခုတော့ ဝါးဟားဟားရေခဲမုန့်လို အရည်ပျော်ကာသွား၏။ ခလုပ်တိုက်ပါများတော့ တိုင်တောင်နဲ့တတ်သည် မဟုတ်လား...။ အခု ပခုံးနုနုကလေးနှင့် တိုက်တာဆိုတော့ ရွှေကဲအသည်းနဲ့ရုံတင်မဟုတ်၊ ပွဲပါ ကျထွက်သွားပြီ။

"မိုး...မိုးစိုး...ကျွန်တော့်ကို ထင်ချင်သလိုထင်ပါ။ ဒီအချိန်မှာ ဟိုလေ...ကျွန်တော် ဒီစကားကို ပြောရမှာမို့လို့ပါ..."

မိုးစိုး ပြုံးသည်။ ပြီးတော့...တော်တော်တုန်လှုပ်နေသော ရွှေကဲကိုကြည့်ကာ ရယ်လည်း ရယ်ချင်နေမိသည်။ ဒီလောက်တုန်လှုပ်နေမှတော့ ရှေ့ရေးကို တွေးကာ လက်ထပ်ဖို့ကိစ္စလောက် ဟုတ်ဟန်မတူပါ။ ခိုးပြေးဖို့အထိတော့ မိုးစိုး ခွင့်မပေးနိုင်။ သူ့အပေါ် အရာရာနားလည်ခဲ့သော မေမေ့ကို အရှက်တကွဲဖြစ်ရအောင် မိုးစိုး ဘယ်တော့မှ လုပ်လိမ့်မည် မဟုတ်။

"အင်း...ဟုတ်ပါပြီလေ။ ပြောပါ..."

"ကျ...ကျွန်တော်...လေ...မိုးစိုးနဲ့ပတ်သက်ရင်...ဟို... အချိန်တန်လို့ ခေါက်တော့မှ မြည်ခွင့်ရတဲ့ ရွာဦးကျောင်းက အုန်းမောင်းကြီးလို နေခဲ့ပါတယ်။ အခု...ခံစားချက်က ကျ...ကျွန်တော့်ကို ခေါက်နေပြီ မိုးစိုး...။ ကျွန်တော့်အသံက ခံစားချက်က ခေါက်လို့ မြည်တဲ့ အသံစစ်စစ်ကြီးပါ..."

www.foreverspace.com.mm



"အလဲ့···ရွှေကဲက တယ်ဟုတ်ပါလား။ ရွှေကဲ ဒီနေ့ပြောတဲ့ စကားတွေက တယ်ဆန်းပါလား"

မိုးစိုးက ရယ်ရင်းပြုံးရင်း ပြောသည်။ ရွှေကဲ ချွေးပြန်စ ပြုလာသည်။

"အခု···ကျွန်တော့်စိတ်တွေ···မိုး···မိုးစိုးအပေါ်မှာ ဟိုးအရင်တုန်းကလို မဟုတ်တော့ဘူး···"

"ဟို···အရင်တုန်းကလို မဟုတ်ဘူးဆိုတော့···ဘယ်လိုတွေ ဖြစ်ကုန်လို့လဲ"

မိုးစိုးပုံစံက စိတ်ဆိုးသွားခြင်းလည်း မရှိ၊ ရှက်ရွံ့ တုန်လှုပ်နေတာလည်း မဟုတ်။ သက်သက်သာသာ အေးအေးလူလူပင် ရှိနေသည်။ "ပြောစမ်းပါဦး"ဟု မေးသည့်ပုံစံကလည်း အရင်ပြောနေကျပုံစံနှင့် ဘာမှ မကွဲပြား···။

စာမေးပွဲနောက်ဆုံးနေ့မှာ အရေးအကြီးဆုံးကိစ္စပြောဖို့ တစ်ယောက်တည်းလာခဲ့ပါ···ဟု ချိန်းလိုက်သော သူ့စာက သူ ဘာပြောတော့မည်ဆိုတာကိုကို တစ်ဝက်အသိပေးပြီးသားဖြစ်နေမှာ သေချာသည်။ မိုးစိုး မသိနိုင်စရာမရှိ။ အခု မိုးစိုး ရောက်လာသည်။ နှုတ်ခမ်းတွေက နှစ်လိုဖွယ်ရာ ပြုံးကာနေလိုက်သေး၏။

ရွှေကဲ···အားတက်ကာလာသည်။

ပြီးတော့···ရင်ထဲမှာ ကျင်ခနဲအေးကာ သတိလက်လွတ်ပင် ဖြစ်ချင်လာ၏။

စိတ်လွတ်ကိုယ်လွတ် ခဏဖြစ်သွားသော ရွှေကဲကို မိုးစိုးက ထပ်သတိပေးပြန်သည်။ ရွှေကဲပျော်လွန်းသဖြင့်···ဘာကိုပြောချရမှန်းပင် မသိ။ လက်ဝါးချင်း ပွတ်နေမိသည်။

"ဟို···ဟိုလေ···ကျွန်တော်···မပြောရဲဘူး။ မိုးစိုး···စိတ်ဆိုးလိမ့်မယ်"

www.foreverspace.com.mm



ရွှေကဲစကားကြောင့် သိချင်စိတ်နှင့် ငေးကြည့်နေသော မိုးစိုးက စိတ်ပျက်သွားသလို…နှုတ်ခမ်းတွေကိုဆွဲဆန့်ကာ သက်ပြင်းကို ချသည်။

“ဒီမှာ ရွှေကဲ…။ ပြောစရာရှိတယ်လို့ ခေါ်ပြီးမှ…မပြောရင် မိုးစိုး ဘယ်လောက်စိတ်ဆိုးတတ်တယ်ဆိုတာ ရွှေကဲ သိတယ်နော်…”

မိုးစိုးက မျက်နှာကို တမင်ခပ်တည်တည်လုပ်ကာ ရွှေကဲ ပခုံးကို သူ့ပခုံးကလေးနှင့် တိုက်ပြီး သတိပေးသလိုလိုလုပ်သည်။ ရွှေကဲ ခန္ဓာကိုယ် လွင့်ထွက်မသွားပါ။ နှလုံးသားကတော့ လွင့်ထွက်ကာသွား၏။

“ဟို…ကျွန်…ကျွန်…ကျွန်တော်လေ…မိုးစိုးကို…အရမ်း ချစ်တယ်…”

ပြောပြီးပြီးချင်း ရွှေကဲ ခေါင်းကို ငုံ့ချပစ်လိုက်သည်။

အရာရာတိတ်ဆိတ်သွား၏။ ထိုတိတ်ဆိတ်မှုမှာ ခေါင်းဖြတ်စက် အောက်ကို ဦးခေါင်းထိုးထည့်ပြီးသည့် တဒင်္ဂတိတ်ဆိတ်မှုမျိုးဟု ရွှေကဲ ခံစားနေရ၏။

“ဆက်ပြောလေ…ရွှေကဲ…ရဲ့”

မိုးစိုးစကားသံကြောင့် ရွှေကဲ ကြောင်ကာသွားသည်။

မော့ကြည့်တော့ မိုးစိုးက ပကတိသိချင်စိတ်နှင့် သူ့ကို ငေးကာ နေသည်။

“မိုး…မိုးစိုး”

“အင်း…။ ဆက်ပြောလေ…”

“ဟား……….”

ရုတ်တရက် ရွှေကဲ ကြောင်ကာသွားသည်။ ဒီလောက် အန္တရာယ် ကြီးသည့်စကားကို ကြားပြီးသည်အထိ မိုးစိုးမျက်နှာပေါ်မှာ ဘာမှ မပြောင်းလဲ။ ပြီးတော့ ဆက်ပြောလေ…တဲ့။ အဟား…ဟုတ်ပြီ။ ဒီလို တုံးတိကြီးဆိုတော့…မိုးစိုးရင်ကို သိပ်ထိပုံ မပေါ်။ ဟုတ်တာပေါ့…။ သူ ဆက်ပြောရဦးမည်။ သို့သော်…ရင်ခုန်ရလွန်းသဖြင့် စဉ်းစားထားခဲ့

www.foreverspace.com.mm



သော စကားတွေ မေ့ကုန်ပြီဖြစ်သည်။

"မိုးစိုးရယ်…။ အတူနေခွင့်ရတဲ့အချိန်မှာ…ကျွန်တော်ခံစားခဲ့ရတွေကို အခွင့်အရေးယူပြီး စော်ကားတာမဟုတ်ရပါဘူး။ တစ်ခြားလူသာဆိုရင် ကျွန်တော့်လောက်တောင် ခံနိုင်ရည်ရှိမှာ မဟုတ်ပါဘူး။ ကျွန်တော်လည်း ဆရာတော်သင်ခဲ့ဖူးသလို ဒါတွေဟာ မမြဲဘူး…မမြဲဘူးလို့ မှတ်တာပါပဲ။ မိုးစိုးက လက်မောင်းကလေးကိုင်လိုက်ရင် ကျွန်တော်…ညဘက်မှာ ထမင်းတောင် မဆာတော့ဘူး။ မိုးစိုးကို ကျွန်တော် မြတ်မြတ်နိုးနိုးချစ်တယ်ဆိုတာ ယုံပါဗျာ…"

**"ရွှေကဲ…"**

မိုးစိုးက အကျယ်ကြီးအော်ကာ ထိတ်လန့်တကြား ထရပ်သည်။

မိုးစိုးမျက်ဝန်းတွေမှာ မယုံကြည်စိတ်နှင့် ပြူးနေကာ နှုတ်ခမ်းတွေက အထိတ်တလန့် ဟကာနေ၏။

"မိုး…မိုးစိုး…ကျွန်တော့်ကို စိတ်မဆိုးပါနဲ့နော်…။ ကျွန်တော်…မိုးစိုးကို မြတ်မြတ်နိုးနိုး…ချစ်…"

"ရွှေကဲ…ရွှေကဲ…။ အခု…မိုးစိုးကို ရည်း…ရည်းစားစကားပြောနေတာလား။ ဟုတ်လား"

ချက်ချင်းပြောင်းလဲသွားသော အမူအယာနှင့် အထိတ်တလန့်အော်သံတို့ကြောင့် ရွှေကဲ ကြောင်ကာသွားသည်။ မိုးစိုးမျက်နှာပေါ်မှာ သူတစ်ခါမှ မမြင်ခဲ့ဖူးသော ကြောက်ရွံ့ထိတ်လန့်မှုကို တွေ့ရသည်။ ဘာတွေဖြစ်ကုန်ပါလိမ့်…။

"ပြောလေ…။ အခု ရည်းစားစကား…"

"ဟုတ်…ဟုတ်ပါတယ် မိုးစိုး…။ ကျွန်…ကျွန်တော် အရမ်းမျိုသိပ်ခဲ့တာပါ…။ အခု မဖြစ်နိုင်တော့လို့…မ…ခံစားနိုင်တော့လို့…"

ရွှေကဲစကား မဆုံးလိုက်။ မိုးစိုးက ဘာမှန်းမသဲကွဲသော စကားတစ်ခွန်းကို ကြုံးအော်ကာ ရွှေကဲကို ပစ်တွန်းလိုက်သဖြင့် ရွှေကဲ ဖင်ထိုင်

www.foreverspace.com.mm



လျက် လဲကျသွားသည်။

"ရွှေကဲ…။ နင်…နင် သိပ်မိုက်ရိုင်းတယ်။ ရှက်ဖို့ကောင်းလိုက်တာ။ နင်…နင်…အရမ်းစော်ကားတယ်။ အခုမှ ရည်းစားစကား ပြောရသလား"

မိုးစိုးက လဲကျရာမှ ထနေသော ရွှေကဲကို လွယ်အိတ်ဖြင့် ရိုက်သည်။ ရွှေကဲ ကြောင်ကာနေသဖြင့် တစ်ချက်၊ နှစ်ချက် ထိသည်။ နောက်တော့မှ သတိဝင်လာကာ အော်ရ၏။

"ဟာ…မိုးစိုး…မိုးစိုး…မလုပ်နဲ့…။ မလုပ်ပါနဲ့…။ မိုးစိုး"

"အခုမှ ပြောရသလား၊ အခုမှပြောရသလား…ဟဲ့"

"မိုးစိုး…မိုးစိုး…ဟို…ဟို…ဟာ…မလုပ်ပါနဲ့။ မလုပ်နဲ့…။ ဟို…စော…စောသေးလို့လားဟင်"

"ဘာ…စောသေးလို့လား။ ဟုတ်လား…။ နင်…တမင်သက်သက် ငါ့အရှက်ခွဲတာ…။ ကဲ…ကဲဟယ်"

**"အား…မိုးစိုး…"**

"နင်နဲ့ငါ…ရည်းစားဖြစ်ခဲ့တာ လေးလရှိပြီ။ အဲဒါ…မှတ်ထား"

အကုတ်ခံလိုက်ရသဖြင့် ရွှေကဲ မျက်နှာတစ်ခုလုံး ထူပူသွားသဖြင့် မိုးစိုးရိုက်ချလိုက်သော လက်ဝါးဝေဒနာမှာ ရွှေကဲအတွက် သိပ်မခံစားရတော့…။

ဝေသီမှုန်ဝါးနေသောအမြင်နှင့် လှမ်းကြည့်လိုက်တော့ ထွက်ပြေးသွားသော မိုးစိုးကို တွေ့လိုက်ရသည်။ မိုးစိုးသည် တတ်နိုင်သမျှ သူနှင့်ဝေးရာကို အတင်းပြေးကာနေသည်။ ဘာတွေဖြစ်ကုန်သနည်း…။

ရွှေကဲ တစ်ခုမှနားမလည်လိုက်။ ဘာဖြစ်သွားမှန်းလဲ မသိလိုက်။

တစ်ခြားအတွဲတွေက ရွှေကဲကို ဝိုင်းကာကြည့်နေကြသည်။

"လောကထက်ဆန်းကျယ်သောအရာသည် မရှိ…"ဟု ဆရာတော်ဘုရား ပြောပြနေတာကိုသာ ရွှေကဲ ကြားယောင်နေမိသည်။

www.foreverspace.com.mm



အရှိန်ကို မလျှော့ဘဲ အားနှင့်ပြေးလာနေသော မိုးစိုးကို သာသာနှင့်ခေမာ ကြောင်ပြီး ကြည့်နေမိကြသည်။ ပြီးတော့ မိုးစိုးဆီမှာ မျက်ရည်တွေနဲ့…။

ထိုအသိကလေးမဆုံးခင် မိုးစိုးက နီးရာ ခေမာ့ရင်ခွင်ထဲ တိုးကာဝင်ပြီး ခေါင်းကိုဝှက်ကာ ရှိုက်ကြီးတငင် ငိုကာနေသည်။

"ဟာ…မိုးစိုး…။ ဘာဖြစ်တာလဲ…။ ဘာဖြစ်တာလဲ…။ ဟိုကောင်က ဘာစော်ကားလိုက်လို့လဲ"

မိုးစိုး ဘာမှမပြောနိုင်။ ခေါင်းကို ဘယ်ညာခါရမ်းကာ အားရပါးရ ငို၍သာနေသည်။

"မိုးစိုး…။ သာသာ့ကို ပြောစမ်း။ ဒီကောင် ဘာစော်ကားလို့လဲ…။ ပြောစမ်းပါ…ပြောစမ်း။ မိုးစိုး"

မိုးစိုး ငိုသံဗလုံးဗထွေးနှင့် ရှိုက်သံကို ရောကာပြောသည်။

"သူ…သူက မိုးစိုးကို…အ…ခုမှ…ဒီနေ့…မှ…ရည်းစား…စကား…ပြောတယ်…။ ရှက်လိုက်တာ…သာသာ…ရယ်…။ အ…ရမ်းရှက်တာပဲ…။ ရှက်တယ်…"

မိုးစိုးစကားဆုံးတော့ နှစ်ယောက်စလုံး အသံတစ်သံတည်းကိုသာ ထွက်မိကြသည်။

"ဟာ…"

❀❀❀

www.foreverspace.com.mm



## [၆]

“ရွှေကဲ··။ ငါတို့ အဲဒီလောက်အထိ ဖြစ်လိမ့်မယ်လို့ ထင်ကို မထားခဲ့လို့ပါကွာ···”

“မင်းက မိန်းမတွေကို သိပ်မုန်းနေတော့···၊ မင်းကို ပြဿနာ တက်ရုံလောက်ပဲ ငါတို့စိတ်က ရည်ရွယ်ခဲ့တာပါ။ ငါပြောသားပဲ တင် အောင်မင်းသိမ်း။ ဖွင့်ပြောထားမှ ကောင်းမယ်ဆိုတာကို···”

“ဟ···။ ငါဖွင့်ပြောမယ်လုပ်တဲ့နေ့က ဒီကောင်က ဘူးခံပြီး ငြင်းရင်းနဲ့ ပြဿနာတက်တာကိုးကွ။ အခုမှ ငါ့ကို လာလွှဲချမနေနဲ့။ အဲဒီ့နေ့က မင်းတို့လည်း ငါနဲ့အတူတူ အဆောင်က ဆင်းကြတာပဲ မဟုတ်လား”

“မင်းလည်း လွှဲမချနဲ့။ အဲဒီအစီအစဉ်တွေကို အားလုံးကြံတာ ဘယ်သူလဲ”

“အေး···။ မိုးစိုး···ဆိုတဲ့ နာမည်ကို လက်ရေးအတုရေးတာ ရော···။ အဲဒီစာကိုသွားပေးတာကရော··ဘယ်သူတွေလဲ”

“ဟေ့ကောင် တော်ကွာ···။ မင်းအကြံက ပထမ၊ ငါတို့က ဒုတိယကွ”

“အေး···။ မင်းတို့ သဘောမတူရင် အစကတည်းက ငြင်းလို့

www.foreverspace.com.mm



ရတာပဲ။ အခုမှ ငါ့ကို ပုံချမနေကြနဲ့''

''တင်အောင်မင်းသိမ်း တော်ကွာ…။ စီစဉ်သူနဲ့ အဲဒီအစီအစဉ်ကို ပါရသူ ဘယ်သူ ပိုအပြစ်ကြီးသလဲ။ ကဲ…''

''ဟော့ကောင် ဝင်းနိုင်။ မင်း ခဏခဏပြောနေတဲ့ စကားကိုပဲ ငါ ပြောမယ်။ ကာတွန်းတစ်မျက်နှာမှာ အိုင်ဒီယာတစ်ခုတည်းကောင်းရုံနဲ့ မရဘူး။ အရုပ်ကလည်း ပီပြင်ရမယ်ဆိုကွ''

''အေး…။ အိုင်ဒီယာက ပထမပဲ။ အရုပ်က နောက်မှလိုက်တာကွ''

''ဒါဆိုရင်…မင်း ကွမ်းစားတာ ကွမ်းချည်းပဲ စားပါလား။ ဘာဖြစ်လို့ ထုံးတွေ၊ ကွမ်းသီးတွေ၊ ဗမာဆေးတွေ၊ နိုင်တီတူးတွေ၊ ဖာလာတွေ၊ ဂုံခါးတွေ ထည့်နေရတာလဲ ငမိုးကျော်ရဲ့''

''ဟော့ကောင်…တော်ကွာ''

''အေး…။ ဒါဆို မင်းလည်း တိတ်တော့''

ရွှေကဲ ရန်ဖြစ်ဖို့အထိ အခြေအနေရောက်နေသော သူငယ်ချင်းတွေကို ဘာမှ အပြစ်မပြောပါ။ သူ့ပစ္စည်းတွေကိုသာ ခရီးဆောင်အိတ်ထဲ ဂရုတစ်စိုက် ထည့်နေပါသည်။

''ရွှေကဲ…။ မင်း တကယ်ပြန်တော့မှာလား''

ရွှေကဲ ခေါင်းကို တစ်ချက်ညိတ်သည်။

''ဟုတ်တယ်။ မနေသင့်တဲ့အရပ်မှာ မနေတာ အကောင်းဆုံးပါပဲ၊ ဖြစ်ခဲ့တဲ့ကိစ္စတွေအားလုံးကိုလည်း ကျွန်တော် ကာလဝိတ်ဘတ်ရှိတယ်လို့ပဲ သဘောထားပါတယ်…။ အားလုံးက ကျွန်တော်အပြစ်ပါ''

''မဟုတ်တာပဲကွာ…''

''ဟုတ်ပါတယ်…။ ပြဿနာအားလုံးရဲ့အစက ကျွန်တော့်ကို ကျွန်တော် လိမ်တာပဲ။ ကျွန်တော့်ကိုယ်ကျွန်တော် ယုံမိတာပါပဲ။ ကျွန်တော်သာ ပွင့်လင်းရင် တစ်ခွန်းတည်းနဲ့ ပြီးရမယ့်ကိစ္စပါ…''

www.foreverspace.com.mm



"မင်းကိုပါ နောက်ဆုံးအထိ စမ်းပါသေးတယ်ကွာ…။ မိုးစိုးကို ငါ ကြိုက်တယ်ဆိုတုန်းက…"

"ဟ…။ အဲဒီတုန်းက ဒီကောင်က မိုးစိုးနဲ့ ချစ်သူဖြစ်နေတာ သိမှ မသိသေးတဲ့ဉစ္စာ…"

"ကျွန်တော်သွားတော့မယ်ဗျာ…"

ရွှေကဲ အိတ်ကို ကောက်လွယ်ကာ ထွက်သည်။

"ဟေ့ကောင်…ရွှေကဲ။ ဒီမှာ…မင်း ဘုရားပုံတော်ကလေး"

ဝင်းနိုင်က သူ့ခုတင်ခေါင်းရင်းက ပျဉ်တွေကြားမှာ ညှပ်ထားသော ဘုရားပုံတော်ကလေးကို လှမ်းကာပေးသည်။

"ခင်ဗျားတို့ပဲ အမှတ်တရ ယူထားလိုက်ပါဗျာ…။ ကျွန်တော် ဘယ်သူ့ကိုမှ စိတ်မဆိုးဘူးဆိုတဲ့ အထိမ်းအမှတ်နဲ့ပေါ့"

ရွှေကဲ အားလုံးကို ကျောခိုင်းကာ ထွက်ရန်ပြင်သည်။ ကံဆန်းသလို၊ စိတ်တွေဆန်းသလို လောကလည်း ဆန်းလှသော လူ့ဘဝကြီး ထဲသို့ သူ တိုးဝင်ရဦးမည်။

"မင်း အခု ဘယ်သွားမှာလဲ…ရွှေကဲ"

"ဆရာတော်ဘုရားဆီကို…"

❀

www.foreverspace.com.mm



“မင်းက ဘာကို နာကျည်းနေတာလဲ မိုးစိုး…”

သာသာ့စကားကို မိုးစိုး ပြန်မဖြေဘဲ တစ်ဘက်သို့ လှည့်နေလိုက်သည်။ တင်အောင်မင်းသိမ်းတို့လည်း တရားခံမျက်နှာပေးနှင့် ခပ်ကုတ်ကုတ်ရှိ၏။ ဝင်းနိုင်က မျက်နှာငယ်ကလေးနှင့် ထပ်မေးပါဦးဆိုသည့် သဘောဖြင့် ခေမာ့ကို မေးဆတ်ကာပြသည်။

“အင်း…။ ဖြစ်သွားတဲ့ပြဿနာက ရှင်းရတော့ ခက်တာအမှန်ပဲ မိုးစိုး…။ ဖြစ်သင့်တာနဲ့ ပြောင်းပြန်ကြီး ဖြစ်နေတယ်။ ဖြစ်သင့်တာက မင်းက ခင်ခင်မင်မင်နဲ့ ဆက်ဆံနေတာကို သူက မင်းနဲ့ ချစ်သူတွေဖြစ်နေပြီလို့ လျှောက်ပြောတာမျိုး ဖြစ်ရမှာ…။ အခုဟာက သူနဲ့ ချစ်သူဖြစ်နေပြီး သူက မသိဘူးဆိုတော့…”

“ထပ်မပြောနဲ့တော့ ခေမာ…။ မိုးစိုး အဲဒီအကြောင်းကြီးကို လုံးဝ မကြားချင်ဘူး”

စိတ်ရှုပ် ရှုပ်ဖြင့် မိုးစိုး အော်ကာ မျက်နှာကို မာထန်ထားလိုက်သည်။

ဟုတ်သည်။ တကယ်ဆိုတော့ မိုးစိုးရင်ဆိုင်နေရသည့် ပြဿနာ ဘာကို ရမယ်ရှာရမှန်းမသိ။ သူက ချစ်သူလို လေးလနီးပါးနေခဲ့သော်လည်း ရွှေကဲဘယ်က အခွင့်အရေးယူတာ…ဘာညာ မရှိခဲ့။ သူက လက်မောင်းကို ကိုင်လိုက်လျှင် တောင့်တောင့်ကြီးဖြစ်သွားကာ မျက်နှာရဲတက်လာတတ်သော ရွှေကဲပုံစံကို အခုမှပင် မိုးစိုး သဘောပေါက်လေတော့သည်။

www.foreverspace.com.mm



ဒါ…ဘယ်လောက်ရှက်ဖို့ကောင်းလိုက်တဲ့ အဖြစ်လဲ…။ ရွှေကဲ အမြင်မှာ မိုးစိုးသည် အတင့်ရဲလွန်းသော၊ ဣန္ဒြေသိက္ခာ နည်းလွန်းသော မိန်းကလေးတစ်ယောက် ဖြစ်မသွားဘူးလား။ သို့သော်…ရွှေကဲထံမှာ ထိုအမူအယာနှင့် အပြုအမူမျိုးကိုလည်း မတွေ့ခဲ့ရဖူးပါ။

ရှက်စရာအကောင်းဆုံးက ဟိုဘက်က မသိရပါဘဲ သူက ရွှေကဲကို ချစ်နေသည်ဆိုသည့် ကိစ္စကြီးမှာ လိမ်၍ ဖုံး၍ မရတော့လောက် အောင် ပေါ်သွားခြင်းဖြစ်၏။ ပြန်တွေးမိလိုက်တိုင်း မိုးစိုး ဘာမှန်းမသိ၊ ဘယ်သူ့ကိုမှန်းမသိ ရှက်နေမိသည်။

"ရွှေကဲကလည်း တုံးလွန်းပါတယ်ကွာ…။ ဒီလိုဆက်ဆံနေတာ တော်ရုံလူဆို ရိပ်မိလောက်ပြီ။ အသာကလေးငြိမ်နေလိုက်ရင် မိုးစိုး လည်း အရှက်မကွဲ၊ သူလိုချင်တာလဲရ…။ သာသာတော့ အံ့ကို သြ ရောပဲ"

"သူ ရည်းစားစကားပြောဖို့ တစ်ယောက်ယောက်ကို တိုင်ပင်ရင် လည်း ဒီပြဿနာ တက်စရာမလိုဘူး။ အခုတော့ သူက လုပ်ချင်ရင် နွတ်ပဲ…"

"ဟာ…ခေမာကလည်း…။ မိုးစိုးက ဒီလိုနေမှတော့ သူ့ ဘက်က ပိုင်ပြီလို့တော့ အနည်းဆုံး တွက်မှာပေါ့။ ဘာတိုင်ပင်နေစရာ လိုမှာလဲ"

"ဒီလိုဆို သူ့မှာ ဘာမှ အပြစ်မရှိဘူးပေါ့။ ဒါဆို အပြစ်ရှိတာ မိုးစိုးလား"

"အဲဒီလိုလည်း မဟုတ်ပါဘူး မိုးစိုးရာ…။ တကယ်အပြစ်ရှိ တာက ကျွန်တော်တို့ပါ…။ ကိုခင်းတဲ့ဇာတ် ကိုယ်မနိုင်ကြတာပါ"

တင်အောင်မင်းသိမ်းက တောင်းပန်သည့် လေပျော့ကလေးဖြင့် ဝင်ကာပြောသည်။

"ဒီကောင်ပြောပြလို့ မိုးစိုးဓာတ်ပုံကလေးကို ပြန်ရလာကတည်း

www.foreverspace.com.mm



က ကျွန်တော်တို့က အခြေအနေမှန်ကို ဖွင့်ပြောဖို့ပါ။ အဲဒါ…တင်အောင်မင်းသိမ်းက စကားကို လှည့်ပတ်ပြောနေတာနဲ့ ဒီကောင်နဲ့ ပြဿနာတက်ပြီး မပြောဖြစ်ခဲ့တာ…''

''မိုးစိုးကို ကြိုက်တယ်ကွာ…လို့ ပြောတာလဲ တမင်ပြောတာပါ။ ဒီကောင် မိုးစိုးနဲ့ ချစ်သူဖြစ်နေတာ သိမသိ သေချာချင်လို့''

ဝင်းနိုင် အားတက်သရော ဝင်ကာရှင်းပြသည်။

ပြဿနာကို မိုးစိုး တဖြည်းဖြည်း ရုပ်လုံးပေါ်လာပါသည်။ သို့သော်…အားလုံးရှင်းသွားလေ၊ ရှက်ရမည့်သူက သူကိုယ်တိုင်ဖြစ်လေ…ဖြစ်နေရသည်။

''အဲဒီနောက်ပိုင်းကျတော့ သူနဲ့မိုးစိုးတို့က တတွဲတွဲဆိုတော့ ဒီကိစ္စတွေအားလုံး အဆင်ပြေသွားပြီထင်လို့ ကျွန်တော်တို့လည်း လာမပြောကြတော့တာပါ''

မိုးစိုးက အားလုံးစကား ဆုံးသွားသော်လည်း မျက်နှာကို တင်းထားဆဲဖြစ်သည်။ မျက်နှာကသာ တင်းထားသော်လည်း စိတ်ထဲကတော့ သိနေပါသည်။ မိုးစိုး ခံစားနေရတာ နာကျည်းခြင်းမဟုတ်၊ ရှက်ခြင်းသာ ဖြစ်သည်။ ကိုယ်က ချစ်သူဖြစ်နေခဲ့ပြီး ကိုယ့်ကို ချစ်သူမှန်းမသိသော လူတစ်ယောက်အပေါ် ရှက်နေခြင်းသာဖြစ်သည်။ သို့သော်…ဟန်ကိုယ့်ဖိုပ မဟုတ်လား…။

''ကဲ…မိုးစိုး။ အဖြေက ရှင်းနေပြီ။ ဘယ်သူတရားခံလည်းဆိုတာလည်း ပေါ်နေပြီ။ ဒီတော့ ဘာဆုံးဖြတ်သင့်သလဲဆိုတာ မင်းစဉ်းစားပေါ့ကွာ…။ ကိုယ်တို့က မင်းကို ဘာမှ ဆုံးဖြတ်မပေးချင်ဘူး''

ခေမာက သာသာ့ကို မျက်စေ့မှိတ်ပြရင်း နောက်ဆုံးစကားကို ဆိုသည်။

''ဟုတ်ပါတယ်…။ တရားခံအရင်းက ကျွန်တော်တို့ပါ။ ကျွန်တော်တို့ကြောင့် ဖြစ်ခဲ့ရတဲ့အတွက် ကျွန်တော်တို့ကို သာသာနဲ့

www.foreverspace.com.mm



ခေမာက မုန်းချင်လည်း မုန်းပါ။ မမုန်းရင်လည်း…"

"ဘာ…။ ရှင်တို့ ဘာစကားပြောတာလဲ။ သူများ ပြဿနာဖြစ်တဲ့ ကိစ္စကို ရှင်တို့ ဘာမှ အခွင့်ကောင်းယူစရာ မလိုဘူး။ ဒီကိစ္စက ရှင်တို့နဲ့ အဆုံးထိလည်း မဆိုင်ဘူး။ ရှင်တို့ကို ချစ်စရာလည်း မလိုဘူး၊ မုန်းစရာ လည်း မလိုဘူး"

"မဟုတ်ပါဘူး သာသာရယ်…။ တစ်ခုခုတော့ ရွေးပါ"

"ဟုတ်တယ် ခေမာ…။ ချစ်ရင်လည်း ချစ်၊ မချစ်ရင်လည်း…"

မိုးကျော်စကားကို ဝင်းနိုင်က ထပ်ကာ ဝင်ပြောသည်။ ခေမာနဲ့ သာသာက တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

"ဒါဆိုလည်း…ရှင်တို့ကိုပေးမယ့်အဖြေက…ဒါပဲ"

ခေမာ စကားဆုံးသည်နှင့် သူ့နံဘေးက ဝင်းနိုင်မျက်နှာကို ကုတ်ပစ်လိုက်သည်။ ဝင်းနိုင်ကထိတ်လန့်ကာ မျက်နှာကိုအုပ်ရင်း ထွက်ပြေး သွားသည်ကို ကြောင်ငေးကာကြည့်နေသော မိုးကျော်ကို သာသာက နားရွက်ကို လိမ်ဆွဲသည်။ မိုးကျော်လည်း ဒီတော့မှ လန့်ကာ ထွက်ပြေး သည်။ သာသာနှင့်ခေမာက မိုးစိုးတို့ခြံအဝမှ ထွက်သည်အထိ လိုက်သွား ကြသည်။

ရုတ်တရက်အဖြစ်ကြောင့် မိုးစိုး စိတ်လွတ်လက်လွတ် ရယ် လိုက်မိသည်။ သို့သော်…ရယ်သံက မိုးစိုးတစ်သံတည်းမဟုတ်။ မိုးစိုး လှည့်ကြည့်တော့ လိုအပ်သည်ထက် ပိုရယ်နေသော တင်အောင်မင်းသိမ်း ကို တွေ့ရသည်။

တစ်ဦးတည်းရယ်သံတွေကျုံထွက်သွားသဖြင့် တင်အောင်မင်းသိမ်း ထိတ်လန့်ကာ ရယ်သံတွေကို ရပ်ပစ်လိုက်သည်။ မိုးစိုးကို လှည့်ကြည့်တော့ သူ့ကို မျက်မှောင်ကျုံ့ကာကြည့်နေသော မိုးစိုးကို တွေ့ရ၏။

"ဟာ…မဟုတ်ဘူး မိုးစိုး…။ ကျွန်တော်…ဟိုလေ…"

"ထားပါတော့…။ ရှင့်ကိုတော့ ရိုးသားတဲ့လူလို့ ကျွန်မ သဘော

ထားနိုင်လိမ့်မယ် ထင်ပါတယ်”

မိုးစိုး၏ အပြုံးနှင့် စကားကြောင့် တင်အောင်မင်းသိမ်းနှလုံးသားမှာ နွမ်းရိခွေကျကာသွားရင်း မိုးစိုးနှင့်ခပ်လှမ်းလှမ်းတွင် ဝင်ထိုင်လိုက်မိလေသည်။

❋❋❋



www.foreverspace.com.mm

www.foreverspace.com.mm



[၇]

ရွှေကဲက သူဖြစ်ခဲ့သမျှကို အတိတ်နှင့် သူ ဆက်ဖြစ်ချင်သော အနာဂတ်ကို အားလုံးတင်လျှောက်ပြီးသည်အထိ ဆရာတော့်မျက်နှာထား မှာ တည်ငြိမ်ရင့်ကျက်သော ပကတိငြိမ်းချမ်းမှုကိုသာ တွေ့ရသည်။ ရွှေကဲ အားမလိုအားမရဖြစ်ကာ သူ့နောက်ဆုံးစကားကို ဒုတိယအကြိမ် ထပ်ကာလျှောက်သည်။

"ဆရာတော်ဘုရား…။ တပည့်တော်ကို ခွင့်လွှတ်ပါ ဘုရား"

"အဟမ်း…။ အေးလေ…။ လူ့ဘဝမှာ နေလို့ လူ့အဖြစ်ကြုံ ရတာ အဆန်းတော့ မဟုတ်ဘူး ဒကာကြီး။ ဘယ်ဘဝကိုပဲရရ အကျိုးနဲ့ အကြောင်းကိုမှ သတ္တဝါတွေ မလွန်ဆန်နိုင်ကြဘဲကိုး…။ တရားအတိုင်း သာ ရှိစေတော့…"

"တင်ပါ့ဘုရား…"

တင်ပါ့လိုက်ရသော်လည်း ရွှေကဲရင်ထဲမှာ မကျေနပ်။ ရှာတုန်း ကလို ကြိမ်လုံးမဆွဲ၊ ကွမ်းညှပ်ပျံ ရောက်မလာသည့်အတွက် စိတ်ထဲမှာ တစ်ခုခုလိုနေသလို ခံစားရသည်။

"ကဲ…ဒကာကြီး…။ မနက်ဖြန် ဦးပဥ္စင်း ပြန်ကြွတော့မှာ…"

"တပည့်တော်လည်း…လိုက်…"

www.foreverspace.com.mm



"မလိုတော့ဘူး ဒကာကြီး။ ရွာက တွဲဘက်ကျောင်းကလေးက အခုဆို…အလယ်တန်းကျောင်းကြီးဖြစ်သွားပြီ။ ဒကာကြီး ဆွဲခန့်ဆရာ လုပ်စရာမလိုတော့အောင် ဆရာ၊ ဆရာမတွေ ပြည့်စုံသွားပြီ"

"ဒါဆိုလည်း တပည့်တော် အရှင်ဘုရားကျောင်းမှာပဲ နေပြီး ဝတ်ကြီးဝတ်ငယ် ပြုပါရစေ ဘုရား"

ဆရာတော် ခေတ္တတိတ်ကာသွားသည်။ ရွှေကဲ မော့ကြည့်တော့ ဆရာတော်မျက်ဝန်းတွေထဲမှာ ခိုင်မာသောတည်ကြည်မှုကို တွေ့ရ၏။

"မလိုတော့ဘူး ဒကာကြီး။ ဦးပဥ္စင်း ရွာပြန်ပြီး ကိစ္စဝိစ္စပြတ်တာနဲ့ တောထွက်တော့မှာ…။ ရဟန်းဟာ ရဟန်းကိစ္စသာ အသင့်လျော်ဆုံးလို့ ဦးပဥ္စင်း ဆုံးဖြတ်လိုက်ပြီ"

"မဟုတ်သေးပါဘူး အရှင်ဘုရား။ တပည့်တော်က ဘယ်သူ့ အားကိုးရမှာတုန်း ဘုရာ့။ ဘယ်သူနဲ့ နေရမှာတုန်း ဘုရား"

"ဟဲ့…။ ကိုယ့်ကိုယ်ကိုယ် အားကိုးပြီး မြတ်စွာဘုရားထားခဲ့တဲ့ တရားအဆုံးအမနဲ့ နေပေါ့။ ပြီးတော့ ပညာကိုရှာ၊ တန်ဖိုးရှိအောင် အသုံးချ။ ဒကာကြီး ဦးပဥ္စင်းအနားမှာ နေလဲ နှစ်ဦးနှစ်ဖက် အကျိုးပိုတိုးလာစရာ မရှိဘူး။ ဒကာကြီးဘဝ တိုးတက်ဖို့ ရန်ကုန်မြို့ဟာ အကောင်းဆုံးနေရာ ဖြစ်သလို ဦးပဥ္စင်းဘဝ ရဟန်းပီသဖို့လည်း တောဟာ အကောင်းဆုံး နေရာပဲ။ ကိုင်း…သံယောဇဉ်တွေ မရှုပ်ကြနဲ့တော့။ ဒကာကြီး ပြန်တော့…"

ရွှေကဲ ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းကာ မျက်ရည်ကျမိလေသည်။ မိဖလို ရှိသေခဲ့ရသော…၊ ကျေးဇူးရှင်လို မြတ်နိုးခဲ့ရသော ဆရာတော်ဘုရားကလည်း သူ့ကို ထားခဲ့တော့မည်…တဲ့။ တင်းထားခဲ့သမျှ ဖြေလျှော့ချလိုက်သော ရွှေကဲ၏ငိုသံကို ဆရာတော်က ပကတိ သည်းခံကာ ဆိတ်ဆိတ်နေတော်မူသည်။

"တပည့်တော်ကို ဒကာကြီးလို့ ဘာ့ကြောင့် ခေါ်တယ်ဆိုတာ

ကို…တ…ပည့်…တော် သိပါပြီဘုရား…။ နောက်ဆုံးအခွင့်အရေးတော့ ပေးပါဘုရား။ တပည့်တော် မနက်ဖြန်အတွက် ဆွမ်းကို ကိုယ်တိုင် ကပ်ပါရစေ ဘုရား…"

"ကိုင်း…ကိုင်း…ရှိစေ…။ ကဲ…ပြန်တော့ ဒကာကြီး။ လူ့ဘဝ ဆိုတာ အမြဲတမ်း တစ်ယောက်တည်းပါပဲ။ ပညာနဲ့ယှဉ်သော ကုသိုလ်၊ သီလ၊ ဘာဝနာသာ အဖော်ရှိတယ်ဆိုတာ မှတ်တော့။ ကဲ…ပြန်တော့"

ရွှေကဲ ရှိုက်ကြီးတငင်ကို ငိုရင်း…ရိုသေမြတ်နိုးစွာ ဦးသုံးကြိမ် ချလိုက်ရလေသည်။

ဆရာတော့်ကျောင်းက ထွက်လာတော့ ရွှေကဲရင်မှာ ဟာလာ ဟင်းလင်းဖြစ်လျက်ရှိသည်။ သို့မဟုတ် လွတ်လပ်ပေါ့ပါးကာ နေလေ သည်။ အရင်တုန်းက ဆရာတော်ဟူသော အနှောင်အဖွဲ့နှင့် သံယော ဇဉ်သည် သူ့အပေါ် အုပ်မိုးနေကာ အမြဲထိန်းသိမ်းခဲ့ရသည်။ သူလုပ်သမျှ အရာအားလုံး ဆရာတော့်အတွက်သာဖြစ်သည်။ ဆရာတော့်ဆန္ဒနှင့် ညီကာ နေခဲ့ရသည်။ အခုတော့ ဆရာတော်က သူ့ကို သံယောဇဉ်ဖြတ် သွားပြီ။

ဆရာတော်က "သံယောဇဉ် ဖြတ်ကြစို့" ဟူသော စကားတစ် ခွန်းနှင့် သူ သံယောဇဉ်အပြီးပြတ်သွားခြင်းတော့ မဟုတ်။ သူ ဆရာတော် ကို သူ့ဘဝ အသက်ရှင်နေသရွေ့ သတိရနေမည်သာ၊ မြတ်နိုးနေမည်သာ ဖြစ်သည်။ သို့သော်…သူသည် လွတ်လပ်သွားပြီ။

ညရိပ်ဦးလမ်းမမှာ သွားလာပျော်ရွှင်နေကြသည့် လူတွေကို ရွှေကဲ ငေးကာကြည့်နေမိသည်။ သူ လူတွေကြားထဲဝင်ပြီး ထိုလူတွေနှင့် ဖွဲ့စည်းထားသော လူ့လောကကို ရင်ဆိုင်ရတော့မည်။ သွားလာနေကြ သော လူတွေအားလုံးထဲ တိုးဝင်လိုက်တော့ သူ့ရင်ထဲမှာ ခံစားချက်တစ်မျိုး ရသည်။ လူတွေကို သူချစ်လာသော ခံစားမှုဖြစ်သည်။

ပြီးတော့…မိုးစိုး။ သူ့ရင်ထဲ နင့်ကာသွား၏။ ချစ်သူဖြစ်နေစဉ်က



www.foreverspace.com.mm

www.foreverspace.com.mm



ချစ်သူမှန်း မသိခဲ့ရ။ မုန်းတော့မှပင် တရားဝင် သိရသည်။ အခုအချိန်မှာ သူ မိုးစိုးကို အရမ်းတွေ့ချင်နေသည်။ သာသာ၊ ခေမာ၊ တင်အောင် မင်းသိမ်း၊ ဝင်းနိုင်နှင့် မိုးကျော်…။ အားလုံးကို သူ တွေ့ချင်နေမိသည်။

ရှေ့ကဲ လူအုပ်ကြားထဲက တိုးကာ ထွက်လိုက်သည်။ ဒီည တော့ အဆောင်ကို ပြန်ရဦးမည်။ မနက်ဖြန် ဆရာတော့်ကို နောက်ဆုံး အကြိမ် ဆွမ်းကပ်ရဦးမည် မဟုတ်လား။

အဆောင်ရောက်တော့ တစ်ယောက်တည်း ဆရာတော် အကြောင်း တွေးလိုက်၊ မိုးစိုးအကြောင်း တွေးလိုက်နှင့် သူ တော်တော်နှင့် အိမ်မပျော်။ သူ့စိတ်သည် ဘယ်နေရာမှာမှ အတည်မကျ။ နောက်ဆုံး အရုဏ်တက်ခါနီးကျမှသာ သက်ရှိအတွေးများမှ ခဏလွတ်မြောက်ခွင့် ရသည်။

❁

www.foreverspace.com.mm

"စစ်ကိုင်းမင်းသားကို မယ်နုနဲ့ ဖျက်ချင်တော့ ဆွေတော်မျိုးတော်တွေက ကြက်မှာအရိုး၊ လူမှာအမျိုးလို့ ပြောကြတယ်။ ဒီတော့ မယ်နုက ကြက်မှာအမြစ်၊ လူမှာအချစ်…ဆိုပြီး စစ်ကိုင်းမင်းသားကို သူ့ဘက်ပါအောင် စာချိုးတာကွ"

စာသံပေသံကလေးဖြင့် ချီးကျူးကာ အမြစ်တုံးတစ်တုံးကို လက်လှမ်းသော သူ့ယောက်ျားလက်ကို အီတွန့်ပွန်က ဒန်အိုးဖုံးနှင့် ရိုက်ရင်း…

"မယ်နုလက်ထက်တုန်းက မန်းကျီးရွက်က နုနုကလေးလို့ မသုံးရဘူး။ မန်းကျီးရွက် ထွတ်တယ်လို့ပဲ သုံးရတယ်မဟုတ်လား။ ဒီတော့ရှင် မန်းကျီးရွက်ထွတ်ထွတ်သုပ်ကလေးနဲ့ပဲ စားပေတော့"

"မိန်းမကလည်းကွာ…။ အမြစ်ကလေးနှစ်တုံးလောက်တော့ ထားလိုက်ပါ။ သူတို့လည်း သိမှာမဟုတ်ဘဲနဲ့။ မင်းကို ငါ ခိုးပြေးတုန်းက ရွှေဘုန်းတို့အိမ်က ကြက်သားတွေ ချက်ကျွေးတာ မှတ်မိသေးလား"

"လာလုပ်မနေနဲ့။ သူနဲ့ရှင် ခိုးမြည်းတာတွေနဲ့ အဲဒါကြေပြီ။ မနိုက်နဲ့လို့ ပြောနေတာ မရဘူးလား"

ရွှေကဲ ဆိုင်ရှေ့ရောက်နေတာကိုပင် သတိမထားနိုင်ဘဲ ဟင်းအိုးလုနေသော အီတွန့်ပွန်တို့ လင်မယားကို ကြည့်ကာ ရွှေကဲ ပြုံးမိသည်။ အီတွန့်ပွန် ထုတ်ဆီးတိုးကာ တားနေသည့်ကြားထဲက ကြက်အမြစ်တစ်တွဲက လွင့်ခနဲပါသွား၏။ ကိုရဲဝင်းက ကြက်မှာအမြစ် လူမှာအချစ်…ဟု အော်ကာ အိမ်ပေါ် တက်ကာပြေးသည်။ အီတွန့်ပွန်က မကျေပွဲနွဲ့ရန်လိုက်ဖို့ပြင်၏။

www.foreverspace.com.mm



“အန်တီအီး…။ ဟင်းလည်း ရောင်းပါဦးဗျာ”

“သြော်…ရွှေကဲ။ သူလုပ်တာနဲ့ ဝယ်သူတောင် မတွေ့တော့ဘူး။ ရောင်းနေ ဝယ်နေတုန်း နှိုက်စားတာလောက် မုန်းတာ မရှိဘူး”

အီတွန့်ပွန်က ထုံးစံအတိုင်း အီရင်း ကျွတ်ကျွတ်အိတ်ကို ဆွဲကာ ဘဲဥတစ်လုံးကို ထည့်ရန်ပြင်သည်။

“ဟာ…ဘဲဥမထည့်ပါနဲ့။ ကြက်သားထည့်။ ရင်ပုံထည့်ဗျာ…။ ပြီးတော့…ငါးကြင်းကြော်နပ်ကလေး။ ချဉ်ရေဟင်းရော ရှိတယ်မဟုတ်လား”

“အံမယ်…။ ဒီနေ့ ရွှေကဲတို့ တယ်ဟုတ်နေပါလားဟေ့။ ရွှေဂေါင်းပြောင်နဲ့ ငါးဖယ်ဟင်းရည် မဟုတ်တော့ဘူးပေါ့”

ရွှေကဲ ပြုံးကာနေလိုက်သည်။ ဆရာတော်ဘုရားကို နောက်ဆုံးဒါနအဖြစ် ဟင်းကောင်းကောင်းနဲ့ ကပ်လိုက်ချင်ပါသည်။ ထိုစဉ်မှာပင်…

“အန်တီအီး…။ ဘာဟင်းတွေ ကျန်သေးလဲ”

မိုးစိုး။

ရွှေကဲတစ်ကိုယ်လုံး တုန်ကာသွားသည်။ မိုးစိုးနှင့် ခေမာ။ ပြီးတော့…ဝင်းနိုင်။ သို့သော် သုံးယောက်စလုံးက ရွှေကဲကို ဂရုမစိုက်။ စကားမပြော။ မိုးစိုးက ရွှေကဲရှိနေတာကို သိပုံပင်မရသလို ရှိသည်။

မသိတာတော့ လုံးဝမဖြစ်နိုင်ပါ။ မိုးစိုးက ရွှေကဲနံဘေးနားမှာ ရပ်နေခြင်းဖြစ်သည်။

“ဟင်းတွေကတော့ အစုံပဲ မိုးစိုးရေ…။ ဘာဟင်းယူမလဲ”

မိုးစိုးက ဟင်းအိုးတွေကိုသာ အရေးတကြီး လှန်ကြည့်နေသည်။ ရွှေကဲ ရင်ထဲ ဆစ်ခနဲ နာကာသွား၏။ သူ အသာပင် ခပ်ဝေးဝေးသို့ ရွှေ့ကာ ရပ်ပေးလိုက်ပါသည်။

“ဟင်းက လောက်ပါ့မလားတောင် မသိဘူး။ လူနှစ်ဆယ်စာ လောက်လိုတာ အန်တီအီးရဲ့။ အကုန်သာ ထည့်လိုက်တော့”

www.foreverspace.com.mm



"ဟင်…။ အကုန်ယူမှာ…။ ဒီ…ပုစွန်ထုပ်နှစ်ကောင်ရော"

"ထည့်ပေါ့ အန်တီအီရဲ့"

"ငါးကြင်းကြော်နှပ်နဲ့ ဆီပြံရော…"

"သြော်…အန်တီအီကလည်း။ တစ်ဆိုင်လုံးကဟင်း အကုန် ဝယ်ပါတယ်ဆိုမှ…ရှိတာအားလုံးထည့်။ ပြီးရင် ဈေးတွက်"

သာသာက စိတ်မရှည်စွာ ဝင်ပြောသည်။ ပြီးတော့ ပါလာသော ငါးဆင့်ချိုင့်ကြီးကို ဆိုင်ပေါ် တင်သည်။ ဒီတော့မှ ရွှေကဲ လန့်ကာ ဝင်ပြောရသည်။

"အန်တီအီ…။ ကျွန်တော့်ကြက်သားနဲ့ ငါးကြော်နှပ်"

"သြော်…အေး…အေး"

"ဟာ…။ အဲဒါဆို ဘယ်ရတော့မလဲ အန်တီအီရဲ့။ ဒီဟင်းနဲ့ တောင် လောက်ပါ့မလားမသိတာ…။ ကျွန်မတို့ထဲသာ အကုန်ထည့်ပါ"

"သူက တစ်ပွဲစာချည်းထဲပါ မိုးစိုးရဲ့။ ပြီးတော့…မိုးစိုးတို့နဲ့ အတူတူ…"

"မတူဘူး။ ဒီဟင်းအကုန်မရရင်လည်း ထားလိုက်တော့။ နှစ်ဆိုင် သုံးဆိုင်သွားရမယ့်အတူတူ တခြားဆိုင်မှာပဲ သွားဝယ်တော့မယ်"

"ဟာ…မိုးစိုးကလည်း အဲဒီလိုတော့ မလုပ်ပါနဲ့။ ခက်တာပဲ"

တစ်နေကုန် ထိုင်ရောင်းရမည့်ဟင်းကို တစ်ထိုင်တည်းဝယ်မည့် လူမျိုးကို အန်တီအီတွန့်ပွန် လက်မလွှတ်ချင်တာ သေချာပါသည်။ သို့သော် ရွှေကဲကိုလည်း ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်နေသည်။

"ကျွန်တော်က အရင်ရောက်တာပဲဗျ။ ထည့်ဗျာ…"

"အဲဒါတော့ မသိဘူး။ အကုန်ရမှဖြစ်မှာ အန်တီအီ…။ ကဲ… ဘယ်လိုလုပ်မှာလဲ"

သာသာက သူ့ကိုမကြည့်ဘဲ ပြောသည်။

"ဟို…ဒီလိုလုပ်ပါလား ရွှေကဲရယ်…။ ဒီတစ်ရက်တော့

www.foreverspace.com.mm



မျှစ်ကြော်နဲ့ ငါးချဉ်သုပ်ကလေးပဲ စားလိုက်တော့နော်…။ ငါးချဉ်သုပ်က ပင်စိမ်းကလေးနဲ့ အုပ်ပြီး သုပ်ထားတာ။ မွှေး…လို့''

''ဟာ…အန်တီအီကလည်း။ အကုန်ယူပါမယ်ဆိုမှ…အဲဒီဟင်းတွေပါ ယူမှာ''

''ဟင်…။ ဒီဟင်းတွေပါ ယူမှာ…။ ဟုတ်လား''

အန်တီအီက ဝမ်းသာအားရဖြစ်ကာ ငါးဆင့်ချိုင့်ကို ကောက်ကာကိုင်သည်။ ရွှေကဲအတွက် အခြေအနေမကောင်းမှန်းသိသဖြင့် ခေါင်းကိုငုံ့ကာ တောင်းပန်ရတော့မည်။ သို့သော် တောင်းပန်စကားကို မိုးစိုးလက်ခံမှာမဟုတ်။ မိုးစိုးသိသော စကားနှင့်သာ ပြောဖို့ ရွှေကဲ ဆုံးဖြတ်လိုက်သည်။

''ဒီ…ဟင်းက ကျွန်တော်စားဖို့ မဟုတ်ပါဘူးဗျာ။ ဆရာတော်ဘုရားအတွက်ပါ။ ဆရာတော်ကို ဆွမ်းကပ်မလို့ပါ''

ဒီစကားကိုတော့ မိုးစိုး ကောင်းစွာနားလည်ကာ သူ့ကို ခွင့်လွှတ်ပြီး ဆရာတော့်အတွက် ဆွမ်းဟင်းပေးနိုင်လိမ့်မည်ဟု ရွှေကဲ ထင်ပါသည်။ သို့သော်…

''ကျွန်မတို့လည်း အရေးကြီးတာပဲ အန်တီအီ…။ မရလို့ မဖြစ်ဘူး။ ကဲ…ထည့်ပါ''

''ကဲပါ ရွှေကဲရယ်…။ အန်တီ့ကိုလည်း ကူညီတဲ့အနေနဲ့ နင့်ကြီးရွှေ ဆိုင်ကိုပဲ ပြေးလိုက်ပါလား…။ နော်…ရွှေကဲ။ နောက်နေ့ကျသေချာချန်ထားပါမယ်ဟာ…''

အန်တီအီ့စကားဆုံးတော့ မိုးစိုးက မဲ့ပြုံး ပြုံးလေသည်။ ရွှေကဲရင်ထဲမှာ နင့်ကာသွား၏။ မိုးစိုးသည် သူ့ကိုတင်မဟုတ်၊ ဆရာတော့်ကိုပါ ဂရုမထား မုန်းတီးသွားပြီလား…။ ရွှေကဲ အံကိုကြိတ်ကာ ချာခနဲလှည့်ထွက်ခဲ့သည်။

ဒေါ်ကြီးရွှေထမင်းဆိုင်ရာ လမ်းကိုကွေ့တော့ ခေမာနှင့်မိုးကျော်

www.foreverspace.com.mm



တို့ကို ချိုင့်နှင့် တွေ့လိုက်ရ၏။ သူတို့ကလည်း မခေါ်...။ ရွှေကဲကလည်း ဂရုမစိုက်အားပါ။ ဆယ်နာရီခွဲပြီးပြီမို့ ဆရာတော်အတွက် ဟင်းရရေးကသာ အရေးကြီးလေသည်။

"ခုနကပဲ...ချိုင့်နဲ့ တစ်ဆိုင်လုံးရှိတာ ဝယ်သွားပြီ ရွှေကဲရဲ့"

ဒေါ်ကြီးရွှေစကားကြောင့် သူ ရင်ဆို့ကာသွား၏။ ခေမာနှင့် မိုးကျော်တို့ကို ပြန်သတိရသည်။ ထိုကိစ္စသည် တိုက်ဆိုင်မှုလား၊ တမင်လုပ်တာလား။ ရွှေကဲ ငူငူကြီးရပ်ကာ စဉ်းစားနေမိသည်။ တမင်တကာ မဟုတ်ဆိုတာကို ရွှေကဲ ယုံကြည်လိုက်သည်။ သူ ဆရာတော့်ကို ဆွမ်းကပ်မည်ဆိုတာ ဘယ်သူမှ မသိ။ မိုးစိုး သိမည်ဆိုလျှင်တောင် အန်တီအီဆိုင်မှာ သူ ဖွင့်ပြောတာပဲရှိမည်။ သို့သော် တွေဝေနေ၍ မပြီး။ ဆရာတော့်ဆွမ်းကိစ္စ ရှိသေးသည်။

သူတို့အဆောင်နားမှာ ဒီနှစ်ဆိုင်မရှိလျှင် ဟင်းထမင်းဆိုင် ကုန်ပြီ။ လှည်းတန်းကို ပြေးမှ ရတော့မည်။ နာရီကိုငုံ့ကြည့်တော့ ဆယ်နာရီ လေးဆယ့်ငါး။

လှည်းတန်းဘက် ထွက်မည်လုပ်ပြီးမှ ဆရာတော်ကြွလာလျှင် အဆောင်ပိတ်ထားသော သူ့တံခါးကို တွေ့၍မဖြစ်သေး ဆိုသည်ကို စဉ်းစားကာ အဆောင်ဘက် ပြန်ပြေးရပြန်၏။ အဆောင်ရောက်တော့ သူ ဆွမ်းဟင်းသွားဝယ်ကြောင်း စာကိုရေးကာ ဆရာတော် ခေတ္တထိုင် သီတင်းသုံးရန် ခုံကို တံခါးအပြင်သို့ ရွှေ့။ စာကို တံခါးမှာကပ်ကာ ထွက်ခဲ့ရသည်။ ရွှေကဲတစ်ကိုယ်လုံး ချွေးတွေ ရွှဲကာနေသည်။

ဆရာတော်မကြွခင် သူအရင်ပြန်ရောက်ရေးအတွက် သူ့မှာ ရှိစုမဲ့စုပိုက်ဆံကို နှမြောမနေတော့ဘဲ ကကငှားသွားရန် ဆုံးဖြတ်ရသည်။ မြန်ချင်ကာမှ ကကကားက တော်တော်နှင့် ငှား၍မရ။ သူနှင့် ခပ်လှမ်းလှမ်းမှတ်တိုင်မှာသာ လိုင်းကားတွေ တစ်စင်းပြီးတစ်စင်း ထိုးရပ်ကာနေ၏။ နောက်ဆုံး ရွှေကဲ ဆုံးဖြတ်ချက်လိုက်သည်။ ထွက်ကာစ ကားပေါ် အတင်း

www.foreverspace.com.mm



ပြေးကာ လိုက်ရ၏။

ဟင်းတွေကိုင်ကာ အဆောင်လမ်းထဲရောက်တော့ ဆယ့်တစ်နာရီ ဆယ်မိနစ်ပင် ရှိနေပြီ။ ဆရာတော်ဘုရား ကျိန်းသေကြွလောက်ပြီ။ ပြီးတော့…ကြိုဆိုသူမရှိ။ အဆောင်ရှေ့မှ ခုံတွင် သီတင်းသုံးကာ စောင့်နေလိမ့်မည်။ တော်တော်မဖွယ်ရာသောအဖြစ်မှန်း သိသော်လည်း ရွှေကဲ ဘာမှ မတတ်နိုင်တော့။

အဆောင်ကိုရောက်တော့ ခုံပေါ်မှာ ဆရာတော့်ကို မတွေ့ရ။ ရွှေကဲ ထိပ်ခနဲဖြစ်ကာသွားသည်။ ဆရာတော့်အစား စာတစ်စောင်ကိုသာ တွေ့ရ၏။

**ဒကာကြီး**

**ဒကာမဗိုးစိုးတို့အိမ်ကို လိုက်ခဲ့ပါ။**

လက်ရေးက ဆရာတော့်လက်ရေးအစစ်ဖြစ်မှန်း ရွှေကဲ သိပါသည်။

ဘာတွေဖြစ်ကုန်သနည်း။

ရွှေကဲ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ဟင်းထုပ်ပိုက်ကာ လိုက်ရသည်။

❀

www.foreverspace.com.mm

ရွှေကဲ မိုးစိုးတို့ခြံပေါက်ဝကို ရောက်တော့ အိမ်ထဲမှ ကြွလာသော ဆရာတော့်ကို တွေ့လိုက်ရသဖြင့် ရွှေကဲ တုန်လှုပ်စွာဖြင့် ပြေးကာ မြေပေါ်ပင် ထိုင်ဦးချရင်း…

"အရှင်ဘုရား။ တပည့်တော်…တ…ပည့်…တော်"

"ဆွမ်းကိစ္စ ပြီးခဲ့ပြီ ဒကာကြီး။ ဦးပဥ္စင်း အခုပဲ ကားဂိတ်ဆင်းတော့မယ်။ ဒီအိမ်က ဒကာက ကားနဲ့ လိုက်ပို့လိမ့်မယ်။ ကဲ…ဦးပဥ္စင်း အမြဲပြောခဲ့တဲ့ ဆုံးမစကားနဲ့ ဦးပဥ္စင်းပေးခဲ့တဲ့ ပညာအသိနဲ့ နေခဲ့တော့"

"တပည့်တော် လိုက်ပို့ပါရစေ ဘုရား…"

"သံယောဇဉ်ဆိုတာ မမြင်ကွယ်ရာက ဖြတ်တာ အကောင်းဆုံးပဲ။ ကိုင်း…ရှိစေတော့။ ဦးပဥ္စင်း ကြွတော့မယ်။ လူ့ဘဝမှာ လူ့အသိနဲ့ လူ့တန်ဖိုးရှိအောင်နေ ဒကာကြီး။ အဲဒါ…ဦးပဥ္စင်း နောက်ဆုံးစကားပဲ"

ဆရာတော့်ခြေအစုံကို ထိအောင် ရှိခိုးလိုက်သဖြင့် ရွှေကဲမျက်ရည်စတွေ ဆရာတော့်ခြေအစုံကို ထိသွားသည်။ ရွှေကဲ တော်တော်နှင့် မထနိုင်။ လူမှန်းသိကတည်းက မိဖလိုနေခဲ့ရသော ဆရာတော်သည် ဘယ်လိုစိတ်မျိုးနှင့် သူ့ကို သူစိမ်းတစ်နေရာမှာ ထားရစ်နိုင်ခဲ့သနည်း။

ရွှေကဲ မော့လိုက်တော့ တင်အောင်မင်းသိမ်းတို့က ပြုံးကာ သူ့ကို ကြည့်နေကြ၏။ တင်အောင်မင်းသိမ်း၊ ဝင်းနိုင်၊ မိုးကျော်၊ သာသာနှင့် ခေမာ။ ပြီးတော့…သရဖီနှင့် ကျော်စိုး။

"တို့ မနေ့က ညကတည်းက ဆရာတော့်ကျောင်းကို ရောက်တာ။ ရွှေကဲ။ မင်းအထွက် ငါတို့အရောက်ပဲ"

www.foreverspace.com.mm

"မင်း တော်တော်ပင်ပန်းသွားသလား ရွှေကဲ"

"ဘာကိုလဲ..."

"ဆရာတော့် ဆွမ်းကိစ္စလေ..."

"ဆွမ်းကိစ္စ။ ငါ ဘာမှနားမလည်ဘူး"

ဝင်းနိုင်က သူတို့ရော မိုးစိုးတို့ပါ ဆရာတော်ဘုရားကျောင်းသို့ သွားကာ ရွှေကဲကိစ္စကို လျှောက်ကြကြောင်း။ ဆရာတော့်ကို ရွှေကဲ နောက်ဆုံးဆွမ်းကပ်မည့်ကိစ္စကို ထိုနေ့ကတည်းက သိခဲ့ကြောင်း။ ထို့ကြောင့် တမင် ဟင်းတွေအကုန်ဝယ်ခြင်းဖြစ်ကြောင်း ပြောပြသည်။

"ဟာ...အဲဒါ ဘာဖြစ်လို့ လုပ်တာလဲ"

"ခွီးပဲကွာ...မင်းကလည်း။ မင်း ဒုက္ခရောက်အောင်လို့ပေါ့ကွ"

မိုးကျောက်က ဒေါသတကြီး ဝင်ကာပြောသည်။ သူ့ကို ရှင်းပြနေ ချိန်မှာ သာသာနှင့်ခေမာ မရှိကြပေ။

"ငါ ဒုက္ခရောက်တော့ ဘာဖြစ်မှာမို့လဲကွာ..."

"ဒါကတော့ မင်းဒုက္ခရောက်မှ ပျော်မယ့်သူ ရှိလို့ပေါ့..."

သရဖီဘေးမှာရပ်နေသော ကျော်စိုးက ဝင်ကာပြောသည်။ ပြီး တော့...မျက်နှာကို မော့ကာ စကားကို ဆက်သည်။

"မင်းက ဝင်ကစွက်ကောင်နဲ့ တူတယ် ရွှေကဲ...။ အခုအချိန်မှာ မင်းအပေါ်ယံ ခရုခွံက အခွာခံလိုက်ရပြီ။ ကောင်းကင်ပြာရဲ့အရိပ် ထင်နေ တဲ့ ဒရွတ်တိုက်ကောက်ကြောင်းပဲ။ မင်းမျက်လုံးက အဲလ်ဘတ်ကားဗျူးရဲ့ မားဆိုးမျက်လုံးမျိုးတွေ။ ပိုးတုံးလုံးကလေးတွေဟာ အိပ်ယာကနိုးတော့ လိပ်ပြာကလေးတွေ ဖြစ်သွားမယ်ဆိုတာကို မသိတဲ့ အိပ်မက်မျိုးနဲ့ မင်း နေခဲ့တယ်။ မင်းဟာ ကံကြမ္မာကို..."

"ကိုကိုရယ် တော်ပါတော့။ အဲဒီ စာတွေရွတ်တဲ့အကျင့်က အခုထိ မပျောက်သေးဘူးလား။ သူ့ဘာသာသူ ရှုပ်နေတဲ့ကိစ္စကို ထပ်ရှုပ် အောင် မလုပ်ပါနဲ့တော့။ သွားသွား ကိုရွှေကဲ...။ မိုးစိုးတို့ ပန်းခြံထဲမှာ

www.foreverspace.com.mm



ရှိတယ်''

တင်အောင်မင်းသိမ်းက မေးဆတ်ကာ ပြသဖြင့် ရွှေကဲ ဟင်းထုပ်ကလေးကိုင်ကာ ပန်းခြံဘက် လျှောက်ခဲ့သည်။ ဆရာတော့်ကို မိုးစိုးတို့ပဲ ဆွမ်းကပ်လိုက်ကြသည်။ ပြီးတော့ သူ့ကို ဒုက္ခရောက်အောင် လုပ်တာတဲ့…။

ရွှေကဲ…တွေးရင်းတွေးရင်း သဘောပေါက်ကာလာသည်။ မိုးစိုး၏ အန်တီအီဆိုင်မှာ တွေ့တုန်းက ပြုံးခဲ့သောအပြုံးကို သိရသည်။ ဒီလိုဆိုလျှင် မိုးစိုးသည်…

ပန်းခြံထဲက မိုးစိုးတို့ထိုင်နေသော ဒန်းကလေး နောက်မှရပ်ရင်း ရွှေကဲ ငြိမ်ကာ မိုးစိုးကို ငေးနေမိသည်။ ခဏကြာတော့ နောက်သို့လှည့်ကြည့်သော ခေမာက ရွှေကဲကို တွေ့သွားကာ ''ဩ်…''ဟု ရေရွတ်ကာ မဲ့ပြီး ထရပ်သည်။ သာသာကလည်း လှည့်ကာကြည့်၏။ မိုးစိုးကတော့ လှည့်မလာပါ။

''မိုးစိုးက ကျွန်တော့်ကို တမင်ပင်ပန်းအောင် ဒုက္ခပေးတာဆို…''

ရွှေကဲ ခေါင်းကိုငုံ့ကာ လေသံတိုးတိုးဖြင့် မေးသည်။

''အမလေး…။ ရှင် ဒုက္ခရောက်တာက နည်းနည်းပါ။ ဒီမှာ နေပူကြီးထဲ ဟင်းဆိုင်တွေပြေးရ၊ အိမ်ရောက်တော့ ထည့်ရ၊ ပန်းကန်တွေဆေးရ၊ လှည်းရ၊ ကျင်းရနဲ့ တကယ်ဒုက္ခရောက်ပြီး ပင်ပန်းတာက ကျွန်မတို့ပါတော်…''

ခေမာက ဒေါသနှင့်ဆိုသည်။ မိုးစိုးကတော့ ဘာမှမပြော။ ရွှေကဲကို လှည့်လည်း မကြည့်။

''ဟုတ်ပါတယ် ခေမာနဲ့သာသာရယ်…။ ခေမာတို့ အခုလို ပင်ပန်းသွားအောင် အကြံပေးမိတာက ကျွန်တော်တို့ပါ။ ဒီတော့ ခေမာတို့ ကျွန်တော်တို့နှစ်ယောက်ကို မုန်းချင်ရင်လည်း မုန်းလိုက်…။ ဒါမှမဟုတ်ရင်လည်း…''

www.foreverspace.com.mm



"လာပြန်ပြီလား ဒီစကား…"

သာသာက ပြေးထွက်ကာ ဝင်းနိုင်မျက်နှာကို ကုတ်ဟန်ပြင်သည်။ ခေမာက ထီးနှင့် မိုးကျော်ကို လိုက်၏။ ဝရန်းသုန်းကားနှင့် ပန်းခြံထဲမှာ ပတ်ပြေးလွှားနေကြသော သူတို့ကို ကြည့်ကာ ရွှေကဲနှင့် မိုးစိုး ပြိုင်တူ ရယ်လိုက်မိကြသည်။

ပြိုင်တူရယ်မိမှန်း သိသွားသဖြင့် မိုးစိုးက ရယ်သံကို ရပ်ပစ်လိုက်သည်။

ရွှေကဲ ဒန်ကလေးအနားသို့ ကပ်ကာလာသည်။ ဝင်တော့ မထိုင်ရဲသေး။ မိုးစိုးက မျက်နှာထားကို တမင်တည်၍ထားသည်။

အသိမိတ်ဆွေတစ်ဦးမှမရှိသော ရန်ကုန်မြို့ကြီးထဲမှာ ဆရာတော်က သူ့ကို ဘာ့ကြောင့် စိတ်ချက်လက်ချ ထားသွားသည်ဆိုတာကို ရွှေကဲ သေသေချာချာသိသွားပြီဖြစ်သည်။

ကြည်နူးမှုက ရွှေကဲ သွေးကြောထဲ တိုးဝင်လာသည်။ မိုးစိုးကို ငေးကြည့်ရင်း ရန်ခုန်သံက ဟိုးအဝေးမှ သဲ့သဲ့တိုးတိုး ပြေးဝင်ကာလာသည်။ တဖြည်းဖြည်းနှင့် ထိုရင်ခုန်သံသည် တစ်စစ ကျယ်လောင်လာကာ အရှိန်အမြင့်ဆုံးအော်မြည်သံနှင့် ရွှေကဲနှလုံးသားကို ဖြတ်ဝင်ကာ သွား၏။

ရွှေကဲ ဒန်းကလေးနံဘေးသို့ ဝင်ထိုင်ကာ မိုးစိုးက မျက်ဝန်းထောင့်ကပ်ကာ ကြည့်၏။ ရွှေကဲ ဆုံးဖြတ်ချက်ကို အမြန်ချကာ စကားလုံးတွေကို အလျှင်အမြန် ရွေးရသည်။ သို့သော်…ရွှေကဲ ဗီဇအတိုင်း ရွေးလိုက်သည့် စကားလုံးတွေက ခပ်တုံးတုံးပင် ဖြစ်ပါသည်။

"ဖွတ်ကြီးပြောတယ်တော့ မထင်ပါနဲ့ မိုးစိုးရယ်…။ ကျွန်တော် မိုးစိုးကို အရမ်းကြီးကို ချစ်ပါတယ်…"

ရွှေကဲ အားယူပြီးပြောလိုက်သဖြင့် သူတို့နှစ်ဦးထိုင်နေသော ဒန်းကလေး လှုပ်ခါသွားသည်။

www.foreverspace.com.mm



ထို့အတူ ရွှေကဲ၏ စကားရိုးရိုးကြီးကလည်း မိုးစိုး၏ မျှော်လင့်နေသော နှလုံးသားကို ဒီတစ်ကြိမ်တော့ လှုပ်ခါသွားမှာ သေချာပါသည်။

❋❋❋

**နီကိုရဲ**

www.foreverspace.com.mm



NTM